ကြေးမုံ
The Mirror Daily
၁၉၅၇ ဖေဖော်ဝါရီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

**ပွားစီးတိုးအောင် အားထုတ်**

သူတစ်ပါး၏ အကျိုးစီးပွားအတွက် မိမိ၏ အကျိုးစီးပွား ဆုတ်ယုတ်အောင် မပြုသင့်ပေ။ ဤသို့ပြုသော် မိမိအား အကျိုးဖြစ်ထွန်းစေအံ့ဟု မိမိအကျိုးကို သိသောသူသည် မိမိအကျိုးစီးပွား တိုးပွားအောင် အားထုတ်ရာ၏။ (မိမိသည်သာ အားကိုးရာဖြစ်၍ အများ၏အကျိုးစီးပွားနှင့် မိမိ၏ အကျိုးစီးပွား ကြုံဆုံပေါ်ပေါက်လာသောအခါ မိမိစီးပွား ဆုတ်ယုတ်မခံဘဲ အားထုတ်သင့်၏။)

အတ္တဝဂ်(ဓမ္မပဒ-၁၆၆)

၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၃ ရက်၊ တနင်္ဂနွေနေ့။ Sunday, 16 August 2020 ၁၀၁၀၆

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ထန်တလန်နှင့် ဟားခါးမြို့တို့၌ မြို့မိမြို့ဖများနှင့်တွေ့ဆုံ

## ဟားခါးမြို့ ဖွံ့ဖြိုးရေးလုပ်ငန်းများ လှည့်လည်ကြည့်ရှုစစ်ဆေး

ဟားခါး ဩဂုတ် ၁၅

ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေးရန် ချင်းပြည်နယ်၌ ရောက်ရှိနေသည့် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ယနေ့တွင် ထန်တလန်နှင့် ဟားခါးမြို့တို့ရှိ မြို့မိမြို့ဖများနှင့် တွေ့ဆုံပြီး ဟားခါးတက္ကသိုလ် ဘွဲ့နှင်းသဘင် တည်ဆောက်နေမှု၊ ဟားခါးမြို့ Cyclone Shelter တည်ဆောက်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

**တွေ့ဆုံ**

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ယနေ့နံနက် ၈ နာရီတွင် ထန်တလန်မြို့ ထန်တလန်နှစ်ခြင်းအသင်းတော်၊ Diamond Jubilee Memorial Hall ၌ ထန်တလန်မြို့ မြို့မိမြို့ဖများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒုတိယသမ္မတက နိုင်ငံတော်အစိုးရ၏ (၄) နှစ်တာကာလအတွင်း အစိုးရနှင့် ပြည်သူ ပူးပေါင်းကြိုးပမ်းအားထုတ်ဆောင်ရွက်ခဲ့ကြသည့် စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ထန်တလန်မြို့၌ သဘာဝဘေးဒဏ်ကြောင့် မြို့ပတ်လမ်း ပျက်စီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။

# မလေးရှားနိုင်ငံ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်



မလေးရှားနိုင်ငံမှ ပြန်လည်ရောက်ရှိလာသည့် မြန်မာနိုင်ငံသားများအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တွေ့ရစဉ်။

နေပြည်တော် ဩဂုတ် ၁၅

နိုင်ငံတကာခရီးသည်တင် လေယာဉ်များပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် အခက်အခဲကြုံတွေ့နေရသည့် မလေးရှားနိုင်ငံ ပီနန်းမြို့ရှိ အထည်ချုပ်စက်ရုံများမှ မြန်မာအလုပ်သမား ၁၇၀ အတွက် မြန်မာသံရုံး ကွာလာလမ်ပူမြို့နှင့် ၎င်းတို့၏ကုမ္ပဏီများမှ ပူးပေါင်းစီစဉ်မှုဖြင့် မြန်မာအပြည်ပြည်ဆိုင်ရာလေကြောင်း (MAI) စင်းလုံးငှား အထူးလေယာဉ်အား ပြေးဆွဲခဲ့သည်။ အဆိုပါ ကယ်ဆယ်ရေးအထူးလေယာဉ်သည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။

**တာဝန်ယူဆောင်ရွက်**

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစစ်ဆေးရေးနှင့် ၂၁ ရက်တာ အသွားအလာ ကန့်သတ်နေထိုင်ရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာ အခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့သည်။ စာမျက်နှာ ၇ ကော်လံ ၅ သို့ ■

**ကြေးမုံ ယနေ့ ဖတ်စရာ**

**ရွေးကောက်ပွဲဖျက်လိုဖျက်ဆီးလုပ်မည့်သူတွေအတွက် ဗိုလ်ချုပ်၏ သတိပေးချက်**

ဆောင်းပါး စာမျက်နှာ » ၆

**အမျိုးအမည်မသိ အာကာသယာဉ်များ စောင့်ကြည့်ရေးတပ်ဖွဲ့ အမေရိကန် ဖွဲ့စည်းမည်**

စာမျက်နှာ » ၁၂



## ကြေးမုံ

# ပြည်သူများ စည်းလုံးညီညွတ် စည်းကမ်းရှိသည်ကို လက်တွေ့ပြနိုင်

ကမ္ဘာတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အရှိန်အဟုန်မကျသေးဘဲ မြင့်တက်နေဆဲဖြစ်သည်ကို မြင်တွေ့ကြားသိရမည်ဖြစ်သည်။ တစ်ကမ္ဘာလုံးတွင် ဗိုင်းရပ်စ်ပိုး ကူးစက်ခံရသူ သန်းပေါင်း ၂၀ ကျော်ရှိလာပြီး သေဆုံးသူ တစ်သန်းနီးပါးသို့ ချဉ်းကပ်လာသည်ကို တွေ့ရပါသည်။ ကမ္ဘာ့နိုင်ငံများအနေဖြင့် ဗိုင်းရပ်စ်ပိုးကို ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရန် ကြိုးစားအားထုတ်နေကြရာ၌ ပြည်သူများ စည်းလုံးညီညွတ်မှု၊ စည်းကမ်းလိုက်နာမှုတို့အပေါ် မူတည်၍ ရောဂါအနည်းအများ ဖြစ်ပေါ်မှုကို မြင်တွေ့နိုင်ပါသည်။

နိုင်ငံတကာသုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ လူနာများတွင် ရောဂါလက္ခဏာ တစ်စုံတစ်ရာမရှိသူ ၄၀ ရာခိုင်နှုန်းခန့်၊ မပြင်းထန်သော ရောဂါလက္ခဏာရှိသူ ၄၀ ရာခိုင်နှုန်းခန့်၊ ဆေးရုံတက်ရောက် ကုသမှုခံယူရန် လိုအပ်သူ ၁၅ ရာခိုင်နှုန်းခန့်နှင့် ရောဂါပြင်းထန်သူ ငါးရာခိုင်နှုန်းခန့်ရှိသည်ဟု သိရပါသည်။ မြန်မာနိုင်ငံတွင် လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသူ စုစုပေါင်း ၃၇၀ ကျော်ရှိပြီး ၎င်းတို့အနက် ၆၁ ရာခိုင်နှုန်းခန့်တွင် ရောဂါလက္ခဏာပြသခြင်းမရှိမှု၊ ကိုဗစ်-၁၉ လူနာအားလုံး၏ ၅၅ ရာခိုင်နှုန်းသည် ပြည်ပနိုင်ငံများမှ ကူးစက်ပြီး မြန်မာနိုင်ငံသို့ ဝင်ရောက်လာမှု၊ လက်ရှိအချိန်တွင် လူနာအများစုမှာ ပြည်ပမှဝင်ရောက်လာသူများဖြစ်မှု၊ ကိုဗစ်-၁၉ လူနာ ၃၇၀ ဝန်းကျင်အနက် အထူးကြပ်မတ်ကုသမှုခံယူရသူ ၂၀ နှင့် အသက်ရှူအထောက်အကူပြုစက်အသုံးပြုခဲ့ရသူ ငါးဦးသာရှိသည်ကို တွေ့ရှိရပါသည်။

ဆိုခဲ့သည့်အတိုင်း ဗိုင်းရပ်စ်ပိုးတွေ့ရှိသူများမှာ ပြည်ပနိုင်ငံများမှ ရောက်ရှိလာကြသူများသာ အများဆုံးဖြစ်သည်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ပြည်ပမှ ရောဂါပိုးတွေ့ရှိသူများအား စနစ်တကျကုသမှုပေးကာ ရောဂါပျံ့နှံ့မှုမရှိစေရေး လုံခြုံစိတ်ချမှုရှိအောင် ဆောင်ရွက်ပေးနေသည်။ မြန်မာနိုင်ငံတွင် ယခုအချိန်၌ သံသယလူနာ၊ အသွားအလာကန့်သတ်ထားရှိသူများနှင့် ကိုဗစ်-၁၉ လူနာများနှင့် ထိတွေ့မှုရှိခဲ့သူများ၏ ဓာတ်ခွဲနမူနာ စုစုပေါင်း၏ သုည ဒသမ ၂၈ ရာခိုင်နှုန်းတွင်သာ ရောဂါပိုးတွေ့ရှိခဲ့သည်။ ရောဂါပိုးကိုရှာဖွေရာ၌ ဓာတ်ခွဲစစ်ဆေးမှုအရေအတွက်ကို တိုးမြှင့်ရှာဖွေသော်လည်း ရောဂါပိုးတွေ့ရှိသူ မြင့်တက်မှုမရှိဘဲ တည်ငြိမ်နေမှု၊ လက်ရှိအခြေအနေတွင် သံသယလက္ခဏာ လူနာအရေအတွက် ကျဆင်းလာမှု၊ အသွားအလာကန့်သတ်ထားရှိရာနေရာ အရေအတွက်နှင့် လူဦးရေကျဆင်းလာမှုတို့သည် မြန်မာနိုင်ငံအတွက် ကောင်းမွန်သည့်အနေအထားများဖြစ်သည်။

မြန်မာနိုင်ငံသည် ခေတ္တဥစ္စာချို့တဲ့သောနိုင်ငံဖြစ်သည်။ စိန်ခေါ်မှုများ၊ ပြဿနာများ၊ ပဋိပက္ခများ ထူပြောသောနိုင်ငံဖြစ်သည်။ နိုင်ငံမချမ်းသာသဖြင့် ကျန်းမာရေးစောင့်ရှောက်မှု အဆင့်အတန်း မမြင့်မားသောနိုင်ငံဖြစ်သည်။ စည်းလုံးညီညွတ်မှု အားနည်းသည့်နိုင်ငံဖြစ်သည်ဟု ဆိုချင်ဆိုနိုင်သည်။ ထိုကဲ့သို့ အဘက်ဘက်တွင် အားနည်းနေသောနိုင်ငံဖြစ်သော်လည်း တစ်တိုင်းပြည်လုံးအရေးနှင့် ကြုံလာလျှင် စည်းလုံးညီညွတ်သော နိုင်ငံဖြစ်လာသည်ကို သမိုင်းကြောင်းဖြစ်စဉ်များ၌ မြင်တွေ့ရမည်ဖြစ်သည်။ ယခုလည်း ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားစဉ်အချိန်မှ ယနေ့အချိန်ကာလအထိ နိုင်ငံတော်နှင့် ကျန်းမာရေးဝန်ထမ်းများ၏ ထက်သန်နိုးကြားတက်ကြွမှု၊ ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှု၊ အသိစိတ်ဓာတ်ရှိရှိ လိုက်နာဆောင်ရွက်မှုတို့ကြောင့် ကိုဗစ်-၁၉ ကပ်ရောဂါကို ကောင်းမွန်စွာ ရင်ဆိုင်တုံ့ပြန်နိုင်သည်ကို မြင်တွေ့ရမည်ဖြစ်သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံသည် နိုင်ငံငယ်သော်လည်း၊ အင်အားနည်းသော်လည်း၊ စိတ်ဝမ်းကွဲသော်လည်း ပြည်သူပြည်သားအားလုံး၏ ကျန်းမာရေးအတွက် အခြေအနေမဆိုးရွားအောင်၊အကောင်းဆုံးအနေအထားရောက်အောင် လက်တွေ့လုပ်ဆောင်ပြသနိုင်ခဲ့ပေသည်။ မြန်မာနိုင်ငံတွင် အချင်းချင်းမစည်းလုံးဘဲ ပဋိပက္ခများနှင့် ရင်ဆိုင်နေရသည်ဟု အပြစ်ဆိုနိုင်သော်လည်း ကိုဗစ်-၁၉ ရောဂါကဲ့သို့ တစ်နိုင်ငံလုံးနှင့်ဆိုင်သည့် စိန်ခေါ်မှုများအား လက်တွေ့ရင်ဆိုင်လာရချိန်၌ မြန်မာပြည်သူပြည်သားများ စည်းလုံးညီညွတ်သည်၊ စည်းကမ်းလိုက်နာကြသည်ကို အထင်အရှား မြင်တွေ့နိုင်မည် ဖြစ်ပါကြောင်း။ ။

MYANMAR Digital News
Presented by NPT
www.mdn.gov.mm

# နေပြည်တော် ဒက္ခိဏသီရိမြို့နယ်၌ တည်ထားကိုးကွယ်သော ထာဝရငြိမ်းချမ်းရေးစေတီတော်အတွက် အလှူတော်ငွေပေးအပ်ပွဲကျင်းပ

**မန္တလေး ဩဂုတ် ၁၅**

နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ထာဝရငြိမ်းချမ်းရေး စေတီတော် ဘက်စုံတည်ဆောက် အချောသပ် မွမ်းမံခြင်း လုပ်ငန်းများအတွက် အလှူတော်ငွေ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ၆၂ လမ်းရှိ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် (မန္တလေး) မဟာဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။



အခမ်းအနားသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့်ဇနီး၊ မန္တလေးတိုင်းဒေသကြီး ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစိုင်းပန်းဆိုင်၊ သာသနာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦးနှင့်ဇနီး၊ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) ညွှန်ကြားရေးမှူး ဦးအောင်သိန်းဦး၊ တာဝန်ရှိသူများနှင့် အလှူရှင်များတက်ရောက်ကြသည်။ ရှေးဦးစွာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက နှုတ်ခွန်းဆက်စကားပြောသည်။

**လှူဒါန်း**

ထို့နောက် အလှူငွေများ ပေးအပ်လှူဒါန်းကြရာ ဦးမောင်ကို ဇနီး သီရိသုဓမ္မသိင်္ဂီ ဒေါ်ရွှေဥ (ထာဝရကုမ္ပဏီများအုပ်စု၊ ရွှေဥသြရွှေဆိုင်) မိသားစုက အလှူငွေကျပ် သိန်း ၂၀၀၊ ဦးမြင့်နိုင် ဇနီး သီရိသုဓမ္မသိင်္ဂီဒေါ်ခင်ရွှေ (အာရှနိုင်အင်တာပရိုက်စ်လီမိတက်) မိသားစုက အလှူငွေကျပ် သိန်း ၁၅၀၊ သီရိသုဓမ္မသိင်္ဂီ ဒေါ်ငွေငွေသိန်း (မြသစ္စာသစ်သီးပွဲရုံလုပ်ငန်း) မိသားစု၊ သီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်အုန်းမြင့် (သမာဓိအာမခံရွှေဆိုင်၊ အောင်စိုးမိုးလျှပ်စစ်ပစ္စည်းအမျိုးမျိုးရောင်းဝယ်ရေးနှင့် အောင်စိုးမိုးအထည်ဆိုင်) မိသားစု၊ ဒေါက်တာဝင်းလှိုင် ဇနီး သုဓမ္မသိင်္ဂီ ဒေါ်မြစန္ဒာဝင်း (တော်ဝင်စိန်တိုက်) မိသားစု၊ ဦးဝင်းဖေမြင့် (မြတံခွန်နှင့် အောင်သန်းဆု ပင်ရင်းထီရောင်းဝယ်ရေး ) မိသားစု၊ သုဓမ္မမဏိဇောတဓရ ဒေါက်တာကျော်သက်နိုင်(အောင်သိဒ္ဓိနို့ဆီနှင့် ရွှေမြန်မာထောပတ် လုပ်ငန်း) မိသားစု၊ ဦးတင်ကိုကို + ဒေါ်အေးသီတာ ( Shining Star Gem & Jewellery) မိသားစု၊ ဦးဘရန်မိုင် (သျှမ်းလက်ရာစားသောက်ဆိုင်) မိသားစု၊ ဒေါ်ခင်နှင်းဦး (ခ) မစုရင် (မြန်မာနန်းထိပ်ကျောက်မျက်ရတနာရောင်းဝယ်ရေး) မိသားစု၊ သုဓမ္မသိင်္ဂီ ဒေါ်အေးအေးမြင့် မိသားစု၊ သုဓမ္မမဏိဇောတဓရ ဦးမောင်စိုး (စိန်စွန်ညို-အဆင့်မြင့်သံရည်ကျိုသံနန်းဆွဲလုပ်ငန်း) မိသားစု၊ ဦးညီမော်ကွန်း ဇနီး ဒေါ်ရူပါအေးသန်းဝင်း (သစ္စာကျောက်မျက်ရတနာရောင်းဝယ်ရေးနှင့် ခေတ်ရာဇာကျောက်မျက်ကုမ္ပဏီ) မိသားစု၊ ဒေါ်ဝင်းဝင်းခိုင် (ခ)ဒေါ်အလင်း (Champion Bakery မုန့်မျိုးစုံဖြန့်ချိရေး) မိသားစုနှင့် သုဓမ္မသိင်္ဂီ ဒေါ်ခင်မိုးမိုးဝင်း (Immortal Moe Co., Ltd. ဆိုင်ကယ်လက်လီလက်ကားဖြန့်ချိရေးလုပ်ငန်း) မိသားစုတို့က အလှူငွေကျပ် သိန်း ၁၀၀ စီ၊ ဦးအောင် ဇနီး သီရိသုဓမ္မသိင်္ဂီ ဒေါ်အေးမော်စီ (အောင်သမာဓိစိန်ရွှေရတနာဆိုင်နှင့် ရွှေသန့်စင်လုပ်ငန်း) မိသားစု၊ သုဓမ္မသိင်္ဂီ ဒေါ်သန်းသန်း ( မြန်မာသူရကျောက်မျက်ရောင်းဝယ်ရေးလုပ်ငန်း) မိသားစု၊ သုဓမ္မသိင်္ဂီ ဒေါ်မြမြသန်း (ကုန်သည်) မိသားစု၊ ဦးသန်းငွေအောင် (ဦးဘရင်သံဆိုင်) မိသားစု၊ ဦးမျိုးချစ် (အောင်သန်းဝေ စက်မှုလက်မှု၊ လျှပ်စစ်ပစ္စည်းရောင်းဝယ်ရေး၊ ရွှေဝါဝင်းမင်္ဂလာခန်းမနှင့် ကိတ်မျိုးစုံလုပ်ငန်း) မိသားစု၊ ဒေါ်ဥမ္မာစောဝင်း (မြန်မာ့အလှ ပိုးထည်၊ ချည်ထည်တိုက်၊ Hello စက်သုံးဆီရောင်းဝယ်ရေး) မိသားစု၊ ဦးကျော်သန်းဇော်မိသားစု၊ ဒေါ်ညွှန့်ညွှန့်အောင် (မြဂုဏ်ရောင် ရွှေခေတ်စတိုး)မိသားစု၊ ဦးအောင်အောင် ဇနီး အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်လှလှဝေ၊ ဦးမြင့်အောင် ဇနီး သီရိသုဓမ္မသိင်္ဂီ ဒေါ်မြင့်မြင့်ရီ (အောင်မြင့်မိုရ်ဟိုတယ်နှင့် သာစည်ရောင်းဝယ်ရေးလုပ်ငန်း)၊ ဒေါက်တာလှကြွယ်+သီရိသုဓမ္မသိင်္ဂီဒေါ်အေးအေးအောင် (အောင်ဝင့်ထည် စီးပွားရေးလုပ်ငန်းစု ကုမ္ပဏီလီမိတက်) မိသားစုတို့က အလှူငွေကျပ် သိန်း ၅၀ စီ ၊ ဒေါ်ထွေးထွေး(ခ) ဒေါ်လှထွေး (ဆန်းဝင်းမြင့်စက်မှု) မိသားစုက အလှူငွေကျပ် သိန်း ၃၀ နှင့် ဒေါ်ညွှန့်ယဉ်ဝင်း (Rich Life Co.,Ltd.)မိသားစုက ငွေကျပ် သိန်း ၂၀ တို့ကို အသီးသီးပေးအပ်လှူဒါန်းကြရာ ပြည်ထောင်စုဝန်ကြီး၊ မန္တလေးတိုင်းဒေသကြီး ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်တို့က လက်ခံရယူ၍ အလှူရှင်တို့အား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ပြီး ပြည်ထောင်စုဝန်ကြီးက ကျေးဇူးတင်ဝမ်းမြောက်စကား ပြောကြားသည်။

အဆိုပါ ထာဝရငြိမ်းချမ်းရေး စေတီတော်အတွက် အနယ်နယ်အရပ်ရပ်မှ အလှူရှင် ၂၈ ဦးတို့က စုစုပေါင်း လှူဒါန်းငွေကျပ် ၂၂၅၀၀၀၀၀၀ ကို လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြင်ဦးလွင်မြို့နယ် သရက်ပင်အင်းကျေးရွာ၌ နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်မီး စတင်ရရှိ

**ပြင်ဦးလွင် ဩဂုတ် ၁၅**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် နားလင်းကျေးရွာအုပ်စု သရက်ပင်အင်းကျေးရွာသို့ နိုင်ငံတော်ဓာတ်အားလိုင်းမှ လျှပ်စစ်မီးစတင်ပို့လွှတ်ခြင်း အခမ်းအနားကို ယမန်နေ့ညနေပိုင်းက ပြုလုပ်သည်။

အခမ်းအနားသို့ ပြင်ဦးလွင်မြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်မင်း၊ ခရိုင်လျှပ်စစ်မန်နေဂျာ ဦးမျိုးလှိုင်၊ ဒုခရိုင်မန်နေဂျာ ဦးငြိမ်းချမ်းကျော်၊ မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးအောင်ဘိုဘိုလင်း၊ ကျေးရွာတာဝန်ရှိသူများက တက်ရောက်ဖွင့်လှစ်ပေးသည်။

ယခုအခါ ပြင်ဦးလွင်မြို့နယ်အနေဖြင့် နိုင်ငံတော်ဓာတ်အားစနစ်မှ ကျေးရွာ ၉၈ ရွာအထိ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

**မောင်မောင်မျိုး**

## ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဦးစိုးစိုးနိုင် | **အငယ်တန်း** | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ |
| **စာတည်းမှူး** | - ဦးဝင်းနိုင် | **သတင်းထောက်များ** | ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ |
| **သတင်းထောက်မှူး** | - ဦးမြင့်စိုး | | ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ |
| **စာတည်းများ** | - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ | | ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး |
| | ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ | **ဓာတ်ပုံသတင်းထောက်** | - ဦးခင်မောင်ဝင်း |
| | ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | **သုတေသန** | - ဒေါ်ဇင်မာဝင့် |
| **ဘာသာပြန်စာတည်းများ** | - ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော် | **စာပြင်** | - ဦးမျိုးဝင်းနိုင်၊ ဦးရည်မွန်ခန့်အောင်နှင့်အဖွဲ့ |
| **အကြီးတန်း** | - ဦးစိုးအောင်၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ၊ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - ဒေါ်နွယ်နွယ်ထွန်း၊ ဒေါ်ချောစုလှိုင်နှင့်အဖွဲ့ |
| **သတင်းထောက်များ** | ဒေါ်နေဇာဇာထွန်း | **အီးမေးလ်နှင့် အွန်လိုင်း** | - ဦးအောင်ကျော်ဖြိုး၊ ဦးချစ်ဦးနှင့်အဖွဲ့ |

# ပြည်သူသာလျှင် အဓိက

☆ **ရှေ့ဖုံးမှ**

ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ချက်များကို မြေပြင်တွင် လက်တွေ့မျက်မြင် သိရှိနိုင်ရန်၊ ဆက်သွယ်သွားလာရန် ခက်ခဲသည့် မိုးရာသီကာလတွင် ဒေသခံပြည်သူတို့၏ သွားလာရေး အခက်အခဲများကို သိရှိနိုင်ရန်နှင့် ဒေသခံပြည်သူများ၏လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် လာရောက်ခြင်းဖြစ်ပါကြောင်း။

**ဆက်လက်ပူးပေါင်းပါဝင်**

နိုင်ငံဖွံ့ဖြိုး တိုးတက်မှုများကို ဒေသခံပြည်သူများ လက်တွေ့ခံစားနေကြရပြီဖြစ်ပါကြောင်း၊ ထိုဖွံ့ဖြိုးတိုးတက်မှုများမှ အချို့ကိုကောက်နုတ်ပြောကြားလိုပါကြောင်း၊ ပထမအချက်မှာ ၂၀၁၈ ခုနှစ်က မြန်မာနိုင်ငံ၏ ဆန်နှင့် ဆန်ထွက်ပစ္စည်းများ ပြည်ပသို့ တင်ပို့ရောင်းချနိုင်မှုသည် လွန်ခဲ့သည့် ၁၉၃၄ ခုနှစ် နောက်ပိုင်း ၇၃ နှစ်အတွင်း အမြင့်မားဆုံး တင်ပို့ရောင်းချနိုင်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ဒုတိယသည် နိုင်ငံ၏ ခရီးသွားလုပ်ငန်းဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံ၏ ခရီးသွားလုပ်ငန်းကို ၂၀၁၉ ခုနှစ် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုနှုန်း အမြန်ဆုံးအဖြစ် UNWTO က သတ်မှတ်ခြင်းခံခဲ့ရပါကြောင်း၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုနှုန်း ၄၀ ဒသမ ၂ ရာခိုင်နှုန်းထိ ရှိခဲ့ပါကြောင်း၊ ထိုသို့သော ဖွံ့ဖြိုးတိုးတက်မှုများသည် နိုင်ငံတော်အစိုးရ၊ ဌာနဆိုင်ရာများ၊ သက်ဆိုင်ရာ အဖွဲ့အစည်းများ၏ ကြိုးပမ်းအားထုတ်မှုနှင့် ဒေသခံပြည်သူများ တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းများကြောင့်သာ ဖြစ်ပါကြောင်း၊ နိုင်ငံအကျိုး၊ ပြည်သူ့အကျိုးဖြစ်ထွန်းရေးအတွက် ဆက်လက်ပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြစေလိုပါကြောင်း။


ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ထန်တလန်မြို့မှ မြို့မိမြို့ဖများနှင့် တွေ့ဆုံအမှာစကား ပြောကြားစဉ်။

ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့်စပ်လျဉ်း၍ နိုင်ငံတော်အစိုးရနှင့် ပြည်သူတို့၏ ပူးပေါင်းဆောင်ရွက်ခြင်း ရလဒ်ကောင်းများကို တွေ့မြင်ကြရမည်ဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ခြင်း လုပ်ငန်းများနှင့်စပ်လျဉ်း၍ အကောင်းဆုံး ကာကွယ်ထိန်းချုပ်မှုစံပြအဖြစ် ကမ္ဘာက အသိအမှတ်ပြုထားပါကြောင်း။

အသက် ၁၈ နှစ်ပြည့်ပြီး ၅ နှစ်လျှင် တစ်ကြိမ်သော ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးနိုင်ရေးသည် နိုင်ငံသားတိုင်းအတွက် များစွာ တန်ဖိုးရှိသည့် အခွင့်အရေးတစ်ရပ်ဖြစ်ပါကြောင်း၊ အဆိုပါ အခွင့်အရေးကို လက်လွှတ်ဆုံးရှုံးမှု မရှိစေလိုပါကြောင်း၊ မဲစာရင်းများ မှန်ကန်ရေးသည် အရေးကြီးပြီး အချို့နေရာများတွင် မဲစာရင်းမှားယွင်းမှုများရှိသဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံပြည်သူများအနေဖြင့် အချိတ်အဆက်မိမိ ပူးပေါင်းဆောင်ရွက်ကြစေလိုပါကြောင်း၊ တာဝန်ရှိသူများအနေဖြင့် နိုင်ငံတော်အစိုးရနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ထုတ်ပြန်သည့် အမိန့်ညွှန်ကြားချက်များ၊ ရွေးကောက်ပွဲဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာ ကျင့်သုံးဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

ရွှေ့ပြောင်း တောင်ယာစနစ်ကို အစားထိုးနိုင်ရေးအတွက် ချင်းပြည်နယ်၏ တောတောင်ရေမြေ သဘာဝနှင့် လိုက်လျောညီထွေဖြစ်ပြီး ဈေးကွက်ဝင်ပစ္စည်းအမယ်ဖြစ်သည့် “ဝ” ဥ စိုက်ပျိုးထုတ်လုပ်ခြင်းကို အောင်မြင်အောင် ဆောင်ရွက်ကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် မြို့မိမြို့ဖ ဦးငွန်ဟရမ်းနှင့် ဦးရှန်ဇဲလ်တို့က ဒေသဖွံ့ဖြိုးရေး လိုအပ်ချက်များဖြစ်သည့် ထန်တလန်မြို့ အမှတ်(၃) ရပ်ကွက် ဘောလုံးကွင်းမြောက်ဘက်ခြမ်း မြေထိန်းနံရံနှင့် မြို့ရှောင်လမ်းပြိုကျခြင်းကို အမြန်ပြုပြင်ပေးနိုင်ရေး၊ “ဝ”ဥ စက်ရုံ တည်ဆောက်ပေးနိုင်ရေး၊ တယ်လီဖုန်း ဆက်သွယ်ရေးခက်ခဲသည့် ကျေးရွာ ၁၂ ရွာအတွက် တာဝါတိုင်စိုက်ထူပေးနိုင်ရေး၊ ကျေးရွာ ၁၈ ရွာကို ကျေးရွာအုပ်စုအဖြစ် တိုးချဲ့နိုင်ရေး၊ လျှပ်စစ်မီးမရရှိသေးသည့် အထက်တန်းကျောင်းနှင့် ကျေးလက်ကျန်းမာရေးဌာနတည်ရှိသည့် ကျေးရွာများကို မဟာဓာတ်အားလိုင်းမှ လျှပ်စစ်ဓာတ်အား သွယ်တန်းပေးနိုင်ရေး၊ ဘွေနူးမြစ်ကူးတံတား တည်ဆောက်ပေးနိုင်ရေး၊ ထန်တလန်မြို့တော်ခန်းမ အသစ် ဆောက်လုပ်ပေးနိုင်ရေးနှင့် ထန်တလန်မြို့ ရေပေးဝေရေးနှင့် စပ်လျဉ်းသည့်ကိစ္စရပ်များကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးတင်မြင့်နှင့် ဦးခင်မောင်ဝင်း၊ ပြည်နယ်ဝန်ကြီး ဦးစိုးထက်၊ ဦးရွှေထီးယိုနှင့် အမြဲတမ်းအတွင်းဝန် ဦးရွှေလေးတို့က ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် ဒုတိယသမ္မတက ကိုဗစ်-၁၉ ကာလတွင် ပါဝင်ဆောင်ရွက်နေကြသည့် စေတနာ့ဝန်ထမ်းပရဟိတအဖွဲ့အား ထောက်ပံ့ငွေများပေးအပ်သည်။

**နိုင်ငံသားကတ် ပေးအပ်**

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဇိုဘွဲနှင့် ပြည်နယ်ဝန်ကြီး ဦးဖွေအားတို့က ဒေသခံပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ကြသည်။

အဆိုပါ နိုင်ငံသားစိစစ်ရေးကတ်ပြားများကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန သစ္စာစီမံချက်ဖြင့် ဆောင်ရွက်ပေးခြင်းဖြစ်ပြီး ထန်တလန်မြို့နယ် ခွာဟရန်၊ မှောင်တလန်၊ တလန်ပီးနှင့် အိုင်ဘူရ် ကျေးရွာအုပ်စုများမှ ဒေသခံပြည်သူ ၃၀၂ ဦးကို ပေးအပ်ခဲ့သည်။

ထို့နောက် ဒုတိယသမ္မတက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် အစိုးရနည်းပညာ အထက်တန်းကျောင်း (ထန်တလန်)ကို အစိုးရနည်းပညာနှင့် သက်မွေးပညာသိပ္ပံ (ထန်တလန်) အဖြစ် အဆင့်မြှင့်တင်တည်ဆောက်နိုင်မည်ဖြစ်၍ ဝမ်းမြောက်ဖွယ်ဖြစ်ပါကြောင်း၊ စေတနာ့ဝန်ထမ်း ပါဝင်ဆောင်ရွက်နေကြသူများ အားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်ရာတွင် ပြည်သူများအားလုံး ဆက်လက်ပူးပေါင်းပါဝင် ဆောင်ရွက်ကြစေလိုပါကြောင်း ပြောကြားသည်။

**ကြည့်ရှုစစ်ဆေး**

ဆက်လက်၍ ဒုတိယသမ္မတသည် သဘာဝဘေးဒဏ်ကြောင့် ထန်တလန်မြို့ အမှတ်(၃)ရပ်ကွက် မြောက်ဘက်ခြမ်း မြေထိန်းနံရံမြေပြိုခြင်းနှင့် မြို့ရှောင်လမ်း၊ လမ်းသားပြတ်ကျသည့် နေရာအား ကြည့်ရှုစစ်ဆေးရာ ညွှန်ကြားရေးမှူးချုပ် ဦးအောင်မြင့်ဦးနှင့် ညွှန်ကြားရေးမှူး ဦးဆန်းလွင်ဦးတို့က ထန်တလန်မြို့ပတ်လမ်းဆိုင်ရာ အချက်အလက်များ၊ သဘာဝဘေးဒဏ်ကြောင့် မြေပြိုကျမှု၊ လမ်းပြတ်ကျသည့်နေရာအား ယာယီပြန်လည်ပြင်ဆင်မည့် အဆိုပြုပုံစံတို့ကို ရှင်းလင်းတင်ပြသည်။

အဆိုပါ မြေထိန်းနံရံနှင့် လမ်းသားပြတ်ကျမှုတို့သည် ဩဂုတ် ၈ ရက် နံနက် ၁၁ နာရီခွဲက ထန်တလန်မြို့တွင် မိုးရေချိန် ၂ ဒသမ ၁ လက်မ ရွာသွန်းမှုကြောင့် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ယခုလမ်းတာပေါင်အသစ် ပြန်တင်ဆဲဖြစ်ကြောင်းသိရသည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ထန်တလန်မြို့မှ ဟားခါးမြို့သို့ ရောက်ရှိကြပြီး ဟားခါးတက္ကသိုလ်မုခ်ဦး တည်ဆောက်ရေးလုပ်ငန်းအား ကြည့်ရှုစစ်ဆေးရာ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းဝင်းနှင့် အင်ဂျင်နီယာချုပ် ဦးကျော်မင်းအေးတို့က လုပ်ငန်းပိုင်းဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။


ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဟားခါးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

ဆက်လက်၍ ဒုတိယသမ္မတသည် ဟားခါးကောလိပ် ယာယီရှင်းလင်းဆောင်သို့ ရောက်ရှိရာ အမြဲတမ်းအတွင်းဝန် ဦးရွှေလေး၊ အင်ဂျင်နီယာချုပ် ဦးကျော်မင်းအေးနှင့် တာဝန်ရှိသူများက ဟားခါးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ တည်ဆောက်ခြင်းလုပ်ငန်းဆိုင်ရာများ၊ တည်ဆောက်ပြီးစီးမှုများ၊ ဆက်လက်တည်ဆောက်သွားမည့်အစီအမံများ၊ ဟားခါးပညာ့ရိပ်သာအိမ်ရာဝင်း တည်ဆောက်မှုများ၊ ကောလိပ်တိုးချဲ့မြေရရှိရေးဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြကြသည်။ **စာမျက်နှာ ၄ သို့** ○

**❖ ၂၀၁၈ ခုနှစ်က မြန်မာနိုင်ငံ၏ ဆန်နှင့် ဆန်ထွက်ပစ္စည်းများ ပြည်ပသို့ တင်ပို့ရောင်းချနိုင်မှုသည် လွန်ခဲ့သည့် ၁၉၃၄ ခုနှစ် နောက်ပိုင်း ၇၃ နှစ်အတွင်း အမြင့်မားဆုံး တင်ပို့ရောင်းချနိုင်ခဲ့**

**❖ မိမိတို့နိုင်ငံ၏ ခရီးသွားလုပ်ငန်းကို ၂၀၁၉ ခုနှစ် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုနှုန်း အမြန်ဆုံးအဖြစ် UNWTO က သတ်မှတ်ခြင်းခံခဲ့ရ**

❍ စာမျက်နှာ ၃ မှ
ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယသမ္မတက တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ကြရာတွင် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်အောင် ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း လမ်းညွှန်မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ယင်းနောက် ဒုတိယသမ္မတသည် ဟားခါးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမတည်ဆောက်နေမှုနှင့် ဟားခါးပညာရိပ်သာအိမ်ရာဝင်းတည်ဆောက်မည့်မြေနေရာတို့ကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ဘွဲ့နှင်းသဘင်ခန်းမသည် သံကူကွန်ကရစ် အမျိုးအစားဖြစ်ပြီး စီမံကိန်းတန်ဖိုး ငွေကျပ် ၉၃၃၁ ဒသမ ၁၉၄ သန်းဖြစ်ပြီး တည်ဆောက်ပြီးစီးမှု ၇၅ ရာခိုင်နှုန်းရှိပြီဖြစ်ကြောင်း သိရသည်။

ထို့နောက် ဒုတိယသမ္မတသည် ဟားခါးမြို့ Multi Purpose Cyclone Shelter ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးရာ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းနိုင်ထွန်းနှင့် ညွှန်ကြားရေးမှူး ဦးမင်းသိန်းတို့က Multi Purpose Cyclone Shelter တည်ဆောက်ပြီးစီးမှု၊ Cyclone Shelter ဆက်စပ်လုပ်ငန်းများ၊ Cyclone Shelter ဆိုင်ရာအချက်အလက်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယသမ္မတသည် Multi Purpose Cyclone Shelter အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

**သုံးထပ်ဆောင်သစ် စစ်ဆေး**

ထို့နောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ဟားခါးမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း သုံးထပ်ဆောင်သစ် တည်ဆောက်နေမှုအား ကြည့်ရှုစစ်ဆေးရာ အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲလေးမြင့်က ကျောင်းဆောင်သစ်နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

အဆိုပါ သုံးထပ်ကျောင်းဆောင်သစ်သည် အလျားပေ ၁၄၀၊ အနံပေ ၃၀ ရှိပြီး သံကူကွန်ကရစ်အမျိုးအစားဖြစ်ကာ ခွင့်ပြုရန်ပုံငွေကျပ် ၅၇၆ ဒသမ ၆၅၂ သန်းဖြစ်ကြောင်း သိရသည်။

ယင်းနောက် ဒုတိယသမ္မတသည် ဟားခါးမြို့ ဗိုလ်တိုက်ချွန်းခန်းမ၌ မြို့မိမြို့ဖများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒုတိယသမ္မတက နိုင်ငံတော်အစိုးရ၏ ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ချက်များကို လက်တွေ့မျက်မြင်သိရှိနိုင်ရန်၊ ဒေသခံပြည်သူတို့၏ ဆက်သွယ်သွားလာရေး အခက်အခဲများကို သိရှိနိုင်ရန်နှင့် ဒေသခံပြည်သူများ၏ ဒေသဖွံ့ဖြိုးရေးလိုအပ်ချက်များကို ဒေသခံပြည်သူများထံမှ တိုက်ရိုက် မြင်တွေ့ကြားသိနိုင်ရန် လာရောက်ခြင်း ဖြစ်ပါကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်လာသည်ကို မည်သူမျှ ငြင်းကွယ်၍မရပါကြောင်း၊ အတိုင်းအတာတစ်ခုအထိ တိုးတက်ပြောင်းလဲခဲ့ပါကြောင်း။

ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရာတွင် အသက် ၁၈ နှစ်ပြည့်ပြီး ၅ နှစ်ပြည့်လျှင်တစ်ကြိမ်သာရရှိသည့် ဆန္ဒမဲပေးခွင့်အခွင့်အရေးကို မဆုံးရှုံးစေလိုပါကြောင်း၊ ရာနှုန်းပြည့် ဆန္ဒမဲပေးနိုင်ရေးသည် အရေးကြီးပါကြောင်း၊ သက်ဆိုင်ရာဌာနများသို့ လမ်းညွှန်ချက်များ ပေးပို့ထားပြီးဖြစ်ပါကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ထားသည့် စည်းမျဉ်းစည်းကမ်းများ၊ ညွှန်ကြားချက်များနှင့်အညီ ပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြစေလိုပါကြောင်း။

**၃၀၀၀၀ နှုန်းထောက်ပံ့မည်**

ကိုဗစ် - ၁၉ စီးပွားရေးကုသမှုအစီအစဉ်တွင်ပါရှိသည့် ပန်းတိုင်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းများတွင် ကိုဗစ်- ၁၉ ကာလအတွင်း မသန်စွမ်းသူများအတွက် ထောက်ပံ့နိုင်ရေး ဆောင်ရွက်လျက်ရှိရာ တစ်နိုင်ငံလုံး အတိုင်းအတာအရ မသန်စွမ်းသူဦးရေ နှစ်သိန်းကို ၃၀၀၀၀ ကျပ်နှုန်းစီထောက်ပံ့ပေးသွားမည်ဖြစ်ပါကြောင်း၊ ယခု ချင်းပြည်နယ်ရှိ မသန်စွမ်းသူများကို ထောက်ပံ့မည့်စာရင်းတွင် ကနဦးထောက်ပံ့ပြီးသူ ၂၆၉၁ ဦးရှိပြီး ထောက်ပံ့ရန်ကျန်သူဦးရေ ၆၁၃၀ ရှိသည့်အတွက် ၎င်းတို့ကိုလည်း တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ စီဖြင့် စုစုပေါင်း ငွေကျပ် ၁၈၃၉ သိန်းကို ထောက်ပံ့ပေးသွားမည် ဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ ကာလအတွင်း နိုင်ငံတစ်ဝန်းရှိ ကိုယ်ဝန်ဆောင်မိခင်များအား ထောက်ပံ့ကြေးငွေ တစ်ဦးလျှင် ကျပ် ၃၀၀၀၀ နှုန်းစီ တစ်ကြိမ်ထောက်ပံ့ပေးအပ်သွားမည် ဖြစ်ပါကြောင်း၊ ကိုယ်ဝန်ဆောင်မိခင်နှင့် နှစ်နှစ်အောက်ကလေးများအား ၂၀၁၇ ခုနှစ်မှစ၍ ချင်းပြည်နယ်၊ နာဂဒေသနှင့် ရခိုင်ပြည်နယ်၊ ၂၀၁၉ ခုနှစ်တွင် ကရင်ပြည်နယ်နှင့် ကယားပြည်နယ်၊ ၂၀၂၀ ပြည့်နှစ်တွင် ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် လစဉ်ငွေကျပ် ၁၅၀၀၀ နှုန်း ထောက်ပံ့ပေးလျက်ရှိပါကြောင်း၊ လူမှုရေးပင်စင် ထောက်ပံ့ခြင်းကို ၂၀၁၇-၂၀၁၈ ခုနှစ်တွင် အသက် ၉၀ နှစ်အထက်၊ ၂၀၁၈- ၂၀၁၉ ခုနှစ်တွင် အသက် ၈၅ နှစ်အထက် တစ်ဦးလျှင် တစ်လကျပ် ၁၀၀၀၀ နှုန်းဖြင့် လစဉ်ထောက်ပံ့ပေးလျက် ရှိပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံသူနိုင်ငံသားတို့၏ လူမှုစီးပွားဘဝများ တိုးတက်မြင့်မားစေရန် ရေးရှုကြိုးပမ်းဆောင်ရွက်လျက်ရှိနေပါကြောင်း၊ နိုင်ငံသူနိုင်ငံသားများ၏ အကျိုးစီးပွားဖြစ်ထွန်းရေး လုပ်ငန်းစဉ်များတွင် ဆက်လက်ပူးပေါင်းပါဝင်ဆောင်ရွက်ကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ဟားခါးမြို့ မြို့မိမြို့ဖ ဥက္ကဋ္ဌ ဦးငွန်ဆန်းအောင်က ဒေသဖွံ့ဖြိုးရေး လိုအပ်ချက်များဖြစ်သည့် ဟားခါး-မတူပီလမ်းပေါ်၌ ဆက်သွယ်ရေးတာဝါတိုင်များ တည်ဆောက်ပေးနိုင်ရေး၊ မြို့တော်ခန်းမအသစ် တည်ဆောက်ပေးနိုင်ရေး၊ ဟားခါးခတင် (၂၀၀)ဆေးရုံကို ခုတင်(၅၀၀) ဆေးရုံအဖြစ် အဆင့်တိုးမြှင့်ပေးနိုင်ရေး၊ ဆေးရုံကြီးရှိ ဓာတ်မှန်ဌာနအား တိုးချဲ့ဆောင်သို့ ပြောင်းရွှေ့ပေးနိုင်ရေး၊ ကျေးလက်ကျန်းမာရေး ဌာနခွဲမှ ကျေးလက်ကျန်းမာရေး ဌာနအဖြစ် တိုးမြှင့်သတ်မှတ်နိုင်ရေး၊ ကျေးလက်ကျန်းမာရေးဌာနခွဲ အသစ်သတ်မှတ်ပေးနိုင်ရေး၊ ဟားခါးထာရ်(၂) ရပ်ကွက် ဘောလုံးကွင်းအား စံချိန်မီဘောလုံးကွင်းအဖြစ် တည်ဆောက်ပေးနိုင်ရေး၊ ဟားခါးမြို့ပေါ် ချောင်းများအား ကျောက်စီနံရံနှင့် ရေမြောင်းများ တည်ဆောက်ပေးနိုင်ရေး၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းရှိ ဗန်ကုလ်ကျောင်းဆောင်အား အသစ်ပြန်လည် တည်ဆောက်ပေးနိုင်ရေး၊ အမာခံလမ်းများ ခင်းပေးနိုင်ရေးတို့ကို တင်ပြရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ပြည်နယ်ဝန်ကြီးများဖြစ်ကြသည့် ဦးစိုးထက်၊ ဦးပေါင်လွန်းမင့်ထန်၊ ဦးရွှေထီးယိုနှင့် ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးဦးတို့က ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

**ထောက်ပံ့ပေးအပ်**

ယင်းနောက် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတသည် ဟားခါးမြို့ရှိ ထောက်ပံ့ပေးရန် ကျန်ရှိသော မသန်စွမ်းသူများအတွက် ထောက်ပံ့ငွေများပေးအပ်ရာ ပြည်နယ်ဝန်ကြီးချုပ်က လက်ခံရယူသည်။

ဆက်လက်၍ ကိုဗစ်-၁၉ ကာလတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြသည့် စေတနာ့ဝန်ထမ်းပရဟိတအဖွဲ့နှင့် ဟားခါးခရိုင်နှင့် မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဝန်ထမ်းများအား ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်၊ ဒုတိယဝန်ကြီး ဦးမြင့်ကြိုင်နှင့် ပြည်နယ်ဝန်ကြီး ဦးဖွေအားတို့က ဟားခါးမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်များ ပေးအပ်ကြသည်။

အဆိုပါ နိုင်ငံသားစိစစ်ရေးကတ်ပြားများကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက သစ္စာစီမံချက်ဖြင့် ဆောင်ရွက်ပေးခဲ့ခြင်း ဖြစ်ကြောင်း၊ ယခု ဟားခါးမြို့ မြို့သစ်ရပ်ကွက်၊ ဟားခါးထာရ်(၁)၊ (၂)ရပ်ကွက်၊ ချွန်ကျုံး၊ နီဂရ်လောရ်၊ ဟဇုန်ဟရိန်၊ ဘွာလ်တပ်၊ ဟိုင်ဖိုင်၊ ဘုံသွ၊ ဘီဖူးလ်နှင့် ရင်ယီးရင်သဲ ကျေးရွာအုပ်စုများမှ ဒေသခံပြည်သူ ၃၄၆ ဦးကို ပေးအပ်ခဲ့သည်။

ယင်းနောက် ဒုတိယသမ္မတသည် ဧပြီ ၁၆ ရက်က လျှပ်ခတ်ခဲ့သော မြေငလျင်ကြောင့် ကျောင်းအုတ်နံရံများပြိုကျခဲ့သည့် ဟားခါးမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းရှိ အန္တရာယ်ရှိကျောင်းဆောင်အား ကြည့်ရှုစစ်ဆေးရာ ကျောင်းအုပ်ကြီး ဦးဗျက်ကျုံးက အဆောက်အအုံအခြေအနေနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ဟားခါးမြို့ ပြည်ထောင်စုရိပ်သာ၌ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။ **သတင်းစဉ်**

❖ **ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရာတွင် အသက် ၁၈ နှစ်ပြည့်ပြီး ၅ နှစ်ပြည့်လျှင် တစ်ကြိမ်သာရရှိသည့် ဆန္ဒမဲပေးခွင့်အခွင့်အရေးကို မဆုံးရှုံးစေလိုပါကြောင်း၊ ရာနှုန်းပြည့်ဆန္ဒမဲပေးနိုင်ရေးသည် အရေးကြီးပါကြောင်း၊ သက်ဆိုင်ရာဌာနများသို့ လမ်းညွှန်ချက်များ ပေးပို့ထားပြီးဖြစ်ပါကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ထားသည့် စည်းမျဉ်းစည်းကမ်းများ၊ ညွှန်ကြားချက်များနှင့်အညီ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြစေလို**



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဟားခါးမြို့မှ မြို့မိမြို့ဖများနှင့် တွေ့ဆုံအမှာစကား ပြောကြားစဉ်။

# ဒီးမော့ဆိုမြို့နယ်၌ အခြေခံလူတန်းစားများအား ထောက်ပံ့ငွေများ ပေးအပ်

**ဒီးမော့ဆို သြဂုတ် ၁၅**

ကိုဗစ်-၁၉ ကာလအတွင်း စီးပွားရေးထိခိုက်မှုသက်သာရေး စီမံချက်အနေဖြင့် ဒီးမော့ဆိုမြို့နယ်အတွင်းရှိ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားအိမ်ထောင်စုများအား တတိယအကြိမ် ထောက်ပံ့ငွေများ ပေးအပ်လျက်ရှိရာ ကျန်ရှိနေသော ရပ်ကွက်၊ ကျေးရွာအုပ်စုများကို ယနေ့နံနက်ပိုင်းတွင် ထောက်ပံ့ငွေများဆက်လက်ပေးအပ်လျက်ရှိသည်။

ထိုသို့ ထောက်ပံ့ငွေများ ပေးအပ်ရာတွင် ကယားပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးဘောစ်ကို၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပေါလ်ဆိုင်း၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစောစိန်ထွန်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညဏ်လှိုင်တို့ပါဝင်ပြီး ဒီးမော့ဆိုမြို့နယ်အတွင်းရှိ ကျန်ရှိနေသော ရပ်ကွက်၊ ကျေးရွာအုပ်စုများရှိ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားအိမ်ထောင်စုများထံသို့ ရပ်ကွက်၊ ကျေးရွာအုပ်စုများအလိုက် သွားရောက်၍ ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ဒီးမော့ဆိုမြို့နယ်တွင် ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားအိမ်ထောင်စု စုစုပေါင်း ၅၈၁၂ စုရှိပြီး အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် အိမ်ထောင်စု ၅၈၁၂ စုအတွက် ငွေကျပ် ၁၁၆၂၄၀၀၀၀ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကြီးဒဲရယ်**

# ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း စက္ကူစက်ရုံ(ရေနီ)နှင့် သာဂရစက်မှုနယ်မြေတို့ကို ကြည့်ရှုစစ်ဆေး

**နေပြည်တော်  ဩဂုတ်  ၁၅**

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းသည် ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ရေနီမြို့ရှိ စက္ကူစက်ရုံ(ရေနီ)နှင့် သာဂရစက်မှုနယ်မြေတို့ကို ကြည့်ရှုစစ်ဆေးသည်။

**မေးမြန်းမှာကြား**

ရှေးဦးစွာ စက်ရုံအစည်းအဝေးခန်းမ၌ အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက စက်ရုံဆိုင်ရာအချက်အလက်များ၊ စက်ရုံငှားရမ်းခဲ့သည့်အခြေအနေ၊ ရှေ့ဆက်လက်ဆောင်ရွက်မည့်အစီအမံများနှင့် ဝန်ထမ်းအင်အားတို့ကိုလည်းကောင်း၊ Lat War Co., Ltd. နှင့် Best Eternity Recycle Pulp and Paper Co., Ltd. တာဝန်ရှိသူများက လက်ရှိစက်ရပ်နားထားမှု၊ စက်ပြန်လည် လည်ပတ်နိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ Wet Pulp မှ Dry Pulp သို့ ပြောင်းလဲထုတ်လုပ်နိုင်ရေးအတွက် ထပ်မံရင်းနှီးတိုးချဲ့ဆောင်ရွက်မည့်အခြေအနေ၊ Tissue နှင့် Kraft Pulp တိုးချဲ့ထုတ်လုပ်နိုင်ရေးဆောင်ရွက်နေသည့် အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက သိရှိလိုသည်များကို အသေးစိတ်မေးမြန်း၍ လိုအပ်သည်များကို မှာကြားသည်။

**လူမှုရေးတာဝန်သိမှု ဆောင်ရွက်**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံပိုင်စက်ရုံအလုပ်ရုံများကို ပုဂ္ဂလိကသို့ လွှဲပြောင်းလုပ်ကိုင်စေခြင်း (Privatization)၊ ပုဂ္ဂလိကနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်း (Public Private Partnership –PPP)၊ ပုဂ္ဂလိကနှင့် ဖက်စပ်ဆောင်ရွက်ခြင်း (Joint Venture – JV) စသည့် နည်းလမ်းတို့ဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှသာ ပြည်သူအများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိမည်ဖြစ်ပြီး တိုင်းပြည်ဝင်ငွေလည်း တိုးတက်မည်ဖြစ်ကြောင်း၊ ပြည်ပသို့တင်ပို့မည့် ပျော့ဖတ်များကိုလည်း စနစ်တကျထုပ်ပိုးရမည်ဖြစ်ကြောင်း၊ Waste water များကိုလည်း စနစ်တကျ သန့်စင်ပြီးမှသာ စွန့်ပစ်ရမည်ဖြစ်ကြောင်း၊ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရေး အလေးထားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စက်ရုံငှားရမ်းထားသည့် ကုမ္ပဏီအနေဖြင့် နိုင်ငံတော်မှ သတ်မှတ်ထုတ်ပြန်ထားသည့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို တိတိကျကျ လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စက်ရုံငှားရမ်းထားသည့် ကုမ္ပဏီအနေဖြင့် ရရှိသည့်အမြတ်အစွန်းအချို့ကို ဝန်ထမ်းများ၏ သက်သာချောင်ချိရေးနှင့် စက်ရုံအနီးပတ်ဝန်းကျင်အတွက် လူမှုရေးတာဝန်သိမှု (CSR) လုပ်ငန်းများ ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း လမ်းညွှန်မှာကြားပြီး စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။



ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း လူနာတင်ယာဉ်များ တပ်ဆင်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။

ထို့နောက် မြန်မာဆူးမက်(စ်) ဝင်းဝင်းအထည်ချုပ် Co., Ltd. နှင့် Bago Young Clothing Ltd တို့၏ CMP စနစ်ဖြင့် ဆောင်ရွက်နေသော အထည်ချုပ်လုပ်ငန်းများကိုလည်းကောင်း၊ ပြည်ပသို့တင်ပို့ရန် ချုပ်လုပ်နေသော Primark (UK) တံဆိပ် Woven Jacket၊ T–Shirt၊ Polo Shirt၊ Short Pant များ ထုတ်လုပ်မှုလုပ်ငန်း အဆင့်ဆင့်တို့ကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် သာဂရစက်မှုနယ်မြေသို့ရောက်ရှိရာ အမှတ်(၁၄) အကြီးစားစက်ရုံနှင့် အမှတ်(၁၅) အကြီးစားစက်ရုံမှ စက်ရုံမှူးများက စက်ရုံသမိုင်းအကျဉ်း၊ ထုတ်ကုန်အမျိုးအစားများ၊ ရင်းနှီးမြှုပ်နှံမှုအခြေအနေ၊ ဝန်ထမ်းအင်အားတို့ကိုလည်းကောင်း၊ အမှတ်(၃)စက်မှုသင်တန်းကျောင်း ကျောင်းအုပ်ကြီးက သင်တန်းဆိုင်ရာကိစ္စရပ်များ၊ ကာလတိုသင်တန်းများ၊ စက်မှုနှင့် အသက်မွေးပညာ ရွေ့လျားသင်တန်းများ ဖွင့်လှစ်ခဲ့မှုနှင့် ဝန်ထမ်းရေးရာကိစ္စရပ်များကိုလည်းကောင်း ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက စက်ရုံအားပုဂ္ဂလိကနှင့် ပူးပေါင်းဆောင်ရွက်ရာတွင် အဆင်သင့်ဖြစ်စေရေး ကြိုတင်ပြင်ဆင်ထားရှိရန်၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရန် လေ့ကျင့်သင်ကြားပေးရန်လိုကြောင်း၊ အမှတ်(၁၄) အကြီးစားစက်ရုံအနေဖြင့် ထုတ်လုပ်ထားရှိသော 6v၊ 8v၊ 12v အင်ဂျင်များကို ကာကွယ်ရေးဝန်ကြီးဌာနနှင့်ညှိနှိုင်း၍ အမြန်ဆုံးရောင်းချနိုင်ရေး စီမံဆောင်ရွက်ရန်၊ မြန်မာ့မီးရထားသို့ ရောင်းချထားသော အင်ဂျင်ကိုးလုံးအား လိုအပ်သည်များကို အမြန်ဆုံးစစ်ဆေးပြုပြင်ပေးရန်၊ သင်တန်းကျောင်းအနေဖြင့် သင်တန်းသားများအား အမှန်တကယ် ကျွမ်းကျင်တတ်မြောက်အောင် လေ့ကျင့်သင်ကြားပေးရန်နှင့် ပိုမိုလက်ခံသင်ကြားပေးနိုင်ရေး စီမံဆောင်ရွက်ရန်၊ ဘာသာရပ်တစ်ခုစီတွင် သင်တန်းသား ၃၀ စီ လက်ခံသင်ကြားပေးနေရာမှ ၅၀ အထိ တိုးချဲ့သင်ကြားပေးနိုင်ရေး စီမံဆောင်ရွက်ရန်၊ သင်တန်းသားများအား Certificate ပေးနေရာမှ Diploma လက်မှတ်ပေးနိုင်ရေး စီစဉ်ဆောင်ရွက်ရန်မှာကြားရာ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က Certificate မှ Diploma လက်မှတ်တိုးမြှင့်ချီးမြှင့်ပေးနိုင်ရေးအတွက် ပညာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ထားရှိမှုတို့ကို ဖြည့်စွက်ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာ့ရုပ်ရှင် ရာပြည့်အခမ်းအနား ကျင်းပရေးဦးစီးကော်မတီ ညှိနှိုင်းအစည်းအဝေး ကျင်းပ

**ရန်ကုန်  ဩဂုတ်  ၁၅**

မြန်မာ့ရုပ်ရှင် ရာပြည့်အခမ်းအနားကျင်းပရေးဦးစီးကော်မတီညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ဦးစီးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် ဦးစီးကော်မတီဝင်များ၊ ဆပ်ကော်မတီများမှ ဥက္ကဋ္ဌများနှင့် ကော်မတီဝင်များ၊ ရုပ်/သံမီဒီယာများနှင့် ရုပ်ရှင်ရုံများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။





**ကျင်းပရန် လျာထား**

ရှေးဦးစွာ မြန်မာ့ရုပ်ရှင်ရာပြည့်အခမ်းအနားကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က အဖွင့်အမှာစကားပြောကြားရာတွင် မြန်မာ့ရုပ်ရှင်ရာပြည့်အခမ်းအနား ကျင်းပနိုင်ရေးအတွက် ပြီးခဲ့သည့်နှစ်မေလကပင် ကြိုတင်ဆွေးနွေးစီစဉ်ခဲ့ကြပါကြောင်း၊ ယခုအခါ ကိုဗစ်–၁၉ ကပ်ရောဂါကြောင့် လုပ်ငန်းများဆောင်ရွက်ရာတွင် ကန့်သတ်ချက်များ ရှိနေပါကြောင်း၊ သို့ရာတွင် မြန်မာ့ရုပ်ရှင် ရာပြည့်အထိမ်းအမှတ်အခမ်းအနားကို အောက်တိုဘာ ၁၃ ရက်တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် စည်းကမ်းချက်များနှင့်အညီ ကျင်းပရန် လျာထားပါကြောင်း၊ ထိုသို့ ကျင်းပနိုင်ရန် ဆောင်ရွက်မည့် အစီအစဉ်များနှင့် ဆောင်ရွက်နိုင်မည့်နည်းလမ်းများကို ယခုတက်ရောက်လာကြသည့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ နာယကကြီးများ၊ တာဝန်ရှိသူများက ဝိုင်းဝန်းဆွေးနွေး အကြံပြုကြစေလိုကြောင်း၊ ပွဲတော်ကျင်းပရေးနှင့်ပတ်သက်၍ သက်ဆိုင်ရာဆပ်ကော်မတီများ ဖွဲ့စည်းပေးထားပြီးဖြစ်သဖြင့် မိမိတို့ကဏ္ဍအလိုက် ဆောင်ရွက်ကြမည့် အစီအစဉ်များကို တိတိကျကျ ဆွေးနွေးညှိနှိုင်းဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း၊ ဆပ်ကော်မတီများနှင့် လုပ်ငန်းကော်မတီ၊ ဦးစီးကော်မတီတို့ ချိတ်ဆက်ဆောင်ရွက်နိုင်ရန် လုပ်ငန်းအဖွဲ့တစ်ခု ဖွဲ့စည်းပြီး အသေးစိတ် ဆွေးနွေးညှိနှိုင်းချိတ်ဆက်ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် မြန်မာ့ရုပ်ရှင် ရာပြည့်အခမ်းအနားကျင်းပရေးဦးစီးကော်မတီ အတွင်းရေးမှူး၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးအေးကြွယ်က မြန်မာ့ရုပ်ရှင် ရာပြည့်အခမ်းအနားကျင်းပရေးဦးစီးကော်မတီ၏ လုပ်ငန်းတာဝန်များ၊ မြန်မာ့ရုပ်ရှင် ရာပြည့်အထိမ်းအမှတ်အခမ်းအနား ကျင်းပပြုလုပ်ရန် စီစဉ်ဆောင်ရွက်ထားမှု အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

**ဆွေးနွေးညှိနှိုင်း**

ဆက်လက်၍ ဦးစီးကော်မတီဝင် ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဝင်းတင့်နှင့် စည်ပင်သာယာရေးဝန်ကြီး ဦးမောင်မောင်စိုး၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးနာယက ဦးကြည်စိုးထွန်း၊ ဦးအောင်လွင်၊ ဦးနှင်းမိုး၊ ဦးအောင်မြင့်မြတ်နှင့် ဦးစိုးမိုး၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်၊ ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ တက်ရောက်လာကြသည့် ရုပ်သံလွှင့်ဌာနများမှ တာဝန်ရှိသူများက မြန်မာ့ရုပ်ရှင် ရာပြည့်အထိမ်းအမှတ်အခမ်းအနားကျင်းပရေးဆိုင်ရာ ကိစ္စရပ်များ၊ ရှေးဟောင်းသမိုင်းဝင် ရုပ်ရှင်ဇာတ်ကားများ ပြသရေးဆိုင်ရာကိစ္စများ၊ စာတမ်းဖတ်ကြားရေး၊ ရာပြည့်မဂ္ဂဇင်းထုတ်ဝေရေး၊ ပြခန်းများခင်းကျင်းပြသရေး၊ စည်းရုံးလှုံ့ဆော်ရေးဆောင်ရွက်မည့် အစီအစဉ်များနှင့်စပ်လျဉ်း၍ အသေးစိတ်ဆွေးနွေးညှိနှိုင်းဆောင်ရွက်ကြသည်။

ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ ဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့သည်။

**သတင်းစဉ်**

# ပန်းတနော်မြို့၌ လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု အခြေခံသင်တန်းဖွင့်

**ပန်းတနော်  ဩဂုတ်  ၁၅**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စက်မှုလယ်ယာဦးစီးဌာန စက်မှုလယ်ယာစခန်း ပန်းတနော်မြို့၌ ယနေ့နံနက် ၁၀ နာရီက လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု အခြေခံသင်တန်းဖွင့်ပွဲအခမ်းအနားကို ကျုံတိုင်းကလေးကျေးရွာအုပ်စု သက္ကယ်ကုန်းကျေးရွာတွင် ကျင်းပသည်။

ရှေးဦးစွာ စက်မှုလယ်ယာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဝင်းဆွေက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးဌာနမှူး ဦးကျော်ကျော်သက်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားသည်။

ထို့နောက် စက်မှုလယ်ယာဦးစီးဌာန ဦးစီးမှူး ဦးအောင်ကျော်မိုးက သင်တန်းတွင် တောင်သူများ လက်ဝယ်ပိုင်ဆိုင်အသုံးပြုလျက်ရှိသော တန်ဖိုးကြီးမြင့်သည့်စက်များကို စနစ်တကျ မောင်းနှင်ထိန်းသိမ်းတတ်စေရန်နှင့် နေ့စဉ်၊ အပတ်စဉ်နာရီအလိုက် ထိန်းသိမ်းရမည့်လုပ်ငန်းစဉ်များ သိရှိနားလည်စေရန်အတွက် ဖွင့်လှစ်ရခြင်းဖြစ်ကြောင်းနှင့် စာတွေ့၊ လက်တွေ့ သင်ကြားပေးမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

**၂၉ ဦး တက်ရောက်**

သင်တန်း၌ မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု သုံးအုပ်စုမှ တောင်သူ သင်တန်းသား ၂၉ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ ဩဂုတ် ၁၅ ရက်မှ ၂၈ ရက်အထိ နှစ်ပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ရွေးကောက်ပွဲဖျက်လိုဖျက်ဆီးလုပ်မည့်သူတွေအတွက် ဗိုလ်ချုပ်၏သတိပေးချက်

ဟံသာဝတီ – ဦးအုန်းကြိုင်

"လာမည့်ရွေးကောက်ပွဲနဲ့ပတ်သက်ပြီး ဖျက်လိုဖျက်ဆီးလုပ်ကြမယ်ဆိုတဲ့ လူတွေပေါ်ရင်တော့ အဲဒီလူတွေဟာ တိုင်းပြည်ရန်သူ နံပါတ်တစ်တွေပဲ။ လွတ်လပ်ရေးအတွက် ဆုံးဖြတ်ရမယ့် တိုင်းပြုပြည်ပြုလွှတ်တော် မလိုချင်ဘူး ဆိုတဲ့လူတွေကို အားပေးတဲ့လူတွေဟာလည်း တိုင်းပြည်ရဲ့ ရန်သူတွေပဲ။ ဖျက်လိုဖျက်ဆီးလုပ်ချင်တဲ့ လူတွေဟာ ရှေ့လျှောက် သူတို့ မင်းသားကြီးမလုပ်နိုင်ကြမယ့်အရေးမြင်လို့ ဗမာပြည်ဘာဖြစ်ဖြစ်ဆိုပြီး ဖျက်လိုဖျက်ဆီးလုပ်ချင်တဲ့လူတွေပဲဖြစ်တယ်။ အဲဒီလို ဖျက်လိုဖျက်ဆီးလုပ်တဲ့သူ မှန်သမျှကိုတော့ အာဏာကုန်နှိမ်နင်းပစ်မယ်ဆိုတာ ရှင်းရှင်းကြီး သတိပေးလိုက်ပါရစေ . . "

**ဆန္ဒမဲပေးမမှားကြဖို့၊ သူများပြောတာနားမယောင်ကြဖို့**

ဗြိတိသျှလက်အောက်ကျွန်သဘောက်ဘဝမှ ဗမာပြည်လွတ်လပ်ရေးရရှိဖို့ရာ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေရေးဆွဲကြရေးအတွက် တိုင်းပြုပြည်ပြုလွှတ်တော် Constituent Assembly ရွေးကောက်ပွဲ ကျင်းပရေးနှင့် ပတ်သက်ပြီး ဆန္ဒမဲပေးမမှားကြရန်နှင့် ရွေးကောက်ပွဲ ဖျက်လိုဖျက်ဆီးလုပ်မှုများနှင့်ပတ်သက်၍ ၁၉၄၇ ခုနှစ် မတ်လ ၁၀ ရက်နေ့ညက ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် မြန်မာ့အသံမှ အသံလွှင့်၍ သတိပေးချက်တစ်ရပ် ထုတ်ပြန်ပြောကြားခဲ့သည်ကို ကျွန်တော် သတိရမိသည်။

**မဲဆန္ဒမပေးကြဖို့ No Vote တဲ့**

ယခု နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးတွင်လည်း ဖျက်လိုဖျက်ဆီးလုပ်နိုင်ကြရန် ကြိုးပမ်းနေသူအချို့တို့၏အကြောင်း သတင်းများထွက်ပေါ်နေပါသည်။ No Vote ဆန္ဒမဲမပေးကြရန် စည်းရုံးလှုံ့ဆော်သည့် Campaign သတင်းများဖြစ်ပါသည်။ ဆန္ဒမဲမပေးသူများကို ငွေကြေးပေး၍စည်းရုံးကြမည်အထိ ထိုသတင်းများက ဖော်ပြနေပါသည်။

ဒီမိုကရေစီနိုင်ငံများ၏ အထွေထွေရွေးကောက်ပွဲများတွင် Vote on the Suggestion မဲဆွယ်မှုအလိုက် လွတ်လပ်စွာ ဆန္ဒမဲပေးကြသည့် ထုံးဓလေ့ရှိကြသည်။ ယခုမူ အနိုင်ရရန် မိမိတို့ မည်သို့မျှ ယှဉ်ပြိုင်နိုင်စွမ်း မရှိနိုင်ကြဟု ယုံကြည်နေကြသော ပါတီအချို့က မဲဆန္ဒရှင်ပြည်သူတို့ လုံးဝဆန္ဒမဲမပေးကြအောင် စည်းရုံးလှုပ်ရှားကြမည့် အနေအထားမျိုးဖြစ်နေသည်ဟု ဆိုကြသည်။

ဤအဖြစ်၊ ဤအခြေအနေ၊ ဤအကြံအစည်မျိုးကို ကျွန်တော့်တစ်သက် မကြုံမတွေ့ဖူးသောအဖြစ်တစ်ရပ်ဖြစ်သော်လည်း ၁၉၄၇ ခုနှစ် တိုင်းပြုပြည်ပြုလွှတ်တော် ရွေးကောက်ပွဲ ကျင်းပစဉ်က ပြည်သူလူထု၏ ဝိုင်းကြဉ်ခြင်းခံကြရသည့် အတိုက်အခံ လက်ဝဲကွန်မြူနစ်တို့နှင့် လက်ယာ နိုင်ငံရေးသမားအချို့တို့က ရွေးကောက်ပွဲ မပျက်ပျက်အောင် ဖျက်လိုဖျက်ဆီးလုပ်ကြရန် စီစဉ်ကြိုးပမ်းကြသည်ကို လွတ်လပ်ရေးဗိသုကာ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် သတိပေးတားမြစ်ခဲ့ရသည်ကို ကျွန်တော်ပြန်ပြောင်း သတိတရဖြစ်မိပါသည်။

**အဖျက်အမှောင့် ကဖျက်ယဖျက်များ**

ပြည်သူတစ်ရပ်လုံး၏ အင်အားဖြင့် ဆင်နွှဲနေသော လွတ်လပ်ရေးတိုက်ပွဲမှာ ထိုအချိန်က ပန်းတိုင်ဝင်လုဆဲ အခြေအနေမျိုးဖြစ်သည်။ ဗမာ့လွတ်လပ်ရေးမှာ လက်တစ်ကမ်းအလိုတွင် ရှိနေပြီဖြစ်သည်။ အဖျက်အမှောင့် ကဖျက်ယဖျက်များ အလျှိုလျှို ပေါ်ပေါက်လာသည်ကို ဗိုလ်ချုပ်က ဖွင့်ချပြီး ပြည်သူ့အင်အားဖြင့် သတိပေးတားမြစ်ခဲ့ခြင်းဖြစ်သည်။ ထိုအခြေအနေ အဖြစ်အပျက်တို့ကို ဗိုလ်ချုပ်က အောက်ပါအတိုင်းပြောခဲ့ပါသည် –

**အခြေခံဥပဒေအမြန်ရေးဆွဲနိုင်ရေး**

ယခု တိုင်းပြုပြည်ပြုလွှတ်တော်ကို ဧပြီလမှာရွေးပြီး ဇွန်လလောက်မှာကျင်းပရင် သုံး၊ လေး၊ ငါးလ လောက်အတွင်း လွတ်လပ်တဲ့ဗမာပြည်ရဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံဥပဒေကို ရေးဆွဲဆုံးဖြတ်နိုင်မယ်။ အဲဒီအခါ ဘိလပ်ပါလီမန်လည်း အစည်းအဝေးရှိတဲ့ အချိန်ဖြစ်မယ်။

**ဗြိတိသျှအစိုးရနဲ့ အရေးဆိုမယ်**

ကျုပ်တို့က ဗမာပြည်ရဲ့ဖွဲ့စည်းအုပ်ချုပ်ပုံဥပဒေကို ရေးဆွဲပြီးတာနဲ့တစ်ပြိုင်နက် ဘယ်နေ့ဘယ်ရက်မှာ ကျုပ်တို့လက်ကို အာဏာလွှဲပါဆိုတာသတ်မှတ်ပြီး ဗြိတိသျှအစိုးရနဲ့ အရေးဆိုရမယ်။ ကျုပ်တို့အရေးမဆိုရခင် ဗြိတိသျှအစိုးရက အိန္ဒိယမှာလို ရက်ကန့်သတ်ပေးချင်လည်း ပေးမှာပဲ။ ဒီကိစ္စဟာ ခက်မယ်လို့ကျုပ်မထင်ဘူး။ သူတို့နဲ့ စာချုပ်ချုပ်တဲ့ နေရာမှာသာ ခက်ချင်ခက်လိမ့်မယ်။

**မှူးတင်း၊ ပဲတင်းလုပ်လိမ့်မယ်**

သူတို့က ကျုပ်တို့ ဆုံးဖြတ်ထားတဲ့ဥပဒေကိုတော့ ပြင်မှာမဟုတ်ဘူး။ တိုင်းပြုပြည်ပြုလွှတ်တော်က ဆုံးဖြတ်လိုက်တဲ့ လွတ်လပ်ရေးကို မှူးတင်း၊ ပဲတင်းဖြစ်အောင် စာချုပ်ထဲမှာ ချုပ်ချယ်ချက်တွေ ကျုပ်တို့သဘောမတူဘဲ ထည့်ချင်ထည့်မှာကိုသာ ကျုပ်တို့တိုက်ဖျက်ရလိမ့်မယ် ထင်တယ်။

**လွတ်လပ်ရေးရအောင် ကျုပ်တို့လုပ်တာ**

တိုင်းပြုပြည်ပြုလွှတ်တော်ကို ရွေးကောက်ပွဲပြီးတဲ့အခါ အဲဒီလွှတ်တော်က လွတ်လပ်ရေးဆုံးဖြတ်ပြီး လွတ်လပ်ရေးတိုက်ပွဲ လုပ်စရာရှိလို့လုပ်ရတယ်ဆိုရင် ပိုပြီး ကျုပ်တို့အရေးဟာ အားရှိမှာအမှန်ပဲ။ ယနေ့အထိ လွတ်လပ်ရေးလုပ်ငန်းကို အကောင်အထည်နဲ့ မြင်အောင် လုပ်လာတာ ကျုပ်တို့သာ လုပ်နိုင်တာပဲ။

**ကျုပ်တို့ရဲ့အမတ်လောင်းတွေအားလုံးရွေးကြရင်**

ကျုပ်တို့ ဖဆပလအဖွဲ့ချုပ်ကလည်း လာမည့် ရွေးကောက်ပွဲမှာ ကျုပ်တို့တင်တဲ့ အမတ်လောင်းအားလုံးကို ခင်ဗျားတို့ တိုင်းသူပြည်သားတွေကသာ ရွေးမယ်ဆိုရင် တစ်နှစ်အတွင်း လွတ်လပ်ရေး ရစေမယ်လို့ အာမခံပြီး ပြီပဲ။

**ရွေးကောက်ပွဲ ဖျက်လိုဖျက်ဆီးလုပ်ချင်ကြသူများ**

ဗိုလ်ချုပ်က လွတ်လပ်ရေးအမြန်ဆုံးရရှိမည့် စီစဉ်ချက်များနှင့် ကျင်းပမည့် ရွေးကောက်ပွဲနှင့် စပ်လျဉ်းသည့် အခြေအနေအရပ်ရပ်တို့ကို ရှင်းပြရင်း ရွေးကောက်ပွဲ ဖျက်လိုဖျက်ဆီး လုပ်ချင်နေကြသူများနှင့် ပတ်သက်၍ ဆက်လက်ရှင်းပြသွားသည်။

**ရွေးကောက်ပွဲဘာကြောင့်ဖျက်ချင်သလဲ**

ဒါဖြင့် လာမည့်ရွေးကောက်ပွဲဖျက်ချင်တဲ့လူတွေက ဘာဖြစ်လို့ ဖျက်ချင်တာလဲ။ အခြားကြောင့်တော့ မဟုတ်ဘူး။ လွတ်လပ်တဲ့ ဗမာပြည်မှာ သူတို့တစ်တွေဟာ တစ်သက်လုံးမြုပ်တော့မယ့်အရေးကို တွေးတွေးမြင်တိုင်း သူတို့ဟာ မစားရတဲ့အမဲ သဲနဲ့ပက်ချင်လို့ပဲ။

**လူညွှန့်ခူးစားနေတဲ့ နိုင်ငံရေးစားဖားကြီးတွေ**

ယနေ့ည ကျွန်တော်ဗေဒင်ဟောထားခဲ့မယ်။ မှန်၊ မမှန် ရှေ့ဖြစ်တဲ့အဖြစ်အပျက်တွေက သက်သေခံပါလိမ့်မယ်။ တိုင်းပြု ပြည်ပြုရွေးကောက်ပွဲမှာ တိုင်းပြည်က လက်ဝဲဂိုဏ်းအများပါဝင်ပြီး တိုင်းပြည်အတွက် တကယ်လုပ်ခဲ့တဲ့ လူငယ်အများ ပါဝင်တဲ့ ဖဆပလအမတ်လောင်းတွေကိုသာ ရွေးလိုက်တယ်ဆိုရင် ရှေ့လျှောက်ပြီး ရှေးက ဗမာပြည်မှာ လူညွှန့်ခူးစားနေတဲ့ နိုင်ငံရေးစားဖားကြီးတွေ တစ်သက်လုံးမထနိုင်တော့ဘူးလို့ ဗေဒင်ဟောထားချင်တယ်။

**လူငယ်နိုင်ငံရေးသမားတွေ သိပ်မဓိုက်ကြနဲ့**

သို့သော် တစ်ခုတော့ ပြောထားချင်တယ်။ လူငယ်နိုင်ငံရေးသမားတွေဟာ လွတ်လပ်ပြီးတဲ့ ဗမာပြည်မှာ သိပ်မဓိုက်ကြ တစ်ဦးနဲ့ တစ်ဦး ညီညီညွတ်ညွတ်လုပ်ကြဖို့တော့လိုတယ်။ ဒီလိုမှ မဟုတ်ရင် လွတ်လပ်တဲ့ ဗမာပြည်ဟာ လွတ်လပ်ရေးအရသာကို ကျပ်ပြည့်တင်းပြည့်ခံစားရမှာမဟုတ်ဘူး။

**ရွေးကောက်ပွဲဖျက်သူများကို**
**အာဏာကုန်နှိမ်နင်းပစ်မယ်**

ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့ လူတွေကိုတော့ ကျုပ်တို့အစိုးရက ဒီအတိုင်းကြည့်နေမှာ မဟုတ်ဘူး။ အပြင်းအထန် နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာမဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့ လူမှန်သမျှကိုတော့ အာဏာကုန် နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။

**အမတ်လောင်းစာရင်းနဲ့ပတ်သက်လို့**

ဖဆပလအမတ်လောင်းစာရင်းနဲ့ ပတ်သက်ပြီး ကျွန်တော်ပြောချင်တယ်။ ဖဆပလ အမတ်လောင်းတွေကို ရွေးတုန်းက ပထမသူတို့ကို ဟသ်ာတဦးမြ၊ ဒီးဒုတ်ဦးဘချို၊ မန်းဘခိုင်၊ ဦးဗဆွေ၊ ဗိုလ်မှူးအောင်တို့ပါတဲ့အဖွဲ့က ရွေးချယ်တယ်။ ပြီးတော့ သခင်နု၊ မြန်မာ့အလင်းဦးတင်နဲ့ ကျွန်တော်ပါဝင်တဲ့အဖွဲ့က ဆုံးဖြတ်တယ်။ ရှင်းရှင်းပဲ ကျွန်တော်ပြောပြမယ်။

**မကျေနပ်တဲ့လူတွေအများကြီးရှိမယ်**

လူပေါင်းနှစ်ထောင်ကျော် စာရင်းသွင်းထားတဲ့ အနက်က နှစ်ရာလောက်သာရွေးရမှာဆိုတော့ ထောင့်ရှစ်ရာကျော် လူစုထဲက မကျေနပ်တဲ့လူတွေအများကြီး ရှိမယ်ဆိုတာ ကျုပ်မြင်ပြီးပြီပဲ။

**အချောင်သမား စားဖားတွေခလောက်ဆန်မယ်**

ပြီးတော့ အချောင်သမားစားဖားတွေ၊ သာယာစီးတွေကလည်း ဖဆပလထဲမှာ ခလောက်ဆန်ဖို့၊ ပြည်သူ့ရဲဘော်နဲ့ လက်ဝဲ ဂိုဏ်းသားအချင်းချင်းတိုက်ပေးဖို့လုပ်မှာပဲ ဆိုတာလည်း ကျုပ်မြင်ပြီးပြီပဲ။

**ခေါင်းဆောင်ပီပီ ဆုံးဖြတ်တာဖြစ်တယ်**

သို့ပေမယ့် ကျုပ်တို့ဟာ ခေါင်းဆောင်တွေပီပီ ကောင်းတယ်မှန်တယ်ထင်တာကို ရဲရဲကြီး ဆုံးဖြတ်လိုက်တာပဲ။ ကျုပ်တို့ ရွေးတဲ့လူတွေထဲမှာ အရည်အချင်းရှိတယ်ဆိုတဲ့ လူတွေ ခြောက်ဆယ်လောက်ပါတယ်။ အဲဒီအထဲက တချို့ကိုတော့ဖြင့် ကျုပ်တို့ စိတ်ချလို့ရွေးတာမဟုတ်ဘူး။ စိတ်မချပေမယ့် သူတို့ဟာ လူနည်းစုပဲ။ သူတို့ကိုသုံးရမယ့် နေရာတွေလည်းရှိသေးတယ်။ ကျန်တဲ့လူတွေကိုတော့ အလုပ်လုပ်တဲ့လူတွေ၊ စိတ်ချရတဲ့လူတွေ၊ နယ်ကတင်တဲ့ လူတွေ ဖြစ်နိုင်သမျှဖြစ်အောင် ရွေးတာပဲ။

**နယ်ကပြဿနာ**

နယ်ကတင်တဲ့ လူတွေထဲက ကျုပ်တို့သေသေချာချာ မသိတဲ့လူတွေကျတော့ မရွေးဘူး။ သေချာတဲ့လူတွေကိုပဲ ရွေးတယ်။ နယ်ကိုပြန်မေးနေဖို့အချိန်လည်း မရဘူး။ ဒါလည်းနယ်ကလူတွေ မူလတုန်းက စာရင်းကောင်း ကောင်းမပေးကြဘူး။ ပေးပြန်တော့ ကပ်ပြီးပေးကြတယ်။ ဒါဟာနယ်တွေရဲ့ အပြစ်လည်းပါသလောက်ပါတယ်။

**စားဖားကြီးတွေဖြုတ်ပစ်ခဲ့တယ်**

ကျုပ်တို့ရွေးတဲ့စာရင်းမှာ စားဖားကြီးတွေ အတော်များများဖြုတ်ပစ်ခဲ့တယ်။ သူတို့မကျေနပ်ကြဘူး။ ဒါပေမယ့် လူငယ်ပိုင်းက လက်ဝဲသမားတွေကို မြှောက်ပေးရုံက လွဲပြီး သူတို့ခေါင်းမထောင်ရဲဘူး။

**လူငယ်တွေအကင်းပါးဖို့လိုတယ်**

လူငယ်တွေက အကင်းပါးဖို့လိုတယ်။ ဖဆပလထဲမှာရှိတဲ့ လူငယ်တွေကသာ တောင့်ပြီး အလုပ်လုပ်ကြပါ။ အခု ကျုပ်တို့ ရွေးလိုက်တဲ့အမတ်လောင်းတွေကို တစ်ခဲနက်အားပေးပြီး တင်သမျှ အမတ်လောင်းအားလုံး အရွေးခံရအောင်သာ ကြိုးစားဆောင်ရွက်ကြပါ။ အိန္ဒိယပြည်မှာလို တင်သမျှ အမတ်လောင်းအားလုံး အရွေးခံရအောင်လုပ်နိုင်ရင် ငါတို့ပြည်မှာကော ဘာလို့ မလုပ်နိုင်ရမှာလဲ။ ငါတို့ အမတ်အားလုံး အရွေးခံရရင် အဲဒီအထဲမှာ နည်းနည်းပါးပါးအချောင်သမားတွေရှိတောင် အရေးမကြီးဘူး။

**နယ်အခက်အခဲနှစ်ရပ်ရှိတယ်**

နယ်တွေမှာ တွေ့ရမယ့်အခက်အခဲက နှစ်ရပ်ရှိတယ်။ နယ်က မသိတဲ့အမတ်လောင်းနဲ့၊ နယ်က တယ်မလေးစားတဲ့ အမတ်လောင်းကိစ္စနှစ်ရပ်ပဲ။ နယ်ကမသိတဲ့ အမတ်လောင်းကိစ္စကိုတော့ နယ်က သိတဲ့အမတ်လောင်းချည်းဖြစ်ဖို့မှာ ဘယ်တုန်းကမှမဖြစ်ခဲ့ဘူး။ နယ်က မလေးစားတဲ့လူတချို့ကိုတော့ ဘုရားလက်ထက်က ဥပမာအတိုင်း အားပေးကြရလိမ့်မယ်။

**ဘုရားလက်ထက်တော်က**

ဘုရားလက်ထက်တော်က မဟာဒုက်ဆွမ်းကျွေးတဲ့အခါ အလဇ္ဇီရဟန်းတစ်ပါးကို သူဌေးကြီး တစ်ဦးက မဲကောက်မိလျက်သားဖြစ်နေတယ်။ သို့ပေမယ့် သံဃာကို ကြည်ညိုသောအားဖြင့် အဲဒီရဟန်းကို ကောင်းကောင်း ပင့်လာပြီး ကောင်းကောင်းပဲ ဆွမ်းကျွေးလိုက်တယ်။

**အလဇ္ဇီရဟန်းမှန်းသိတယ်**

အလဇ္ဇီရဟန်းက ငါတော့ဖြင့် အမဲဖမ်းမိပြီလို့ ထင်သွားပြီး နောက်တစ်ခါ သူဌေးကြီးဆီလာပြီး တူရွင်း လာငှားတယ်။ သူဌေးကြီးက ခြေထောက်နဲ့ညှပ်ပြီး ရော့ဆို တူရွင်းကိုပစ်ပေးလိုက်တယ်။ ဒီအခြင်းအရာကို သူဌေးကြီးရဲ့မိတ်ဆွေကမြင်တော့ ခင်ဗျား အရင်တစ်ခါ တုန်းက ဒီရဟန်းကို ခြေဆုပ်လက်နယ်ပြုပြီး အသွားအပြန်အိမ်ပေါက်ဝအထိ သပိတ်ထမ်းပို့တယ်။ ဒီတစ်ခါတော့ ခင်ဗျားလုပ်ပုံက ဆန့်ကျင်လှချည်လားမေးတော့ သူဌေးကြီးက ဘယ်လိုပြန်ပြောသလဲဆိုရင် ဒီရဟန်းက အလဇ္ဇီရဟန်းဆိုတာ ငါသိတယ်။

**မဟာဒုက်မဲကြောင့်**

အရင်တစ်ခါတုန်းက ငါပင့်လာတာပုဂ္ဂိုလ်အနေနဲ့ ပင့်လာတာမဟုတ်ဘူး။ သံဃာရဲ့ကိုယ်စားလှယ်တစ်ဦး အနေနဲ့ မဟာဒုက်မဲရလာလို့သံဃာကိုကြည်ညိုတဲ့အနေနဲ့ ဆွမ်းလုပ်ကျွေးလိုက်တာပဲ။ ဒီတစ်ခါသူလာတာဟာ သူ့သဘောနဲ့ သူလာတာ၊ သံဃာနဲ့ မဆိုင်ဘူး။ ဒါကြောင့် ငါမကြည်ညိုရင် မကြည်ညိုဘဲနေနိုင်တယ်။ ဘုရားဟော အတိုင်း လုပ်တာပဲလို့ ပြန်ပြောတယ်။

**အချောင်သမား တစ်ယောက်တလေ**

အဲဒီအတိုင်းပဲ ဖဆပလအမတ်လောင်းအဖြစ်နဲ့ အရွေးခံရတဲ့ အချောင်သမား တစ်ယောက်တလေကို ဖဆပလရဲ့ စည်းကမ်းကို ရိုသေသောအားဖြင့်လည်း ကောင်း၊ ဖဆပလက တစ်နှစ်အတွင်း လွတ်လပ်ရေး ရအောင် ကြိုးစားမယ်ဆိုတဲ့ ဆုံးဖြတ်ချက်ကို ဖြစ်စေလိုသောအားဖြင့် လည်းကောင်း ကူညီဆောင်ရွက်ပေးရမယ်။ ဖဆပလအပြင်ဘက်ရောက်သွားတဲ့ လူကိုတော့ ဘယ်သူ့မဆို နယ်ကလူတွေကြိုက်ရာလုပ်ကြပေတော့။ အဲဒါပဲ။ အမတ်လောင်းတွေနဲ့ပတ်သက်ပြီး ကျွန်တော် ပြောချင်တယ်။

စာမျက်နှာ ၇ သို့❖

> **ဒါဖြင့် လာမည့်ရွေးကောက်ပွဲ ဖျက်ချင်တဲ့လူတွေက ဘာဖြစ်လို့ ဖျက်ချင်တာလဲ။ အခြားကြောင့်တော့ မဟုတ်ဘူး။ လွတ်လပ်တဲ့ ဗမာပြည်မှာ သူတို့တစ်တွေဟာ တစ်သက်လုံးမြုပ်တော့မယ့် အရေးကို တွေးတွေးမြင်တိုင်း သူတို့ဟာ မစားရတဲ့အမဲ သဲနဲ့ပက်ချင်လို့ပဲ။**

# ပရိယတ္တိစာသင်တိုက်ကြီး သုံးတိုက်သို့ ထာဝရဆွမ်းပဒေသာပင် ငွေကျပ်သိန်း ၅၀ စီလှူဒါန်း

**မန္တလေး ဩဂုတ် ၁၅**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုသည် သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦးနှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့ မွန်းလွဲပိုင်းတွင် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှ မန္တလေးမြို့ မဟာအောင်မြေမြို့နယ်နှင့် ချမ်းမြသာစည်မြို့နယ်ရှိ ပရိယတ္တိစာသင်တိုက်ကြီး သုံးတိုက်သို့ ထာဝရဆွမ်း ပဒေသာပင် ငွေကျပ်သိန်း ၅၀ စီ စိုက်ထူလှူဒါန်းခြင်း အခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မဟာအောင်မြေမြို့နယ် မဟာဝိသုဒ္ဓါရုံတိုက်သစ်ရှိ အောင်မြေသာစည် အလယ်ကျောင်းကြီး၌ နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇ မဟာရဋ္ဌဂုရု တွဲဖက်ရွှေကျင်သာသနာပိုင် စည်ရှင်ဆရာတော် ဘဒ္ဒန္တ အဂ္ဂညာနာဘိဝံသထံမှ ငါးပါးသီလ ခံယူဆောက်တည်ပြီး ဆရာတော်ကြီးထံမှ ဩဝါဒခံယူသည်။ ထို့နောက် သာသနာရေးဆိုင်ရာများ ပြန်လည်လျှောက်ထားကာ ဝါဆိုသင်္ကန်းနှင့် ဆွမ်းပဒေသာပင် ငွေကျပ်သိန်း ၅၀ စိုက်ထူလှူဒါန်းပြီး အနုမောဒနာတရား နာယူကြည်ညို၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းလောင်း အမျှပေးဝေသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ချမ်းမြသာစည်မြို့နယ် မဟာဓမ္မိကာရာမကျောင်းတိုက် နိုင်ငံတော်ဩဝါဒါစရိယ မိတ္ထီလာကျောင်းဆရာတော် ဘဒ္ဒန္တ သုဇနပီယထံမှ ဩဝါဒခံယူပြီး ဝါဆိုသင်္ကန်းနှင့် ဆွမ်းပဒေသာပင် ငွေကျပ်သိန်း ၅၀ စိုက်ထူလှူဒါန်းသည်။ ယင်းနောက် ချမ်းမြသာစည်မြို့နယ် ဓမ္မရေဝါဆိုကျောင်းတိုက် နာယကဆရာတော် ဘဒ္ဒန္တ သုမင်္ဂလနှင့် ဓမ္မရေ ဒေါက်တာအရှင်ကုမာရတို့ထံ ဝါဆိုသင်္ကန်းနှင့် ဆွမ်းပဒေသာပင် ငွေကျပ်သိန်း ၅၀ စိုက်ထူလှူဒါန်းပြီး အနုမောဒနာတရားများ နာယူကြည်ညိုကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းလောင်း အမျှပေးဝေသည်။

ထို့မှတစ်ဆင့် ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ရောက်ရှိပြီး ဇီဝိတဒါနသံဃာ့ဆေးရုံ စီမံခန့်ခွဲမှုဗဟိုကော်မတီနာယက၊ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များမှာကြားကာ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးအတွက် ဆွမ်းပဒေသာပင် ငွေကျပ် ၁၅ သိန်း လှူဒါန်းသည်။



ဆက်လက်၍ ဇီဝိတဒါနသံဃာ့ဆေးရုံ ကျောက်ကပ်ဌာနတွင် ဆေးကုသမှုခံယူနေသော သံဃာတော်များအား လိုက်လံကြည်ညိုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

*** ကျောဖုံးမှ**

ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာဇော်သန်းထွန်းနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ နိုင်ငံခြားဆက်သွယ်ရေး တာဝန်ခံ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်ခိုင်တို့က လက်ခံရယူသည်။

လှူဒါန်းမှုနှင့်ပတ်သက်၍ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီးက "ကိုဗစ်-၁၉ ရောဂါဟာ ကမ္ဘာ့နိုင်ငံအသီးသီးမှာ ဖြစ်ပွားနေတာပါ။ မြန်မာနိုင်ငံအနေနဲ့ အဲဒီရောဂါကို အောင်မြင်စွာ ထိန်းချုပ်နိုင်တာကိုတွေ့ရပါတယ်။ အဲဒီအပေါ်ကို ဂျပန်အစိုးရအနေနဲ့လည်း ချီးကျူးလေးစားနေပါတယ်။ ဒါပေမယ့် မြန်မာနိုင်ငံမှာလည်း ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေတဲ့သူတွေရှိတဲ့အတွက် ဆေးဝါးကဏ္ဍနဲ့ ပတ်သက်ပြီး အခုလို ထောက်ပံ့ကူညီရခြင်းဖြစ်ပါတယ်။ ဒီနေ့ရောက်ရှိလာတာကတော့ ဂျပန်နိုင်ငံကထုတ်လုပ်တဲ့ ဆေးဝါးနဲ့ အထောက်အကူပြုပစ္စည်းတွေပါ။ ဆက်လက်ပြီးတော့ အခုလို ဆေးဘက်ဆိုင်ရာပစ္စည်းတွေ ရောက်ရှိလာဦးမှာဖြစ်ပါတယ်" ဟု ပြောသည်။

ယနေ့လှူဒါန်းမှုမှာ ဂျပန်ယန်း ၉ ဒသမ ၃ သန်း တန်ဖိုးရှိ ဆေးဝါးနှင့် ကျန်းမာရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများဖြစ်ပြီး ဂျပန်နိုင်ငံအစိုးရအနေဖြင့် မြန်မာနိုင်ငံ အစိုးရထံသို့ စီးပွားရေးနှင့်လူမှုရေး ဖွံ့ဖြိုးတိုးတက်မှုစီမံချက်အဖြစ် ဂျပန်ယန်း နှစ်ဘီလီယံ တန်ဖိုးရှိ ကိုဗစ်-၁၉ ရောဂါ ကုသရေးအတွက် လိုအပ်သောဆေးဝါးနှင့် အထောက်အကူပြု ပစ္စည်းများ ထောက်ပံ့ကူညီမှု အစီအစဉ်၏ အစိတ်အပိုင်းတစ်ရပ်အနေဖြင့် ပထမဆုံးအကြိမ် ရောက်ရှိလာခြင်းဖြစ်သည်။

ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာဇော်သန်းထွန်းက "ဒီနေ့ ထောက်ပံ့တဲ့ ပစ္စည်းတွေထဲမှာ ICU မှာသုံးတဲ့၊ အမျိုးအစားကောင်းတဲ့ ခုတင်တွေ၊ ချွဲစုပ်စက် စတဲ့ပစ္စည်းတွေပါဝင်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ကိုဗစ်-၁၉ ရောဂါကို အတိုင်းအတာတစ်ခုအထိ ထိန်းချုပ်နိုင်ပြီဖြစ်ပေမယ့် အိမ်နီးချင်းနိုင်ငံတွေမှာ တွေ့ကြုံနေကြရတဲ့ ဒုတိယလှိုင်းဆိုတာမျိုးကို ပြင်ဆင်တဲ့ အနေအထားပဲဖြစ်ဖြစ် မြန်မာနိုင်ငံရဲ့ ကိုဗစ်-၁၉ ရောဂါ တိုက်ဖျက်ရေးလုပ်ငန်းမှာ လိုအပ်နေတဲ့ပစ္စည်းတွေကို အခုလို ထောက်ပံ့ကူညီတဲ့အတွက် ဂျပန်နိုင်ငံ အစိုးရနဲ့ ပြည်သူတွေကို အထူးပဲ ကျေးဇူးတင်ပါတယ်"ဟု ပြောသည်။

အလားတူ ဂျပန်နိုင်ငံအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ပူးပေါင်းကာ ကိုဗစ်-၁၉ ကပ်ရောဂါ မဖြစ်ပွားမီအချိန်ကာလတွင် တုပ်ကွေးရောဂါ သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ တုပ်ကွေးရောဂါ ရှာဖွေရေးနှင့် အဆင့်မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့အပြင် ကိုဗစ်-၁၉ ကပ်ရောဂါကာလတွင် ကိုဗစ်-၁၉ ရောဂါပိုး ရှာဖွေနိုင်ရေးအတွက် ဓာတ်ခွဲခန်း အဆင့်မြှင့်တင်ခြင်း၊ ဓာတ်ခွဲရှာဖွေမှုပြုလုပ်ရာတွင် အဓိကလိုအပ်သည့် ဆေးရည်များ ရရှိရေးနှင့် ကိုဗစ်-၁၉ ရောဂါ ရှာဖွေရေးလုပ်ငန်းများ စတင်ဆောင်ရွက်နိုင်ရန် ကူညီဆောင်ရွက်မှုများ ပြုလုပ်ပေးခဲ့ကြောင်း၊ ထို့အပြင် JICA အနေဖြင့်လည်း ကိုဗစ်-၁၉ ရောဂါ တုံ့ပြန်ဆောင်ရွက်ရေးအတွက် ကူညီမှုများ ပြုလုပ်ပေးခဲ့ကြောင်း ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်ခိုင်ထံမှ သိရသည်။

**သတင်း-ဇော်ကြီး**
**ဓာတ်ပုံ-ဖေဇော်**




---

**■ မလေးရှားနိုင်ငံမှ**

ဆက်လက်၍လည်း မလေးရှားနိုင်ငံရောက် အထောက်အထားမဲ့ မြန်မာနိုင်ငံသားများနှင့် အကြောင်းအမျိုးမျိုးကြောင့် မလေးရှားနိုင်ငံရှိ ထိန်းသိမ်းရေးစခန်းများတွင် ဖမ်းဆီးထိန်းသိမ်းခံခဲ့ရသည့် မြန်မာနိုင်ငံသားများအား နိုင်ငံသားဖြစ်တည်မှု မှန်ကန်ကြောင်း အထောက်အထားများ စိစစ်လျက် မြန်မာနိုင်ငံသို့ ကယ်ဆယ်ရေးလေယာဉ်များဖြင့် ဆောလျင်စွာ ပြန်လည်ခေါ်ဆောင်နိုင်ရေးအတွက် နိုင်ငံခြားရေးဝန်ကြီးဌာန၏ လမ်းညွှန်မှုများနှင့်အညီ မြန်မာသံရုံး ကွာလာလမ်ပူမြို့အနေဖြင့် မလေးရှားနိုင်ငံရှိ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် နီးကပ်စွာ ပူးပေါင်းညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

---

## ပင်လောင်းမြို့နယ်၌ မဲစာရင်းအချက်အလက်များ ပြင်ဆင်လျှောက်ထားလျက်ရှိ

**ပင်လောင်း ဩဂုတ် ၁၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် မဲဆန္ဒရှင်စာရင်းများ ကပ်ထားကြေညာလျက်ရှိရာ ဩဂုတ် ၁၄ ရက် ညနေပိုင်းအထိ အမည်စာရင်းထည့်သွင်းပေးရန် ပုံစံ(၃)ဖြင့် လျှောက်ထားသူ ၂၅၀၈ ဦး၊ မဲစာရင်းနှင့်စပ်လျဉ်းသည့် ကန့်ကွက်လွှာ ပုံစံ(၄)ဖြင့်လျှောက်ထားသူ ၁၀၈၈ ဦး၊ မဲစာရင်းနှင့်စပ်လျဉ်းသည့် ပြင်ဆင်လွှာ ပုံစံ(၄-က)ဖြင့် လျှောက်ထားသူ ၂၁၆၆ ဦးရှိကြောင်း မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးမင်းထက်အောင်ထံမှ သိရသည်။

ပင်လောင်းမြို့နယ် မဲဆန္ဒနယ်(၁)တွင် မဲဆန္ဒရှင် ၆၄၃၆၇ ဦး၊ မဲဆန္ဒနယ်(၂)တွင် မဲဆန္ဒရှင် ၆၄၃၉၁ ဦး၊ မဲဆန္ဒနယ်(၁)၊ (၂)တွင် လျာထားမဲရုံအရေအတွက် ၁၄၃ ရုံရှိပြီး ပထမအကြိမ် ကပ်ထားကြေညာသည့် မဲဆန္ဒရှင်ဦးရေ စုစုပေါင်း ၁၂၈၇၅၈ ဦးရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

---

❖စာမျက်နှာ ၆ မှ

### လူမကြိုက်လို့ပါဆိုတဲ့ ဆင်ခြေမျိုး

ဖဆပလအဖွဲ့ချုပ်ရဲ့ ဆုံးဖြတ်ချက် မနာခံနိုင်ဘူးဆိုတဲ့အဖွဲ့နဲ့ ပုဂ္ဂိုလ်မှန်သမျှကိုတော့ ကျုပ်တို့ ထုတ်လဲပစ်ရမယ်။ လူထုကိုလည်း ဖွင့်ချရမှာပဲ။ ဗိုလ်ချုပ်ကိုတော့ ကြည်ညိုပါတယ်၊ ဖဆပလကိုတော့ ကြည်ညိုပါတယ်၊ လူမသိလို့ပါ၊ လူမကြိုက်လို့ပါဆိုတဲ့ ဆင်ခြေမျိုးကိုတော့ ကျုပ်တို့မလိုချင်ဘူး။ ဒါပြောနေကျ စကားတွေပဲ။ ဖဆပလကို ကြည်ညိုရင် ဖဆပလအဆုံးအဖြတ်ကို လိုက်နာမှ ကြည်ညိုရာရောက်တယ်။ အရွေးခံရတဲ့အခါ ဖဆပလဘက်မှနေပါ့မယ်ဆိုတဲ့ စကားမျိုးတွေဟာ ရိုးနေပြီ။ ကျုပ်တို့ မယုံဘူး။ ရှင်းရှင်းပဲ။ အာဏာရှင်ဆန်တယ်။ ဘာတယ် ပြောမနေနဲ့၊ အမတ်လောင်းရွေးချယ်တဲ့ကိစ္စမှာ စည်းကမ်းရှိအောင်မလုပ်နိုင်ရင် ငါးပွင့်ဆိုင်ဖြစ်သွားမယ်။

### ဘယ်လိုခက်ခက် ကျုပ်တို့နိုင်ရမယ်

သတိထားကြ။ လူထုကမကြိုက်ဘူး၊ ဘာဘူးပြောမနေကြနဲ့။ ကျုပ်တို့ဟာ လူထုရဲ့ ခေါင်းဆောင်တွေပဲ။ လူထုကို နားလည်အောင်ပြောဖို့ရာ ကျုပ်တို့ဝတ္တရားပဲ။ စစ်မရောက်ခင်က မြားကုန်တဲ့ စကားမျိုး ပြောတဲ့လူတွေဟာ တော်လှန်ရေးသမားတွေမဟုတ်ဘူး။ ဘယ်လိုခက်ခက်ခဲခဲ မလျှော့တမ်း ကျုပ်တို့နိုင်အောင်တိုက်ရမယ်။

### ဗိုလ်ချုပ်ရဲ့ နိုင်ငံရေးဗျူဟာ

လူမိုက်လုပ်မယ်ကြံတဲ့ ရန်သူတွေကို လူမိုက်နည်းနဲ့ပဲ တုံ့ပြန်ရလိမ့်မယ်။ လူလိမ္မာလိုလုပ်မယ့် ရန်သူတွေကို လူလိမ္မာနည်းနဲ့ပဲ ပြန်တိုက်ရမယ်။ နိုင်ငံရေးဟာ နိုင်ငံရေးပဲ။ နိဗ္ဗာန်ရောက်အောင် လုပ်ပြတာမဟုတ်ဘူး။ သို့သော် ငါတို့ကစပြီး မညစ်ပတ်ပါနဲ့။ မမိုက်ကြပါနဲ့။ မမှုလောက်တဲ့ နေရာမှာလည်း အရေးမစိုက်နဲ့။ လျစ်လျူရှုထားကြဖို့ လိုတယ်။

### ပေးသမျှယူကျွေးသမျှစား ကျုပ်တို့မဲပုံးထဲကိုသာ ထည့်ကြ

နောက်ဆုံးပြောချင်တဲ့အချက်ကတော့ တိုင်းပြည်လူထုနဲ့ တိုင်းပြည်မှာရှိတဲ့ တိုင်းရင်းသားအားလုံးကို ပြောပြချင်တယ်။ တိုင်းပြည်လူထုဟာ ဖဆပလအမတ်လောင်းများ အကြောင်းကိုဖြစ်ဖြစ်၊ ဖဆပလ အကြောင်းကိုဖြစ်ဖြစ်၊ ဘယ်သူဘယ်လိုလာပြီး လှည့်ဖြားပြောပြော မယုံကြနဲ့။ ခင်ဗျားတို့အပေါ် သစ္စာရှိရှိ၊ ခင်ဗျားတို့အတွက် ဒီလောက်လုပ်လာတာ ဒီဖဆပလကလွဲလို့ ဒါ့ပြင်ဘယ်အဖွဲ့ရှိလို့လဲ။ ဒီတစ်ခါ မဲထည့်မမှားကြနဲ့။ ပေးသမျှယူ ကျွေးသမျှစား၊ မော်တော်ကားနဲ့ခေါ်ရင် တက်စီး၊ ပြီးတော့ ကျုပ်တို့ ဖဆပလမဲပုံးတွေထဲသာ မဲထည့်ကြ၊ မဲဘယ်လိုထည့်ရမလဲဆိုတာလည်း သေသေချာချာ မေးထားကြဦး၊ မဲအထည့်မမှားကြစေနဲ့။

### ဗမာဖြစ်ချင်ရင် ဗမာလိုလုပ်ပါ

ဗမာပြည်ရှိ တိုင်းရင်းသားတွေကိုလည်း ပြောချင်တယ်။ တိုင်းရင်းသားတွေဆိုလို့ ဗမာပြည် တိုင်းရင်းသားတွေထဲ မပါပေမယ့် ဖဆပလလုပ်ချင်ကြတဲ့ တရုတ်နဲ့အိန္ဒိယအမျိုးသားများကိုလည်း တိတိလင်းလင်းပြောချင်တယ်။ ဗမာဖြစ်ချင်ရင် ဗမာလိုလုပ်ပါ။ ဗမာလိုလုပ်ရင် ဗမာလိုခံစားရမည်။

### ခယယ ကညဝတ္တတော့ မလုပ်နိုင်ဘူး

ဒီရွေးကောက်ပွဲမှာ ဘယ်သူနိုင်ဖို့များသလဲဆိုတာ ခင်ဗျားတို့သိမှာပဲ။ ဒီအထဲကမှ ခင်ဗျားတို့ ပေါင်းချင်ရာ ပေါင်းကြရင် ခင်ဗျားတို့ထိုက်နဲ့ ခင်ဗျားတို့ကံပဲ။ ဒါပေမဲ့ ကျုပ်တို့ခယယ ကညဝတ္တတော့ ဘယ်သူ့ကိုမှ မလုပ်နိုင်ဘူး။

### ကျုပ်တို့ဝါဒသဘောထားကရှင်းတယ်

ဒီပွဲမှာ ကျုပ်တို့ကဘယ်သူ့ကိုမှ ရန်မစ။ ဘယ်သူ့ကိုမှ မငြိုငြင်။ ဘယ်သူ့ကိုမှလည်း မမြှောက်။ ဘယ်သူ့ကိုမှလည်း မခြောက်ဘူး။ ဘယ်သူ့ကိုမှလည်း မချော့ဘူး၊ ဘယ်အခက်အခဲ၊ ဘယ်ဘေးဒဏ်ကိုမှလည်း မမှုဘူး၊ တိုင်းပြည်ကကောက်ခံလို့ရတဲ့ငွေနဲ့ ကျုပ်တို့စရိတ်သုံးမှာပဲ။ ပိုက်ဆံတတ်နိုင်တဲ့ အမတ်လောင်းတွေကတော့ သူတို့ကပဲ အကုန်ကျခံလိမ့်မယ်။ မတတ်နိုင်မှန်းသိတဲ့သူတွေကို ဆိုင်ရာနယ် ဖဆပလတွေက ကူညီရမယ်။ အဲဒီအတိုင်း ကျုပ်တို့ ရွေးကောက်ပွဲဝင်မယ်။

### ယီးတီးယားတားတော့မလုပ်ကြနဲ့

ယီးတီးယားတားလုပ်တဲ့သူတွေမှန်သမျှ အတွင်းမှာရော၊ အပြင်မှာရော ယီးတီးယားတား ပြန်အလုပ်ခံရမှာပဲဆိုတာ ခင်ဗျားတို့ရိပ်မိအောင် တည့်တည့်ပဲပြောလိုက်မယ်။

### ၇၃ နှစ်ကျော်ကစကား ဗိုလ်ချုပ် ယခုပြောနေပါသလား

လွန်ခဲ့သော ၇၃ နှစ် ကျော်က ရွေးကောက်ပွဲနှင့်ပတ်သက်ပြီး ဗိုလ်ချုပ်ပြောခဲ့သည့် အခြေအနေအရပ်ရပ်တို့မှာ ယနေ့မျက်မှောက်ကျင်းပမည့် အထွေထွေရွေးကောက်ပွဲ အခြေအနေများနှင့် ထပ်တူကျနေသည်ဟု တစ်ထစ်ချမဆိုနိုင်လင့်ကစား အထောက်အထားများများ တူညီနေသည့် ဖြစ်ရပ်များကြောင့် ယခု ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးတွင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် ဝင်ရောက်သတိပေးနေသည့်အသွင်မျိုး ကျွန်တော်၏စိတ်တွင် ခံစားနေမိပါသည်။

စာရှုသူ မိတ်ဆွေအများကိုလည်း ကျွန်တော်ကဲ့သို့ ခံစားနားလည်ကြမည်ဟု ယုံကြည်မိ၍ ဤဆောင်းပါးဖြင့် ပြည်သူတို့ စေ့ငုနှလုံးသွင်း ဆင်ခြင်နိုင်ကြစေရန် ရေးသားတင်ပြရခြင်းဖြစ်ပါကြောင်း အစီရင်ခံလျက် နိဂုံးကမ္ပတ် အဆုံးသတ်လိုက်ရပါသည်။ ။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ ပဲခူးတိုင်းဒေသကြီး၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

တောင်ငူ ဩဂုတ် ၁၅

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း၊ တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးအောင်ဇော်နိုင်တို့နှင့်အတူ ဩဂုတ် ၁၄ ရက်က ပဲခူးတိုင်းဒေသကြီးအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ တောင်ငူမြို့နယ် ကေတုမတီ ငါးနှင့် ကြက်မွေးမြူရေး ကုန်ထုတ်သမဝါယမအသင်းလီမိတက် အသင်းဝင် ငါးမွေးတောင်သူများအတွက် ငါးသားပေါက်များ ထောက်ပံ့ပေးအပ်ရာ ငါးမွေးကန် ၁၁၂ ဒသမ ၆၁ ဧကအတွက် ငါးသားပေါက်များ ထောက်ပံ့ပေးအပ်ခဲ့ပြီး တောင်ငူခရိုင်အတွင်း၌ ငါးမွေးကန် ၄၂၁ ဒသမ ၆၉ ဧကကို ထောက်ပံ့ပေးမည်ဖြစ်ကြောင်း သိရသည်။

**ထောက်ပံ့ပေးမည်**

ကိုဗစ်-၁၉ စီးပွားရေးထိခိုက်မှုသက်သာရေးစီမံချက် (CERP)အရ ငါးမွေးမြူရေးလုပ်ငန်းများ ပိုမိုအောင်မြင်လာစေရန်ရည်ရွယ်၍ ငါးသားပေါက်များ ထောက်ပံ့ပေးလျက်ရှိရာ တစ်ကောင်လျှင် ငါးသားပေါက်ကောင်ရေ ၂၀၀၀ နှုန်းဖြင့် တစ်နိုင်ငံလုံးရှိ ငါးမွေးကန် ဧက ၁၅၀၀၀ အတွက် ငွေကျပ်သန်း ၆၀၀၀ တန်ဖိုးရှိ ငါးသားပေါက်များ ထောက်ပံ့ပေးမည်ဖြစ်ကြောင်း သိရသည်။

အလားတူ ရေလုပ်သားများ ပင်လယ်ပြင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လုပ်ငန်းခွင်ဆိုင်ရာ သင်တန်းများကို ကမ်းရိုးတန်းဒေသရှိ တိုင်းဒေသကြီး၊ ပြည်နယ်များတွင် ဖွင့်လှစ်ပေးနိုင်ရေးအတွက် ငွေကျပ်သန်း ၆၀ ပံ့ပိုးပေးရန် နိုင်ငံတော်အစိုးရမှ ခွင့်ပြုချက်ရရှိခဲ့ရာ ငါးမွေးတောင်သူများနှင့် ငါးဖမ်းလုပ်သားများအတွက် အကျိုးရှိထိရောက်စေမည့် အစီအမံများဖြင့် ထောက်ပံ့ပေးနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့မှတစ်ဆင့် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် အုတ်တွင်းမြို့နယ် ဘန့်ဘွေးကုန်းအိုးထိန်းချောင်း တူးဖော်မှုလုပ်ငန်း၊ ခပေါင်းလက်ဝဲမြောင်းမကြီး DY-1 ၏ DO -4 ၌ ရေသုံးစွဲသူများအဖွဲ့ WUG များ၏ မြောင်းရှင်း၊ မြောင်းဆယ်ခြင်း၊ ရေသွယ်ရေသောက်မြောင်းများ မွမ်းမံခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးသည်။



ယင်းနောက် ရေသုံးစွဲသူများအဖွဲ့ WUG များနှင့် တွေ့ဆုံပြီး ပြည်ထောင်စုဝန်ကြီးက တောင်သူလယ်သမားများအနေဖြင့် ပြောင်းလဲဖြစ်ပေါ်လာသည့် ရာသီဥတုနှင့် မိမိတို့၏ ရေအရင်းအမြစ်အခြေအနေများအရ ဒေသအလိုက် စိုက်ပျိုးရေ ရယူသုံးစွဲနိုင်ရေးကို ဌာနက ထုတ်ပြန်ပေးထားသည့် စည်းကမ်းများ၊ နည်းလမ်းများနှင့်အညီ စနစ်တကျ စီမံဆောင်ရွက်ရန်လိုကြောင်း၊ စိုက်ပျိုးရေသုံးစွဲရာတွင် မိုးကောင်းသောက်စနစ် များပြားလျက်ရှိပြီး ဆည်ရေသောက်စနစ်သည် တစ်နိုင်ငံလုံးစိုက်ဧက၏ ၁၅ ရာခိုင်နှုန်းသာ ရှိပါကြောင်း၊ မိမိတို့ဝန်ကြီးဌာန အနေဖြင့်လည်း ပြောင်းလဲလာသော ရာသီဥတုနှင့် နောင်လာမည့် ကာလများ၌ ရေရရှိသုံးစွဲမှုပိုမိုတိုးမြှင့်ပေးနိုင်ရေးကို စီမံကိန်းများ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ရေသုံးစွဲသူများအဖွဲ့ WUG များမှတစ်ဆင့် ရေသုံးစွဲသူများအသင်း WUA များ တိုးမြှင့်ဖွဲ့စည်းပြီး ပိုမိုကျယ်ပြန့်သည့် ရေသုံးစွဲမှုစနစ်တစ်ရပ် ထူထောင်သွားနိုင်ရေးအတွက် ပူးပေါင်းကြိုးပမ်းပေးကြရန် ဆွေးနွေးပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် တောင်ငူမြို့နယ် ထန်းကုန်းကျေးရွာ၌ ကိုဗစ်-၁၉ စီးပွားရေးထိခိုက်မှုသက်သာရေးစီမံချက် (CERP)၏ Cash for Work အထောက်အပံ့ ငွေကျပ် ၁၀ သန်းဖြင့် ဆောင်ရွက်လျက်ရှိသည့် ကျောက်ရောမြေခင်းခြင်း၊ ရေမြောင်းတူးဖော်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးနှင့် တာဝန်ရှိသူများက ရှင်းလင်းပြသကြပြီး ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

**ကြည့်ရှုစစ်ဆေး**

ထို့မှတစ်ဆင့် ဖြူးမြို့နယ် ခရမ်းကျေးရွာ၌ ကိုဗစ်-၁၉ စီးပွားရေးထိခိုက်မှုသက်သာရေးစီမံချက် (CERP)၏ Cash for Work အထောက်အပံ့ ငွေကျပ် ၁၀ သန်းဖြင့် ဆောင်ရွက်လျက်ရှိသည့် ရေမြောင်းတူးဖော်ခြင်းနှင့် ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဖြူးဆည်ရေသောက်စနစ်နှင့် ဖြူးရေလွှဲဆည်တို့ကို ကြည့်ရှုစစ်ဆေးရာ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဗိုလ်ဗိုလ်ကျော်နှင့် တာဝန်ရှိသူများက ဖြူးဆည်ရေသောက်အတွင်း စိုက်ပျိုးရေပေးဝေမှုအခြေအနေများ၊ ဖြူးရေလှောင်တမံကြံ့ခိုင်ရေးနှင့် ရေပိုလွှဲအောက်ခြေ ရေငြိမ်ကန် ဆောင်ရွက်ပြီးစီးမှုများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ဆည်ရေသောက်စနစ်များဖွံ့ဖြိုးရေး၊ ရေလှောင်တမံများ ဘေးကင်းလုံခြုံရေးနှင့် ဆည်ရေစနစ်တကျ စီမံခန့်ခွဲရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဒိုက်ဦးမြို့နယ် ကျေးတောစုရွာ၌ ကိုဗစ်-၁၉ စီးပွားရေးထိခိုက်မှုသက်သာရေးစီမံချက် (CERP)၏ Cash for Work အထောက်အပံ့ငွေကျပ် ၁၀ သန်းဖြင့် ဆောင်ရွက်လျက်ရှိသည့် စာသင်ကျောင်း ခြံစည်းရိုးကာရံခြင်း၊ လမ်းမြေတူးမြေခင်းခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

**အကျိုးပြုနိုင်မည်**

ကိုဗစ်-၁၉ ကြောင့် ဖြစ်ပွားသည့် စီးပွားရေးအကျပ်အတည်းများမှ အမြန်ဆုံး အဆင်ပြေစေရေးအတွက် ကာလတိုစီမံချက်ဖြစ်သည့် ကိုဗစ်-၁၉ စီးပွားရေးထိခိုက်မှုသက်သာရေး စီမံချက်(CERP)အရ ပြည်သူများဝင်ငွေရရှိစေမည့် အလုပ်အကိုင်ဖန်တီးဖော်ဆောင်ပေးရန်၊ ကျေးရွာများ၏ အခြေခံအဆောက်အအုံများဖွံ့ဖြိုးရန်နှင့် ကုန်ထုတ်လုပ်မှု တိုးတက်စေရန် တစ်ရွာလျှင် ငွေကျပ်သိန်း ၁၀၀ နှုန်းဖြင့် Cash for Work စီမံကိန်းကို ငွေကျပ်သန်း၂၅၀၀၀ အသုံးပြုပြီး နိုင်ငံတစ်ဝန်းရှိ ကျေးရွာ ၂၄၈၈ ရွာ၌ အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိရာ အိမ်ထောင်စု ၁၂၀၀၀၀ ကို အကျိုးပြုနိုင်မည်ဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ကျေးတောစုသမဝါယမအသင်းသို့ ရောက်ရှိကြရာ အသင်းတာဝန်ရှိသူများက အသင်း၏ ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြပြီး သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးရေးနှင့် သမဝါယမအသင်းများ တိုးတက်အောင်မြင်ရေးအတွက် ဌာနက ကူညီပံ့ပိုးပေးနေမှု ကိစ္စရပ်များကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ကရင်ပြည်နယ်ရှိ တိုက်ပွဲရှောင်ပြည်သူများအား ကိုဗစ်-၁၉ စီးပွားရေးထိခိုက်မှုသက်သာရေးစီမံချက်အရ အကျိုးခံစားခွင့်များ ထောက်ပံ့ပေးအပ်

မြိုင်ကြီးငူ ဩဂုတ် ၁၅

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ကရင်ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီး ဦးစိုးအောင်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မြိုင်ကြီးငူ အထူးဒေသ၌ တိုက်ပွဲရှောင်ပြည်သူများကို အားပေးခြင်းနှင့် ကိုဗစ်-၁၉ စီးပွားရေးထိခိုက်မှုသက်သာရေးစီမံချက် အကျိုးခံစားခွင့်များ ထောက်ပံ့ပေးအပ်သည်။

**ဆက်ကပ်လှူဒါန်း**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မြိုင်ကြီးငူအထူးဒေသရှိ နန်းဦးဘေးမဲ့တောရကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ အရှင်ဉာဏ္ဏိတအား ဖူးမြော်ကြည်ညိုကြပြီး ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တိုက်ပွဲရှောင်စခန်း၌ တိုက်ပွဲရှောင်ပြည်သူများနှင့် တွေ့ဆုံကာ ယခုအစိုးရ တာဝန်ယူချိန်မှစ၍ ပြည်သူများ၏ လိုအပ်ချက်များ အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိရာ ရေတိုအကျိုးအတွက် လတ်တလော ထောက်ပံ့မှုများအပြင် ရေရှည်အကျိုးအတွက် စီမံချက်များ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့အစိုးရအနေဖြင့် တိုင်းရင်းသားအရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးကို အလေးထား ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် ဘေးကင်းလုံခြုံမှုရှိရန်၊ ဂုဏ်သိက္ခာရှိရန်နှင့် အမှီအခိုကင်းစွာ ပြန်လည်ရပ်တည်နိုင်ရန်အတွက် ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာကို ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကရင်ပြည်နယ်ရှိ တိုက်ပွဲရှောင်စခန်းနှစ်ခုကိုလည်း မဟာဗျူဟာအတိုင်း အကောင်အထည်ဖော်လျက် ရှိပါကြောင်း၊ ယခု ကရင်ပြည်နယ်ရှိ တိုက်ပွဲရှောင် တိုင်းရင်းသားပြည်သူများတွင် မျိုးဆက်သစ်ကလေးငယ်များ ရှိပါကြောင်း၊ ဝန်ကြီးဌာနက ဆောင်ရွက်ပေးနေသည့် ကိုယ်ဝန်ဆောင်မိခင်နှင့် ၎င်းကမွေးဖွားသော ကလေးအသက်နှစ်နှစ်အထိ ငွေကြေးထောက်ပံ့ခြင်း (MCCT)နှင့် ပညာပေးအစီအစဉ်တွင် ကရင်ပြည်နယ်လည်း အပါအဝင် ဖြစ်ပါကြောင်း။



**အကျိုးရှိရှိအသုံးချ**

အသက် ၈၅ နှစ်နှင့် အထက် သက်ကြီးရွယ်အိုများကို လူမှုရေးပင်စင် ထောက်ပံ့ခြင်းကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် အစိုးရက ကိုဗစ်-၁၉ ရောဂါကြောင့် ပြည်သူများ၏ စားဝတ်နေရေးနှင့် စီးပွားရေး အခက်အခဲများ လျော့နည်းသက်သာစေရန် ကိုဗစ်-၁၉ စီးပွားရေးထိခိုက်မှုသက်သာရေးစီမံချက်(CERP) ဖြင့် ဆောင်ရွက်လျက်ရှိရာ မသန်စွမ်းသူများ၊ အသက် ၈၀ နှစ်မှ ၈၅ နှစ်အကြား ရှိသည့် ဘိုးဘွားများအား တစ်ကြိမ် ထောက်ပံ့ခြင်းတို့ကို ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ထို့ပြင် CERP အစီအစဉ်အရ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက တိုက်ပွဲရှောင် အိမ်ထောင်စုများအား စားနပ်ရိက္ခာများဝယ်ယူရန် ထောက်ပံ့ပေးမည် ဖြစ်ကြောင်း၊ ထောက်ပံ့ငွေများသည် ပြည်သူ့ဘဏ္ဍာငွေဖြစ်ကြောင်း၊ အကန့်အသတ်ဖြင့်ရရှိသည့် ဘဏ္ဍာငွေကို အလေအလွင့်မရှိအောင် စီစဉ်ဆောင်ရွက်ပေးခြင်းဖြစ်ရာ အကျိုးရှိရှိ အသုံးချတတ်ရန်လိုကြောင်း၊ ယခုလို လိုအပ်သည့်အချိန်တိုင်းတွင် ပြည်သူများအတွက် ငွေကြေးထောက်ပံ့မှုများ၊ လျှပ်စစ်၊ လမ်း၊ တံတား တည်ဆောက်ပေးမှုလုပ်ငန်းများသည် ထင်သာမြင်သာသော တိုးတက်မှုများဖြစ်ပြီး ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးကဏ္ဍများကိုလည်း ရေရှည်စီမံချက်များဖြင့် ဆောင်ရွက်ပေးလျက်ရှိရာ ပြည်သူများ အကျိုးခံစားရရှိမှုများကို အချိန်နှင့်အမျှ တိုးတက်ခံစားလာရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က အစိုးရအနေဖြင့် ထောက်ပံ့မှုများသာမက အသက်မွေးဝမ်းကျောင်း အလုပ်အကိုင်များရရှိရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထောက်ပံ့မှုများကို ပြည်သူ့လက်ဝယ်ရောက်ရှိအောင် ပြည်နယ်အစိုးရနှင့် တာဝန်ရှိ ဌာနဆိုင်ရာများက ဆောင်ရွက်ပေးလျက်ရှိကြောင်းပြောကြားပြီး လက်ခံရရှိသည့် အခြေအနေများကို တိုက်ပွဲရှောင်ပြည်သူများအား မေးမြန်းဆွေးနွေးသည်။

**ဘိုးဘွား ၂၄၆ ဦး**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် CERP စီမံချက်အရ ကရင်ပြည်နယ်ရှိ မသန်စွမ်းသူ ၆၉၃၈ ဦးအတွက် စုစုပေါင်း ငွေကျပ် ၂၀၈၁၄၀၀၀၀၊ တိုက်ပွဲရှောင်မိသားစုများ စားနပ်ရိက္ခာဝယ်ယူရန် အိမ်ထောင်စု ၇၂၄ စုအတွက် စုစုပေါင်း ငွေကျပ် ၂၈၉၆၀၀၀၀၊ လူမှုဝန်ထမ်းဦးစီးဌာနက တိုက်ပွဲရှောင်စခန်းနှစ်ခုအတွင်းရှိ ဘိုးဘွား ၂၄၆ ဦးအတွက် စုစုပေါင်း ငွေကျပ် ၇၃၈၀၀၀၀၊ တိုက်ပွဲရှောင်စခန်းများရှိ ပြည်သူများ ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် လက်ဆေး ဆပ်ပြာတောင့်များနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေးအတွက် လိုအပ်သော ထုံးအိတ်များကို တိုက်ပွဲရှောင်တိုင်းရင်းသားပြည်သူများထံသို့ ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် ဆောက်လုပ်ရေးလုပ်ငန်းများတွင် ကျန်းမာရေးနှင့် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်



နေပြည်တော် ဩဂုတ် ၁၅

မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီနှင့် Federation of Engineering Institutions of Asia and Pacific (FEIAP)တို့ပူးပေါင်း၍ ဆောက်လုပ်ရေးလုပ်ငန်းများတွင် ကျန်းမာရေးနှင့်လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးကို ကောင်းမွန်စွာ စီမံဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ The Guidelines on Occupational Safety and Health in Construction Industry (Management) အလုပ်ရုံဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ခရေပင်လမ်းရှိ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီရုံး၌ Video Conferencing စနစ်ဖြင့် ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥက္ကဋ္ဌ ဒေါက်တာချာလီသန်းက Moderator အဖြစ် ဆောင်ရွက်သည်။

**အလေ့အကျင့်ကောင်းများမွေးမြူ**

အခမ်းအနားတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်က ဆောက်လုပ်ရေးဝန်ကြီးဌာနသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအခန်းကဏ္ဍမှ ပါဝင်နေရပါကြောင်း၊ ယေဘုယျအားဖြင့် ဆောက်လုပ်ရေးလုပ်ငန်းခွင်များ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဘတ်ဂျက်၊ အတွေ့အကြုံ၊ လုပ်ငန်းခွင်ကျွမ်းကျင်မှုနှင့် စီမံကိန်းကြာမြင့်မှုစသည့် အကန့်အသတ်များစွာရှိပါကြောင်း၊ မည်သို့ပင်ဆိုစေကာမူ လုပ်ငန်းခွင်ဘေးကင်းလုံခြုံမှုနှင့် ကျန်းမာရေးသည် လုပ်သားပြည်သူများ၏ ဘဝနေထိုင်ရေးအတွက် မရှိမဖြစ်လိုအပ်ချက် ဖြစ်ပါကြောင်း၊ အလုပ်ခွင်အတွင်း ဖြစ်နိုင်ချေရှိသော သေဆုံးမှုများနှင့် ဒဏ်ရာရရှိမှုများကို ကာကွယ်ရန်လိုအပ်သော အလေ့အကျင့်ကောင်းများကို မွေးမြူရမည်ဖြစ်ကြောင်း။

လက်ရှိတွင်လည်း ဆောက်လုပ်ရေးလုပ်ငန်းခွင်များ စီမံခန့်ခွဲရာတွင် အပြည်ပြည်ဆိုင်ရာ အလေ့အကျင့်များကို လိုက်နာရမည်ဖြစ်သော်လည်း လုပ်ငန်းခွင်အချို့တွင် လုပ်သားပြည်သူများ၏ လုံခြုံမှုနှင့်ကျန်းမာရေးကို လျစ်လျူရှုထားသည်ကိုတွေ့ရှိရပါကြောင်း၊ ကွန်ကရစ်များ ပုံသွင်းလောင်းစဉ်ကာလအတွင်း ပြမ်းပြိုကျခြင်း၊ အလုပ်သမားများ ပြုတ်ကျဒဏ်ရာရရှိခြင်း၊ အရာဝတ္ထုများနှင့် ထိခိုက်မိခြင်း၊ ဓာတ်လိုက်ခြင်း၊ မွန်းကျပ်ခြင်း သတင်းများကိုလည်း မကြာခဏကြားသိနေရပါကြောင်း၊ အလုပ်သမားများ၏ ကျန်းမာရေးကိစ္စအဝဝကို သတိမပြုမိခြင်း စသည့်အခြေအနေ ပြဿနာများကို ဂရုမစိုက်ပါက ယင်းပြဿနာများ ပြီးဆုံးမည်မဟုတ်ပါကြောင်း၊ အထူးသဖြင့် ကိုဗစ်-၁၉ ကဲ့သို့ ကူးစက်ရောဂါကာလတွင် ကဏ္ဍအလိုက် ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရန်လိုအပ်ပါကြောင်း။

**လေ့ကျင့်သင်ကြားမှုများလိုအပ်**

ယခုအချိန်သည် စီမံကိန်းတိုင်းတွင် သေဆုံးမှုနှင့်မတော်တဆမှုများ လျော့ပါးစေရန် အစီအစဉ်တကျဆောင်ရွက်ခြင်းသည် အချိန်ကောင်းဖြစ်ပါကြောင်း၊ ဆောက်လုပ်ရေးလုပ်သားတိုင်း လုပ်ငန်းမစတင်မီ သင့်တင့်သော လေ့ကျင့်သင်ကြားမှုများလိုအပ်ပါကြောင်း၊ တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံဝတ်ဆင်ခြင်း၊ ဘေးကင်းလုံခြုံသောလုပ်ငန်းခွင်ဖြစ်ခြင်း၊ အန္တရာယ်ထိန်းချုပ်မှုနှင့် OSHA အစီရင်ခံခြင်း အလေ့အကျင့်များပင်ဖြစ်ပါကြောင်း၊ အင်ဂျင်နီယာများ၏ ထိန်းချုပ်မှု၊ စီမံခန့်ခွဲမှုနှင့်အခြေခံကာကွယ်မှုအဖြစ် တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံဝတ်ဆင်ခြင်းဖြင့် လုပ်ငန်းခွင်အန္တရာယ်ဖြစ်ပွားမှုကိုလည်း ကာကွယ်ရမည်ဖြစ်ပါကြောင်း၊ အရည်အသွေးပြည့်ဝသော ကျန်းမာရေးစောင့်ရှောက်မှုနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးကို ပိုမိုတိုးတက်ကောင်းမွန်အောင် ထောက်ပံ့ပေးခြင်းဖြင့် မိမိတို့၏ရည်မှန်းချက်ပန်းတိုင်ကို ရောက်ရှိနိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် အားလုံးပါဝင်ပြီး ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ပြဿနာအားလုံးကို ဖြေရှင်းနိုင်ပြီး ဆောက်လုပ်ရေးလုပ်ငန်းတွင် ပိုမိုလုံခြုံစိတ်ချရသော ပတ်ဝန်းကျင်ကို ဖန်တီးရန်၊ စံချိန်စံညွှန်းနှင့်အညီ လိုက်လျောညီထွေရှိနိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ထို့နောက် Federation of Engineering Institutions of Asia and Pacific (FEIAP)မှ Secretary General Ir. Dr. Tan Yean Chin က The Guidelines on Occupational Safety and Health in Construction Industry (Management) ခေါင်းစဉ်ဖြင့် စာတမ်းကို အသေးစိတ်ဆွေးနွေးသည်။

ယင်းနောက် တက်ရောက်လာကြသူများက မေးခွန်းများအပြန်အလှန် မေးမြန်းခြင်း၊ ဖြေကြားခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# (၂၇)ကြိမ်မြောက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ-UPDJC အတွင်းရေးမှူးများ အစည်းအဝေးကျင်းပ

နေပြည်တော် ဩဂုတ် ၁၅

(၂၇)ကြိမ်မြောက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ-UPDJC အတွင်းရေးမှူးများ အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁(MICC-I)၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ အစိုးရအစုအဖွဲ့မှ ငြိမ်းချမ်းရေးကော်မရှင်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်ဦး (ငြိမ်း)၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်စိုးနိုင်ဦးနှင့် ဗိုလ်မှူးချုပ် ရဲရင့်ဝင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပြုံးချို(ခ) ဦးဌေးဝင်းအောင်၊ ငြိမ်းချမ်းရေးကော်မရှင်အကြံပေးအဖွဲ့ဝင် ဦးလှမောင်ရွှေနှင့် ဦးမိုးဇော်ဦး၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေး၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအစုအဖွဲ့မှ ပဒိုစောတာဒိုမူး(KNU)၊ ဦးမျိုးဝင်း(ABSDF)၊ စောမြရာဇာလင်း(ALP)၊ ခွန်မြင့်ထွန်း(PNLO)နှင့် နိုင်အောင်မငေး(NMSP)၊ နိုင်ငံရေးပါတီများ အစုအဖွဲ့မှ ဦးနိုင်ငံလင်း(NLD)၊ ဦးမြင့်စိုး(USDP)၊ စိုင်းကျော်ညွှန့်(SNLD)၊ တာလှဖေ(တအာင်း (ပလောင်))၊ ဦးသိန်းထွန်း(NUP)နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ စတုတ္ထအစည်းအဝေးတွင် ချုပ်ဆိုမည့် ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၃)ကိစ္စ၊ NCA အကောင်အထည်ဖော်မှုဆိုင်ရာ မူဘောင်သဘောတူညီချက်၊ ၂၀၂၀ အလွန် အဆင့်လိုက်လုပ်ငန်းစဉ်များနှင့် အဆင့်လိုက် အကောင်အထည်ဖော်မှုများ(ဇယား-၁)၊ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးဆိုင်ရာ လမ်းညွှန်အခြေခံမူ သဘောတူညီချက်၊ ညီလာခံတွင် UPDJC နှင့် JMC အစီရင်ခံစာများ တင်သွင်းရေးကိစ္စ၊ ညီလာခံဆိုင်ရာ ကိစ္စရပ်များဖြစ်သည့် ညီလာခံရက်အလိုက် အစီအစဉ်နှင့် ကျင်းပမည့်ပုံစံ၊ ညီလာခံပထမနေ့အစီအစဉ်၊ ညီလာခံသဘာပတိများကိစ္စ၊ ညီလာခံအကျိုးဆောင်များကိစ္စ၊ ညီလာခံတွင် UPDJC အတွင်းရေးမှူးများ လုပ်ငန်းတာဝန်ခွဲဝေမှု၊ UPDJC အဖွဲ့ဝင်များ အစားထိုးပြောင်းလဲတာဝန်ပေးအပ်သည့်ကိစ္စနှင့် (၁၉) ကြိမ်မြောက် UPDJC အစည်းအဝေးအစီအစဉ်များကို ဆွေးနွေးခဲ့ကြသည်။

သတင်း-မျိုးနိုင်ဟန်
ဓာတ်ပုံ-ကိုထိန်

# ကိုဗစ်ကာလဝင်ငွေနည်းပါးသည့် လူငယ်စီးပွားရေးအဖွဲ့များကို တောင်ကြီးဝိုင်အမ်စီအေက အသေးစားလုပ်ငန်းမတည်ငွေများ ပေးအပ်

ရန်ကုန် ဩဂုတ် ၁၅

Uk aid ရန်ပုံငွေဖြင့် မြန်မာဝိုင်အမ်စီအေနှင့် Y Care International တို့ ပူးပေါင်းပြီး တောင်ကြီး ဝိုင်အမ်စီအေက ကိုဗစ်ကာလဝင်ငွေ နည်းပါးသည့် လူငယ်စီးပွားရေးအဖွဲ့များအား အသေးစားလုပ်ငန်းမတည်ငွေပေးအပ်ပွဲကို ယမန်နေ့က တောင်ကြီးမြို့ ဝိုင်အမ်စီအေခန်းမဆောင်အသစ်၌ ကျန်းမားရေးနှင့် အားကစားဝန်ကြီးဌာနမှ သတ်မှတ်ထားသည့် စည်းကမ်းချက်များအတိုင်း ကျင်းပသည်။

အခမ်းအနားသို့ တောင်ကြီးဝိုင်အမ်စီအေ၏ တွဲဖက်ဘဏ္ဍာထိန်းဦးခင်မောင်လတ်၊ အထွေထွေအတွင်းရေးမှူး နော်ဘလူးနာ၊ စီမံကိန်းမှ တာဝန်ရှိဝန်ထမ်းများ၊ လူငယ်များ၏ အုပ်ထိန်းသူများ၊လူငယ်စီးပွားရေးအဖွဲ့ ၁၀ ဖွဲ့မှ လူငယ်များ၊ မသန်စွမ်းလုပ်ငန်းရှင် သုံးဦး၊ သာမန်လူငယ်လုပ်ငန်းရှင်သုံးဦးနှင့် ဖိတ်ကြားထားသူများ တက်ရာက်ကြသည်။

အခမ်းအနားတွင် ကိုဗစ်ကာလ ဝင်ငွေနည်းပါးသည့် လူငယ်စီးပွားရေးအဖွဲ့များကို အထောက်အပံ့ဖြစ်စေရန် အသေးစားလုပ်ငန်းမတည်ငွေကျပ် ၃၃ သိန်း တစ်သောင်းကို ထောက်ပံ့ပေးအပ်သည်။

မြန်မာဝိုင်အမ်စီအေ၏ စီစဉ်မှုဖြင့် ကိုဗစ်ကာလဝင်ငွေနည်းပါးသည့် လူငယ်စီးပွားရေးအဖွဲ့များအား အသေးစားလုပ်ငန်းမတည်ငွေများကို မအူပင်ဝိုင်အမ်စီအေ၊ လားရှိုးဝိုင်အမ်စီအေ၊ မုံရွာဝိုင်အမ်စီအေနှင့် တောင်ကြီးဝိုင်အမ်စီအေတို့ထံ အသေးစားလုပ်ငန်းမတည်ငွေကျပ်သိန်း ၁၈၀ ကျော်ကို ဩဂုတ် ၁၂ ရက်မှ ၁၅ ရက်အထိ ပေးအပ်ခဲ့ကြောင်း သိရသည်။

ကြေးမုံ



COVID- 19 ရောဂါ ကာကွယ်ဖို့
မိမိမှစ၍ စည်းကမ်းများကို လိုက်နာစို့

# မိုင်းပျဉ်းမြို့၌ ၂၃၀ ကေဗွီဓာတ်အားခွဲရုံနှင့် ၆၆ ကေဗွီဓာတ်အားခွဲရုံ ဖွင့်လှစ်

**မိုင်းပျဉ်း ဩဂုတ် ၁၅**
ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံခရိုင် မိုင်းပျဉ်းမြို့၌ ၂၃၀ ကေဗွီဓာတ်အားခွဲရုံနှင့် ၆၆ ကေဗွီဓာတ်အားခွဲရုံ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ၂၃၀ ကေဗွီဓာတ်အားခွဲရုံတွင် ကျင်းပသည်။

**အမှာစကားပြောကြား**

ဖွင့်ပွဲအခမ်းအနားတွင် ရှမ်းပြည်နယ် လျှပ်စစ်၊ စွမ်းအင်နှင့်စက်မှုဝန်ကြီး ဦးစိုင်းရှဲန်တစ်လုံက အဖွင့်အမှာစကားပြောကြားပြီး ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးသက်ပိုင်မျိုးက ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံ စီမံကိန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်နယ်လျှပ်စစ်၊ စွမ်းအင်နှင့်စက်မှုဝန်ကြီး ဦးစိုင်းရှဲန်တစ်လုံနှင့် တာဝန်ရှိသူများသည် ပင်မဓာတ်အားခွဲရုံ ၂၃၀ ကေဗွီနှင့် ၆၆ ကေဗွီဓာတ်အားခွဲရုံတို့ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။



အဆိုပါ ဓာတ်အားခွဲရုံများမှ မြို့ပေါ်ရပ်ကွက် သုံးခုနှင့် ကျေးရွာ ၂၂ ရွာအား လျှပ်စစ်ဖြန့်ဖြူးပေးနိုင်မည်ဖြစ်ပြီး ယခုအခါ မြို့ပေါ်ရပ်ကွက်သုံးရပ်ကွက်၊ ကျေးရွာ ငါးရွာ၌ ၂၄ နာရီ လျှပ်စစ်မီးရရှိနေပြီဖြစ်ကာ ကျန်ရှိနေသော ကျေးရွာ ၁၇ ရွာကို ဩဂုတ်လကုန်မှစတင်၍ လျှပ်စစ်မီးထုတ်လွှတ်နိုင်မည်ဖြစ်ကြောင်း သိရသည်၊

**မေမွန်ထွဋ်(ပြန်/ဆက်)**




# Yangon Book Plaza သုံးနှစ်ပြည့်ဈေးရောင်းပွဲ ကျင်းပ

**ရန်ကုန် ဩဂုတ် ၁၅**
လူငယ်များစာပေကို ချစ်မြတ်နိုးစေရန်၊ စာအုပ်စာပေကို တန်ဖိုးထားတတ်စေရန်၊ စာပေကို ပိုမိုဖတ်ရှုလာစေရန် ရည်ရွယ်ချက်များဖြင့် တည်ထောင်ဖွင့်လှစ်ထားသည့် Yangon Book Plaza သုံးနှစ်ပြည့်စာအုပ်ဈေးရောင်းပွဲကို ဩဂုတ် ၈ ရက်မှ ၁၆ ရက်ထိ လမ်းမတော်မြို့နယ် သံဈေးရှိ Yangon Book Plaza တွင် နေ့စဉ်နံနက် ၉ နာရီမှ ည ၇ နာရီအထိ စာအုပ်များကို ဈေးလျှော့ရောင်းခဲ့ကြောင်း သိရသည်။

Yangon Book Plaza တည်ထောင်သူ မြေမှုန်လွင်၏ ပြောကြားချက်အရ စတုရန်းပေ နှစ်သောင်းကျယ်ဝန်းသည့် Yangon Book Plaza တွင် Social Distancing အရ ရွေးချယ်မည့် စာအုပ်များကို နေရာချပြီး စီစဉ်ထားကြောင်း၊ လူအများတိုးဝှေ့ပြီး ဝယ်ယူရန်ဘဲ အေးဆေးစွာ ရွေးချယ်ဝယ်ယူနိုင်ရန် စီစဉ်ပေးထားကြောင်း သိရသည်။

ထိုသို့ဝယ်ယူရာတွင် အရေအတွက် သိန်းချီရှိ စာအုပ်များကို အနည်းဆုံး ၁၀ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းအထိ ဈေးလျှော့ရောင်းခဲ့ပြီး လာရောက်ဝယ်ယူသူများက နှာခေါင်းစည်းဝတ်ဆင်လာကြရန်နှင့် မပါရှိပါက အခမဲ့ဖြန့်ဝေပေးကြောင်း သိရသည်။

**အောင်သူရ**

# ကျောက်ကြီးမြို့နယ်၌ သစ္စာစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ကွင်းဆင်းဆောင်ရွက်

**ကျောက်ကြီး ဩဂုတ် ၁၅**
ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ်တွင် ကျေးလက်နေ တိုင်းရင်းသား ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများရရှိရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးဌာနမှ သစ္စာစီမံချက်ဖြင့် ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**စစ်ဆေးဆောင်ရွက်**

နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးညီဇော်ဌေး ဦးဆောင်ပြီး ဌာနရုံးဝန်ထမ်းများနှင့်အတူ ကျောက်ကြီးမြို့နယ်အတွင်းရှိ တပ်ကုန်းကျေးရွာအုပ်စု၊ မြောင်းရိုးကြီးကျေးရွာအုပ်စုနှင့် ညောင်ပင်သာကျေးရွာအုပ်စုအတွင်းရှိ နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိသူများ၊ ပျောက်ဆုံး၊ ပျက်စီးသူများအား စာရင်းကောက်ယူခြင်း၊ စစ်ဆေးဆောင်ရွက်ခြင်းများပြုလုပ်ပြီး အမျိုးသား ၁၈၈ ဦးနှင့် အမျိုးသမီး ၃၇၇ ဦး စုစုပေါင်း ၅၆၅ ဦးအား ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

**ကိုသားကြီး(ကျောက်ကြီး)**



# မင်္ဂလာဒုံမြို့နယ်၌ မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်စေရေးနှင့် ကျန်ရှိမှုများမရှိစေရေး ကွင်းဆင်းစစ်ဆေး

**ရန်ကုန် ဩဂုတ် ၁၅**
၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်မှုရှိစေရေးနှင့် ကျန်ရှိမှုများမရှိစေရေးတို့အတွက် မဲဆန္ဒရှင်စာရင်းများ တိုက်ဆိုင်စစ်ဆေးခြင်းနှင့် အသိပညာပေးခြင်းတို့ကို ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ်အတွင်း ရပ်ကွက်၊ ကျေးရွာအုပ်စု ၃၂ အုပ်စုရှိ မဲဆန္ဒရှင်များ၏ နေအိမ်များသို့ အိမ်တိုင်ရာရောက်သွားရောက်၍ မြို့နယ်တာဝန်ရှိသူများက ယမန်နေ့နံနက်ပိုင်းမှစ၍ ကွင်းဆင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် မင်္ဂလာဒုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးက ကြီးကြပ်ပြီး မြို့နယ်တာဝန်ရှိသူများ၊ ထွေအုပ်ဝန်ထမ်းများ၊ ရပ်ကွက်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ ရပ်ကျေးစာရေးများ(အတွင်းရေးမှူးများ)၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များက အုပ်စုများခွဲကာ ရပ်ကွက်ကျေးရွာအုပ်စု ၃၂ အုပ်စု၌ မဲဆန္ဒရှင်စာရင်းတွင် ပါဝင်မှု ရှိ၊ မရှိ စိစစ်ခြင်း၊ မဲစာရင်းတွင် ပါရှိသည့် အချက်အလက်များ ပြည့်စုံမှန်ကန်မှု ရှိ၊ မရှိနှင့် မဲစာရင်းများ ကျန်ရှိမှုမရှိစေရအောင် တိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်းများကို အိမ်တိုင်ရာရောက် ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဥဏ်ဟိန်း**

# ဓနုဖြူမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများ လွှဲပြောင်းပေးအပ်



**ဓနုဖြူ ဩဂုတ် ၁၅**
ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာရုံးမှ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ၌ ဆန္ဒမဲပေးခွင့် မဆုံးရှုံးစေရန်အတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ဥပဒေ လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ် ကွင်းဆင်း ဆောင်ရွက်ပေးခဲ့ရာ ယနေ့နံနက် ၁၀ နာရီက ကတ်ပြားပေးအပ်ပွဲကို လမန်းကျေးရွာအုပ်စု ကြီးချောင်းရွာတွင် ပြုလုပ်ခဲ့သည်။

**လွှဲပြောင်းပေးအပ်**

နိုင်ငံသားစိစစ်ရေး ကတ်ပြားပေးအပ်ပွဲတွင် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာရုံး ဦးစီးအရာရှိ ဦးဝင်းလွင်နှင့် တာဝန်ရှိသူများက လမန်းကျေးရွာအုပ်စုအတွင်းရှိ မဲစာရင်းတွင် အမည်ပါပြီး နိုင်ငံသားစိစစ်ရေး ကတ်ပြားမရှိသူ ၂၄၃ ဦးတို့ကို နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်ဆောင်ရွက်၍ ပြည်သူ့လက်ဝယ်အရောက် လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဒေးဒရဲမြို့နယ်၌ Cash for Work စီမံချက်ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

**ဖျာပုံ ဩဂုတ် ၁၅**
ကိုဗစ် – ၁၉ ရောဂါကြောင့် စီးပွားရေးထိခိုက်မှုအပေါ် ပြန်လည်ကုစားနိုင်ရေးအတွက် (CERP) အစီအစဉ်အရ ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ Cash for Work စီမံကိန်း ထောက်ပံ့ရန်ပုံငွေဖြင့် မြို့နယ်အတွင်းရှိ ကျေးရွာရှစ်ရွာတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ Cash for Work စီမံကိန်းဖြင့် ဒေးဒရဲမြို့နယ်အတွင်း ညောင်ပင်တန်း၊ စွယ်တော်ကုန်း၊ လေးအိမ်တန်း၊ အဖောင်ကြီးနှင့် အပြင်ကျောက်စရစ်ကျေးရွာတို့တွင် မြေသားလမ်းပြုပြင်ခြင်း၊ ကွန်ကရစ်၊ အုတ်ပေါင်ခတ်သဲခင်းခြင်း၊ ထောင်မှူးချောင်ကျေးရွာတွင် ကျေးရွာအဝင်လမ်း မြေသားဖြည့်တိုးချဲ့ခြင်း၊ ကွန်ကရစ်လမ်းခင်းခြင်းနှင့် သဲဖြည့်ခြင်း၊ မြေသားရေကန်များ ကန်ပေါင်မြေဖို့ခြင်းနှင့် ကျေးရွာတံတားဆေးသုတ်ခြင်း၊ ကျုံဒရယ်ကျေးရွာတွင် ရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း၊ အကယ်ချောင်းဝကျေးရွာတွင် မြေသားသောက်ရေကန်များ ကန်ပေါင်မြေဖို့ခြင်းနှင့် ကျေးရွာတွင်းလမ်း အုတ်ပေါင်ခတ်သဲခင်းခြင်းလုပ်ငန်းများအား ဒေသခံများအလုပ်အကိုင် ဝင်ငွေရရှိစေရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရသည်။

**သပြေထွန်း**

# အကျိုး အပြစ် ဆန်းစစ်နှိုင်းချိန် သုခမိန်ပမာ

■ ကိုရင်ဩ

မြေထဲပင်လယ်ကို မေးတင်နေသော အရှေ့အလယ်ပိုင်းဒေသ နိုင်ငံတစ်နိုင်ငံဖြစ်သည့် အစ္စရေးနိုင်ငံနှင့် ပါရှားပင်လယ်ကွေ့ အာရေဗျကျွန်းဆွယ် အရှေ့မြောက်ဘက်ယွန်းယွန်းရှိ အာရပ်စော်ဘွားများပြည်ထောင်စု (ယူအေအီး)နိုင်ငံတို့အကြား သံခင်းတမန်ခင်း ထူထောင်ရေးအထိ ဦးတည်လျက်ရှိသော ငြိမ်းချမ်းရေးသဘောတူစာချုပ်တစ်ရပ်ကို ထူးထူးခြားခြား ဦးဦးဖျားဖျား ရရှိလိုက်ကြသည်ဆိုသော သတင်းတစ်ပုဒ်ကို ကျွန်ုပ်ဖတ်ရှုရသောအခါ ကမ္ဘာ့ပထဝီဝင်နိုင်ငံရေး "ရာသီခွင်" အရွေ့ကို စောင်းငဲ့၍ စေ့ငုလေ့လာမိလေ၏။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ ကြိုးပမ်းအားထုတ်မှု "ပယောဂ" အရ ဖြစ်တည်လာသော ငြိမ်းချမ်းရေးသဘောတူညီချက်သည် အထင်ကရရှိလှသည့် သမိုင်းဝင်သဘောတူညီချက်တစ်ရပ်အဖြစ် ပီပီပြင်ပြင် အသက်ဝင်လာပေလိမ့်မည်။

**ဘူမိနိုင်ငံရေးအရွေ့**

ကမ္ဘာနှင့်ချီ၍ အရေးပါလှသည့် ငြိမ်းချမ်းရေးသဘောတူညီချက်ဖြစ်ပြီးလျှင် အာရှအနောက်ပိုင်းဒေသနှင့် ယင်းဒေသကိုကျော်လွန်လျက် ဘူမိနိုင်ငံရေးအရွေ့ကို ကျွန်ုပ်တို့ ထူးခြားဆန်းကျယ်စွာ တွေ့မြင်ကြရပေအံ့။

နိုင်ငံရေးအရ အစဉ်အမြဲအားပြိုင်မှုများ အမျှင်တန်းနေသော အရှေ့အလယ်ပိုင်းဒေသ၏ စွမ်းအားရှင်နိုင်ငံ အစ္စရေးသည် "အာရပ်ကမ္ဘာ" တစ်ခုလုံးတွင် တံတားတစ်စင်းသဖွယ် ပေါင်းကူးပေးနေသော ယူအေအီးနိုင်ငံနှင့် ဆက်ဆံရေးပြည့်ပြည့်ဝဝ ထူထောင်နိုင်ရန် လမ်းဖွင့်ပေးလိုက်သည့် သဘောတူညီချက်တစ်ရပ်ကို ရရှိလိုက်ခြင်းဖြင့် အရှေ့အလယ်ပိုင်းဒေသ၏ သံတမန်ရေးလှုပ်ရှားမှု(ဝါ) ဒီပလိုမေစီကို စိတ်ဓာတ်ခွန်အားသစ်ဖြင့် ပြန်လည်မောင်းနှင်နိုင်လိမ့်မည်ဟု ကျွန်ုပ်တွေးဆမိ၏။

အစ္စရေးနိုင်ငံဟူသည်ကား ၁၉၄၈ ခုနှစ်တွင် နိုင်ငံအဖြစ် ထူထောင်လိုက်သော "ရဟူဒီ" (ဝါ) "ခေတ်သစ်ဂျူး" နိုင်ငံပါပေတည်း။

ကမ္ဘာပေါ်တွင် အမျိုးသားရေးစိတ်ဓာတ် ထက်သန်သော လူမျိုးတစ်မျိုးအဖြစ် သိရှိကြသည့် အစ္စရေးနိုင်ငံသည် ရဟူဒီလူမျိုးနွယ်ဝင်တို့၏ အမျိုးသားနိုင်ငံတော်ဖြစ်၏။

ပထဝီဝင်နယ်မြေ အပိုင်းအခြားအရ လက်ဘနွန်၊ ဆီးရီးယား၊ ဂျော်ဒန်နှင့် အီဂျစ်နိုင်ငံတို့က ဝန်းရံထားသော အစ္စရေးနိုင်ငံသည်ဒေသတွင်း၌ နိုင်ငံငယ်လေး ဖြစ်လင့်ကစား စစ်ရေးစွမ်းပကား အလွန်မြင့်မားသည့်နိုင်ငံအဖြစ် ထင်ပေါ်ကျော်ကြားသည်။ ခေတ်သစ်သမိုင်းတွင် တစ်ခုတည်းသော ရဟူဒီနိုင်ငံ(ဣသရေလပြည်)အဖြစ် ထင်ရှားသည်။ ရှည်လျားလှသည့် သမိုင်းကြောင်းနှင့်ယှဉ်၍ ရုန်းကန်လှုပ်ရှားလာရာမှ ပေါ်ထွန်းလာခဲ့သည့် နိုင်ငံတစ်နိုင်ငံလည်းဖြစ်သည်။

**"ခရူးဆိတ်စစ်ပွဲများ"**

"ခရူးဆိတ်စစ်ပွဲများ" (၁၁ ရာစုမှ ၁၄ ရာစုအထိ) သည် ဥရောပလက်နက် နိုင်ငံများက မွတ်စလင်တို့လက်အောက်မှ ခရစ်တော်ပွင့်ရာ မြေမြတ်ကိုပြန်လည်သိမ်းပိုက်နိုင်ရေးအတွက် ဖြစ်ပေါ်လာသောအားပြိုင်မှုများကို သမိုင်းတွင်ညွှန်းဆိုထားသည်။ ဘာသာရေးအရ အထွတ်အမြတ်ပြုသောနယ်မြေကို အကြောင်းပြု၍ ယနေ့တိုင်အောင်ပင် မတူကွဲပြားသော အင်အားစုနှစ်စုအကြား အားပြိုင်နေဆဲဖြစ်သည့် နေရာဒေသမှာ အရှေ့အလယ်ပိုင်းဒေသဖြစ်သည်။

ဩဂုတ်လ ၁၃ ရက်က အမေရိကန်အိမ်ဖြူတော်ဆီမှ တစ်ကမ္ဘာလုံးက အံ့အားသင့်ဖွယ်ရာကြေညာချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့ရာတွင် ယူအေအီးနိုင်ငံနှင့် အစ္စရေးတို့အကြား ငြိမ်းချမ်းရေးသဘောတူညီချက်တစ်ရပ်ကို ရရှိလိုက်ကြပြီဟု ကြွေးကြော်ခဲ့ကြ၏။ ဆိုင်းမဆင့် ဗုံမပါ ရှောင်တခင် ကြေညာလိုက်မှုကြောင့် အံ့အားသင့်သွားကြရသူများတွင် ပါလက်စတိုင်းလည်းပါဝင်သည်။

ပါလက်စတိုင်းနိုင်ငံဟူသည်ကား ၁၉၈၈ ခုနှစ် နိုဝင်ဘာလ ၁၅ ရက်တွင် ပါလက်စတိုင်းလွတ်မြောက်ရေးအဖွဲ့(ပီအယ်လ်အို) အမျိုးသားကောင်စီ၏ပြည်ပရောက်



**လတ်တလောမှာပင် ပါလက်စတိုင်းတို့၏ ဆန္ဒပြပွဲများ စတင်ဖြစ်ပေါ်လာသည်၊ ချစ်ဟန်ဆောင်လျက် သိုင်းဖက်ကာ ပါလက်စတိုင်းတို့၏ ကျောပြင်ကို နောက်ဘက်မှ ဓားနှင့်ထိုးသည့် လုပ်ရပ်အဖြစ် သူတို့ရှုမြင်သည် ......**

အုပ်ချုပ်သူများက ပါလက်စတိုင်းလွတ်လပ်ရေးကြေညာစာတမ်းဖြင့် ထူထောင်လိုက်သောနိုင်ငံပါပေတည်း။

နိုင်ငံအဖြစ် ကြေညာလိုက်သော်လည်း ထိုစဉ်က ပီအယ်လ်အိုအနေဖြင့် မည်သည့်နယ်မြေကိုမျှ ထိန်းသိမ်းထားခြင်းမရှိဘဲ အစ္စရေးအသိမ်းပိုက်ခံနယ်မြေများပေါ်တွင် လွတ်လပ်ရေးကြေညာခဲ့ခြင်းဖြစ်၏။ ဂျေရုဆလင်အား အစ္စရေးတို့ ထိန်းချုပ်ထားသည့်တိုင်အောင် ပါလက်စတိုင်းနိုင်ငံတော်၏ မြို့တော်အဖြစ် ကြေညာခဲ့၏။ "ပါလက်စတိုင်း" ဟူသော ခေတ်အမည်နာမသည် လက်တင်နှင့်ဂရိဘာသာစကားတို့မှဆင်းသက်လာပြီး "ဟေဗြဲ" ဝေါဟာရအရ "ဖစ်လစ္စတီးယား"(ဖိလိတ္တိပြည်)ဟု ညွှန်းဆိုကြောင်း ကျွန်ုပ်လေ့လာတွေ့ရှိရ၏။

ဩဂုတ်လ ၁၃ ရက်တွင် ရရှိလိုက်ကြသော သဘောတူညီချက်အရ ယူအေအီးနိုင်ငံသည် အစ္စရေးနိုင်ငံနှင့် သံတမန်ဆက်ဆံရေး ထူထောင်မည်ဖြစ်ပြီး အပြန်အလှန်အားဖြင့် အနောက်ဘက်ကမ်းဒေသကို မိမိ၏ပိုင်နက်အတွင်း သွတ်သွင်းမည်ဆိုသော ကနဦးအစီအစဉ်တစ်ရပ်ကို စွန့်လွှတ်ပါမည်ဟု အစ္စရေးသမ္မတ ဘင်ဂျမင်နေတန်ယာဟုက သဘောတူညီခဲ့သည်။

**ရွှေလမ်း ငွေလမ်းဖောက်**

အဆိုပါသဘောတူညီချက်ကို အစ္စရေးနိုင်ငံသားတို့က သံတမန်ရေးအရ ရွှေလမ်း ငွေလမ်းဖောက်နိုင်မည့် သဘောတူညီချက်အဖြစ် ကြိုဆိုလိုက်ကြသော်လည်း ပါလက်စတိုင်းတို့က ဒေါသမာန်ဟုန်ပြင်းစွာ ပြစ်တင်ရှုတ်ချကြလေသည်။

နိုဝင်ဘာလ ရွေးကောက်ပွဲ၌ ပြန်လည်ရွေးကောက်ခံရရေးအတွက် တွန်းအား တစ်ရပ်ဖြစ်စေဖွယ်ရှိသော သဘောတူညီချက်ကို သမ္မတ ဒေါ်နယ်ထရမ့်က ကြားဝင်စေ့စပ်ပေးခြင်းဖြင့် ဖန်တီးလိုက်လေသလောဟု စောကြောမှုလည်းရှိ၏။ အဂတိလိုက်မှုဖြင့် စွပ်စွဲခံထားရပြီး ရာထူးမှနုတ်ထွက်ပေးရန် ဆန္ဒပြတောင်းဆိုခံထားရသူ နေတန်ယာဟုမှာလည်း "သံတမန်အရွေ့" အပေါ် အကြောင်းပြု၍ "ဂယ်ပေါက်" တစ်ပေါက် (ထွက်ပေါက်တစ်ပေါက်) ရရှိသွားပုံမျိုးဖြစ်သည်ဟူ၍ သုံးသပ်မှုလည်းရှိ၏။

ယူအေအီးသည် အစ္စရေးနှင့် ဆက်ဆံရေးထူထောင်သော အာရပ်နိုင်ငံများတွင် အီဂျစ်နှင့် ဂျော်ဒန်တို့ပြီးလျှင် တတိယမြောက်နိုင်ငံဖြစ်လာသည်။ သဘော တူညီချက်အရ နှစ်နိုင်ငံအကြား တိုက်ရိုက် လေကြောင်းခရီးစဉ်များ ပျံသန်းနိုင်ခွင့်၊ ရင်းနှီးမြှုပ်နှံမှု၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း၊ ယဉ်ကျေးမှုရေးရာ အဖြာဖြာနှင့် နယ်ပယ်ကဏ္ဍစုံတို့တွင် ပူးပေါင်းဆောင်ရွက်ခွင့် ရရှိလာပေမည်။

အာရပ်ကမ္ဘာနှင့် ငြိမ်းချမ်းရေးတည်ဆောက်ရေးဟူသော မြင့်မားလှသည့် ရည်မှန်းချက်အတွက် ဆယ်စုနှစ်ပေါင်းများစွာကြာမျှ မိမိကြိုးပမ်းစွမ်းဆောင်ခဲ့ပါကြောင်း နေတန်ယာဟုက ရုပ်မြင်သံကြား ဖန်သားပြင်ပေါ်မှတစ်ဆင့် မိန့်ခွန်းပြော ကြားခဲ့သည်။

**ထူးထူးခြားခြား**

သမိုင်းဝင်ငြိမ်းချမ်းရေးစာချုပ်တစ်ရပ် ရရှိရေးအတွက် အားပေးထောက်ခံကြသော အီဂျစ်၊ အိုမန်နှင့် ဘာရိန်းနိုင်ငံတို့မှ ခေါင်းဆောင်များကို ကျေးဇူးတင်ရှိပါကြောင်း၊ ယခုရရှိသော စာချုပ်သည် ငြိမ်းချမ်းရေးကို ပိုမိုတည်ဆောက်နိုင်ကာ ဒေသဆိုင်ရာတည်ငြိမ်မှုအတွက် ထူးထူးခြားခြား ကျေးဇူးပြုမည်ဖြစ်ပါကြောင်း နေတန်ယာဟုက မြွက်ဆိုခဲ့သည်။

ယူအေအီးနိုင်ငံနှင့် ဆွေးနွေးညှိနှိုင်းမှုများပြုလုပ်ခဲ့ရာတွင် အစ္စရေးကိုယ်စားလှယ်အဖွဲ့ကို ဦးဆောင်ခဲ့သူမှာ အစ္စရေးအမျိုးသားထောက်လှမ်းရေးအေဂျင်စီ (မော့ဆက်) အကြီးအကဲ ယော့စည်ကိုဟန်း ဖြစ်သည်။ ၎င်းသည် အပြီးသတ်ဆွေးနွေးညှိနှိုင်းမှုများပြုလုပ်နိုင်ရန် လာမည့် ရက်သတ္တပတ်တွင် ယူအေအီးသို့ ခရီး ထွက်ခွာလိမ့်မည်ဟု အစ္စရေးမီဒီယာက သတင်းပေးသည်။

သံတမန်ရေးအရ ပိတ်ဆို့နေသော ရောမအတားအဆီးကြီးတစ်ခုကို ရှင်းလင်းဖယ်ရှားလိုက်နိုင်ပြီဟု လက်ခမောင်းခတ်လိုက်သူ အမေရိကန်သမ္မတ ထရမ့်သည် အစ္စရေးနှင့် ယူအေအီးအကြား ငြိမ်းချမ်းရေးသဘောတူညီချက်လက်မှတ်ရေးထိုးပွဲကို လာမည့်သီတင်းပတ်သုံးပတ်ခန့်အတွင်း မြို့တော်ဝါရှင်တန်၌ ကျင်းပပေးဖွယ်ရှိသည်ဟုလည်း ကြေညာခဲ့၏။

လတ်တလောရရှိလိုက်သော သဘောတူညီချက်အရ အနောက်ဘက်ကမ်းဒေသ၏ နယ်မြေ ၃၀ ရာခိုင်နှုန်းအထိကို မိမိ၏ပိုင်နက်အတွင်းသို့ သွတ်သွင်းရေး အစ္စရေး၏ အစီအစဉ်ကို ဆိုင်းငံ့ထားတော့မည်ဖြစ်သည်။ အကယ်၍သာ အစ္စရေး၏အစီအစဉ် အကောင်အထည်ပေါ်လာမည်ဆိုပါက လွတ်လပ်သောနိုင်ငံထူထောင်ရေး ဟူသော ပါလက်စတိုင်းတို့၏ အိပ်မက်မှာ အိပ်မက်ဆိုးကြီးတစ်ခုအဖြစ်သို့ ပြောင်းလဲသွားနိုင်ပေသည်။

အစ္စရေးနှင့် အာရပ်နိုင်ငံများအကြား တိုက်ရိုက်ဆက်သွယ်နိုင်ခြင်းဖြင့် ပါလက်စတိုင်းတို့အပေါ် ထားရှိသော အစ္စရေး၏ သဘောထားရပ်တည်ချက်များ ပြောင်းလဲလာနိုင်သည်ဟု အပြုသဘောရှုမြင်မှုရှိသည်။

အနောက်ဘက်ကမ်းဒေသတွင် နေထိုင်လျက်ရှိကြသော ရဟူဒီအခြေစိုက်နေထိုင်သူ ၄၃၀၀၀၀ အနက် အများစုကမူ နေတန်ယာဟုအပေါ် ဒေါသခြောင်းခြောင်းထွက်ကြသည်၊ အပြစ်ဆိုကြသည်။

**ကျောက်ခဲ ရေပေါ်**

အစ္စရေးနှင့်ယူအေအီးခေါင်းဆောင်များအကြားနွေးထွေးလာမည့် ဆက်ဆံရေးကို မျှော်ငေး၍ ရင်ဖိုနေကြချိန်တွင် ပါလက်စတိုင်းတို့မှာမူ "ကျောက်ခဲ ရေပေါ်လေပြီ" ဟူ၍ဝမ်းနည်းစကားဆိုကာ စိတ်ကယောက်ကယက်ဖြစ်နေရချိန် ဖြစ်သည်။

အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးဆွေးနွေးပွဲများ လုပ်ခဲ့ဖူးသမျှ သဲထဲရေသွန် ဖြစ်ခဲ့ရသည်ဟု စိတ်ခံစားချက်ပေါက်နေသော ပါလက်စတိုင်းတို့မှာ ခဲလေသမျှ သဲရေကျ ဖြစ်ရချေပြီ။

အစ္စရေးနှင့် ယူအေအီးအကြား သံတမန်ဆက်ဆံရေး ထူထောင်ရန်အထိ ဦးတည်နေသော နှစ်ဖက်ခေါင်းဆောင်ကြီးများ၏ ဆုံးဖြတ်ချက်သည် မသတီဖွယ်ရာ၊ စက်ဆုပ်ဖွယ်ရာ ကောင်းလှဘိတောင်း ဟူ၍ ပါလက်စတိုင်းခေါင်းဆောင်များက မည်တွန် တောက်တီးကြသည်။

အာရပ်စော်ဘွားများ အစိုးရအဖွဲ့၏ ဆောင်ရွက်ချက်များကို မိမိတို့ပယ်ချကြောင်း၊ ယင်းလုပ်ရပ်သည် ပါလက်စတိုင်းပြည်သူတို့၏အရေး၊ ဂျေရုဆလင်အရေး၊ အယ်လ်အယ်ဆာ ဗလီဝတ်ကျောင်းတော်ကြီးအရေးတို့အပေါ် သစ္စာဖောက်မှုပင်ဖြစ်ကြောင်း ပါလက်စတိုင်းအာဏာပိုင်အဖွဲ့က ထုတ်ပြန်ကြေညာသည်။

ပါလက်စတိုင်းအာဏာပိုင်အဖွဲ့သည် ယင်း၏ သံအမတ်ကြီးကို အဘူဒါဘီ(ယူအေအီးမြို့တော်)မှ ပြန်လည်ခေါ်ယူခဲ့သည်။ အစ္စရေး၏ပိုင်နက်နယ်မြေအတွင်းသို့ သွတ်သွင်းခံရခြင်းဘေးမှ လွတ်မြောက်သွားခြင်းသည် ပါလက်စတိုင်းတို့အား အကျိုးကျေးဇူးပြုသည်ဟူသော ယူအေအီး၏ ပြောကြားချက်ကို ပါလက်စတိုင်း အာဏာပိုင်အဖွဲ့က ပယ်ချသည်။

ယူအေအီးသည် ပါလက်စတိုင်းပြည်သူတို့၏ ကိုယ်စား ပြောရေးဆိုခွင့်မရှိပါဟု ပါလက်စတိုင်းခေါင်းဆောင်များက အခိုင်အမာညွှန်းဆိုသည်။ မိမိတို့၏ နယ်မြေ အချုပ်အခြာအာဏာပိုင်စိုးရေးတွင် ယူအေအီးက ကြားဝင်စွက်ဖက်ခြင်းမပြုသင့်ဟု ဆိုသည်။

ပြိုင်ဘက် "ဟားမားစ်" လှုပ်ရှားမှုအဖွဲ့ကလည်း အဆိုပါသဘောတူညီချက်ကို ပြစ်တင်ရှုတ်ချသည်။ ယင်းအဖွဲ့သည် လူဦးရေသိပ်သည်းသော ဂါဇာကမ်းမြောင်ဒေသကို ထိန်းချုပ်ထားသောအဖွဲ့ဖြစ်သည်။

**နိုင်သူပြုံး၍ ရှုံးသူမှိုင်**

နိုင်သူပြုံး၍ ရှုံးသူမှိုင် ဟူဘိသို့ မတူကွဲပြားသော ရလဒ်များကို ဖြစ်ပေါ်စေသည့် သမိုင်းဝင်သဘောတူညီချက်ကို အပြုသဘောကြိုဆိုကြသူများတွင် ဥရောပသမဂ္ဂ (အီးယူ) ခေါင်းဆောင်များပါဝင်သည်။ အငြင်းပွားဖွယ်ရာ သဘောတူညီချက်ဖြစ်လင့်ကစား အစ္စရေးနှင့် ယူအေအီးအကြား သံတမန်ဆက်ဆံရေးထူထောင်ရန် ဦးတည်ခြင်းကို ထောက်ခံသည်ဟု ဥရောပကော်မရှင်၏ နိုင်ငံခြားရေးမူဝါဒ ပြောခွင့်ရပုဂ္ဂိုလ် နဘီလာ မာဆလီလီက ပြောကြားသည်။

အစ္စရေးနှင့်ပါလက်စတိုင်းတို့အကြား ငြိမ်းချမ်းစွာယှဉ်တွဲနေထိုင်ရေးကို ထောက်ခံသည်ဟု အီးယူက ဆိုသည်။

အမေရိကန်၏ ကြားဝင်စေ့စပ်ပေးမှုဖြင့် ရရှိလာသော သဘောတူညီချက်သစ်ကို အထူးအားဖြင့် မွတ်စလင်နိုင်ငံများက ပြင်းပြင်းထန်ထန်ရှုတ်ချကြကာ ဒေါသတကြီး ဝေဖန်ပြောကြားလျက်ရှိကြသည်။

အီရန်နိုင်ငံကမူ ယင်းသဘောတူညီချက်နှင့် ပတ်သက်၍ "မဟာဗျူဟာမြောက် သွက်ချာလည်အမှား" ဟူ၍ ဝေဖန်ရှုတ်ချခဲ့သည်။ အီဂျစ်နှင့် ပင်လယ်ကွေ့နိုင်ငံအများအပြားကမူ ငြိမ်းချမ်းရေးသဘောတူညီချက်အဖြစ် သတိရှိရှိ ကြိုဆိုကြသည်။

**နောက်ကျော ဓားနှင့်ထိုး**

လတ်တလောမှာပင် ပါလက်စတိုင်းတို့၏ ဆန္ဒပြပွဲများ စတင်ဖြစ်ပေါ်လာသည်။ ချစ်ဟန်ဆောင်လျက် သိုင်းဖက်ကာ ပါလက်စတိုင်းတို့၏ ကျောပြင်ကို နောက်ဘက်မှ ဓားနှင့်ထိုးသည့် လုပ်ရပ်အဖြစ် သူတို့ရှုမြင်သည်။

အစ္စရေးနှင့် ယူအေအီးအကြား သံတမန်ရေးအရ ရွှေလမ်း ငွေလမ်းဖောက်နိုင်မည့် သဘောတူညီချက်၏ အကျိုးသက်ရောက်မှုများသည် ဒင်္ဂါးပြားတစ်ပြား၏ ခေါင်းနှင့်ပန်းပမာ အရှေ့နှင့်အနောက် တူရူပြုချက် မတူကွဲပြား ခြားနားနေပြီး အကောင်းက များမည်လော၊ အဆိုးက အလေးသာမည်လောဟု ပြောဆိုရန် စောနေသေးပုံကို ကျွန်ုပ်သတိမူမိရင်း "အကျိုး အပြစ် ဆန်းစစ်နှိုင်းချိန် သုခမိန်ပမာ" ဟု ကျူးရင့်မိပါသတည်း။ ။

Ref: Daily news updates

# ဒုတိယကမ္ဘာစစ်ပြီးဆုံးခြင်း (၇၅)နှစ်ပြည့်အခမ်းအနား ဂျပန်နိုင်ငံ၌ ကျင်းပ

**တိုကျို ဩဂုတ် ၁၅**

ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ဒုတိယကမ္ဘာစစ်ပြီးဆုံးခြင်း (၇၅)နှစ်ပြည့် အခမ်းအနားကို ယနေ့ ကျင်းပခဲ့ရာ စစ်အတွင်း၌ ကျဆုံးခဲ့သူများကို နိုင်ငံသားများက ဂုဏ်ပြုခဲ့ကြသည်။

ယခုကျင်းပသော အခမ်းအနားမှာ ကိုရိုနာဗိုင်းရပ်စ် ဖြစ်ပွားမှုကြောင့် တက်ရောက်သူ နည်းပါးခဲ့သည်။

အခမ်းအနား တက်ရောက်သူများက စစ်အတွင်း ကျဆုံးခဲ့သူ ၃ ဒသမ ၁ သန်းကို ဂုဏ်ပြုသောအားဖြင့် ခေတ္တငြိမ်သက်ပြီး အရိုအသေပြုခဲ့ကြသည်။ ထိုအခမ်းအနားသို့ ဂျပန်ဧကရာဇ် နာရူဟီတိုနှင့် ကြင်ရာတော် မာဆာကိုတို့ တက်ရောက်ခဲ့သည်။ ယခုအခမ်းအနားသည် ကိုရိုနာဗိုင်းရပ်စ် စတင်ဖြစ်ပွားသောအချိန်မှ ယခုအချိန်အထိ ဂျပန်ဧကရာဇ်နှင့် ကြင်ရာတော်တို့ပထမဆုံးတက်ရောက်သော အခမ်းအနား ဖြစ်သည်။

စစ်ပြီးကာလငြိမ်းချမ်းရေးရှိသော အချိန်မှစတင်ပြီး ကျွန်ုပ်တို့၏ စိတ်ထဲတွင် အတိတ်ကို ပြန်လည်သုံးသပ်ပါက ဝမ်းနည်းမှုကို ခံစားရကြောင်း၊ စစ်ကြောင့်ဖြစ်လာခဲ့သော ထိခိုက်မှုများကို အောက်မေ့သတိရသည့် အနေဖြင့် စစ်အတွင်းက အသက်ဆုံးရှုံးခဲ့သူများကိုလည်း ဂုဏ်ပြုကြောင်း၊ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် ဂျပန်နိုင်ငံ တိုးတက်ရေးအတွက် တောင်းဆုပြုပါကြောင်း နာရူဟီတိုက ပြောကြားသည်။




**ကိုးကား– အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – စိုးသူရ**

# အမျိုးအမည်မသိအာကာသယာဉ်များ စောင့်ကြည့်ရေးတပ်ဖွဲ့ အမေရိကန် ဖွဲ့စည်းမည်

**ဝါရှင်တန် ဩဂုတ် ၁၅**

အမျိုးအမည်မသိ ယာဉ်ပျံများ စောင့်ကြည့်ရေးတပ်ဖွဲ့ကို မကြာမီ ဖွဲ့စည်းမည်ဖြစ်ကြောင်း အမေရိကန် ကာကွယ်ရေးဌာနက ပြောကြားခဲ့သည်။

ကောင်းကင်ယံ၌ အမျိုးအမည်မသိ အာကာသယာဉ်များ ပျံသန်းမှုများကို တွေ့မြင်ခဲ့ရပြီးနောက် အဆိုပါအဖွဲ့အား ဖွဲ့စည်းခြင်းဖြစ်သည်။

၂၀၀၄ ခုနှစ်နှင့် ၂၀၁၅ ခုနှစ်တို့တွင် ကောင်းကင်ယံ၌ မြင်တွေ့ခဲ့ရသော အမျိုးအမည်မသိ အာကာသယာဉ်များကို အမေရိကန်လေတပ်မှ မှတ်တမ်းတင်ရိုက်ကူးထားသည့် ဗီဒီယိုသုံးခုကို ပင်တဂွန်စစ်ဌာနချုပ်က ဧပြီလတွင် ထုတ်ဖော်ပြသခဲ့သည်။

ယခုဖွဲ့စည်းမည့် အမျိုးအမည်မသိအာကာသယာဉ် စောင့်ကြည့်ရေးတပ်ဖွဲ့ကို အမေရိကန်လေတပ်က ဦးဆောင်ရမည်ဖြစ်ပြီး အမေရိကန် အမျိုးသားလုံခြုံရေးကို ထိခိုက်ဖျက်ဆီးနိုင်ဖွယ်ရှိသော မည်သည့် အာကာသယာဉ် အမျိုးအစားကိုမဆို စောင့်ကြည့်ခြေရာခံဖော်ထုတ်ရမည်ဖြစ်သည်။

အဆိုပါတပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်မည့် အမှုထမ်းများ ဘေးကင်းလုံခြုံမှု ရှိစေရေးနှင့် လုပ်ငန်းဆောင်ရွက်ချက်များအတွက် အနှောင့်အယှက် အတားအဆီးများ မရှိစေရေးအတွက် စိုးရိမ်ပူပန်မှုများ မြင့်တက်လျက်ရှိသည်ဟု ဩဂုတ် ၁၅ ရက်တွင် ထုတ်ပြန်ခဲ့သည့် ကာကွယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ရေးသားထားကြောင်း သိရသည်။

ကောင်းကင်ယံ၌ တွေ့ရှိခဲ့သော အမျိုးအမည်မသိ ယာဉ်များမှာ အမေရိကန်နိုင်ငံအား စောင့်ကြည့်ထောက်လှမ်းမှုများ လုပ်ဆောင်ရန် အမေရိကန် လေပိုင်နက်အတွင်းသို့ ဝင်ရောက်ခဲ့သည့် မဟာမိတ်မဟုတ်သည့်နိုင်ငံများမှ မောင်းသူမဲ့လေယာဉ်များလည်း ဖြစ်နိုင်ခြေရှိသည်ဟု ပင်တဂွန် တာဝန်ရှိသူအချို့က ပြောကြားခဲ့သည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**





# ဖေ့စ်ဘွတ်နှင့် ဂူဂဲလ်တို့က အမေရိကန်ရွေးကောက်ပွဲအတွက် ကူညီထောက်ပံ့

**ဝါရှင်တန် ဩဂုတ် ၁၅**

နိုဝင်ဘာလတွင်ကျင်းပမည့် အမေရိကန်ရွေးကောက်ပွဲ၌ ပြင်ပမှ ချုပ်ကိုင်မှုများနှင့် စွက်ဖက်မှုများအား ကာကွယ်ရန်အတွက် ဖေ့စ်ဘွတ်မဲဆန္ဒရှင် အသိပညာပေးစင်တာကို ဩဂုတ် ၁၃ ရက်မှစတင်ပြီး တည်ထောင်ခဲ့သည်။

ဖေ့စ်ဘွတ်၏ ဆောင်ရွက်ချက်သည် နည်းပညာကုမ္ပဏီများဖြစ်သော ဖေ့စ်ဘွတ်၊ ဂူဂဲလ်နှင့် အခြားအွန်လိုင်း နည်းပညာပလက်ဖောင်းများ ပူးပေါင်းပြီး သတင်းမှားပျံ့နှံ့မှု တိုက်ဖျက်ရေးနှင့် မဲဆန္ဒရှင်များအား ချုပ်ကိုင်ခြင်းမှကာကွယ်ရန် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

နည်းပညာကုမ္ပဏီဖြစ်သော ဂူဂဲလ်ကလည်း မဲဆန္ဒရှင်များအား ဆန္ဒမဲပေးရန် မှတ်ပုံတင်ခြင်းနှင့်မဲပေးခြင်းလုပ်ငန်းစဉ်များကို မည်ကဲ့သို့ ဆောင်ရွက်သင့်ကြောင်း အချက်အလက်အသေးစိတ်ကို အင်တာနက်စာမျက်နှာတွင် ရေးသားအသိပေးလျက်ရှိသည်။

ဂူဂဲလ်၏ လုပ်ငန်းခွဲဖြစ်သော ယူကျူကလည်း ၎င်း၏ စာမျက်နှာများတွင် ကိုယ်စားလှယ်လောင်းများ၏ အချက်အလက်များကို ခိုးယူပြီး ရွေးကောက်ပွဲတွင် ဝင်ရောက်စွက်ဖက်မည့် ဆောင်ရွက်ချက်များကို တားဆီးလျက်ရှိကြောင်း သိရသည်။

ဖေ့စ်ဘွတ်၏ လုံခြုံရေးမူဝါဒဆိုင်ရာတာဝန်ရှိသူဖြစ်သည့် နေသန်ဂလက်က မဲဆန္ဒရှင်များအတွက် မှန်ကန်သော သတင်းအချက်အလက်များရရှိရေးသည် သတင်းမှားတားဆီးရေးအတွက် ဆေးဝါးပင်ဖြစ်ကြောင်း ပြောကြားသည်။ ဖေ့စ်ဘွတ်အနေဖြင့် အမေရိကန်ရှိ မဲဆန္ဒရှင်ပြည်သူ လေးသန်းကို မဲပေးနိုင်ရေး အကူအညီပေးရန် ကူညီထောက်ပံ့လျက်ရှိကြောင်း သိရသည်။

**ကိုးကား – ဟက်တော့ပစ်**
**ဘာသာပြန် – စိုးသူရ**

## ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ

ဗိုင်းရပ်စ်ပိုး ကူးစက်ခံရသူ ၂၁၄၁၀၀၃၄ ဦး

သေဆုံးသူ ၇၆၄၃၉၀

ပြန်လည်ကျန်းမာလာသူ ၁၄၁၈၉၉၁၂ ဦး

# တောင်ကိုရီးယား၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ၁၁၆ ဦး ကူးစက်ခံရပြီးနောက် အသွားအလာကန့်သတ်မှု ပိုမိုတင်းကျပ်

**ဆိုးလ် ဩဂုတ် ၁၅**

တောင်ကိုရီးယားနိုင်ငံတွင် လွန်ခဲ့သည့်ငါးလမှစပြီး ယခုအချိန်သည် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုအမြင့်ဆုံးအချိန်ကို ရောက်ရှိလျက်ရှိသည့်အတွက် မြို့တော်ဆိုးလ်နှင့် အနီးအနားရှိ ဒေသများတွင် အသွားအလာကန့်သတ်မှုကို ယနေ့မှစ၍ ပို၍တင်းကျပ်ထားကြောင်း သိရသည်။

ပိုမိုတင်းကျပ်သော အဆိုပါအသွားအလာကန့်သတ်မှု လမ်းညွှန်ချက်များတွင် အားကစားပွဲများအပါအဝင် လူစုလူဝေးနှင့် အခြားလှုပ်ရှားမှုများအပေါ် ကန့်သတ်ချက်များ ပါဝင်သည်။ အားကစားပွဲများကို ပွဲကြည့်ပရိသတ်မပါဘဲ မြို့တော်ဆိုးလ်ရှိ ကစားကွင်းများတွင် ပြန်လည်ပြုလုပ်မည် ဖြစ်သည်။

တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၁၆ ဦး ယနေ့တွေ့ရှိခဲ့ပြီးနောက် အစိုးရအနေဖြင့် ယခုကဲ့သို့ အသွားအလာကန့်သတ်မှုကို တင်းကျပ်ခဲ့ခြင်း ဖြစ်သည်။ တောင်ကိုရီးယား၌ ယနေ့တွေ့ရှိရသော ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရမှုပမာဏသည် ယခုနှစ် မတ်လအစောပိုင်းမှစ၍ ယနေ့အထိ တစ်ရက်တာအတွင်း အများဆုံးဖြစ်လာခဲ့သည်။

တောင်ကိုရီးယားနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၁၆ ဦး တွေ့ရှိခဲ့သဖြင့် လက်ရှိအချိန်အထိ ကိုဗစ်-၁၉ရောဂါ ကူးစက်ခံရသူပေါင်း ၁၅၀၃၉ ဦးရှိလာပြီး အဆိုပါ ရောဂါကြောင့် သေဆုံးသူ ၃၀၅ ဦး ရှိလာကြောင်း သိရသည်။

တောင်ကိုရီးယားနိုင်ငံသည် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးတိုက်ပွဲတွင် အရေးပါသောအဆင့်၌ ရပ်တည်နေကြောင်း၊ မိမိတို့၏ အဓိကဦးစားပေးတာဝန်မှာ ဆိုးလ်မြို့ရှိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရေးပင် ဖြစ်ကြောင်း တောင်ကိုရီးယားဝန်ကြီးချုပ် ချုံဆေးဂျုံက ကိုဗစ်-၁၉ ရောဂါ တုံ့ပြန်ရေးဆိုင်ရာ အစိုးရအဖွဲ့ အစည်းအဝေး တစ်ရပ်တွင် ထည့်သွင်းပြောကြားခဲ့သည်။

တောင်ကိုရီးယားနိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်ပျံ့နှံ့မှုမှာ အဓိကအားဖြင့် နိုင်ငံ၏ လူဦးရေ ၅၁ သန်း၏ ထက်ဝက်ခန့်နေထိုင်ရာ ဆိုးလ်မြို့မှ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ကိုးကား – အေအက်ဖ်ပီ၊ ဘာသာပြန် – ဂျေတီ**



## နမီးဘီးယားသမ္မတ၏ အကြံပေးပုဂ္ဂိုလ် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရ



**ဝင်းဒုခ် ဩဂုတ် ၁၅**

အာဖရိကတိုက် အနောက်တောင်ဘက်တွင် တည်ရှိသော နမီးဘီးယားနိုင်ငံ၏ သမ္မတအကြံပေးပုဂ္ဂိုလ် အင်းဇမ်းဝါနီကာမ္ဗီသည် ဩဂုတ် ၁၃ ရက်က ကိုဗစ်-၁၉ ရောဂါပိုးရှိ၊ မရှိ စမ်းသပ်စစ်ဆေးမှုခံယူခဲ့ရာ ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိခဲ့ကြောင်း နမီးဘီးယားသမ္မတရုံးက ဩဂုတ် ၁၄ ရက်တွင် ကြေညာသည်။

ကိုဗစ်-၁၉ ရောဂါ လက္ခဏာရှိနေသော သမ္မတ၏ အကြံပေး အင်းဇမ်းဝါနီကာမ္ဗီသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ တစ်ဦးနှင့် အနီးကပ် ထိတွေ့ခဲ့ပြီးနောက် ဩဂုတ် ၁၁ ရက်မှစ၍ သီးခြားခွဲ၍နေပြီး ကိုဗစ်-၁၉ ရောဂါ ပိုးရှိ၊ မရှိ စမ်းသပ်စစ်ဆေးမှုခံယူခဲ့ရာ ကိုဗစ်-၁၉ ရောဂါပိုး တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သမ္မတရုံးမှ ထုတ်ပြန်သည့် ကြေညာချက်တစ်ရပ်တွင် ဖော်ပြထားသည်။

နမီးဘီးယားသမ္မတ ဟိတ်ချ်ဂိန်ဂေါ့ဘ်သည် ၎င်း၏အကြံပေး ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံခဲ့ပြီးနောက် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်သည့် အနေဖြင့် ရောဂါပိုးရှိ၊ မရှိ စမ်းသပ်စစ်ဆေးမှု ခံယူခဲ့ရာ ကိုဗစ်-၁၉ ရောဂါပိုး မတွေ့ရှိကြောင်း ထုတ်ပြန်ချက်အရ သိရသည်။

လက်ရှိအချိန်အထိ နမီးဘီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသော အတည်ပြုလူနာ ၃၅၄၄ ဦးရှိပြီး ၎င်းတို့အနက် ၂၇ ဦးသည် ကိုဗစ်-၁၉ ရောဂါနှင့် ဆက်စပ်သည့် ရောဂါများကြောင့် သေဆုံးခဲ့သည်။ သို့သော် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသည့် လူနာ ၈၄၈ ဦးသည် ရောဂါမှ ပြန်လည်ကျန်းမာသွားကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - ဂျေတီ**

## အိန္ဒိယနိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေး သုံးမျိုး စမ်းသပ်နေဟု ဝန်ကြီးချုပ် မိုဒီ ပြော



**နယူးဒေလီ ဩဂုတ် ၁၅**

အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ကာကွယ်ဆေးသုံးမျိုးမှာ စမ်းသပ်အဆင့်များ ရောက်ရှိနေပြီး အပြီးသတ် ထုတ်လုပ်သောအဆင့် ရောက်ရှိပါက အိန္ဒိယနိုင်ငံက ကာကွယ်ဆေးများ အစုလိုက်အပြုံလိုက် ထုတ်လုပ်သွားရန်အတွက် အခြေခံအဆောက်အအုံများ အဆင့်မြှင့်တင်မည်ဟု ဝန်ကြီးချုပ် နာရင်ဒရာမိုဒီက ယနေ့ ပြောကြားလိုက်သည်။

ဒေလီမြို့တော်ရှိ သမိုင်းဝင်အဆောက်အအုံဖြစ်သည့် ခံတပ်နီမှ (၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားအဖြစ် မိန့်ခွန်းပြောကြားရာတွင် အိန္ဒိယနိုင်ငံအနေဖြင့် ကိုရိုနာဗိုင်းရပ်စ် တိုက်ဖျက်ရေးတွင် အနိုင်ရရှိမည်ဟု မျှော်လင့်ပါကြောင်း မိုဒီက ဆိုသည်။ “အချိန်တိုအတွင်း အိန္ဒိယနိုင်ငံသားအားလုံး ကိုရိုနာဗိုင်းရပ်စ် ကာကွယ်ဆေးရရှိရေး ကျွန်တော်တို့ရဲ့ လမ်းညွှန်မြေပုံဟာ အသင့်ရှိနေပါပြီ”ဟု လွတ်လပ်ရေးနေ့ မိန့်ခွန်းအတွင်း မိုဒီက ပြောကြားခဲ့သည်။

ကိုယ့်အားကိုယ်ကိုးသည့် အိန္ဒိယနိုင်ငံအနေဖြင့် အချိန်လိုအပ်ကြောင်း၊ မကြာမီ လက်တွေ့တစ်ခုအဖြစ် ပြောင်းလဲမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် မိုဒီက ဆိုသည်။ နိုင်ငံသားတိုင်းအား ကျန်းမာရေးအသိအမှတ်ပြုကတ်ပြားထုတ်ပေးမည်ဟု မိုဒီက ပြောကြားခဲ့ပြီး ဒစ်ဂျစ်တယ် ကျန်းမာရေးမစ်ရှင်ကို ကြေညာလိုက်သည်။

အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၇ ဘီလီယံခန့် ရင်းနှီးမြှုပ်နှံမှုဖြင့် အမျိုးသား အခြေခံအဆောက်အအုံ ပိုက်လိုင်းစီမံကိန်းကို ဆောင်ရွက်မည်ဟု မိုဒီက ပြောကြားခဲ့သည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- ကျော်ထိုက်စိုး**



## ဆော်ဒီအာရေဗျနိုင်ငံ၌ တစ်ရက်အတွင်း ဗိုင်းရပ်စ်ကူးစက်ခံရသူ ၁၄၁၃ ဦး ထပ်မံတွေ့ရှိ

**ရီယာ့ဒ် ဩဂုတ် ၁၅**

ဆော်ဒီအာရေဗျနိုင်ငံတွင် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၄၁၃ ဦးထပ်မံတွေ့ရှိရကြောင်း ယနေ့ဆေးမှတ်တမ်းများအရ သိရသည်။

လက်ရှိအချိန်အထိ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၂၉၇၃၁၅ ဦးရှိပြီး သေဆုံးသူ ၃၃၆၉ ဦးနှင့် ပြန်လည်ကျန်းမာလာသူ ၂၆၄၄၈၇ ဦးရှိကြောင်း သိရသည်။

ဆော်ဒီအာရေဗျနိုင်ငံအတွင်း ဗိုင်းရပ်စ်ကာကွယ်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် တရုတ်အစိုးရက ကူညီထောက်ပံ့မှုများပေးလျက်ရှိသည်။

ဖေဖော်ဝါရီလလယ်ပိုင်းတွင် တရုတ်နိုင်ငံအတွင်း ဗိုင်းရပ်စ်ကူးစက်မှုများ တားဆီးထိန်းချုပ်နိုင်ရန်အတွက် ဆော်ဒီအာရေဗျနိုင်ငံက ထောက်ပံ့မှုများ ပေးပို့ခဲ့သည်။ မတ် ၁၁ ရက်တွင် တရုတ်နိုင်ငံ ဝူဟန်မြို့သို့ ထောက်ပံ့ရေး ဆေးပစ္စည်းများ ပေးပို့ခဲ့သည်။

အလားတူ ဆော်ဒီအာရေဗျနိုင်ငံအတွင်း ဗိုင်းရပ်စ်ကူးစက်မှုများ မြင့်တက်လာချိန်တွင် တရုတ်နိုင်ငံက ဆေးဘက်ကျွမ်းကျင်ပညာရှင်များ စေလွှတ်ခဲ့သည်။

ထို့ပြင် ဆော်ဒီအာရေဗျနိုင်ငံအတွင်းရှိ ပြည်သူများအား ဗိုင်းရပ်စ်ပိုးရှိ၊ မရှိ စစ်ဆေးမှုများ အရှိန်မြှင့်ဆောင်ရွက်နိုင်ရန် တရုတ်နိုင်ငံက ကူညီထောက်ပံ့မှုများ ပေးမည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အောင်ကျော်ကျော်**

## ကမ္ဘာပေါ်ရှိ ၄၃ ရာခိုင်နှုန်းသော စာသင်ကျောင်းများ၌ လက်ဆေးရန် လိုအပ်သည့်ပစ္စည်းများမရှိဟု ကုလသမဂ္ဂပြောကြား



**ကုလသမဂ္ဂ ဩဂုတ် ၁၅**

လွန်ခဲ့သည့်နှစ်က ကမ္ဘာတစ်ဝန်းတွင် ရှိသည့် ၄၃ ရာခိုင်နှုန်းသော စာသင်ကျောင်းများ၌ လက်ဆေးရန် လိုအပ်သည့် ဆပ်ပြာနှင့် ရေပြတ်လပ်ခဲ့ကြောင်း ကုလသမဂ္ဂ၏အစီရင်ခံစာ တစ်ရပ်အရ သိရသည်။

ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့နေစဉ်တွင် စာသင်ကျောင်းများ ဘေးကင်းလုံခြုံစွာ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် အဆိုပါ ပစ္စည်းများ ရရှိထားရန် လိုအပ်ကြောင်း အဆိုပါအစီရင်ခံတွင် ဖော်ပြသည်။

အဆိုပါ အချက်အလက်များ ဖော်ပြထားသည့် အစီရင်ခံစာကို ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့က ပူးတွဲထုတ်ပြန်သည့် အစီရင်ခံစာတွင် အထက်ပါအတိုင်း ဖော်ပြခဲ့ခြင်းဖြစ်သည်။

ယင်းအစီရင်ခံစာအရ ကမ္ဘာတစ်ဝန်းရှိ ကလေးသူငယ် ၈၁၈ သန်းတို့သည့် ၎င်းတို့ ကျောင်းများ၌ အခြေခံသန့်ရှင်းရေး ဝန်ဆောင်မှုများ မခံစားရကြောင်း ယင်းအစီရင်ခံစာတွင် ဖော်ပြသည်။

၎င်းတို့အနက် ကလေးငယ် ၂၉၅ သန်း သို့မဟုတ် သုံးပုံတစ်ပုံခန့်သည် အာဖရိကတိုက် ဆာဟာရသဲကန္တာရတောင်ပိုင်းဒေသများ၌ နေထိုင်သူများ ဖြစ်ကြသည်။

ဩဂုတ် ၂ ရက်အထိ နိုင်ငံနှင့် နယ်မြေပေါင်း ၁၀၆ ခုတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စာသင်ကျောင်းများ ပိတ်ထားရခြင်းကြောင့် လူဦးရေတစ်ဘီလီယံကျော်၊ တစ်နည်းအားဖြင့် ကမ္ဘာတစ်ဝန်းလုံးရှိကျောင်းသားဦးရေ ၆၀ ဒသမ ၅ ရာခိုင်နှုန်းအပေါ် သက်ရောက်မှုရှိနေသည်ဟု ကုလသမဂ္ဂက ပြောကြားသည်။

ကမ္ဘာတစ်ဝန်းမှ ကလေးသူငယ်များ ကျောင်းပြန်တက်နိုင်ရန်အတွက် လက်သန့်ရှင်းရေး၊ သန့်ရှင်းသော သောက်သုံးရေနှင့် လုံခြုံစိတ်ချရသော သန့်ရှင်းရေးစနစ်များ အသုံးပြုနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးရန် အရေးကြီးကြောင်း ကုလသမဂ္ဂ ကလေးများ ရန်ပုံငွေအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**
**ဘာသာပြန်- ဇော်ဝင်း**



## အိန္ဒိယနိုင်ငံ အာသံပြည်နယ်ရေဘေးတွင် သေဆုံးသူ ၁၁၂ ဦးအထိ ရှိလာ

**ဂူဝါဟာတီ ဩဂုတ် ၁၅**

အိန္ဒိယနိုင်ငံ အာသံပြည်နယ်တွင် ရေကြီးရေလျှံမှုများကြောင့် သေဆုံးသူ ၁၁၂ ဦး အထိရှိလာခဲ့ပြီး ရေဘေးသင့်ပြည်သူ ၅ ဒသမ ၅၆ သန်းကျော်အထိ ရောက်ရှိလာခဲ့သည်။

အာသံပြည်နယ်အတွင်းရှိ ခရိုင် ၃၀ တွင် ရေဘေးသင့်ပြည်သူ ၅ ဒသမ ၆၈ သန်းကျော်ရှိလာခဲ့ဟု ပြည်နယ်ဘေးအန္တရာယ်စီမံခန့်ခွဲရေး အာဏာပိုင်အဖွဲ့ (SDMA) က ထုတ်ပြန်ခဲ့သည်။

ခရိုင်အသီးသီးတွင် သဘာဝဘေးအန္တရာယ်ကြောင့် သေဆုံးသူဦးရေ မြင့်တက်လာမှုနှင့်အတူ အာသံပြည်နယ်၌ ရေဘေးအခြေအနေ ဆိုးရွားလာလျက်ရှိသည်။

အာသံပြည်နယ်ရှိ ခရိုင်အသီးသီး၌ ပြည်သူ ၉၂၀၀ ကျော် ရေဘေးသင့်ခဲ့ကြောင်း ယခုသီတင်းပတ်အစောပိုင်းတွင် တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ပြည်နယ် ဘေးအန္တရာယ်စီမံခန့်ခွဲရေး အာဏာပိုင်အဖွဲ့၏ အဆိုအရ ဒီမာဂျီ၊ ဘတ်ဆာနှင့် မိုရီဂါအွန်ခရိုင်များ၌ ၁၄၂၀၅ ဦး ရေဘေးသင့်ခဲ့ကြောင်း သိရသည်။

**ကိုးကား- ပီတီအိုင်**
**ဘာသာပြန်- ကျော်ထိုက်စိုး**



စိုင်းကျောက်၊ စိုင်းနော်ခမ်းတို့အား သိမ်းဆည်းရမိသည့် အိုက်စ်များနှင့်အတူ တွေ့ရစဉ်။



ရဲဝင်းအား သိမ်းဆည်းရမိသည့် ဘိန်းစိမ်းများနှင့်အတူ တွေ့ရစဉ်။

# တာချီလိတ်မြို့နှင့် ပင်လောင်းမြို့နယ်တို့၌ အိုက်စ်များနှင့် ဘိန်းစိမ်းများ သိမ်းဆည်းရမိ

**နေပြည်တော် ဩဂုတ် ၁၅**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၁၃ ရက် မွန်းလွဲ ၁ နာရီတွင် သတင်းအရ တာချီလိတ်မြို့နယ် မိုင်းဖုန်း(ခ) ကျေးရွာအုပ်စု၊ မယ်လိတ်ပါကော်-ဝှေလေလန်ကျေးရွာသွား ကားလမ်းတွင် စိုင်းကျောက်မောင်းနှင်လာသော မော်တော်ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေစစ်ဆေးနေစဉ် စိုင်းနော်ခမ်းမောင်းနှင်လာသော မော်တော်ယာဉ်ရောက်ရှိပြီး စစ်ဆေးရှာဖွေခဲ့ရာ ယာဉ်ပေါ်မှ အိုက်စ်ကီလို ၂၁၀ ဖမ်းဆီးရမိခဲ့သည်။

အလားတူ ထိုနေရာ၌ပင် Alphard အမျိုးအစား မော်တော်ယာဉ်အား စစ်ဆေးရန်ရပ်တန့်ခိုင်းစဉ် မောင်းနှင်ထွက်ပြေးသွားသဖြင့် လိုက်လံဖမ်းဆီးရာ ဝမ်ဆောက်ခုံ(အာခါ) ရွာအဝင်လမ်း၌ ၎င်းယာဉ်အား ယာဉ်မောင်းအားမတွေ့ရှိဘဲ ရပ်တန့်ထားသည်ကို တွေ့ရှိရပြီး ၎င်းမော်တော်ယာဉ်အနီးရှိ ဆာလာအိတ်များအတွင်းမှ အိုက်စ် ၇၈ ကီလိုကို လည်းကောင်း၊ ထို့အတူ ညနေ ၅ နာရီတွင် ဝမ်ဆောက်ခုံ(အာခါ)ရွာအနီး ရာဘာတောအတွင်း ယာဉ်မောင်းမရှိဘဲ ရပ်တန့်ထားသည့် Chevrolet အမျိုးအစား မော်တော်ယာဉ်အား တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ အိုက်စ် ၃၃၈ ကီလို ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် စုစုပေါင်း အိုက်စ် ၆၂၆ ကီလို၊ မော်တော်ယာဉ် သုံးစီး၊ မော်တော်ဆိုင်ကယ်တစ်စီးတို့နှင့် အတူ စိုင်းနော်ခမ်း၊ စိုင်းကျောက်တို့အား လည်းကောင်း။


အလားတူ ယမန်နေ့ ညနေ ၅ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ပင်လောင်းမြို့နယ်၊ နန်းတုတ်ကျေးရွာအုပ်စု၊ နန်းတုတ်-ညောင်လေးပင် ကျေးရွာသွား ကျေးရွာချင်းဆက်တောလမ်းတွင် ခွန်စန္ဒာ မောင်းနှင်လာသော Mark-II အမျိုးအစားမော်တော်ယာဉ်နှင့် ရဲဝင်းမောင်းနှင်လာသော Mark-II အမျိုးအစား မော်တော်ယာဉ်တို့ကို စစ်ဆေးရန် ရပ်တန့်ခိုင်းစဉ် ခွန်စန္ဒာမှာ လျှိုအတွင်းသို့ ခုန်ချထွက်ပြေးသွားခဲ့ပြီး ရဲဝင်းမောင်းနှင်လာသော မော်တော်ယာဉ်အား စစ်ဆေးရှာဖွေရာ ဘိန်းစိမ်း ၁၅၉ ဒသမ ၄ ကီလို၊ မော်တော်ယာဉ် နှစ်စီး၊ လက်ကိုင်ဖုန်းတစ်လုံးနှင့် ခွန်စန္ဒာမောင်းနှင်လာသည့် မော်တော်ယာဉ်ပေါ်မှ လက်ကိုင်ဖုန်းနှစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ ရဲပြန်ကြား

## အမ်းမြို့နယ်၌ မြေကျင်းတူးဖော်ရာမှ ONE RUPEE INDIA တံဆိပ်ပါ ငွေဒင်္ဂါးပြားများ တွေ့ရှိ

**အမ်း ဩဂုတ် ၁၅**

ရခိုင်ပြည်နယ် အမ်းမြို့နယ် ဈေးရပ်ကွက် ပဲပဒိုတိုက်ပွဲရှောင်စခန်း အမှတ်(၁)၌ ယနေ့နံနက်က အိမ်သာဆောက်လုပ်ရန် မြေကျင်းတူးဖော်ရာမှ ONE RUPEE INDIA တံဆိပ်ပါ ငွေဒင်္ဂါးပြား ၃၄ ပြားအား တူးဖော်တွေ့ရှိခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)





## သာစည်မြို့နယ်၌ ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေ

**သာစည် ဩဂုတ် ၁၅**

သာစည်မြို့မရဲစခန်းမှူး ဒုတိယရဲမှူးသန်းမောင် ဦးစီးပူးပေါင်းအဖွဲ့သည် ဩဂုတ် ၁၃ ရက် နံနက် ၈ နာရီတွင် သာစည်မြို့မဈေး၌ ၂၀၂၀ ပြည့်နှစ် ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ် စီမံခန့်ခွဲမှုဥပဒေသစ်၊ လူကုန်ကူးမှု/ ပြည်ပအလုပ်အကိုင်ဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

ရဲပြန်ကြား

## လားရှိုးမြို့၌ ဆိုင်ကယ်နှင့် ဖုန်းလုယက်သူ နှစ်ဦးအား ဖမ်းဆီးရမိ

**လားရှိုး ဩဂုတ် ၁၅**

လားရှိုးမြို့ ရပ်ကွက်(၁) အထက ကျောင်းအနီး၌ ဩဂုတ် ၁၁ ရက် ည ၇ နာရီက အမျိုးသား တစ်ဦးနှင့် အမျိုးသမီးတစ်ဦးထံမှ ဆိုင်ကယ် တစ်စီး၊ ဖုန်းတစ်လုံးအား လုယူသွားကြောင်းသတင်းအရ လားရှိုးမြို့မရဲစခန်းမှ ဒုတိယရဲမှူး မြင့်ကျော် ဦးစီးအဖွဲ့သည် ပြစ်မှုကျူးလွန်သူ ညီနပ်ကပ်နှင့် အိုက်ဦး(ခ)အိုက်နပ်အား သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိသဖြင့် လားရှိုးမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား



## ကြို့ပင်ကောက်မြို့နယ်၌ လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ် ၁၆ လုံးနှင့် စာသင်ကျောင်း တစ်ကျောင်း ပျက်စီး

**ကြို့ပင်ကောက် ဩဂုတ် ၁၅**

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ်၌ ယမန်နေ့ ညနေ ၃ နာရီ ၁၅ မိနစ်က လေပြင်းတိုက်ခတ်မှုကြောင့် ယောက်ချောင်းကျေးရွာရှိ နေအိမ် ၁၆ လုံးနှင့် စာသင်ကျောင်းတစ်ကျောင်းတို့ အမိုးလန်ပျက်စီးခဲ့ပြီး လူနှင့်တိရစ္ဆာန် ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။

ရဲပြန်ကြား

## အမြန်လမ်း၌ သတ်မှတ်မိုင်နှုန်းထက် ပိုမိုမောင်းနှင်သောယာဉ်များအား အရေးယူ

**နေပြည်တော် ဩဂုတ် ၁၅**

အမြန်လမ်းမကြီးလုံခြုံရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ဩဂုတ် ၁၃ ရက် ညနေ ၅ နာရီမှ ယမန်နေ့ ညနေ ၅ နာရီအထိ ယာဉ်စည်းကမ်းစစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး လှည်းကူးမြို့နယ် အမှတ်(၃)လမ်းဆုံတိုးဂိတ်၌ သတ်မှတ်မိုင်နှုန်းထက် ပိုမိုမောင်းနှင်သော မော်တော်ယာဉ် လေးစီး၊ ဘောနက်ကြီးမီနီတိုးဂိတ်၌ သတ်မှတ်မိုင်နှုန်းထက် ပိုမိုမောင်းနှင်သော မော်တော်ယာဉ် တစ်စီး၊ ဖြူးတိုးဂိတ်၌ သတ်မှတ်မိုင်နှုန်းထက် ပိုမိုမောင်းနှင်သော မော်တော်ယာဉ် ကိုးစီး၊ သီးကုန်းတိုးဂိတ်၌ သတ်မှတ်မိုင်နှုန်းထက် ပိုမိုမောင်းနှင်သော မော်တော်ယာဉ် လေးစီး၊ စကားအင်းတိုးဂိတ်၌ သတ်မှတ်မိုင်နှုန်းထက် ပိုမိုမောင်းနှင်သော မော်တော်ယာဉ် ၁၀ စီး စုစုပေါင်းမော်တော်ယာဉ် ၂၈ စီးအား ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာ ယာဉ်စည်းကမ်းတရားရုံးများသို့ တရားစွဲတင်ပို့မည်ဖြစ်ကြောင်း သိရသည်။

ရဲပြန်ကြား

## ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၁၅**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဩဂုတ် ၁၄ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၃၉၆ စီး၊ သွင်းကုန် ၃၉၄ စီး ၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၂၁၈ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ယမန်နေ့တွင် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုတစ်မှုခန့်မှန်းတန်ဖိုးငွေကျပ် ၃ ဒသမ ၂၀၀ သန်းတန်ဖိုးရှိ တရားမဝင် ကန့်သတ်ကုန်ပစ္စည်းဆေးဝါးနှစ်မျိုးဖြစ်သည့် NOXA 20 (1x10 Capsule x 10 ကတ် x 100 ဘူး) 4 Pkgs နှင့် Marvelon 28 (1x28Tab x10 Box x 25 ကတ်) 2 Pkgs တို့အား သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

သတင်းစဉ်



## အထွေထွေရွေးကောက်ပွဲကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပမည်

ရွေးကောက်ပွဲကျင်းပရန် ၈၄ ရက်သာ လိုတော့သည်။

ရွေးကောက်ပွဲများသည် -

- ဒီမိုကရေစီ၏ အခြေခံဖြစ်သည်။
- ဒီမိုကရေစီရှင်သန်စေရေး၏ ရေသောက်မြစ်ဖြစ်သည်။
- ဒီမိုကရေစီဖြစ်ထွန်းရေး၏ ပင်စည်ပင်မဖြစ်သည်။



သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၈ ( ဃ ) အရ ဆန္ဒမဲပေးခြင်း မှုကိုပြုစေရန်ဖြစ်စေ ရွေးကောက်ပွဲမှုကိုပြုစေရန်ဖြစ်စေ စည်းရုံးဟောပြောခြင်း လှုံ့ဆော်ခြင်း ရေးသားခြင်း ဖြန့်ဖြူးခြင်း ပိုစတာများ အသုံးပြုခြင်း သို့မဟုတ် အခြားနည်းဖြင့် အားထုတ် ကြိုးပမ်းခြင်းမပြုရ။ ကျူးလွန်ပါက တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ ကျပ်တစ်သိန်း ထက်မပိုသော ငွေဒဏ်ဖြစ်စေ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံ ရမည်။

## မဲဆန္ဒရှင်စာရင်းများ ထည့်သွင်း၊ ပြင်ဆင်၊ ဖြည့်စွက်ခြင်းများ ဆောင်ရွက်

**ကန့်ဘလူ ဩဂုတ် ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးတွင် ယနေ့နံနက်ပိုင်းမှစတင်၍ မဲဆန္ဒရှင်စာရင်းများ ထည့်သွင်း၊ ပြင်ဆင်၊ ဖြည့်စွက်ခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပထမအကြိမ် မဲဆန္ဒရှင်စာရင်းများ ကပ်ထားကြေညာရာတွင် ပုံစံ-၃၊ ပုံစံ-၄၊ ပုံစံ(၄-က) များဖြင့် တောင်းဆိုမှုများအား မြို့နယ်မဲဆန္ဒရှင်စာရင်း စိစစ်ရေးလုပ်ငန်းကော်မတီဝင်များနှင့် ရပ်ကွက် / ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ / အတွင်းရေးမှူးများ ပူးပေါင်း၍ မဲဆန္ဒရှင်စာရင်းများ ထည့်သွင်း၊ ပြင်ဆင်၊ ဖြည့်စွက်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ စာရင်းများအား ဩဂုတ် ၁၅ ရက်မှ ၂၁ ရက်အထိ တစ်ပတ်အတွင်း အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

## ခရမ်းမြို့နယ်၌ မဲဆန္ဒရှင်စာရင်းများ မှန်ကန်မှုရှိစေရေးနှင့် ကျန်ရှိမှုမရှိစေရေး ကွင်းဆင်းဆောင်ရွက်

**ခရမ်း ဩဂုတ် ၁၅**

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲဆန္ဒရှင်စာရင်းများ မှန်ကန်မှုရှိစေရေးနှင့် ကျန်ရှိမှုမရှိစေရေးအတွက် မဲဆန္ဒရှင်စာရင်းများ တိုက်ဆိုင်စစ်ဆေးခြင်းနှင့် အသိပညာပေးခြင်းကို ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စုများတွင် အိမ်တိုင်ရာရောက် ကွင်းဆင်းဆောင်ရွက်လျက်ရှိပြီး ယနေ့ မွန်းလွဲ ၂ နာရီက ကရင်စုကျေးရွာအုပ်စု၊ ဘုရားပျံကျေးရွာအုပ်စု၊ ကြာကန်ကျေးရွာအုပ်စု၊ ညောင်လန်းကျေးရွာအုပ်စု၊ ပျဉ်းမကုန်းကျေးရွာအုပ်စုတို့ကို မြို့နယ်တာဝန်ရှိသူများက ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကွင်းဆင်းဆောင်ရွက်**

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းဆန်းထွန်းနှင့် မြို့နယ်တာဝန်ရှိသူများ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များက ကရင်စုကျေးရွာအုပ်စု၊ ဘုရားပျံကျေးရွာအုပ်စု၊ ကြာကန်ကျေးရွာအုပ်စု၊ ညောင်လန်းကျေးရွာအုပ်စု၊ ပျဉ်းမကုန်းကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာခွဲများမှ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် စာရေးဝန်ထမ်းများပူးပေါင်း၍ နေအိမ်များသို့ ကွင်းဆင်း၍ မဲဆန္ဒရှင်စာရင်းတွင် ပါဝင်မှု ရှိ၊ မရှိ စိစစ်ခြင်း၊ မဲစာရင်းတွင်ပါရှိသည့် အချက်အလက်များ မှန်ကန်မှုရှိ၊ မရှိ တိုက်ဆိုင်စစ်ဆေးခြင်းတို့ကို အိမ်တိုင်ရာရောက် ကွင်းဆင်းဆောင်ရွက်ခဲ့ကြပြီး ကျန်ရှိသူများကို မဲစာရင်းတွင် ပါဝင်ခွင့်ရရှိရေး ပုံစံ (၃-က) ဖြင့် လျှောက်ထားနိုင်ရေးတို့ကိုလည်း စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကိုမင်း(ခရမ်း)**



## ပြည်သူ့ဆန္ဒနှင့်အညီ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲဆီသို့ . . .

# ကိုဗစ်-၁၉ ကောက်နုတ်ချက်နှင့် ထုတ်ပြန်ချက်



## အကောင်းဆုံးဖြစ်အောင်



**လူတစ်ယောက်၏ဘဝတွင် အသက် ၁၈ နှစ်မှစပြီး မဲပေးမည်ဆိုလျှင် ရွေးကောက်ပွဲကို ၅ နှစ်တစ်ကြိမ် ကျင်းပသည့်အတွက် အသက် ၈၀ အထိ နေနိုင်မည်ဆိုပါက ၁၂ ကြိမ်သာ မဲပေးပိုင်ခွင့်ရှိပါကြောင်း၊ ထို့ကြောင့် အသက် ၈၀ အတွင်းတွင် မိမိနိုင်ငံ၏ အနာဂတ်အတွက်၊ မိမိနိုင်ငံ၏ တိုးတက်မှုအတွက် ရွေးကောက်ပွဲအရ လူတစ်ယောက် လုပ်ပိုင်ခွင့်သည် တစ်သက်တွင် ၁၂ ကြိမ်သာ ရှိပါကြောင်း၊ ယင်း ၁၂ ရက်ကို အကောင်းဆုံးဖြစ်အောင် အသုံးချစေလိုပါကြောင်း။**

(နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၅-၈-၂၀၂၀ ရက်နေ့တွင် COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကာလအတွင်း ရွေးကောက်ပွဲများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ စီမံဆောင်ရွက်နေသူများနှင့် အပြန်အလှန်ဆွေးနွေးသတင်းမှ ကောက်နုတ်ချက်)

## COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

### (၁၅-၈-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

၁။ (၁၅-၈-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ (ပထမအသုတ်) ဓာတ်ခွဲနမူနာ (၇၄၉)ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (၁၁၂) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး)မှ ဓာတ်ခွဲနမူနာ (၂၁၀) ခုနှင့်
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်)မှ ဓာတ်ခွဲနမူနာ (၃၁၄)ခု
- စုစုပေါင်း (၁၃၈၅)ခု အား ယနေ့၊ ညနေတွင် စစ်ဆေးပြီးစီးခဲ့ရာ -
- • COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၁၅-၈-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | |
|---|---|
| (၁၅-၈-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၇၄၉) ခု |
| (၁၅-၈-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာနမှ စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၁၂) ခု |
| (၁၅-၈-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၁၀) ခု |
| (၁၅-၈-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၃၁၄) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) | (၀) ဦး |

၂။ (၁၅-၈-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါဓာတ်ခွဲအတည်ပြုလူနာ (၃၇၄) ဦး ရှိပါသည်။

၃။ ဓာတ်ခွဲအတည်ပြု လူနာဟောင်း (old confirmed case) များ၏ ဓာတ်ခွဲနမူနာစစ်ဆေးမှုတွင် (၂) ကြိမ်ဆက်တိုက် ပိုးမတွေ့ရှိသူ (၂)ဦး (Case- 315, 316) ရှိသဖြင့် စုစုပေါင်း (၃၂၄) ဦးရှိပါသည်။ ၎င်းတို့အနက် (၃၁၇) ဦးအား ဆေးရုံမှ ဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာ ဆက်လက်ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက် ရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆)ဦး ရှိပါသည်။

၅။ (၁၄-၈-၂၀၂၀) ရက်နေ့၊ မွန်းတည့် (၁၂:၀၀) နာရီမှ (၁၅-၈-၂၀၂၀)ရက်နေ့၊ မွန်းတည့် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၁၆) ဦးရှိပါသည်။

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၁၅-၈-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၀) ဦး | (၃၇၄) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၂) ဦး | (၃၂၄) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

### (၁၅-၈-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀)နာရီ

၁။ (၁၄-၈-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ထပ်မံစစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၄၄၀)ခုတွင်
- • COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။

၂။ သို့ဖြစ်ရာ (၁၄-၈-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ဓာတ်ခွဲနမူနာ (၁,၁၆၀)ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (၁၆၅)ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲနမူနာ (၁၇၄)ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲနမူနာ (၂၅၆)ခုနှင့်
- ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) မှ ဓာတ်ခွဲနမူနာ (၁၅၃) ခု၊
- စုစုပေါင်း (၁,၉၀၈)ခု အား စစ်ဆေးပြီးစီးခဲ့ပါသည်။

၃။ (၁၅-၈-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါဓာတ်ခွဲ အတည်ပြုလူနာ (၃၇၄) ဦးရှိပါသည်။

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ**
**(၁၅-၈-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ**

| | |
|---|---|
| (၁၄-၈-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ ထပ်မံစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၄၄၀) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) | (၀) ဦး |

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## ဒက္ခိဏသီရိမြို့နယ်၌ အခြေခံလူတန်းစားအိမ်ထောင်စုများအား စတုတ္ထအကြိမ်ထောက်ပံ့ငွေများ ပေးအပ်

**နေပြည်တော် ဩဂုတ် ၁၅**

နေပြည်တော် ဒက္ခိဏသီရိမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်တားဆီးရေးနှင့် တုံ့ပြန်ရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ်ကာလအတွင်း နိုင်ငံတော်အစိုးရမှ ထောက်ပံ့သည့် ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စုများအား ထောက်ပံ့ငွေများ ပေးအပ်ခြင်းအခမ်းအနားကို ယမန်နေ့ ညနေပိုင်းက ဒက္ခိဏသီရိမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဒက္ခိဏသီရိမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်ထွန်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းဇော်ဟန်က ထောက်ပံ့ငွေများကို အခြေခံလူတန်းစားများထံ လက်ဝယ်အရောက် အမြန်ထုတ်ပေးသွားရန်နှင့် ကိုဗစ်-၁၉ ကျန်းမာရေးလမ်းညွှန်ချက်များနှင့်အညီ စနစ်တကျထုတ်ပေးသွားရန်စသည်တို့ကို ဆွေးနွေးပြောကြားသည်။

ထို့နောက် ဒက္ခိဏသီရိမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်ထွန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းဇော်ဟန်နှင့် တာဝန်ရှိသူများက သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများမှတစ်ဆင့် ကျေးရွာပြည်သူများ လက်ဝယ်အရောက် ထောက်ပံ့ငွေများ ပေးအပ်ကြသည်။

ဒက္ခိဏသီရိမြို့နယ်အတွင်း ပထမအကြိမ် ပစ္စည်းငါးမျိုးကို အိမ်ထောင်စုပေါင်း ၆၁၈၇ စုအားလည်းကောင်း၊ ဒုတိယအကြိမ်အဖြစ် ငွေကျပ် ၁၅၀၀၀ စီကို အိမ်ထောင်စုပေါင်း ၁၄၈၃ စုအား လည်းကောင်း၊ တတိယအကြိမ်အဖြစ် ငွေကျပ် ၂၀၀၀၀ စီကို အိမ်ထောင်စုပေါင်း ၇၆၇၀ အတွက် ပေးအပ်ခဲ့ပြီး ယခုစတုတ္ထအကြိမ်တွင် တစ်အိမ်ထောင်စုလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် အိမ်ထောင်စုပေါင်း ၇၆၇၀ အတွက် စုစုပေါင်းငွေကျပ် ၁၅၃၄၀၀၀၀၀ ကို ထပ်မံထောက်ပံ့ ပေးအပ်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

ထွန်းထွန်းဝင်း(ပြန်/ဆက်)





## ရှားတောမြို့နယ်၌ ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများအား တတိယအကြိမ် ထောက်ပံ့ငွေပေးအပ်ခြင်း အခမ်းအနားကျင်းပ

**ရှားတော ဩဂုတ် ၁၅**

ကယားပြည်နယ် ရှားတောမြို့နယ်တွင် ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စုများအား တတိယအကြိမ် ထောက်ပံ့ငွေပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲက စုပေါင်းရုံးခန်းမ၌ ဆောင်ရွက်ခဲ့သည်။

အခမ်းအနားတွင် ကယားပြည်နယ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးတီရယ်က အဖွင့်အမှာစကားပြောကြားပြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်စိုးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရန်နိုင်မောင်တို့က ထောက်ပံ့ငွေပေးအပ်ရခြင်းနှင့်ပတ်သက်၍ အမှာစကားပြောကြားသည်။ ထို့နောက် ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများအား သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးတီရယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်စိုးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရန်နိုင်မောင်တို့က တတိယအကြိမ် ထောက်ပံ့ငွေများကို လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ခဲ့သည်။

ထိုသို့ ထောက်ပံ့ငွေများ ပေးအပ်ရာတွင် ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများအား အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် အိမ်ထောင်စု ၂၇၈ စုအတွက် ထောက်ပံ့ငွေကျပ် ၅၅၆၀၀၀၀ ကို ကိုဗစ်-၁၉ ကူးစက်ပြန့်ပွားမှုမရှိစေရေး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်နှင့်အညီ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ထွန်းအောင်(ပြန်/ဆက်)**

## တာလေမြို့၌ အခြေခံလူတန်းစားအိမ်ထောင်စုများအား ထောက်ပံ့ငွေများ ပေးအပ်

**တာလေ ဩဂုတ် ၁၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာလေမြို့၌ ကိုဗစ်-၁၉ ကူးစက်ရောဂါ ဖြစ်ပွားနေသည့်ကာလအတွင်း ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားအိမ်ထောင်စု ၆၉၂ စုသို့ နိုင်ငံတော်မှ ထောက်ပံ့ငွေကျပ် ၂၀၀၀၀ ပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းက အခြေခံလူတန်းစား အိမ်ထောင်စုများသို့ အိမ်တိုင်ရာရောက် ပေးအပ်ခဲ့ကြသည်။

တာလေမြို့အုပ်ချုပ်ရေးမှူး ဦးချစ်ကိုဦးဆောင်မှုဖြင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များလိုက်ပါ၍ ကိုဗစ်-၁၉ ကူးစက်ရောဂါ ဖြစ်ပွားနေသည့် ကာလအတွင်း မြို့ပေါ်ရပ်ကွက် လေးခုနှင့် ကျေးရွာအုပ်စုသုံးခုရှိ အခြေခံလူတန်းစားအိမ်ထောင်စု ၆၉၂ စုအတွက် အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ထောက်ပံ့ပေးအပ်ခြင်း ဖြစ်ကြောင်း သိရသည်။

**အောင်ကျော်မိုး (ပြန်/ဆက်)**



## ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ်၌ ပုံမှန်ဝင်ငွေမရှိသည့် အခြေခံလူတန်းစားများအား ထောက်ပံ့ငွေပေးအပ်

**ပင်းတယ ဩဂုတ် ၁၅**

ရှမ်းပြည်(တောင်ပိုင်း)ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ်အတွင်းရှိ ပုံမှန်ဝင်ငွေမရှိသည့် အခြေခံလူတန်းစားများအား နိုင်ငံတော်မှ ဒုတိယအကြိမ် ထောက်ပံ့ငွေများ ပေးအပ်သည့်အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာလင်းက ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီဥက္ကဋ္ဌ ဦးနေမျိုးဇော်ထံ နိုင်ငံတော်မှ ပုံမှန်ဝင်ငွေမရှိသည့် အခြေခံလူတန်းစားများအတွက် ထောက်ပံ့သည့် ထောက်ပံ့ငွေများကို လွှဲပြောင်းပေးအပ်ခဲ့ပြီး ဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့က သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများထံသို့ ထောက်ပံ့ငွေများကို ထပ်ဆင့်လွှဲပြောင်း ပေးအပ်ခဲ့သည်။ ထို့နောက် ဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ပုံမှန်ဝင်ငွေမရှိသည့် အခြေခံလူတန်းစားများထံ နေအိမ်အရောက် ထောက်ပံ့ငွေများကိုပေးအပ်ခဲ့ကြောင်း သိရသည်။

ယနေ့ပေးအပ်သည့် နိုင်ငံတော်မှထောက်ပံ့ငွေများကို မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများရှိ ပုံမှန်ဝင်ငွေမရှိသည့် အိမ်ထောင်စု ၃၂၄၇ စုအတွက် တစ်အိမ်ထောင်လျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၆၄၉၄၀၀၀၀ ဖြစ်ကြောင်း သိရသည်။

**ခင်မျိုးနွယ် (ပင်းတယ)**

## ချင်းရွှေဟော် မြန်မာ-တရုတ်နှစ်နိုင်ငံနယ်စပ်ဂိတ်မှ နေရပ်ပြန်ပြည်သူ ၁၄ ဦး ထပ်မံဝင်ရောက်

**ချင်းရွှေဟော် ဩဂုတ် ၁၅**

တရုတ်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသား နေရပ်ပြန်ပြည်သူများသည် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ် ချင်းရွှေဟော်မြို့ မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်ဂိတ်ပေါက်မှ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ယမန်နေ့ ညနေ ၆ နာရီက ငါးဦးနှင့် ယနေ့ ညနေ ၃ နာရီက ကိုးဦး စုစုပေါင်း နေရပ်ပြန်ပြည်သူ ၁၄ ဦး ထပ်မံဝင်ရောက်လာခဲ့ကြောင်း သိရသည်။



အဆိုပါ ဝင်ရောက်လာသည့်နေရပ်ပြန်ပြည်သူ ၁၄ ဦးတို့မှာ အမျိုးသားရှစ်ဦး၊ အမျိုးသမီး ခြောက်ဦးတို့ဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီး တောင်ဒဂုံမြို့နယ်မှ တစ်ဦး၊ မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်မှ နှစ်ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ်မှ နှစ်ဦး၊ ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်မှ နှစ်ဦး၊ နေပြည်တော် တပ်ကုန်းမြို့နယ်မှ နှစ်ဦး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ဆန်မြို့နယ်မှ တစ်ဦး၊ လောက်ကိုင်မြို့နယ်မှ တစ်ဦးနှင့် ကွမ်းလုံမြို့နယ်မှ သုံးဦးတို့ဖြစ်ကြောင်း သိရသည်။

ထိုသို့ ချင်းရွှေဟော်နယ်စပ်ဂိတ်မှဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူများအား ချင်းရွှေဟော်မြို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီမှ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်များသို့ စနစ်တကျစီစဉ်လွှဲပြောင်းပို့ဆောင်ပေးလျက်ရှိရာ ဧပြီ ၃၀ ရက်မှ ယနေ့အထိ အမျိုးသား ၈၀၄၆ ဦးနှင့် အမျိုးသမီး ၆၄၂၉ ဦးတို့ဖြစ်ပြီး စုစုပေါင်းနေရပ်ပြန်ပြည်သူ ၁၄၄၇၅ ဦးတို့ကို လွှဲပြောင်းပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**ဇင်ဇင်(ပြန်/ဆက်)**

## နောင်ချိုမြို့နယ်၌ တောင်သူများအား ထောက်ပံ့ငွေ၊ မျိုးသန့်၊ မျိုးစေ့နှင့် မြေဩဇာအိတ်များပေးအပ်

**သီပေါ ဩဂုတ် ၁၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် စိုက်ပျိုးရေးဦးစီးဌာနသည် ကိုဗစ်-၁၉ စီးပွားရေးကုစားမှုအစီအစဉ်အရ စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းများရရှိရေးအတွက် တောင်သူလယ်သမားကြီးများ စပါးထုတ်လုပ်ရာတွင် ထိခိုက်ကျဆင်းမှုမရှိစေရန် မိုးစပါးမျိုးစေ့ထုတ်တောင်သူများအား မျိုးစေ့၊ စိုက်ခင်းစိုက်ပျိုးစရိတ်ထောက်ပံ့ပေးအပ်ခြင်း၊ မိုးစပါးစံပြကွက်တောင်သူများအား သွင်းအားစုထောက်ပံ့ခြင်းနှင့် မျိုးစေ့ထုတ်စိုက်ပျိုးနည်းစနစ် ကွင်းဆင်းသရုပ်ပြပွဲများကို ခရိုင်အတွင်းရှိမြို့နယ်များ၌ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် နောင်ချိုမြို့နယ် ရေမောင်းတန်းကျေးရွာ မိုးစပါးအဆင့်မြင့်နည်းပညာသုံး စံပြကျေးရွာ ဦးကျုံးပေါင်း၏လယ်မြေ၌ ယနေ့နံနက် ၇ နာရီကကျင်းပရာ ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးမောင်မောင်အေးက မိုးစပါး (RS-CS)မျိုးစေ့ထုတ်ခြင်းလုပ်ငန်းဆိုင်ရာများ၊ နောင်ချိုမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးအောင်ကျော်က မျိုးသန့်၊ မျိုးစေ့တန်ဖိုးငွေနှင့် ဓာတ်မြေဩဇာအိတ်များ ထောက်ပံ့ပေးအပ်ရသည့်ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး တောင်သူများအား စိုက်ခင်းစိုက်ပျိုးစရိတ် ထောက်ပံ့ငွေများနှင့် ဓာတ်မြေဩဇာအိတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**



## ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် စာသင်ကျောင်းဆောင်ဆောက်လုပ်ရန်နှင့် ကျေးရွာမီးလင်းရေးအလှူငွေပေးအပ်ပွဲ တက်ရောက်

**ရေတာရှည် ဩဂုတ် ၁၅**

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့် တာဝန်ရှိသူများသည် ယမန်နေ့က ရေတာရှည်မြို့ အထက အောင်ဆန်းခန်းမ၌ ကျင်းပသော မူလွန်-စိမ့်ရွာ ကျောင်းဆောင် အပြီးသတ်ဆောက်လုပ်နိုင်ရေးနှင့် ကျေးရွာမီးလင်းရေး အတွက် အလှူငွေများပေးအပ်ပွဲသို့ တက်ရောက်ခဲ့သည်။

အခမ်းအနားတွင် Myanmar Top Business Group Co.,Ltd.မှ ဦးတင်မောင်နိုင်က စာသင်ကျောင်းဆောင် ဆောက်လုပ်ရန် အလှူငွေကျပ် ၇၄ သိန်းနှင့် ကျေးရွာ မီးလင်းရေးအတွက် အလှူငွေကျပ်သိန်း ၅၀ ကို ပေးအပ် လှူဒါန်းခဲ့ရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ညိုဝင်းနှင့် ကျေးရွာမီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးစန်းလွင်တို့က လက်ခံရယူခဲ့သည်။

**ကိုလွင်(ဆွာ)**

## ဖာပွန်ခရိုင်ရှိ ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများအား ကရင်ပြည်နယ်ဝန်ကြီးချုပ် ထောက်ပံ့ငွေပေးအပ်

**ဖာပွန် ဩဂုတ် ၁၅**

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်သည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ နံနက်ပိုင်းက ဖာပွန်ခရိုင်အတွင်း ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စု ၂၅၇၈ ဦးအတွက် အိမ်ထောင်စုတစ်စုလျှင် ထောက်ပံ့ငွေ ကျပ် ၂၀၀၀၀ စီ ပေးအပ်ပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဖာပွန်ခရိုင် ကမမောင်းမြို့ အထက ကတိုင်တိကျောင်းမှ တာဝန်ရှိသူ များနှင့်တွေ့ဆုံပြီး ကျောင်းအတွက် ကွန်ပျူတာ၊ ပရင်တာ၊ မီးစက်တစ်စုံ၊ အားကစားပစ္စည်းများနှင့် လက်သန့် ဆေးရည်များ ထောက်ပံ့ပေးအပ်ခဲ့ရာ တာဝန်ရှိသူများက လက်ခံရယူသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဖာပွန်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စုပေါင်းရုံး ယွန်းစလင်းခန်းမ၌ ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စု ၆၅၂ စုအတွက် အိမ်ထောင်စုတစ်စုလျှင် ထောက်ပံ့ငွေကျပ် ၂၀၀၀၀ ထောက်ပံ့ခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အထက အတွက် ကွန်ပျူတာ၊ ပရင်တာ၊ မီးစက်တစ်စုံနှင့် အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ပြီး ဖာပွန်ခရိုင် ကမမောင်းမြို့ ကိုးနဝင်းဘုန်းတော်ကြီးကျောင်းတွင် ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စု ၁၉၂၆ စုအတွက် အိမ်ထောင်စုတစ်စုလျှင် ထောက်ပံ့ငွေကျပ် ၂၀၀၀၀ ထောက်ပံ့ ခဲ့သည်။

**ခရိုင်(ပြန်/ဆက်)**



## ဝိုင်းမော်မြို့နယ်၌ မဲစာရင်း ကပ်ထားကြေညာ

**ဝိုင်းမော် ဩဂုတ် ၁၅**

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို နိုဝင်ဘာ ၈ ရက်တွင် ကျင်းပသွားမည်ဖြစ်ရာ မဲဆန္ဒရှင် အမည်စာရင်းအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ လမ်းညွှန်ချက်နှင့်အညီ မြို့နယ်အသီးသီးရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးရုံးများ၌ မဲဆန္ဒရှင်အမည်စာရင်းများကို ဇူလိုင် ၂၅ ရက်မှ စတင်ကြေညာပေးခဲ့ရာ ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ်အတွင်း မဲဆန္ဒရှင် ၈၂၈၃၇ ဦး လာရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအရာရှိ ဒေါ်ရည်မွန်လှိုင်က ပြောသည်။

ဝိုင်းမော်မြို့နယ်အတွင်း ထုတ်ပြန်ကြေညာထားသည့်မဲဆန္ဒရှင်စာရင်းတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးဌာနမှ ပေါင်းစပ်ပြင်ဆင်ရမည့် လုပ်ငန်းကိစ္စရပ်များကို ဩဂုတ် ၁၃ ရက်က မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲရုံးဝန်ထမ်းများနှင့် ကချင်ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးဌာနမှူးနှင့် ဝန်ထမ်းများက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့သည်။

**မိုဃ်းကျ(မြစ်ကြီးနား)**



## ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးကာလအတွင်း အာလူးများ ဖြန့်ဖြူးရောင်းချပေးလျက်ရှိ

**မန္တလေး ဩဂုတ် ၁၅**

မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာနနှင့် မန္တလေးတိုင်းဒေသကြီးသမဝါယမအသင်းစုချုပ်တို့မှ ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးကာလအတွင်း သီးနှံစိုက်ပျိုးသော အသင်းသားတောင်သူများဝင်ငွေရရှိရေးနှင့် အသင်းဝင်များ သက်သာချောင်ချိရေးကိုရည်ရွယ်၍ ယမန်နေ့ နံနက်ပိုင်းက အာလူးများကို တိုင်းဒေသကြီး မြို့နယ်များသို့ လိုက်လံဖြန့်ဖြူးရောင်းချပေးခဲ့သည်။

အဆိုပါ အာလူးများကို ရှမ်းပြည်နယ်သမဝါယမ အသင်းစုချုပ်နှင့် ချိတ်ဆက်၍ အောင်ပန်းမြို့နယ်အတွင်းရှိ စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်းလီမိတက်များမှ အာလူး ပိဿာ ၃၈၁၀ ကို တစ်ပိဿာလျှင် ငွေကျပ် ၇၀၀ နှုန်းဖြင့် ဝယ်ယူ၍ မန္တလေးခရိုင်အတွင်းရှိ မြို့နယ် ခြောက်မြို့နယ်တွင် တစ်မြို့နယ်လျှင် ပိဿာ ၃၃၀ နှုန်း၊ တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ငါးမြို့နယ်တွင် တစ်မြို့နယ်လျှင် ပိဿာ ၃၆၀ နှုန်းဖြင့် စုစုပေါင်း ၁၁ မြို့နယ်တွင် အာလူးအသေးတစ်ပိဿာလျှင် ငွေကျပ် ၇၅၀၊ အကြီး တစ်ပိဿာလျှင် ငွေကျပ် ၈၀၀ တို့ဖြင့် အသင်းသားများအား ရောင်းချပေးလျက်ရှိသည်။

**မင်းထက်အောင် (မန်းကိုယ်ပွား)**

## ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများအား ထောက်ပံ့ငွေပေးအပ်

**နေပြည်တော် ဩဂုတ် ၁၅**

နေပြည်တော် တပ်ကုန်းမြို့နယ်အတွင်း ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများအား နိုင်ငံတော်အစိုးရမှ ထောက်ပံ့ငွေများကို လက်ဝယ်အရောက်ပေးအပ်နိုင်ရေးအတွက် လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကို ယမန်နေ့ ညနေပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် တပ်ကုန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်တင့်က သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် တာဝန်ရှိသူများအနေဖြင့် နိုင်ငံတော်မှ ကိုဗစ်-၁၉ ရောဂါကာလ ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများအား ထောက်ပံ့ပေးအပ်ရာတွင် တိကျမှန်ကန်စေရေးနှင့် ပြည်သူများလက်ဝယ်ရောက်ရှိရေး ဆောင်ရွက်ပေးရန်ပြောကြားခဲ့ပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မင်း၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသူရဦးနှင့် မြို့မိမြို့ဖတို့က တစ်အိမ်ထောင်လျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် အိမ်ထောင်စုပေါင်း ၄၆၃၇၃ စုအတွက် ထောက်ပံ့ငွေကျပ် ၉၂၇၄၆၀၀၀၀ ကို သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများထံသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

**တင်စိုးလွင်(ပြန်/ဆက်)**



## ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲဆိုင်ရာ အချက်အလက်များပြသ

**မိုင်းလုံ ဩဂုတ် ၁၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် မိုင်းလုံမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးရှေ့ မြေစိုက်နံရံကပ်ပြဘုတ်တွင် ယမန်နေ့ မွန်းလွဲပိုင်းက ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေး အချက်အလက်များကို ပြည်သူများသိရှိနိုင်ရေးအတွက် ပြသထားသည်။

ထိုသို့ဆောင်ရွက်ရာတွင် ရပ်ကွက်၊ ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများ၌ အသိပေး ကြေညာထားသည့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသော မဲဆန္ဒရှင်စာရင်းများ ကြည့်ရှုစေရေး နှိုးဆော်ချက်များ၊ မဲဆန္ဒရှင်စာရင်းဆိုင်ရာမေးခွန်းနှင့်အဖြေများ၊ မိမိအမည်မတွေ့လျှင်ပုံစံ(၃)၊ မဲစာရင်းပါနေသူတစ်ဦးဦးကို ကန့်ကွက်ချင်လျှင်ပုံစံ(၄)၊ မဲစာရင်းပါနေသည့် အချက်အလက်ကိုပြင်ဆင်ချင်လျှင်ပုံစံ(၄-က)နှင့် မဲစာရင်းကပ်ထားမည့်နေရာ/အချိန်ကာလတို့ကို အကျယ်တဝင့် ပြသထားသည်။ **စန္ဒာ(ပြန်/ဆက်)**


## မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်


**နေပြည်တော် ဩဂုတ် ၁၅**

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး၊ ရခိုင်ပြည်နယ်တွင် ဒေသအလိုက်နှင့် နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**မိုး/ဇလ**



Searcher











## ရန်ကုန်-မော်လမြိုင် အမြန်ရထားတွဲဆိုင်း ဩဂုတ် ၂၂ ရက်မှစတင်၍ အစုန်/အဆန်ခရီးစဉ်ပြေးဆွဲမည်

**ရန်ကုန် ဩဂုတ် ၁၅**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားမှ ရန်ကုန်-မော်လမြိုင်လမ်းပိုင်း၌ ကိုရီးယားလေအိတ်အမြန်ရထားတွဲဆိုင်းအသစ် နှစ်စင်းဖြင့် အစုန်/အဆန်ခရီးစဉ်ကို ဩဂုတ် ၂၂ ရက်မှစတင်၍ နေ့စဉ် တစ်ပြိုင်တည်း ပြေးဆွဲသွားမည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ သိရသည်။

အဆိုပါလမ်းပိုင်း၌ပြေးဆွဲမည့် အမှတ် ၈၃ အဆန်အမြန်ရထားတွဲဆိုင်းမှာ ရန်ကုန်ဘူတာကြီးမှဩဂုတ် ၂၂ ရက် ည ၈ နာရီတွင် ထွက်ခွာပြီး မော်လမြိုင်ဘူတာသို့ နောက်နေ့ နံနက် ၅ နာရီ ၁၅ မိနစ်တွင် ရောက်ရှိမည်ဖြစ်ကာ ယင်းရက်တွင်ပင် အမှတ် ၈၄ အစုန် အမြန်ရထားတွဲဆိုင်းမှာလည်း မော်လမြိုင်ဘူတာမှ ည ၉ နာရီတွင်ထွက်ခွာပြီး ရန်ကုန်ဘူတာကြီးသို့ နံနက် ၆ နာရီတွင်ရောက်ရှိမည်ဖြစ်သည်။




ယင်းရထားခရီးစဉ်အတွက် ရထား လက်မှတ်ခနှုန်းထားမှာ တစ်ဦးလျှင် ရိုးရိုးတန်းကျပ် ၄၀၀၀နှင့် အထူးတန်းကျပ် ၈၀၀၀ဖြစ်ပြီး ရထားတွဲတစ်တွဲလျှင် ခရီးသည် ၃၃ ဦး စီးနင်းနိုင်သော အထက်တန်း ရထားတွဲ လေးတွဲ၊ ခရီးသည် ၄၄ ဦး စီးနင်းနိုင်သော ရိုးရိုးတန်းရထားတွဲ ငါးတွဲနှင့် ခရီးသည် ၄၄ ဦး လိုက်ပါစီးနင်းနိုင်သော ရိုးရိုးတန်းတွဲ (လူစီးဘရိတ်တွဲ) တစ်တွဲပါဝင်ကြောင်း သိရသည်။

**သတင်း-ပွင့်သစ္စာ၊ ဓာတ်ပုံ-စိုးမြင့်အောင်**

## ဖျားနာကုအခမဲ့ဆေးခန်းများ၌ တီဘီရောဂါ ကုသရန်လိုအပ်သူ လူနာ ၄၀ တွေ့ရှိ

**ရန်ကုန် ဩဂုတ် ၁၅**

ရန်ကုန်မြို့ရှိ ဖျားနာကုအခမဲ့ဆေးခန်းများတွင် ရွေ့လျားဓာတ်မှန်စက်ကြီးများဖြင့် တီဘီရောဂါရှိ၊ မရှိအခမဲ့စစ်ဆေးပေးလျက်ရှိရာ လာရောက်စစ်ဆေးသူ ၄၀၀ ခန့်တွင် သံသယလူနာ ၅၀ ရောဂါတွေ့ရှိခဲ့ပြီး ဆေးကုသမှုခံယူရန် လိုအပ်သည့်လူနာ ၃၀ နှင့် ၄၀ ကြားရှိကြောင်း Community Fever Clinic–Yangon Network မှ သိရသည်။

"အယောက် ၄၀၀ ဝန်းကျင် ဓာတ်မှန်လာရိုက်တယ်။ အယောက် ၅၀ က တီဘီသံသယထွက်လာတယ်။ သံသယမှာ သလိပ်စစ်ပြီးတော့ Confirm လုပ်တယ်။ Positive လူနာ ၃၀ နဲ့ ၄၀ ကြားထွက်တယ်။ အဲဒီလူနာတွေက တကယ်ဆေးကုသမှုခံယူဖို့လိုတယ်။ တချို့ကျတော့ ကုသမှုမခံယူတာရှိတယ်။ ကြောက်ပြီးတော့ လာမပြတာရှိတယ်။ အဲဒီအခါကျတော့ သူတို့နေထိုင်တဲ့မြို့နယ်ဒေသန္တရကတစ်ဆင့် ဆက်သွယ်ပြီးတော့ ကုသဖို့အတွက်ကိုနားလည်အောင်ရှင်းပြပြီး ပူးပေါင်းချိတ်ဆက်ဆောင်ရွက်ပေးပါတယ်"ဟု Community Fever Clinic–Yangon Network တာဝန်ခံဆရာဝန် ဒေါက်တာကျော်မင်းထွန်းက ပြောသည်။

"အဆိုးဆုံးက ဆေးယဉ်ပါးတီဘီက အလွန်ကြောက်ရတယ်။ တစ်ယောက်ဖြစ်ရင် နောက်လူတွေတန်းဖြစ်နိုင်တယ်။ သူနဲ့အနီးကပ်နေတဲ့သူ၊ ပြုစုတဲ့သူဆိုရင် အန္တရာယ်ရှိတယ်။ အဲဒါကြောင့် တီဘီကိုအမြစ်ပြတ်ကုသဖို့လိုတယ်။ အိမ်တစ်အိမ်မှာ ၁၀ ယောက်ရှိရင် ၁၀ ယောက်လုံးကူးနိုင်ခြေရှိတယ်။ အနီးကပ်သမားက ပိုကူးစက်နိုင်တယ်"ဟု ၎င်းက ဆက်လက်ပြောပြသည်။

**အေးမင်းသူ**

## ရေဝတီတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး ဟင်္သာတအကျဉ်းထောင်နှင့် မြို့မရဲစခန်း အချုပ်ခန်း ကြည့်ရှုစစ်ဆေး

**ဟင်္သာတ ဩဂုတ် ၁၅**

ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးဦးဝင်းမြင့်နှင့်အဖွဲ့သည် ယမန်နေ့ နံနက်ပိုင်းက ဟင်္သာတအကျဉ်းထောင်နှင့် မြို့မရဲစခန်း အချုပ်ခန်းတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးစဉ် ဟင်္သာတအကျဉ်းထောင်မှူး ဦးညွန့်ဘိုဝင်းက အကျဉ်းထောင်အတွင်း ပြစ်ဒဏ်ကျခံနေရသူများနှင့် အချုပ်ကျနေသူများ၏ ကျန်းမာရေး၊ နေထိုင်စားသောက်မှု၊ သောက်သုံးရေရရှိမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးနှင့်အဖွဲ့သည် အကျဉ်းထောင်အတွင်း အကျဉ်းကျခံနေရသူများ၊ အချုပ်ကျနေသူများနေထိုင်သည့်အဆောင်များ၊ ဆေးပေးခန်း၊ စားဖိုဆောင်များကို လှည့်လည် ကြည့်ရှုစစ်ဆေးခြင်း၊ အကျဉ်းကျနေသူ၊ အချုပ်ကျနေသူများ၏ နေရာထိုင်ခင်း သက်သာချောင်ချိမှု ရှိ-မရှိ၊ ကျန်းမာရေး မကောင်းပါက ဆေးကုသခွင့် ရ-မရ၊ ညှဉ်းပန်းနှိပ်စက်ခံရမှုများ ရှိ-မရှိ၊ အစားအသောက်နှင့် အာဟာရစားသုံးရသည့် အခြေအနေ၊ ဥပဒေနှင့်အညီ ရသင့်ရထိုက်သည့်အခွင့်အရေးများ ရ-မရတို့ကို မေးမြန်း၍ လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး ဟင်္သာတမြို့မရဲစခန်း အချုပ်ခန်းကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ကြံခင်း၊ မြန်အောင်နှင့် အင်္ဂပူမြို့မရဲစခန်းရှိ အချုပ်ခန်းများကို ဆက်လက်စစ်ဆေးခဲ့ကြောင်း သိရသည်။ **ကျော်ကျော်(ပြန်/ဆက်)**

## ဒဂုံမြို့နယ်၌ မဲဆန္ဒရှင်ပြည်သူများ အမည်စာရင်း ပြည့်စုံမှန်ကန်မှုရှိရေး ကွင်းဆင်းစစ်ဆေး

**ရန်ကုန် ဩဂုတ် ၁၅**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်၌ ၂၀၂၀ပြည့်နှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် အခြေခံမဲဆန္ဒရှင်စာရင်းများ ရပ်ကွက် ငါးရပ်ကွက်တို့တွင် သတ်မှတ်နေရာအသီးသီး၌ ကြေညာထားမှုကို ယမန်နေ့ မွန်းလွဲပိုင်းက မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအီနွယ်လှိုင်ပူ၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဒေါ်မေမေသန်းနှင့် ဌာနဆိုင်ရာကော်မတီဝင်များက ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

ကွင်းဆင်းစစ်ဆေးဆောင်ရွက်ရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူးက ရပ်ကွက်ကော်မရှင်တာဝန်ခံများအား ပြည်သူများမဲပေးရာတွင် လူဦးရေစာရင်းများ၊ မဲပေးမည့်သူများ၏အမည်စာရင်း ကျန်ရှိမှုမရှိစေရေး၊ ပြည်စုံမှန်ကန်မှုရှိစေရေး တို့ကို ဆွေးနွေးသည်။

ထို့နောက် ရပ်ကွက်အလိုက် ကော်မရှင်အဖွဲ့ဝင်များက မဲစာရင်းဆိုင်ရာပြင်ဆင်၊ ဖြည့်စွက်ရမည့်အချက်များကို ဆွေးနွေးတင်ပြကြရာ ကော်မရှင်အဖွဲ့ခွဲအတွင်းရေးမှူး ဒေါ်ပွင့်ဖူးမောင်မောင်က ပြန်လည်ရှင်းလင်းခဲ့သည်။

**ဇာဖြူဝင်း(ပြန်/ဆက်)**



## လှိုင်ကော်မြို့နယ်၌ ပုံမှန်ဝင်ငွေမရှိသည့် အိမ်ထောင်စုများအား ထောက်ပံ့ငွေပေးအပ်

**လှိုင်ကော် ဩဂုတ် ၁၅**

ကယားပြည်နယ် လှိုင်ကော်မြို့နယ်အတွင်းရှိ ပုံမှန်ဝင်ငွေမရှိသည့်အိမ်ထောင်စုများအား ဒုတိယအကြိမ်မြောက် နိုင်ငံတော်မှထောက်ပံ့သည့်ငွေပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းက မြို့နယ်အတွင်းရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၊ ဓမ္မာရုံနှင့် ခန်းမဆောင်တို့တွင် ပြုလုပ်ခဲ့သည်။

အဆိုပါထောက်ပံ့ငွေများ ပေးအပ်ရာတွင် ကယားပြည်နယ်ဝန်ကြီး ဦးခင်မောင်ဖြူနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရန်နိုင်ဝင်းတို့က လှိုင်ကော်မြို့နယ်အတွင်းရှိ ဈေးပိုင်းရပ်ကွက်၊ ဓမ္မာရုံရပ်ကွက်၊ ရွှေတောင်ရပ်ကွက်၊ မင်္ဂလာရပ်ကွက်၊ ရှမ်းစုရပ်ကွက်၊ ဒေါတမရပ်ကွက်၊ လောဓမ္မရပ်ကွက်၊ နမ့်ဘော်ဝမ်(က)ရပ်ကွက်၊ နမ့်ဘော်ဝမ် (ခ)ရပ်ကွက်၊ ဇေ-၅၀၀ ရပ်ကွက်၊ ဒေါဥခူရပ်ကွက်၊ မိုင်းလုံးရပ်ကွက်၊ ပန်ကန်းကျေးရွာအုပ်စု၊ မထောခူကျေးရွာအုပ်စု၊ လောပိတမြို့ ဒေါပေါ်ကလဲကျေးရွာအုပ်စု၊ နိုးကိုးကျေးရွာအုပ်စုတို့ရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စုအလိုက် သွားရောက်၍ ပုံမှန်ဝင်ငွေမရှိသည့် အိမ်ထောင်စုများထံသို့ လက်ဝယ်အရောက်ပေးအပ်ခဲ့သည်။

လှိုင်ကော်မြို့နယ်တွင် ပုံမှန်ဝင်ငွေမရှိသည့် အိမ်ထောင်စု ၇၁၃၁စုအတွက် အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ၂၀၀၀၀နှုန်းဖြင့် ထောက်ပံ့ငွေကျပ် ၁၄၂၆၂၀၀၀၀ ထောက်ပံ့ပေးအပ်ခဲ့ကြောင်းသိရသည်။ **စိုးလှိုင်ဌေး(ပြန်/ဆက်)**

## ကျောက်တန်းမြို့နယ်၌ မဲဆန္ဒရှင်စာရင်းများ မှန်ကန်စေရေးစစ်ဆေး

**ရန်ကုန် ဩဂုတ် ၁၅**

၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၈ ရက်တွင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် မဲဆန္ဒရှင်စာရင်းများကို မြို့နယ်အတွင်းရှိ သက်ဆိုင်ရာမဲရုံအသီးသီး၌ ကြေညာထားရာ ဩဂုတ် ၁၃ ရက်က ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ်အတွင်းရှိ မဲဆန္ဒရှင်ပြည်သူများ မဲပေးခွင့်ရရှိနိုင်ရေးအတွက် ကျောက်တန်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆန်းထွန်းလတ် (ကျောက်တန်းမြို့နယ်တာဝန်ခံ)၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးသောင်းဝင်းနှင့်တာဝန်ရှိသူများက ရပ်ကွက်ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးများတွင် မဲစာရင်းကပ်ထားမှုနှင့် ရပ်ကွက်၊ ကျေးရွာအတွင်း တစ်အိမ်ဆင်းတစ်အိမ်တက် လိုက်လံစစ်ဆေးလျက်ရှိသည်။

မဲဆန္ဒရှင်များအတွက်မဲစာရင်းများကိုသက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲရုံးများ၌ ကပ်ထားလျက်ရှိရာ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် စာရင်းတွင် မိမိအမည်ပါဝင်ခြင်းမရှိပါက ပုံစံ(၃)ဖြင့်တောင်းဆိုခြင်း၊ မဲစာရင်းတွင်အမည်စာရင်းမပါဝင်သင့်ဘဲ ပါဝင်နေပါက ပုံစံ(၄)ဖြင့် ကန့်ကွက်ခြင်း၊ မဲစာရင်း၌ ပါဝင်သည့်အချက်အလက်များ မှားယွင်းပါရှိနေပါက ပုံစံ(၄-က)ဖြင့်ပြင်ဆင်ရန် တောင်းဆိုနိုင်ကြောင်း သိရသည်။

ကျောက်တန်းမြို့နယ်အတွင်း ပထမအကြိမ်မဲဆန္ဒရှင်အမည်စာရင်းကပ်ထား ကြေညာရာ၌ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၅၈ ခုတွင် မဲဆန္ဒရှင်ပေါင်း ၁၂၇၃၅၁ဦးရှိကြောင်း သိရသည်။ **နိုးတူး(ကျောက်တန်း)**

## မိုင်းတုံမြို့နယ်၌ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ကွန်ကရစ်လမ်းသစ်ဖွင့်

**မိုင်းတုံ ဩဂုတ် ၁၅**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (VDP) ဖြင့် ဆောင်ရွက်သော ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကို ဩဂုတ် ၁၂ ရက်က မိုင်းတုံမြို့နယ် မဲကင်အုပ်စု ဝမ်မိုင်ကျေးရွာရှိ လမ်းသစ်မုခ်ဦး၌ ပြုလုပ်သည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ရှေးဦးစွာ လမ်းသစ်အား ရှမ်းပြည်နယ်(အရှေ့)ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဒေါ်ညွန့်ကြည်နှင့် ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးမင်းသန့်၊ မဲကင်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးစိုင်းစိုင်း၊ ဝမ်မိုင်ကျေးရွာရပ်မိရပ်ဖ ဦးစိုင်းဝိန်းကျောက်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါကွန်ကရစ်လမ်းသစ်သည် အရှည်ပေ ၆၅၀၊ အကျယ် ၁၂ ပေ ၊ ဒု ခြောက်လက်မရှိကာ နိုင်ငံတော်မှ ထောက်ပံ့ငွေကျပ်သိန်း ၁၀၀ ၊ ပြည်သူထည့်ဝင်ငွေကျပ် သိန်း ၂၀ စုစုပေါင်း ငွေကျပ်သိန်း ၁၂၀ ဖြင့် ဖောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ကြေးမုံ**

## အောင်ဘာလေထီတစ်စောင်ဈေးနှုန်း အမြင့်ဆုံး စံချိန်တင်ရောက်ရှိ

**ရန်ကုန် ဩဂုတ် ၁၅**

(၁၉)ကြိမ်မြောက် အောင်ဘာလေထီ ဖွင့်ပွဲ မတိုင်မီ ယခုဩဂုတ်လလယ်ပိုင်းမှ စတင်ကာ ထီထိုးသူအရေအတွက် များပြားလာမှုကို အခွင့်ကောင်းယူ၍ ထီပင်ရင်း ဆိုင်ကြီးများက ထီတစ်စောင် ငွေကျပ် ၁၂၀၀ မှ ၁၃၀၀ အထိ တိုးမြှင့်ရောင်းချနေသဖြင့် အောင်ဘာလေထီသမိုင်းတစ်လျှောက် ထီတစ်စောင်ဈေးနှုန်း စံချိန်တင် မြင့်တက်နေကြောင်း ထီရောင်းဝယ်သူများထံမှ သိရသည်။

" ထီက ကျွန်တော်တို့ အခုကိုယ်စားလှယ် တစ်ဆင့်ရောင်းအနေနဲ့ ဝယ်ရတာ၊ ဆိုင်ကြီးတွေကနေ ဒီလအတွက်ပေါ့၊ စဖွင့်တုန်းကတစ်စောင်ကို ကျပ် ၁၀၇၀၊ ၁၀၈၀ ဝယ်ရတယ်။ နောက် ဈေးများထပ်ဆင်းမလားလို့ ဒီရက်ပိုင်းတွေမှာသွားဝယ်တော့ ကျပ် ၁၁၀၀၊ ၁၁၁၀၊ ၁၁၂၀ နဲ့တစ်ခါဝယ်ရတယ်။ ဆိုင်ကြီးတွေရဲ့ကိုယ်စားလှယ်ရောင်းဈေးကတစ်ခုနဲ့တစ်ခုမတူသလို တစ်ရက်နဲ့တစ်ရက်လည်း မတူကြဘူး။ ဈေးကအတက်ပဲရှိသလိုဖြစ်နေတယ်။ မြို့ထဲမှာဆိုလည်း မိုးယံက အများဆုံးဆိုတော့ မိုးယံရဲ့ထီဖွင့်ဈေးကိုနားထောင်ပြီး အောက်က ထီဆိုင်တွေက ရောင်းကြတာ။ အခုရက်ပိုင်းမှာတောင် လက်လီ လှည့်ရောင်းနေတာ တစ်စောင်ကို ကျပ် ၁၃၀၀ အထိ ရောင်းနေရတယ်။ လကုန်ပိုင်းလောက်ဆိုရင်တော့ တစ်စောင်ကို ကျပ် ၁၄၀၀လောက်ထိဖြစ်မယ်လို့ထင်တယ်။ ကိုယ်စားလှယ်ဝယ်ဈေးကမြင့်တော့ နောက်ဆုံးထီထိုးတဲ့သူနဲ့ ကျွန်တော်တို့ လက်လီရောင်းတဲ့သူတွေ စကားတွေ ပြောရတာပေါ့။ ကျွန်တော်တို့လည်းအပြောအဆိုခံပြီး ရောင်းနေရတာပါပဲ" ဟု ထီကိုယ်စားလှယ် ရောင်းဝယ်သူ ဦးကျော်လွင်က ပြောသည်။



လက်ရှိတွင် အောင်ဘာလေထီရုံးမှ ထုတ်ဝေသော ထီတစ်စောင်တန်ဖိုးသည် ကျပ် ၉၀၀ ဝန်းကျင်ခန့်ရှိကြောင်း၊ ပြီးခဲ့သည့်လတွင် အက္ခရာ အလုံးရေ ၃၉ လုံး ထုတ်ဝေရာမှ ဩဂုတ်လ (၁၉) ကြိမ်မြောက် ထီဖွင့်ပွဲ အတွက် အက္ခရာနှစ်လုံးလျှော့ကာ ၃၇ လုံးဖြင့် ထုတ်ဝေသွားမည်ဖြစ်ကြောင်း သိရသည်။

ထီအက္ခရာတစ်လုံးတွင် အစောင်ရေ ၈၉၀၀၀၀ကျော် ထုတ်ဝေသည့်အတွက် အက္ခရာနှစ်လုံးလျှော့ထုတ်မည်ဖြစ်သောကြောင့် ထီအစောင်ရေ ၁၈ သိန်းနီးပါးလျှော့ထုတ်ကာ ကျပ်သိန်း၁၅၀၀၀မှ ကျပ် ၅၀၀၀၀ အထိ ထီဆုများပေါက်နိုင်ခြေ ယခင်ထက် များပြားလာမည်ဖြစ်ကြောင်း ထီအရောင်းအဝယ်အသိုင်းအဝိုင်းမှ သိရသည်။

ယခုအခါ ထီအရောင်းအဝယ်လောကတွင် မိုးယံရွှေလမင်းနှင့် မြတ်ဆုကုဋေသည် ထိပ်သီးကိုယ်စားလှယ်ဆိုင်ကြီးများဖြစ်ပြီး ရွှေမြန်မာ၊ မဟာလာဘ် ကိုယ်စားလှယ်ဆိုင်ကြီးများမှဖွင့်သော ကိုယ်စားလှယ်ထီဖွင့်ဈေးအတိုင်း၊ အခြားထီဆိုင်အသီးသီးမှ ဖွင့်ဈေးအနည်းအများအတိုင်း ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရသည်။

**မြင့်မောင်**

## ဝန်းသိုရှိ ဂျင်းမြေခင်းခြင်းနှင့် ရေနုတ်မြောင်း တူးဖော်ခြင်းဆောင်ရွက်

**ဝန်းသို ဩဂုတ် ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက Cash For Work စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ကျေးလက်နေပြည်သူများ စားဝတ်နေရေးအခက်အခဲကို ကုစားသည့်အနေဖြင့် လေးရွာကျေးရွာ၌ ရွာတွင်းလမ်းများ ဂျင်းမြေခင်းခြင်း၊ ရေနုတ်မြောင်းတူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ဦးစီးမှူး ဦးမြတ်မျိုးထွန်းက ပြောကြားသည်။

အဆိုပါ လေးရွာကျေးရွာ၌ ရွာတွင်းလမ်း အကျယ် ၁၀ပေ၊ ဒု ခြောက်လက်မဖြင့် အရှည် ၂၄၇၂ပေနှင့် အကျယ် ၁၂ ပေ၊ ဒု ခြောက်လက်မဖြင့် အရှည် ၂၀၃၂ ပေတို့ကို ဂျင်းမြေခင်းခြင်းနှင့် လမ်းဘေး ဝဲ/ယာ ရေနုတ်မြောင်းများ တူးဖော်ခြင်းလုပ်ငန်းများကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီဥက္ကဋ္ဌ ဦးတင်အုန်းနှင့် အုပ်စုအုပ်ချုပ်ရေးမှူး ဦးမြင့်တောင်တို့က ဦးဆောင်ကာ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ယခုအခါ ရွာတွင်းလမ်းများ ဂျင်းမြေခင်းခြင်းလုပ်ငန်းနှင့် လမ်းဘေး ဝဲ/ယာတွင် ရေနုတ်မြောင်းတူးဖော်ခြင်းလုပ်ငန်းများမှာ ၇၀ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း၊ ယင်းလုပ်ငန်းများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ Cash For Work စီမံကိန်းထောက်ပံ့ငွေကျပ် သိန်း ၁၀၀ ဖြင့် ကျေးရွာလူထုကိုယ်တိုင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မွေးကြူဇင်(မုံရွာကိုယ်ပွား)**

## ပန်းဘဲတန်းမြို့နယ်၌ မဲစာရင်းပြည့်စုံမှန်ကန်ရေး စစ်ဆေး

**ရန်ကုန် ဩဂုတ် ၁၅**

ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ်တွင် ပြည်သူများမဲပေးခွင့်မဆုံးရှုံးစေရေး၊ ပြည့်စုံမှန်ကန်သောမဲစာရင်းဖြစ်စေရန်အတွက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ခိုင်နှင့် အဖွဲ့သည် အိမ်တိုင်ရာရောက် ကွင်းဆင်းစစ်ဆေးခြင်းကို ယမန်နေ့ မွန်းလွဲပိုင်းက ပြုလုပ်ခဲ့သည်။

ပန်းဘဲတန်းမြို့နယ်ရှိပြည်သူများ မဲပေးခွင့်မဆုံးရှုံးစေရေး၊ ပြည့်စုံမှန်ကန်သော မဲစာရင်းဖြစ်စေရန် ကွင်းဆင်းစစ်ဆေးပေးခြင်းဖြစ်ကြောင်း၊ နောက်တစ်ကြိမ် မဲစာရင်းထုတ်ပြန်ကြေညာရာတွင် မဲဆန္ဒရှင်စာရင်းများအားလုံး ပြီးပြည့်စုံသောမဲဆန္ဒရှင်စာရင်းများဖြစ်စေရန်အတွက် အိမ်တိုင်ရာရောက် တစ်အိမ်ချင်း မြေပြင်ကွင်းဆင်းစစ်ဆေးပေးပြီး မဲပေးခွင့်ရှိသည့်အတိုင်း မဲပေးပိုင်ခွင့် မဆုံးရှုံးစေရန်ဆောင်ရွက်ခြင်းဖြစ်ကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ခိုင်က ပြောကြားသည်။

**နေခြည် (ပြန်/ဆက်)**

## ခေါင်လန်ဖူး၌ မဲဆန္ဒရှင်စာရင်းအချက်အလက်များမှန်ကန်ရေး ဆောင်ရွက်

**ခေါင်လန်ဖူး ဩဂုတ် ၁၅**

ခေါင်လန်ဖူးမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာများတွင် မဲဆန္ဒရှင်စာရင်းများကိုဇူလိုင် ၂၅ ရက်မှစ၍ ကပ်ထားကြေညာလျက်ရှိရာ မဲစာရင်းများတွင် အချက်အလက်များ မှန်ကန်မှုရှိစေရေးအတွက် မဲဆန္ဒရှင်များကလာရောက်ကြည့်ရှုကြပြီး ပြင်ဆင်လိုသည့်အချက်အလက်များကို သက်ဆိုင်ရာ ရပ်ကွက်နှင့် ကျေးရွာကော်မရှင်အဖွဲ့ခွဲရုံးများတွင် လျှောက်ထားလျက်ရှိကြောင်း သိရသည်။

ခေါင်လန်ဖူးမြို့နယ်အတွင်း ဇူလိုင် ၂၅ ရက်မှ ဩဂုတ် ၁၂ ရက်ထိ အမည်စာရင်းမပါရှိ၍ ပုံစံ(၃) ဖြင့် လျှောက်ထားသူ ၁၂၁ ဦး၊ မဲစာရင်းတွင် မပါဝင်သင့်သူများပါဝင်နေ၍ ပုံစံ(၄)ဖြင့် ကန့်ကွက်သူ ၇၉ ဦး၊ မဲစာရင်းတွင် ကိုယ်ရေးအချက်အလက်မှားယွင်းသဖြင့်ပုံစံ (၄-က)ဖြင့် ပြင်ဆင်ရန်လျှောက်ထားသူ ၂၀၁ ဦးရှိကြောင်းသိရသည်။

ခေါင်လန်ဖူးမြို့နယ်အတွင်း ရပ်ကွက် လေးရပ်ကွက်နှင့် ကျေးရွာအုပ်စု ၂၃ အုပ်စုတို့တွင် မဲရုံ ၃၆ ရုံထားရှိပြီး ဩဂုတ် ၁၃ ရက်အထိ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ စုစုပေါင်း ၈၄၆၉ ဦးရှိကြောင်း မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး ဦးစီးအရာရှိ ဦးနန်ဇေဖုန်ဂါရမ်ထံမှ သိရသည်။

**ငြိမ်းအိအိဖြိုး(ပြန်/ဆက်)**

## ဝါးခယ်မတံတားပေါ်၌ ယာဉ်များ ဖြတ်သန်းသွားလာခွင့်ပြု

**ဝါးခယ်မ ဩဂုတ် ၁၅**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်-ရွှေလောင်း-ဝါးခယ်မ-ကျုံမငေးလမ်း မိုင်တိုင်အမှတ်(၃၅/၅)ရှိ ဝါးခယ်မတံတား အဆင့်မြှင့်တင်ရေးစီမံကိန်းအား ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနက ဆောင်ရွက်ခဲ့ရာ ယခုအခါ မူလကြိုးတံတားမှ အခိုင်အမာ သံမဏိသံပေါင်တံတားအဖြစ် အဆင့်မြှင့်တင် တည်ဆောက် ပြီးစီးပြီဖြစ်၍ ယနေ့နံနက်ပိုင်းမှစတင်ကာ အများပြည်သူဆက်သွယ်သွားလာမှု အဆင်ပြေစေရန်အတွက် ယာဉ်များဖြတ်သန်းသွားလာခွင့်ပြုလိုက်ပြီဖြစ်သည်။



အဆိုပါ ဝါးခယ်မတံတားအဆင့်မြှင့်တင်တည်ဆောက်ရေးစီမံကိန်းအား ပြည်ထောင်စုရန်ပုံငွေကျပ်သန်းပေါင်း ၆၆၄၅ သန်း အကုန်ကျခံကာ ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တံတားအထူးအဖွဲ့ ၁၅ မှ တာဝန်ယူ တည်ဆောက်ခြင်းဖြစ်သည်။

အလားတူအဆိုပါလမ်း မိုင်တိုင် (၂၁/၀)ရှိ ရွှေလောင်းတံတားကိုလည်း မကြာမီ ဖွင့်လှစ်နိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ သိရသည်။

**သတင်းနှင့် ဓာတ်ပုံ-ပွင့်သစ္စာ**

## လိုင်လင်းပီမြို့၌ မဲဆန္ဒရှင်စာရင်းလျှောက်ထားသူ၊ ကန့်ကွက်သူနှင့် ပြင်ဆင်သူ ၂၈၄ ဦးရှိ

**လိုင်လင်းပီ ဩဂုတ် ၁၅**

ချင်းပြည်နယ် မတူပီမြို့နယ် လိုင်လင်းပီမြို့၌ ပထမအကြိမ်ကပ်ထားကြေညာသည့် အခြေခံမဲဆန္ဒရှင်စာရင်းများကို ဇူလိုင် ၂၅ ရက်မှစ၍ ဩဂုတ် ၁၄ ရက်အထိ ၂၁ ရက်တိုင် မြို့ပေါ်ရပ်ကွက်နှစ်ခု ဖြစ်သည့် အမှတ်(၁) ရပ်ကွက်ရှိ MTP Hall နှင့် အမှတ်(၂) ရပ်ကွက်ရှိ KTP Hall တို့တွင် ကပ်ထားကြေညာခဲ့ရာ အမည်စာရင်းလာရောက်ကြည့်ရှုသူဦးရေ ရာနှုန်းပြည့်နီးပါးရှိပြီး မဲဆန္ဒရှင်စာရင်းလျှောက်ထား၊ ကန့်ကွက်သူနှင့် ပြင်ဆင်သူဦးရေ ၂၈၄ ဦးရှိကြောင်း ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့၏ စာရင်းများအရ သိရသည်။

အဆိုပါ မဲဆန္ဒရှင်စာရင်းများ ကပ်ထားကြေညာထားရာ၌ အသက် ၁၈ နှစ်ပြည့်ပြီးသော်လည်း အမည်စာရင်းမပါရှိ၍ ပုံစံ(၃)ဖြင့် လျှောက်ထားလာသူ ၂၃၇ ဦး၊ မဲစာရင်းတွင် ပါဝင်ခွင့်မရှိဘဲ ပါဝင်နေသူများအား ပုံစံ(၄)ဖြင့် ကန့်ကွက်လာသူ ၄၆ ဦးနှင့် မဲစာရင်းတွင် အမည်ပါဝင်လာသော်လည်း အချက်အလက်များ မှားယွင်းနေခြင်းကြောင့် ပုံစံ (၄-က)ဖြင့် ပြင်ဆင်ပေးရန် လျှောက်ထားလာသူ တစ်ဦးရှိကြောင်း သိရသည်။

လိုင်လင်းပီမြို့သည် ရပ်ကွက်နှစ်ခုဖြင့် ဖွဲ့စည်းထားခြင်းဖြစ်ပြီး၂၀၂၀ပြည့်နှစ် နိုဝင်ဘာလတွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရာတွင် ရပ်ကွက်တစ်ခု၌ မဲရုံတစ်ရုံစီထားရှိမည်ဖြစ်ပြီး ပထမအကြိမ်ကပ်ထားကြေညာသည့်အခြေခံမဲဆန္ဒရှင်စာရင်းများ၌ ရပ်ကွက်နှစ်ခုပေါင်း မဲဆန္ဒရှင်စာရင်းဦးရေ စုစုပေါင်း ၁၅၄၀ ရှိကြောင်း သိရသည်။

**ယာကမ်(ပြန်/ဆက်)**

## အသင်းနှစ်သင်း နုတ်ထွက်မှုကြောင့် MNL ပြိုင်ပွဲ အမှတ်ပေးဇယား ပြန်လည်အတည်ပြု

**ရန်ကုန် ဩဂုတ် ၁၅**

မြန်မာနေရှင်နယ်လိဂ်သည် ၂၀၂၀ ရာသီ MNL အမှတ်ပေးပြိုင်ပွဲတွင် အသင်းနှစ်သင်း နုတ်ထွက်သွားသောကြောင့် ယင်းနှစ်သင်း၏ ရလဒ်အားလုံးကို ပယ်ဖျက်ကာ အမှတ်ပေးဇယားကို ပြန်လည်အတည်ပြုခဲ့သည်။

ကိုဗစ်-၁၉ ရောဂါကြောင့် ပြိုင်ပွဲရပ်နားထားသည့်ကာလတွင် ဇွဲကပင်အသင်းနှင့် ချင်းယူနိုက်တက်အသင်းတို့ နုတ်ထွက်ခဲ့မှုကြောင့် မြန်မာနေရှင်နယ်လိဂ်သည် ပွဲစဉ်ဇယား ပြန်လည်ရေးဆွဲခဲ့ရပြီး ယင်းနှစ်သင်း ယှဉ်ပြိုင်ထားသည့် ပွဲရလဒ်ကို ပယ်ဖျက်ခဲ့ကာ အမှတ်ပေးဇယားကို ပြန်လည်အတည်ပြုခဲ့သည်။ ထို့ကြောင့် အသင်းများ၏ရပ်တည်မှုအချို့ ပြောင်းလဲခဲ့ပြီး လက်ကျန်ပွဲများမှာ ပိုမိုစိတ်ဝင်စားစရာကောင်းခဲ့သည်။ ပြန်လည်ပြင်ဆင်ထားသည့် အမှတ်ပေးဇယားရပ်တည်မှုအရ ဟံသာဝတီအသင်းက ရှစ်ပွဲကစား ၂၂ မှတ်ဖြင့် ထိပ်ဆုံးမှ ဦးဆောင်နေပြီး ဧရာဝတီအသင်းက ခုနစ်ပွဲကစား ၁၇ မှတ်၊ ရန်ကုန်အသင်းက ခုနစ်ပွဲကစား ၁၄ မှတ်၊ ရခိုင်အသင်းက ခုနစ်ပွဲကစား ၁၃ မှတ်၊ ရှမ်းယူနိုက်တက်အသင်းက ခုနစ်ပွဲကစား ၁၁ မှတ်၊ စစ်ကိုင်းအသင်းက ရှစ်ပွဲကစား ၁၀ မှတ်၊ မကွေးအသင်းက ခုနစ်ပွဲကစား ခြောက်မှတ်၊ ရတနာပုံအသင်းက ခုနစ်ပွဲကစား လေးမှတ်၊ အား/ကာသိပ္ပံအသင်းက ခုနစ်ပွဲကစား သုံးမှတ်၊ Southern အသင်းက ခုနစ်ပွဲကစား တစ်မှတ် ရရှိထားသည်။

ရပ်နားထားသည့် MNL အမှတ်ပေးပြိုင်ပွဲကို ဩဂုတ် ၂၂ ရက်တွင် ပြန်လည်ကျင်းပမည်ဖြစ်ပြီး အောက်တိုဘာ ၃ ရက်တွင် ပြီးဆုံးမည်ဖြစ်သည်။ အမှတ်ပေးဇယားရပ်တည်မှုအရ ချန်ပီယံဆုအတွက် လက်ကျန်ပွဲတိုင်းမှာ ပြိုင်ဆိုင်မှုပြင်းထန်ဖွယ်ရှိနေသည်။

**ရှိုင်းထက်ဇော်**

# ဂျပန်အစိုးရနှင့် ပြည်သူများက ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တိုက်ဖျက်ရေးလုပ်ငန်းများတွင် အသုံးပြုရန် ဆေးဝါးနှင့် ကျန်းမာရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများ ထောက်ပံ့လှူဒါန်း



မြန်မာနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုရန်အတွက် ဂျပန်အစိုးရနှင့် ပြည်သူများက လှူဒါန်းသော ဆေးဝါးနှင့် ကျန်းမာရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများ တင်ဆောင်လာသောလေယာဉ်ကို ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တွေ့ရစဉ်။

**ရန်ကုန် ဩဂုတ် ၁၅**

ဂျပန်အစိုးရနှင့် ပြည်သူများက မြန်မာနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုရန်အတွက် ဆေးဝါးနှင့် ကျန်းမာရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများ ထောက်ပံ့လှူဒါန်းခြင်း အစီအစဉ်ကို ယနေ့ နံနက်ပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပြုလုပ်သည်။

ယင်းလှူဒါန်းမှုကို မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံရုံး၏ အစီအစဉ်ဖြင့် ပြုလုပ်ခြင်းဖြစ်ပြီး အဆိုပါ ဆေးဝါးနှင့် ကျန်းမာရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများ တင်ဆောင်လာသော အထူးလေယာဉ်သည် ယနေ့ နံနက် ၉ နာရီ ၁၀ မိနစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဆိုက်ရောက်လာရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံရုံးတို့မှ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် မြန်မာနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုရန်အတွက် ဆေးဝါးနှင့် ကျန်းမာရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများကို မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး မစ္စတာ အိချိရော့ မာရုယာမ က လွှဲပြောင်းပေးအပ်ရာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဆေးသုတေသနဦးစီးဌာနမှ စာမျက်နှာ ၇ ကော်လံ ၁ သို့ ✻

# နမ္မတူ၌ မဲဆန္ဒရှင်စာရင်းများ ကပ်ထားကြေညာခြင်းအား လာရောက်ကြည့်ရှုသူ ၉၀၄၅ ဦးရှိပြီး ပြင်ဆင်လျှောက်ထားသူ ၂၉၅၂ ဦးရှိ

**နမ္မတူ ဩဂုတ် ၁၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ္မတူမြို့နယ်၌ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များက ရပ်ကွက်/ကျေးရွာများအလိုက် ဇူလိုင် ၂၅ ရက်မှ ဩဂုတ် ၁၄ ရက်အထိ ၂၁ ရက်အတွင်း မဲဆန္ဒရှင်အမည်စာရင်းများ ပထမအကြိမ် ကပ်ထားကြေညာဆောင်ရွက်ထားရှိမှုအား လာရောက်ကြည့်ရှုသူ ၉၀၄၅ ဦးရှိပြီး ပြင်ဆင်လျှောက်ထားသူ ၂၉၅၂ ဦး ရှိကြောင်း သိရသည်။

ထိုသို့ နမ္မတူမြို့နယ်အတွင်း မဲဆန္ဒရှင်စာရင်း ပထမအကြိမ် ကပ်ထားကြေညာဆောင်ရွက်ထားရှိမှုအား ပြည်သူများ လာရောက်ကြည့်ရှုကြပြီး မဲစာရင်းတွင် အမည်ထည့်သွင်းပေးရန် ပုံစံ(၃)ဖြင့် လျှောက်ထားသူ ၁၈၄၉ ဦး၊ ကန့်ကွက်လွှာ ပုံစံ (၄)ဖြင့် လျှောက်ထားသူ ၅၁၃ ဦးနှင့် အချက်အလက်ပြင်ဆင်လွှာ ပုံစံ (၄-က)ဖြင့် လျှောက်ထားသူ ၅၉၀ ရှိကြောင်း မြို့နယ်ကော်မရှင် အဖွဲ့ခွဲအတွင်းရေးမှူး ဒေါ်ယမင်းရွှေစင်စိုးထံမှ သိရသည်။

နမ္မတူမြို့နယ်၌ ပထမအကြိမ် ကပ်ထားကြေညာသည့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင် ၃၀၄၃၃ ဦးရှိပြီး မဲရုံပေါင်း ၄၈ ရုံရှိကြောင်း သိရသည်။

လူမော် (ပြန်/ဆက်)

## ဘင်္ဂလားပင်လယ်အော်၌ မုတ်သုံလေ အားအလွန်ကောင်း

**နေပြည်တော် ဩဂုတ် ၁၅**

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ ယမန်နေ့က ဖြစ်ပေါ်ခဲ့သော လေဖိအားနည်းရပ်ဝန်းသည် အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ် မြောက်ပိုင်းကမ်းခြေနှင့် အနောက်ဘင်္ဂလားပြည်နယ်တို့ကို ဖြတ်ကျော်ဝင်ရောက်လျက်ရှိသည်။

ကပ္ပလီပင်လယ်ပြင်တွင် မုတ်သုံလေအားအသင့်အတင့်ရှိနေပြီး ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအလွန်ကောင်းနေသည်။

မိုး/ဇလ

## ကြေးမုံ ယနေ့ ဖတ်စရာ

အကျိုးအပြစ် ဆန်းစစ်နိုင်းချိန် သုခမိန်ပမာ
စာမျက်နှာ » ၁၁

ကမ္ဘာပေါ်ရှိ ၄၃ ရာခိုင်နှုန်းသော စာသင်ကျောင်းများ၌ လက်ဆေးရန် လိုအပ်သည့် ပစ္စည်းများမရှိဟု ကုလသမဂ္ဂ ပြောကြား
စာမျက်နှာ » ၁၃

မြဝတီမြို့ မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေး တံတားမှ မြန်မာရွှေ့ပြောင်းလုပ်သား ၃၁၁ ဦး ဆက်လက်ဝင်ရောက်
စာမျက်နှာ » ၁၆



# ချင်းတိုင်းရင်းသားတို့ မြတ်နိုးအားထားရသော ဘွေနူးမြစ်

မင်းလပြည့်(ဟားခါး)



ဘွေနူးမြစ်ကို ချင်းတိုင်းရင်းသားများ သိကြသည်။ ကြားဖူးကြသည်။ ဘွေနူးမြစ်ကား ချင်းတိုင်းရင်းသားတို့အား အကျိုးပြုသော မြစ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ဖော်ဆောင်ပေးသော မြစ်တစ်စင်းဖြစ်သည်။ ဘွေနူးဆိုသည်မှာ ဟားခါးဒေသ စကားအရ "သခင်မ" ဟု ဆိုလိုသည်။ ဇိန်မှူ တောင်ခြေရင်းတွင် လိုင်တီလီကန် ရှိပါသည်။ ဤကန်ဘေးတွင် ရှေးအခါက ရှောက်၊ လိမ္မော်၊ ကြံပင် သဘာဝသစ်ပင်များ ပေါက်ရောက်သည်။ ယခုမူကား မရှိတော့၊ သေဆုံးကုန်ပြီ ဖြစ်သည်။ တောပန်းတောင်ပန်း သဘာဝပန်းမျိုးစုံ ပေါက်ရောက်သည်။

တောင်ကုန်းတောင်တန်းထူထပ်သော ချင်းပြည်နယ်အတွက် အဖိုးတန်ရတနာတစ်ပါး၊ မြတ်နိုးအားထားရသည့် နှလုံးသားတစ်ခု ဆိုလျှင် မမှားပေ။ လိုင်တီလီမှအစပြုကာ တောင်ဘက်သို့ စီးဆင်းသွားသည်။ လိုင်တီလီတွင် လိုင်ဆိုသည်မှာ ချင်း၊ တီလီဆိုသည်မှာ ကန်ဟု အဓိပ္ပာယ်ရသည်။ လိုင်တီလီကား တောမြိုင်ကြီးထဲ စီးဆင်းသည်။ ထန်တလန် ကားလမ်းနံဘေးတွင် တီမြစ်ဟု ခေါ်ဆိုကြသည်။ သီတာချောင်းရေနှင့် ပူးပေါင်းသည်။ သီတာရေသည် အနောက်ဘက်မှ စီးဝင်သည်။ စာရေးဆရာကြီးသိန်းဖေမြင့်က ဝိသေသတိုင်းသမိုင်းအစစာအုပ်တွင် ရေးသားခဲ့ပါသည်။ တီမစ်ချိုင့်ဝှမ်းကို လယ်ယာအဖြစ် ထွန်ယက်ကြသည်။ ငါးကန်ပြုလုပ်လျက် ငါးမွေးကြသည်။ ရေချိုငါးထုတ်ယူကြသည်။

လိုင်တီလီမှအစပြုပြီး ဆင်းသောရေကား တောင်ဘက်သို့ စီးဆင်းသွားရာမှ ဘွန်လုံးရွာ အလွန်နေရာမှ "ဘွေနူးမြစ်"ဟု ခေါ်တွင်ကြသည်။ ဘွေပါးတောင်ကြော ကွေ့ကာပတ်ဝေ့ စီးဆင်းသွားသည်။ ကမ်းပါးတွင် လယ်ယာမြေ လှေကားထစ် ဖော်ကြသည်။ ဆူရှံရွာ၊ ဖိုင်ယောင်၊ ဖိုင်ဖာရွာသားတို့၏ လယ်ယာများ ဖော်ထုတ်ကြသည်။ ဟားခါးမြို့နယ် ဖိုင်ယောင်ရွာမှ ရိုးရာခွာရ်ကျွဲပွဲ စတင်ပေါ်လာသည်ဟု ဆိုကြသည်။ ဤဘွေနူးချောင်းကို အခြေခံလျက် ဟားခါးနှင့် မတူပီမြို့နယ်၊ မတူပီနှင့် ထန်တလန်မြို့နယ် နယ်နိမိတ်အဖြစ် သတ်မှတ်ထားကြသည်။ လုံခင်းရွာနား၊ ဘွေနူးကမ်းပါးတွင် လုံခင်းကျောက်ဂူ (ကျောက်ချွန်)ကိုလည်း တွေ့ရသည်။ တစ်ချိန်က နတ်တို့စံမြန်းရာ နတ်တို့ဗုံမောင်း တီးထုသံကိုလည်း ကြားရသည်။

ဘွေနူးချောင်းသည် ဆင်ထန်မျိုးနွယ်စု၊ ဇိုတုန်မျိုးနွယ်စုနှင့် လောက်တူမျိုးနွယ်စုတို့ နေထိုင်ရာဒေသမှ အနောက်ဘက်သို့ စီးဝင်သွားသည်။ ထန်တလန်နှင့် မတူပီနယ်စပ် နှာရိန်၊ လေကန်း၊ ဆာတဲရွာသားတို့၏ မြေလယ်ယာကိုလည်း မြင်တွေ့ရသည်။ ဘေလီတံတားကြီးကိုလည်း အခိုင်အမာ တည်ဆောက်ထားသည်။

ဘွေနူးမြစ်သည် အရှေ့ဘက်မှ အနောက်ဘက်ဆီသို့ ဖြတ်သန်းစီးဆင်းသည်။ ဇိုဖေ၊ မရာမျိုးနွယ်စုများ နေထိုင်ရာ နယ်ပယ်ကို ဖြတ်ဝင်သည်။ အဆိုပါနေရာတစ်ဝိုက်တွင် တောင်ယာလုပ်ငန်းဖြင့် အသက်မွေးကြသည်။

ဘွေနူးမြစ်သည် ချင်းပြည်နယ်ကို ဖြတ်ကျော်ကာ လူရှေတောင်တန်း၊ မီဇိုရမ်ပြည်နယ်ထဲ စီးဆင်းသည်။ သွေးချင်းမီဇိုတို့က ချိမ်တွီပွီးဟု ခေါ်ဆိုကြသည်။ မီဇိုရမ်ပြည်နယ်အတွင်း မြောက်မှတောင်ဘက်သို့ စီးဝင်သည်။

" တောင်ကုန်းတောင်တန်းထူထပ်သော ချင်းပြည်နယ်အတွက် အဖိုးတန်ရတနာတစ်ပါး၊ မြတ်နိုးအားထားရသည့် နှလုံးသားတစ်ခု ဆိုလျှင် မမှားပေ။ လိုင်တီလီမှအစပြုကာ တောင်ဘက်သို့ စီးဆင်းသွားသည်။ လိုင်တီလီတွင် လိုင်ဆိုသည်မှာ ချင်း၊ တီလီဆိုသည်မှာ ကန်ဟုအဓိပ္ပာယ်ရသည်။ လိုင်တီလီကား တောမြိုင်ကြီးထဲ စီးဆင်းသည်။ ထန်တလန်ကားလမ်းနံဘေးတွင် တီမြစ်ဟု ခေါ်ဆိုကြသည်။ သီတာချောင်းရေနှင့် ပူးပေါင်းသည်။ သီတာရေသည် အနောက်ဘက်မှ စီးဝင်သည်။ စာရေးဆရာကြီးသိန်းဖေမြင့်က ဝိသေသတိုင်းသမိုင်း အစစာအုပ်တွင် ရေးသားခဲ့ပါသည်။ တီမစ်ချိုင့်ဝှမ်းကို လယ်ယာအဖြစ် ထွန်ယက်ကြသည်။ ငါးကန်ပြုလုပ်လျက် ငါးမွေးကြသည်။ ရေချိုငါး ထုတ်ယူကြ

တိုးတော၊ ကျွန်းတောကို ဖြတ်သန်းသည်။ ကောလ်စောနှင့် လောင်တလိုင်းအကြား ကားလမ်းမကြီးပေါ်တွင် ဘေလီတံတားကြီး အခိုင်အမာ ဆောက်လုပ်ထားသည်။

ထိုနေရာတစ်ဝိုက် မြောက်ဘက်မှ တောင်ဘက်ဆီသို့ဦးတည်ကာ ကွေ့ဝိုက်စီးဆင်းသွားသည်။ အပူပိုင်းဒေသ ဝါးတောကို ဖြတ်သန်းပြီး ချင်းပြည်နယ် ပလက်ဝမြို့နယ် သွေးချင်းခမီတို့ဒေသထဲ စီးဆင်းသွားသည်။ ကမ်းစပ်ကမ်းပါးတွင် ကျေးရွာများ တည်ထောင်ကာ နေထိုင်အခြေချကြသည်။

သွေးချင်းခမီတို့၏ ရေကြောင်းဆက်သွယ်ရေးတွင် အဓိကအရေးပါသည်။ ဖောင်လှေနာဝါများ ပြေးဆွဲနိုင်ပြီ ဖြစ်သည်။ ခမီးဒေသ (ပလက်ဝမြို့နယ်)တွင် ကုလားတန်မြစ်ဟု ခေါ်ဝေါ်ကြသည်။ ကုလားတန်မြစ် အနောက်ဘက်လမ်းတွင် ပလက်ဝမြို့ တည်ထားသည်။ ကုလားတန်မြစ်ကူးတံတားကြီးလည်း တည်ဆောက်ထားပြီ ဖြစ်သည်။

ကမ်းစပ်နုန်းတင် မြေနုများပေါ်တွင် ဆေး၊ ငရုတ်၊ ဘူးဖရုံနှင့်တကွ သီးပင်စားဖွယ် အသီးအနှံများ အစီအရီစိုက်ထားကြသည်။ လယ်မြေများ ထွန်ယက်လုပ်ကိုင်နေကြသည်။

ကုလားတန်မြစ်သည် တောင်ဘက်ဆီသို့ ဦးတည်စီးဆင်းသွားသည်။ မီးချောင်းနှင့် ပူးပေါင်းသည်။ ရခိုင်ပြည်နယ်ထဲရောက်ရှိကာ ကစ္ဆပနဒီဟု ခေါ်တွင်သည်။ ကျောက်တော်မြို့အနီးတွင် ကစ္ဆပနဒီတံတားကြီး ဆောက်လုပ်ထားသည်။ ဘင်္ဂလားပင်လယ်အော်ထဲ စီးဝင်သွားလေသည်။

ဘွေနူးမြစ်သည် ချင်းပြည်နယ်တွင် အရှည်ဆုံးသော မြစ်ကြောစုဒီ ဖြစ်သည်။ စီးဆင်းပုံမှာ တစ်မျိုးထူးဆန်းသည်။ မြောက်ဘက်မှ တောင်ဘက်ဆီသို့၊ ထိုမှတစ်ဆင့် အရှေ့ဘက်မှ အနောက်ဘက်ဆီသို့ အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်ထဲ၊ ထိုမှ ချင်းပြည်နယ် ပလက်ဝမြို့နယ်ထဲ၊ ရခိုင်ပြည်နယ်ထဲ စီးဆင်းကာ နာမည်လည်း ဘွေနူး၊ အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်တွင် ချိမ်တွီပွီး၊ ချင်းပြည်နယ် တောင်ပိုင်း ပလက်ဝတွင် ကုလားတန်မြစ်နှင့် ရခိုင်ပြည်နယ်တွင် ကစ္ဆပနဒီစသဖြင့် ခေါ်ဝေါ်ကြသည်။ ချင်းလူမျိုးများ၏ ရေချိုသားငါး ထုတ်ယူရာမြစ်ချောင်း ဖြစ်သည်။ ချောင်းကူးတံတားကြီးငယ်အသွယ်သွယ် တည်ဆောက်ထားသည့်မြစ်ချောင်း ဖြစ်သည်။ ပလက်ဝနယ်တွင် အဓိကရေကြောင်း ဆက်သွယ်ရေးအဖြစ် အသုံးပြုသည်။ စစ်တွေ၊ ကျောက်တော်မှ ပလက်ဝအထိ မိုးရာသီတွင် သင်္ဘောများ စုန်လာဆန်ချီ ပြေးဆွဲနေသည်။

ဘွေနူးမြစ်နှင့်ပတ်သက်၍ ဇိုတုန်လူမျိုးနွယ်စု ဘိုးဘွားများပြောသော ပါးစပ်ရာဇဝင်များ ရှိသည်။ ဘွေနူးချောင်းနှင့် ရေဇွာမြို့အနီးရှိဝယ်ဖူးချောင်းတို့မှ မြေနေရာကောင်း စီးဆင်းရန် ပြိုင်ကြသည်။ ဝယ်ဖူးဆိုသည်မှာ "ဝယ်=ဗိုက်၊ ဖူး=ထမ်းသည်"ဟု အနက်အဓိပ္ပာယ်ရသည်။ ဘွေနူးက နံနက် စောစော နေရာကောင်းဦးသွားသဖြင့် ဘွေနူးက နေရာကျယ်ပြန့်သောလယ်ကွင်းများအနီး စီးဆင်းရန်၊ ဝယ်ဖူးချောင်းမှာ နောက်ကျသဖြင့် ခက်ခဲသောတောင်ကြိုတောင်ကြားများမှ စီးဆင်းရန်၊ ဝယ်ဖူးချောင်းမှ ဘွေနူးမြစ်နှင့် ဆုံမည့်နေရာတွင် "သူငယ်ချင်းရေ အတူပေါင်းစည်းကြမည်၊ နှစ်စဉ် လူတစ်ဦးပါလာပေးမည်"ဟု ကတိပေး ပြောဆိုခဲ့ကြောင်း သိရသည်။

ဘွေနူးမြစ် (ခေါ်)မြစ်သခင်မ
ဘွေနူးခေါ်မည် မြစ်နဒီလျှင်
ရေကြည်ဖြာဆင်း မြရောင်လင်းနှယ်
ဟားခါးနယ်ဆီ လိုင်တီလီမှ
မြစ်ဖျားစခါ စီးဆင်းလာ၏။
ထန်တလန်မြို့ ကားလမ်းသို့ဝင်
ထိုမြစ်ပြင်ကို ခေါ်ဆိုတီမစ်
နာမသစ်ဖြင့် ပေးရစ်လေပြန်
မြစ်ယံကမ်းပါး နုန်းသားမြေနု
ပေါ်စပြုလျှင် ထွန်ရေးငင်ခါ
စိုက်ကြရှာသည် ရွှေဝါရောင်ဖက်
လယ်ကွင်းဆက်ကာ ဝင်းမှည့်ဖြာ၏။
ဘွေနူးမြစ်ကား ဘွေပါးတောင်ကြော
လျှိုမြောင်ဇလပ် မြိုင်တောဖြတ်လျက်
မြောက်မှတောင်ဆီ စီးဆင်းသည်မှာ
သဘာဝတရား ဖန်ဆင်းထားသည့်
ဤမြစ်ယမုန် တောင်ကြောခွင်ကား
ရင်ဝယ်ကြည်နူး ပျော်ရွှင်မြူးဖွယ်
ရှုကြည့်မဆုံး ရှုံးမဆုံးပင်။
မတူပီနယ် ရောက်ခဲ့လေရ
အရှေ့မှသည် အနောက်ဆီသို့
ဝိုက်လည်တစ်မှောင့် ဖြောင့်ချီတသွင်
မြစ်ပြင်ကောက်ကွေး တံစဉ်ရေးနှယ်

»»» အထူးကဏ္ဍစာမျက်နှာ (ခ) သို့

# မေယုဒေသက ရခိုင်ရိုးရာဓလေ့ ဝါဆိုပန်းခူးပွဲ

## ❂ အောင်ကြည်မိုး(စစ်တွေ)




ဝါဆိုလသည် မိုးဖြိုင်ဖြိုင်ရွာချသောအချိန်ကာလဖြစ်၍ သစ်ပင်ပန်းပင်တို့စိမ်းလန်းစိုပြည်ကာ အပွင့်လှိုင်လှိုင် ပွင့်ကြသော အခါသမယလည်းဖြစ်ပေသည်။ စာရေးသူ လူပျိုပေါက်အရွယ်က ဝါမဝင်မီ ဝါဆိုပန်းခူးခဲ့သည်ကို သတိရနေပါ၏။ လမြတ်ဝါဆိုခါနီး မိုးပြေးနှင့်အတူ အပေါင်းအဖော်များနှင့် ဝါဆိုပန်းခူးခဲ့ကြသည့် မြင်ကွင်းက စိတ်ကူးထဲ၌ စည်ကားသိုက်မြိုက်လျက်ရှိနေသည်။ ဝါဆိုပန်းများပွင့်သော ဝါဆိုလသည် ဗုဒ္ဓဘာသာဝင်များအတွက် ထူးခြားသော လထူး၊ လမြတ်ဖြစ်သလို ရဟန်းသံဃာတော်များ ဝါဆို၊ ဝါကပ်တော်မူသော လလည်းဖြစ်သည်။ ဘုရားရှင်သာသနာတော်ရှိ ရဟန်းတော်တို့သည် ဤဝါဆိုလပြည့်နေ့တွင် ဝါတွင်းသုံးလပတ်လုံး မိမိတို့၏ ကျောင်းပရိဝုဏ်အတွင်းမှ အရပ်တစ်ပါးသို့ ရွှေ့ပြောင်းသွားလာခြင်းမပြုပါဟူသော ပဋိညာဉ်ဖြင့် ဝါဆို၊ ဝါကပ်မှုများကို ပြုကြရသည်။

ဗုဒ္ဓဘာသာဝင်ရခိုင်လူမျိုးတို့သည် စားနပ်ရိက္ခာအတွက် လယ်ယာလုပ်ငန်းကိုကြိုးစားလုပ်ကိုင်ရင်း တစ်ဖက်ကလည်း ဝါဆိုလပြည့်နေ့၌ ကျောင်းကန်ဘုရားများသို့သွားရောက်၍ ဝါဆိုပန်းများကပ်လှူခြင်း၊ ဓမ္မစကြာတရားတော်များကို ရွတ်ဖတ်သရဇ္ဈာယ်ခြင်းများ ပြုကြသည်။ ဝါတွင်းသုံးလတွင် အခြားကာလများထက်ပို၍ အလှူဒါနများပြုခြင်း၊ သီလဆောက်တည်ခြင်း၊ တရားဘာဝနာများ ကျင့်ကြံအားထုတ်ခြင်းလည်း ပြုကြသည်။

ဝါဆိုလသည် မြန်မာ့ရာသီစက်ဝန်း၏ စတုတ္ထမြောက်လဖြစ်ပြီး နွေတစ်ပိုင်း၊မိုးတစ်ပိုင်း လရာသီဖြစ်သည်။ ဇွန်လနှင့်ဇူလိုင်လတို့တွင် ကျရောက်သည်။ ဝါဆိုလတွင် မြင့်မိုရ်တောင်၏ အရံတောင်တစ်လုံးဖြစ်သော ယုဂန္ဓိုရ်တောင်ပေါ်တွင် ပြုဗ္ဗာသာဋ်နက္ခတ်ထွန်းပေါ်သော ရာသီလည်းဖြစ်သည်။ ရာသီခွင်အရမူ ဝါဆိုလကို "ကြကဋ်"၊ "ကရကဋ်" ရာသီဟု ခေါ်ဆိုကြသည်။ "ကိုးခွင်ငယ်မှိုင်းပါလို့ မြင်တိုင်းမှာတွဲမည်းညို၊ လွဲလွဲငယ်စို၊ ယုဂန္ဓိုရ်တောင်မဟာက၊ ပြုဗ္ဗာသဋ်ထွန်းတဲ့လကိုလေး။ ဆင်တာရာငယ်ရာသီကရကဋ်၊ နရိန္ဒာလဲ၊ ညာတောင်နတ်နှင့်၊ ဖိုလ်မြတ်ကယ်နိဗ္ဗူ အောင်ဆုယူလို့၊ ရှစ်ဖြူရိပ်စံ၊ ပဉ္စင်းတော်ခံသောအခါ၊ ရေလျှံတဲ့ ဝါဆိုမှာ၊ ပုန်းညက်ညိုမြာလာမင်းကသင်းလှတယ်လေး" ဟူ၍ မဟာအတုလမင်းကြီးက ဆယ်နှစ်လရာသီဘွဲ့ လွမ်းချင်းတွင် အထက်ပါအတိုင်း ဝါဆိုလကိုဖွဲ့ဆိုထားခဲ့သည်။ ဝါဆိုလသည် မြန်မာ့ဆယ့်နှစ်လတွင် နေ့တာအရှည်ဆုံးလဖြစ်သလို ဗုဒ္ဓသာသနာတော်တွင် ထူးခြားသည့်ကာလလည်းဖြစ်နေရသည်။ ဝါဆိုလကို ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးက "သုံးလူ့ရှင်ပင်၊ ကျွန်းထိပ်တင်၊ သောင်းခွင်စကြာဝဠာ၊ နတ်ဗြဟ္မာတို့၊ ညီညာရုံးစု၊ တောင်းပန်မှုကြောင့်၊ ရတုနဂိုရ်၊ ရွှန်းရွှန်းစိုသည်၊ ဝါဆိုလပြည့်၊ ကြွက်မင်းနေ့ဝယ်၊ ချမ်းမြေ့ ကြည်ဖြူသန္ဓေယူသည်" ဟု မှတ်တမ်းတင်ခဲ့သည်။

ရဟန်းသံဃာတော်များ ဝါဆိုလ၌ ဝါဆိုသည့်အခါ ပူဇော်ဆက်ကပ်နိုင်ဖို့ ဝါဆိုပန်းနှင့် ဝါဆိုဖယောင်းတိုင်ကြီးများအား ဘုန်းတော်ကြီးကျောင်းများ၌ လှူဒါန်းကြရာမှ ဝါဆို ပန်းခူးဓလေ့ရခိုင်ဒေသ၌ ရှိလာနေရခြင်းဖြစ်သည်။ ဝါဆိုလ၌ ဝါဆိုပန်းခူး၍ ဘုရားစေတီပုထိုးများ၌ ဝါဆိုပန်းကပ်လှူခြင်းသည် ရခိုင်လူမျိုးတို့၏ ရိုးရာဓလေ့ တစ်ခုဖြစ်သည်။ ဝါဆိုလပြည့်ကျော်တစ်ရက်နေ့ကို ဝါဆိုပန်းခူးနေ့ဟု သတ်မှတ်ပြီး တချို့ရခိုင်ဒေသများ၌ ဝါမဆိုမီနေ့အား ဝါဆိုပန်းခူးနေ့ဟု သတ်မှတ်ထားကြသည်။ မေယုဒေသ၊ မောင်တောခရိုင်၌ ဝါဆိုလပြည့်ကျော်နေ့တွင် ဝါဆိုပန်းခူးပွဲကို စည်ကားသိုက်မြိုက်စွာကျင်းပနေကြသည်။ စာရေးသူတို့လူပျိုပေါက်ဘဝတုန်းက ဝါမဆိုမီနေ့၌ ရွာမှအမျိုးသား၊ အမျိုးသမီးများစုပေါင်း၍ ရွာနှင့်နီးစပ်ရာတောတန်းများသို့ ပန်းခူးခဲ့ကြသည့်ဓလေ့ ရှိနေခဲ့သည်။ အလေ့ကျပေါက်နေသော တောရိုင်းပန်းများကို လိုက်လံခူးဆွတ်ကြရပေသည်။

အချို့သော ရခိုင်ကျေးလက်ဒေသများတွင် အပျို၊ လူပျိုများ လှေများဖြင့်စုဖွဲ့ကာ ချောင်းရိုးတစ်လျှောက် ကမ်းစပ်နံဘေး၌ အလေ့ကျပေါက်သောပန်းများကိုခူး၍ လှေဦး၌ အလေးမြတ်ထား၍ ယူဆောင်လာကြသည်။ ဝါဆိုလပြည့်နေ့ည ရွာဦးဘုန်းကြီးကျောင်း၌ ဘုရားပန်းအိုးများ၌ ပန်းထိုးခြင်း၊ ဝါဆိုဖယောင်းတိုင် ထွန်းညှိခြင်းနှင့် ဘုရား၊ တရား၊ သံဃာရတနာသုံးပါးကို ဝါဆိုပန်းကပ်လှူပူဇော်၍ ကုသိုလ်ယူတတ်ကြသည်။ ဝါဆိုပန်းခူးဓလေ့သည် ပျော်ရွှင်စရာအလွန်ကောင်းသည့် ရခိုင်ရိုးရာဓလေ့တစ်ခုအဖြစ်ရှိနေဆဲဖြစ်သည်။

ရခိုင်ပြည်နယ်၊ မေယုဒေသ၊ ဘူးသီးတောင်မြို့နှင့် မောင်တောမြို့တို့၌ အပျို၊ လူပျို ကာလသား၊ ကာလသမီးများက မေယုတောင်ကြားတွင် စုပေါင်းကာ အလေ့ကျပေါက်သောပန်းများကို လိုက်လံခူးဆွတ်ကြပြီး ဘုန်းကြီးကျောင်းများနှင့် ဘုရားစေတီများတွင် လိုက်လံလှူဒါန်းကြ၏။ အဆိုပါ ဝါဆိုပန်းခူးဓလေ့အား ရခိုင်တို့၏မွန်မြတ်သောရိုးရာဓလေ့တစ်ခုအဖြစ်မေယုဒေသ၊မောင်တောခရိုင်၌ ယနေ့တိုင်ထိန်းသိမ်းထားနိုင်ဆဲဖြစ်သည်။

ဝါဆိုလပြည့်ကျော်တစ်ရက်နေ့တွင် မောင်တောခရိုင်ရှိ ဘူးသီးတောင်မြို့နှင့်မောင်တောမြို့များမှ မြို့သူ၊ မြို့သားများသည် ဘူးသီးတောင်-မောင်တော ကားလမ်းဘေး မေယုတောင်ကြားရှိတောအုပ်များ၌ ကားကြီး၊ ကားငယ်အသွယ်သွယ်ဖြင့် တစ်ရက်လုံးနီးပါး ဝါဆိုပန်း ခူးဖို့လာရန် စုပေါင်းလာရောက်ကြသည်။ ရပ်ကွက်အသီးသီးမှ မိသားစုအလိုက်၊ သူငယ်ချင်းစုအလိုက် ကားများဖြင့်လာရောက်၍ နံနက်ပိုင်းတွင် ထမင်းကို စုပေါင်းချက်ပြုတ်စားကြပြီး နေ့လယ်ပိုင်းတွင် ဝါဆိုပန်းခူးကြသည်။

အချုပ်အားဖြင့်ဆိုရသော် ဝါဆိုပန်းခူး၍ ဝါဆိုပန်းကပ်လှူခြင်းသည် ရခိုင်လူမျိုးတို့၏ ရိုးရာဓလေ့တစ်ခုဖြစ်သော်လည်း ယနေ့အချိန်တွင် တောပန်းများခူးရန် တောတောင်ရေမြေ ရှားပါးလာခြင်း သဘာဝပတ်ဝန်းကျင် ဂေဟစနစ်ပြောင်းလဲလာခြင်း စသည်တို့ကြောင့် ဝါဆိုပန်းခူးဓလေ့ ပျောက်ကွယ်ရမည့် အခြေအနေသို့ရောက်ရှိလာနေသည်။ သို့သော်လည်း မေယုဒေသ၊ မောင်တောခရိုင်၌ ရခိုင်ရိုးရာ ဝါဆိုပန်းခူး ဓလေ့အား ထိန်းသိမ်းစောင့်ရှောက်လျက်ရှိနေပါကြောင်း တင်ပြလိုက်ရပါသည်။ ။

---

»»» အထူးကဏ္ဍစာမျက်နှာ (က) မှ

**ဖြည်းဖြည်းညင်သာ စီးဆင်းလာသည်**
**တီတော၊ ဆရာ၊ ဝယ်ဖူးနှင့်**
**တီအောဗာပေါင်းပြန်**
**စိမ်းလန်းရှုမော ထင်းရှူးတောနှင့်**
**တောင်တန်းလူရှေ့ ထိုဌာနေဆီ**
**မီဗိုရမ်ထဲ စီးဆင်းဆဲဝယ်**
**နာမည်ခေါ်ငြီး ချိမ်တွီပွီးဟု**
**သညာပြုပေ ထိုမြစ်ဘွေမှ**
**ဖောလှနာဝါ ရွက်လွှင့်ကာလျှင်**
**စုန်လာဆန်ချီ သွားကြပြီတည့်။**
**ထိုမှတစ်ဖန် ကွေ့ဝိုက်ပြန်လှည်**
**နောက်ဆီမှ ရှေ့ပုဗ္ဗာသို့**
**စီးကျထွေထွေ သီတာရေလျှင်**
**တီဆီး၊ ဆမီး ရေကြီးကြောင်းတို့**
**မသွေပေါင်းစည်း ချောင်းကြီးမြစ်ငယ်**
**အသွယ်သွယ်နှော ရောယှက်စုပြန်**
**ကုလားတန်မြစ် အသစ်ခေါ်ထုတ်**
**နာမ်သမုတ်ပေ မြစ်ကမ်းခြေတွင်**
**နုန်းမြေတင်ခု မြေဩဇာပြုလျက်**
**မျှော်ရှုမဆုံး လယ်မြေဖုံး၏။**
**ထင်ပေါ်ကျော်ကြား ဤနဒီကား**
**ပလက်ဝနယ် ကွေ့ကောက်နေရ**
**ညီနောင်ခမီး သွေးနီးတွေက**
**ယပန်းတဝေ ခေါ်ကြပြန်သည်**
**ခန့်ညားပေစွ ခန့်ပေစွ။**
**ကုလားတန်မြစ်၏ မြစ်ယံတစ်ဖက်**
**ကမ်းခြေထက်၌ ပလက်ဝမြို့**
**တည်ရှိလို့နေ အိမ်ရိပ်တွေပင်**
**ရေတွင်ထင်သည် ကမ်းပြင်နဖူး**
**ထွေထူးစားပင် စုံအလင်တည်**
**ရာသီအလိုက် စိုက်ကြပျိုးကြ**
**အလှပေါ်ကြွယ် သာမောဖွယ်တည့်။**
**ရခိုင်ရိုးမ ကမ်းတစ်လျှောက်၌**
**မြစ်ကြီးမြစ်ငယ် အသွယ်သွယ်ဖြင့်**
**ပေါင်းဆင့်စီးသည် စာကြောင်းစီသော်**
**ကစ္ဆပနဒီ ခေါ်ကြပြီတည့်။**
**ချင်းတောင်တစ်လွှား အကြီးမားဆုံး**
**အရှည်ဆုံးသော မြစ်ကြောနဒီ**
**ဘွေနူးမည်ရ သခင်မသည်**
**နောင်ညီနွယ်ဖွား တိုင်းရင်းသားတို့**
**ပျော်ပါးလေသော ချင်းတောင်ကြောမှ**
**စုံတောမြိုင်ခြေ ဝနာဘွေရပ်**
**ကွေ့ကာပတ်ဝေ့ ပင်လယ်ကွေ့တွင်**
**စီး၍ဝင်သည် ဂုဏ်ရည်အလှ**
**စာသကြစို့ နောင်ညီတို့။**

မတူပီမြို့နယ် ရေဇွာမြို့အနီးတွင် စာထောင်လ်၊ ရှာတလိုင်းရွာတို့ရှိပြီး စာလ်ထောင်စော်ဘွား၏သမီးကလေးမှာ ငယ်ငယ်ကတည်းကပင် ပြည်မသို့ ပြောင်းရွှေ့အခြေချ နေထိုင်ခဲ့ကြသည်။ တစ်နေ့ စာထောင်လ်ရွာအပြန်တွင် သူ၏အဘွားဖြစ်သူက “စာလ်ထောင်ရွာနှင့် ရှာတလိုင်းရွာအကြား ကားလမ်းပေါ်ကကြည့်ရင် ဘွေနူးမြစ်ရှိတယ်၊ အဲဒီကို လှမ်းမကြည့်မိစေနဲ့နော်၊ ကြည့်မိရင် သေတတ်တယ်”ဟု ပြောကြောင်း၊ ဘွေနူးမြစ်မှ စာလ်ထောင်စော်ဘွား၏ မျိုးရိုးစဉ်ဆက်မည်သူမဆိုသူ့ကြည့်မိပါက သေဆုံးပါစေဟု ကျိန်ဆိုပြောဆိုခဲ့သည်ဟု စာလ်ထောင်စော်ဘွားမျိုးများ၏ ပြောပြချက်အရ သိရသည်။ ဘွေနူးမြစ်ကား မြစ်ချောင်းရှားပါးသော ချင်းပြည်နယ်တောင်တန်းရှိ တိုင်းရင်းသားများအား သောက်ရေ၊ သုံးရေနှင့် စပါးလယ်ယာများအတွက် ရေအကျိုးပြုသည့်အပြင် သားငါးများကိုလည်း ထုတ်လုပ်ပေးသည်။ မြို့နယ်အသီးသီးကို ဖြတ်သန်းစီးဆင်းရသဖြင့် သွေးချင်းများအား စည်းလုံးညီညွတ်မှုဖြစ်စေသော ချင်းတိုင်းရင်းသားတို့၏ အဖိုးတန်မြစ်တစ်ခုဖြစ်ကြောင်း ရေးသားဖော်ပြလိုက်ရပေသည်။

**မှီငြမ်း-**
**ဦးအွန်လားဘိခ့်၊ မတူပီမြို့**
**ဦးရမ်ထန်း၊ ချင်းပြည်နယ်လွှတ်တော်ရုံး၊ ဟားခါးမြို့**

---

# ကျေးလက်ဒေသ တောရွာများတွင် ခြံအိမ်လှည်းကို မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်တစ်ခုအဖြစ် ယနေ့တိုင်တွေ့မြင်နေရ



မြန်မာတို့၏ ရိုးရာအမွေအနှစ်တစ်ခုဖြစ်သော လှည်းသည် ရှေးခေတ်မြန်မာဘုရင်များ လက်ထက်မှစ၍ အသုံးပြုခဲ့ကြပြီး ဘီးနှစ်ဘီးတပ်၍ နွား၊ မြင်းစသော တိရစ္ဆာန်များက ဆွဲရသော သယ်ယူပို့ဆောင်ရေး ယာဉ်တစ်မျိုးဖြစ်ကာ ကျေးလက်ဒေသတောရွာများတွင် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အမွေအနှစ်တစ်ခု အနေဖြင့် ယနေ့တိုင် တွင်တွင်ကျယ်ကျယ် အသုံးပြုလျက်ရှိသည်။

**ရှေးမြန်မာတို့ အသုံးပြုခဲ့သောလှည်းများ**

မြန်မာလူမျိုးတို့ ဘိုးစဉ်ဘောင်ဆက် အသုံးပြုခဲ့ကြသော လှည်းများမှာ လှည်းယဉ်၊ ခြံအိမ်လှည်း၊ပေါင်းမိုးလှည်း၊လှည်းမြီးတို၊ ရေစည်လှည်း၊ ဘုံသျှိုလှည်းနှင့် မယားကန်လှည်းတို့ဖြစ်ကြပြီး ၎င်းလှည်း ခုနစ်မျိုးထဲမှ ခြံအိမ်လှည်းသည် ကျေးလက်ဒေသ တောရွာသုံး လှည်းတစ်မျိုး ဖြစ်သည်။ ခြံအိမ်လှည်း ဆိုသည်မှာ လှည်းကြမ်းဖြစ်ပြီး စပါး၊ နှမ်း၊ ပြောင်း၊ ထင်း၊ ကောက်ရိုး၊ ကောက်လှိုင်းစသော ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ရာတွင် အသုံးပြုရသော လှည်းတစ်မျိုးဖြစ်သည်။ ခြံအိမ်လှည်းကို ကျေးလက်ဒေသတောရွာများတွင် လယ်ယာလုပ်ငန်းများ၊ ရောင်းဝယ်ရေးလုပ်ငန်းများ၊ ဘုရားပွဲ၊ ကျောင်းပွဲ၊ အလှူမင်္ဂလာ၊ ပွဲလမ်းသဘင်များအတွက် တောဓလေ့သုံး မရှိမဖြစ် ယာဉ်တစ်မျိုးအဖြစ် အသုံးပြုလျက်ရှိကြသေးသည်။

**အလှူမင်္ဂလာသုံးလှည်း**

ကျေးလက်တောရွာများတွင် ထိမ်းမြားလက်ထပ်သည့် မင်္ဂလာပွဲများတွင် နွားတစ်ရှဉ်း၊ လှည်းတစ်စီး၊ လယ်တစ်ဧက စသည်ဖြင့် သားသမီးများကို လက်ဖွဲ့ပေးကြသောကြောင့် တောဓလေ့သုံး လှည်းများကို မည်မျှတန်ဖိုးထားသည်ကို သိသာနိုင်သည်။ ထို့အပြင် သတို့သားဘက်မှ သတိုးသမီးဘက်သို့ သွားရောက်တောင်းရမ်းသည့်အခါတွင်လည်း ရပ်ဆွေရပ်မျိုးမိတ်သင်္ဂဟအပေါင်းအား ဖိတ်ကြား၍ ခြံအိမ်လှည်းဖြင့် သွားရောက်တောင်းရမ်းကြရသည်။ ရှေးအခါက အလှူပွဲများတွင် ရှင်လောင်းလှည့်သည့်အခါ လှည်းယဉ်ကြော့(သို့) ခြံအိမ်လှည်းများနဲ့သာ လှည့်ကြသည်။

**လှည်းတစ်စီး၏အစိတ်အပိုင်းများ**

လှည်းတစ်စီးတွင် ပါဝင်သော အစိတ်အပိုင်းများမှာ လှည်းပန်းတောင်း၊ တကူ၊ နန်ရင်းခွေ၊ နန်းဖျားခွေ၊ သံဖိနပ်၊ ဆိတ်မျက်လုံး၊ လှည်းနားစောင့်၊ ဝင်ရိုး၊ ဆင့်တုံး၊ ဝက်စွယ်၊ ဝင်ရိုးဖုံး၊ ခြံအိမ်၊ ရံတိုင်၊ ရံတန်း၊ လက်တင်တန်း၊ ထုပ်၊ ယက်ဖောက်ထုပ်၊ လှည်းသန်၊ လှည်းသန်ထုပ်၊ ကတ်ကျည်းဆံ၊ ခြံအိမ်ကပ်၊ ကပ်ဖုံးငြိမ်၊ ဝန်ကော်၊ ဆောင်ပန်း၊ ဆောင်ပန်းကပ်၊ စွယ်ရန်း၊ စွယ်ရန်းတိုင်၊ ခားမချပ်၊ ထမ်းပိုးတုံး၊ ထမ်းပိုးကျည်၊ ကုပ်နှိပ်ကြိုး၊ ထမ်းပိုးကြိုး၊ ဦးပွတ်ကြိုး၊ ဦးပွတ်ကျည်၊ ဦးကင်း၊ လှည်းထောက်ခွ၊ ပြန်ကထောက်၊ နောက်ထောက်နှင့် ပေါင်းမိုးတို့ဖြစ်သည်။

**ကျွဲနွားဆွဲရာ၌သက်သာမှုလှည်းကောင်း**

လှည်းပြုလုပ်ရောင်းချကြသည့် လှည်းဆရာများသည် နည်းစနစ်ကျကျ ပြုလုပ်တတ်ဖို့လိုသေးသည်။ လှည်းသန်၊ ထမ်းပိုးတုံး၊ ဝင်ရိုးတို့၏ အတိုင်းအတာ အတိုအရှည် ပမာဏက အထူးဂရုစိုက်ကြရသည်။ လှည်းပြုလုပ်ရာ၌ နည်းစနစ်ကျနမှန်ကန်ပါမှ လှည်းကောင်းတစ်စီး ဖြစ်လာနိုင်သည်။ လှည်းကောင်းဟုဆိုရာတွင် ကြည့်ရှု၍ လှပရုံ ကြာရှည်ခိုင်ခံ့ခဲ့ရုံမျှနှင့် လှည်းကောင်းဟု မခေါ်နိုင်သေးပေ။ အမှန်ကောင်းသော လှည်းသည်နွားများ၊ ကျွဲများဆွဲရာ၌ လွယ်ကူသက်သာစေရမည်။ သူ့အချိုးအစားနှင့်သူ ချိန်သားကိုက်စီမံထားသောလှည်းသည် ကုန်ချိန်မည်မျှပင် လေးသည်ဖြစ်စေ အလေးမျှ၍ ပြေပြစ်စွာ လိမ့်ပါသွားခြင်းကြောင့် ရုန်းဆွဲရသော ကျွဲနွားများကို သက်သာမှုပေးနိုင်သည်။

ကျေးလက်ဒေသ ရိုးရာဓလေ့သုံး ခြံအိမ်လှည်းကို ယနေ့တိုင် အသုံးပြုလျက်ရှိပြီး မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ် တစ်ရပ်အဖြစ် အနာဂတ်တွင်လည်း ထိန်းသိမ်းစောင့်ရှောက်ရင်း ဆက်လက်အသုံးပြုသွားစေချင်ပါသည်။ ။

**ဇေယျာထက်(မင်းဘူး)**

# သူရဲကောင်း စတစ်ဖို
## (ကရင်တိုင်းရင်းသားရိုးရာပုံပြင်)

### ခိုင်မြဲသူယျ

ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း၌ မှီတင်းနေထိုင်ကြသော တိုင်းရင်းသားလူမျိုးအသီးသီးတို့တွင် ကိုယ်ပိုင်ရိုးရာယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံများ၊ အထိမ်းအမှတ်နေ့များ၊ အမျိုးသားစရိုက်လက္ခဏာများ၊ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုများ၊ တူရိယာနှင့် တေးသီချင်းများ၊ သမိုင်းမှတ်တမ်းဆိုင်ရာ စာပေများ၊ ရိုးရာပုံပြင်များနှင့် ဒဏ္ဍာရီများ ကိုယ်စီကိုယ်င ရှိကြလေသည်။ ယခုဖော်ပြမည့် သူရဲကောင်းစတစ်ဖိုပုံပြင်မှာ တိုင်းရင်းသားကရင်လူမျိုးများ၏ ရိုးရာပုံပြင်တစ်ခုပင်ဖြစ်သည်။

ရှေးအခါက စတစ်ဖိုဟု အမည်ရသော ကရင်လူငယ်လေးတစ်ယောက်ရှိသည်။ စတစ်ဖို၏ အဖေနှင့်အမေသည် စတစ်ဖို ငယ်စဉ်ကလေးဘဝကတည်းက ကွယ်လွန်သွားခဲ့သည့်အတွက် စတစ်ဖိုမှာ အဘွားဖြစ်သူနှင့်သာ နေထိုင်ကြီးပြင်းခဲ့ရသည်။ မိဘမဲ့မြေးကလေးကို အင်မတန်ချစ်သော အဘွားသည် သားအချစ်မြေးအနှစ်ဆိုသလို အမည်နာမတစ်ခုကိုတောင် မပေးရက်ဘဲ စတစ်ဖိုဟုသာ ချစ်စနိုးခေါ်ဆိုခဲ့သည်။ ထိုအခါ ပတ်ဝန်းကျင်ရှိ လူအများကလည်း အဘွားခေါ်သလို စတစ်ဖိုဟု ခေါ်ဆိုကြသည်။ စတစ်ဖို၏ အဓိပ္ပာယ်မှာ မြန်မာလို "ငယ်ငယ်လေး" ဆိုသည့် အဓိပ္ပာယ်မျိုးပင်ဖြစ်သည်။ စတစ်ဖိုသည် မိမိအား လူလားမြောက်အောင် ကျွေးမွေးစောင့်ရှောက်ခဲ့သော အဘွားကို ပြန်လည်၍ တရိုတသေ ကျွေးမွေးစောင့်ရှောက်သည်။ ကျယ်ပြောလှသော လောကကြီးထဲတွင် တွယ်တာစရာဆို၍ အဘွားတစ်ခု မြေးတစ်ခုသာရှိရာ စတစ်ဖိုတို့မြေးအဘွားနှစ်ယောက်သည် တစ်ဦးနှင့်တစ်ဦး အလွန်ချစ်ကြသည်။

နွေရာသီ၏နေ့တစ်နေ့။ စတစ်ဖိုတို့အိမ်ကလေးသည် တောင်စောင်းတွင် တည်ရှိသည်။ ထိုနေရာတွင် နေရောင်ပြည့်ပြည့်စုံစုံမရသော်လည်း တောင်ထိပ်တွင်မူ နေခြည်သည် ထွန်းလင်းလျက်ရှိသည်။ အဘွားက စပါးတွေကို လှန်းရန် နေခြည်တောက်ပနေသော တောင်ထိပ်ဆီသို့ တက်သွားသည်။ စပါးလှန်းပြီးသည့်နောက် ကောင်းကင်က နေမင်းကို အမှုမဲ့အမှတ်မဲ့ မော့ကြည့်လိုက်သည်။ နေရောင်သည် ပူပြင်းစူးရှလွန်းသည့်အတွက် အဘွား၏ မျက်စိအစုံကို ဖျက်ဆီးပစ်လိုက်သည်။ ထိုနေရာတွင်ပင် အဘွားသည် ခွေညွတ်လဲကျသွားသည်။ စတစ်ဖိုသည် အဘွားကို ပွေ့ထူထားရင်း မျက်ရည်များ တသွင်သွင်ယိုစီးကျလာသည်။ အဘွားသာ ကတိမ်းကပါးဖြစ်ရင် ငါဘယ်လိုနေရမလဲ ဆိုသည့်အတွေးနှင့် စတစ်ဖိုက ဝမ်းပန်းတနည်း ငိုကြွေးသည်။ အဘွားအနေနဲ့ကလည်း ရက်စက်ကြမ်းကြုတ်လှသည့် လောကအလယ်၌ မြေးငယ်ကို မျက်စိသူငယ် တစ်ကောင်ကြွက် ထားရစ်ခဲ့ရမည်ကို စိုးရိမ်မိသည်။ ထို့ကြောင့် အဘွားက လောကနဲ့မဝေးမီမှာ စတစ်ဖိုကို အတန်တန်မှာကြားပြီး လောကကို ကျောခိုင်းသွားလေသည်။ အဘွားမှာကြားခဲ့သည့် စကားများအနက် စတစ်ဖိုမဖြစ်မနေ ဆောင်ရွက်ရမည့်ကိစ္စမှာ နေ၏ စူးရှပူလောင်သောအပူရှိန်ကြောင့် သေဆုံးခဲ့ရသည့် အဘွားရဲ့အသက်လျော်ကြေးကို နေမင်းဆီသွားရောက်တောင်းဆိုရယူရန်ပင်ဖြစ်သည်။

စတစ်ဖိုသည် ကရင်လူမျိုးတို့၏ဓလေ့ထုံးတမ်းအရ အဘွား၏ရုပ်အလောင်းကို မီးသင်္ဂြိုဟ်သည်။ အရိုးကောက်ပွဲကျင်းပသည်။ ပြုဖွယ်ကိစ္စများ ဆောင်ရွက်ပြီးသည့်နောက် အဘွား၏အသက်လျော်ကြေးတောင်းရန် နေမင်းရှိရာအရပ်သို့ ထွက်ခွာလာခဲ့သည်။

ဆောင်းနှောင်းနှင့် နွေဦးရာသီနေ့ရက်များ။ တောတောင်နှင့် သဘာဝအလှများသည် သာယာလှပနေသည်။ ပန်းတချို့ ဖူးပွင့်နေသည်။ ပန်းတချို့က ကြွေကျပြီး ညင်သာသော စမ်းရေကျသံနှင့်အတူ စမ်းရေထဲမျောပါသွားသည်။ ယောက်ဖခွေးခေါ် ငှက်သံ၏အကြိုတေးသံကလည်း တောတောင်ထဲ၌သာယာစွာထွက်ပေါ်နေသည်။ သည်လိုတည်ရှိနေသည့် တောတောင်နဲ့သဘာဝကို ကျော်ဖြတ်ပြီး နေမင်းဆီကို သွားနေသူက စတစ်ဖို။ တကယ်တော့ အဘွား၏အသက်ကြွေးသည် စတစ်ဖိုအတွက် ရာဇဝင်ကြွေးလည်းဖြစ်သည်။ "ဒီရာဇဝင်ကြွေးနဲ့ အသက်ကြွေးကို နေမင်းဆီမှာ မတောင်းရင်၊ မရယူရင် အဘွားအပေါ် ချစ်ရာမရောက်၊ ကျေးဇူးပြုရာလည်း မရောက်ဘဲ အညွှံခံသစ္စာဖောက်ရာ ကျရောက်ဦးမယ်" ဟု စတစ်ဖိုက ယူဆထားသည်။ ထို့ကြောင့် စတစ်ဖိုသည် ရဲရဲရင့်ရင့် သတ္တိရှိရှိနှင့် နေမင်းဆီကို ရာဇဝင်ကြွေးတောင်းရန် သွားလာနေသည်။ ထိုသို့ တောလမ်းနှင့် တောင်လမ်းများအတိုင်း ဖြတ်သန်းလာရာ စတစ်ဖိုကို တောဝက်ကြီးတစ်ကောင်က လှမ်းမြင်လိုက်သဖြင့် သူ့အနားသို့ ချဉ်းကပ်ပြီး စတစ်ဖိုနှင့်အတူ လိုက်ပါရစေဟု ခွင့်တောင်းလာသည်။ "လမ်းခရီးမှာ ဘေးအန္တရာယ်တွေ့ရှိတယ်။ ဒါပေမယ့် သင့်စိတ် သင်နိုင်ရင်လိုက်ခဲ့" ဟု စတစ်ဖိုက ပြန်ပြောသည်။ တောဝက်ကြီးက "ကိစ္စမရှိပါဘူး။ လိုက်ခဲ့မယ်" ဟု ပြောဆိုကာ လိုက်ပါလာသည်။ စတစ်ဖိုနှင့် တောဝက်ကြီးတို့ ဆက်လက်ထွက်ခွာလာရာ ခရီးစခန်းတစ်ခုအရောက်တွင် ကျားကြီးတစ်ကောင်နှင့် တွေ့ပြန်သည်။ ကျားကြီးကလည်း "ဘယ်သွားမှာလဲ သူလည်း လိုက်ပါရစေ" ဟု ခွင့်တောင်းပြန်သည်။ စတစ်ဖိုကလည်း ကျားကြီးကို သနားသောကြောင့် "လိုက်ချင်ရင် လိုက်ခဲ့လေ"ဟု ပြောဆိုပြီး ခွင့်ပြုပြန်သည်။ ဤသို့ဖြင့် စတစ်ဖို၊ တောဝက်ကြီးနှင့် ကျားကြီးတို့ သူငယ်ချင်းသုံးဦးသည် ပျော်ပျော်ပါးပါးနှင့် ခရီးဆက်လက်ထွက်လာကြသည်။ စတစ်ဖိုက "ပျင်းတယ်ကွာ။ သီချင်းဆိုကြ" ဟု ပြောရာ တောဝက်ကြီးနှင့် ကျားကြီးတို့သည် စတစ်ဖို မပျင်းရအောင် တစ်ယောက်တစ်လှည့် တေးသီချင်းဆိုကြသည်။ ထို့ကြောင့် တောဝက်ကြီးနှင့် ကျားကြီးတို့၏ တေးသီချင်းသံများသည် တစ်တောလုံး ညီုးညံနေလေသည်။ ၎င်းတို့၏ တေးသီချင်းများကလည်း စိတ်ဓာတ်တက်ကြွစရာများသာဖြစ်သည်။

"နေမင်းဆီကို သွားမယ်။ ရာဇဝင်ကြွေး သွားတောင်းကြမယ်။ လိုက်မလားဟေ့ သူငယ်ချင်းရယ်။ ရာဇဝင်ကြွေးရမှ ပြန်ခဲ့ကြမယ်..."

ထိုသို့ အဓိပ္ပာယ်ရှိသည့် တေးသီချင်းများကို တက်တက်ကြွကြွ သီဆိုသွားကြသည်။ ထို့ကြောင့် တစ်တောလုံးတစ်တောင်လုံးတွင်ရှိကြသော သတ္တဝါများကလည်း အုန်းအုန်းကျွက်ကျွက်ဖြစ်လာပြီး စတစ်ဖိုတို့ကို ထွက်ကြည့်ကြသည်။ စတစ်ဖိုတို့ နေမင်းဆီသွားပြီး အဘွားအသက်လျော်ကြေး သွားတောင်းမည်ဟု သိရသောအခါ တစ်လမ်းလုံးမှာ ထွက်ကြည့်ကြသည့် သတ္တဝါများအနက် ကျောက်လိုမာကျောခိုင်မာသည့် သတ္တဝါ၊ ဓားသွားလို ချွန်ထက်သည့် သတ္တဝါ၊ ဝါဂွမ်းလို ပေါ့ပါးသည့် သတ္တဝါ၊ မီးလိုပူသည့် သတ္တဝါ၊ ရေလိုအေးသည့် သတ္တဝါ၊ ဆားလိုငန်သည့် သတ္တဝါ၊ ငရုတ်သီးလို စပ်သည့်သတ္တဝါ အစရှိသည့် သတ္တဝါအပေါင်းတို့သည် တပ်မကြီးချီလျက် စတစ်ဖို၏နောက်ကို လိုက်ပါလာကြလေသည်။ စတစ်ဖိုလည်း တောဝက်ကြီးနှင့် ကျားကြီးတို့ကို လက်ဝဲ၊ လက်ယာရံပြီး နောက်ပါသတ္တဝါမျိုးစုံနှင့် နေမင်းထံ ခရီးဆက်ခဲ့သည်။ သည်လိုနှင့် စတစ်ဖို၏ ထူးခြားသည့် အချင်းအရာကို မြင်တွေ့ရသော စမာတို ဆိုသည့် လူငယ်တစ်ယောက်ကလည်း အားကျမိပြီး စတစ်ဖိုထံ ခွင့်တောင်းကာ လိုက်ပါလာပြန်သည်။ ခရီးစဉ်အတိုင်း ထွက်လာခဲ့ကြရာ နောက်ဆုံးတွင် နေမင်းထံကို ရောက်လာကြသည်။ နေမင်းဆီက အဘွားအသက်လျော်ကြေး တောင်းကာနီးဆဲဆဲတွင် စတစ်ဖိုက သူနှင့်အတူလိုက်ပါလာသည့် မိတ်ဆွေများကို တစ်စုံတစ်ရာဘေးအန္တရာယ်ကြုံတွေ့ပါက အဆင်သင့်ရင်ဆိုင်နိုင်ရေးအတွက် အသင့်အနေအထားပြင်ဆင်ထားကြရန် အမိန့်ပေးလိုက်သည်။ ထို့နောက် စတစ်ဖိုက နေမင်းနှင့် မျက်နှာချင်းဆိုင်လိုက်ပြီး အောက်ပါအတိုင်း ပြောဆိုသည်။

"အသင်နေမင်း၊ ကျွန်ုပ်ဟာ စတစ်ဖိုဖြစ်တယ်။ သင်ရဲ့ အပူရှိန်ကြောင့် မျက်လုံးပျက်စီးပြီး သေဆုံးခဲ့ရတဲ့ ကျွန်ုပ်အဘွားအတွက် ကျွန်ုပ် အသက်လျော်ကြေးလာတောင်းတယ်။ အဘွားအသက်လျော်ကြေးအဖြစ် ကျွန်ုပ်ကို ဖားစည် သုံးဆယ်လုံးနဲ့ မောင်းအချပ်သုံးရာ ပေးလော့။ အသင် ပေး မပေး အခုချက်ချင်း အဖြေပေးလော့"

စတစ်ဖိုက ရာဇဝင်ကြွေးကို ရဲရင့်တည်ကြည်စွာ တောင်းဆိုလိုက်သည်။ နေမင်းလည်း စတစ်ဖို၏ စကားကိုကြားသောအခါ ခဏမျှ တွေဝေသွားသည်။ ထို့နောက် သတ္တိချင်း၊ တန်ခိုးချင်း၊ စွမ်းရည်ချင်း ယှဉ်ပြိုင်ရန် ဆုံးဖြတ်လိုက်သည်။ ရောမကြီးမားသော ကြက်ဖကြီးတစ်ကောင်ကို နေမင်းက ကြိုးဖြေလွှတ်ချလိုက်သည်။ *(ဆက်လက်ဖော်ပြပါမည်)*

**စတစ်ဖိုတို့ နေမင်းဆီသွားပြီး အဘွားအသက်လျော်ကြေး သွားတောင်းမည်ဟု သိရသောအခါ တစ်လမ်းလုံးမှာ ထွက်ကြည့်ကြသည့် သတ္တဝါများအနက် ကျောက်လိုမာကျောခိုင်မာသည့် သတ္တဝါ၊ ဓားသွားလို ချွန်ထက်သည့် သတ္တဝါ၊ ဝါဂွမ်းလို ပေါ့ပါးသည့် သတ္တဝါ၊ မီးလိုပူသည့် သတ္တဝါ၊ ရေလိုအေးသည့် သတ္တဝါ၊ ဆားလိုငန်သည့် သတ္တဝါ၊ ငရုတ်သီးလိုစပ်သည့် သတ္တဝါ အစရှိသည့် သတ္တဝါအပေါင်းတို့သည် တပ်မကြီးချီလျက် စတစ်ဖို၏နောက်ကို လိုက်ပါလာကြလေသည်။ စတစ်ဖိုလည်း တောဝက်ကြီးနှင့် ကျားကြီးတို့ကို လက်ဝဲ၊ လက်ယာရံပြီး နောက်ပါ သတ္တဝါမျိုးစုံနှင့် နေမင်းထံ ခရီးဆက်ခဲ့**

# တိုင်းရင်းသားကရင်လူမျိုးများ၏ ဘဝဓလေ့စာပေ

### ကျော်သူရဝင်း

*(၉-၈-၂၀၂၀ ရက်နေ့မှ အဆက်)*

တိုင်းရင်းသား ကရင်လူမျိုးများတွင် ရှေးနှစ်ပေါင်းများစွာကတည်းက စာပေ(စာ)များ ရှိခဲ့သည်ဟု ယုံကြည်ထားကြပေသည်။ အကြောင်းအမျိုးမျိုးကြောင့် ထိုရှေးဟောင်းစာပေများ တိမ်ကောရခြင်း၊ ပျောက်ဆုံးခဲ့ရခြင်းဖြစ်သည်ဟု ကရင်အချို့က ယူဆကြသည်။ ထို့ကြောင့် ၁၉၆၇ ခုနှစ်ဝန်းကျင်ကာလများတွင် ရှေးဟောင်းကရင်စာကို ကရင်ပြည်နယ်နှင့် မြစ်ဝကျွန်းပေါ်ဘက်တွင် ပြန်လည်ဖော်ထုတ်ခဲ့ကြသည်။ အထူးသဖြင့် ရှေးဟောင်းကရင်စာပေကို ဘားအံခရိုင် ရေတံခွန်ရွာရှိ ကရင်ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးများက ပြန်လည်ဖော်ထုတ်ခဲ့ကြသည်။ ရန်ကုန်မြို့နှင့် မြစ်ဝကျွန်းပေါ်ဒေသဘက်တွင်လည်း ရှေးဟောင်းကရင်စာပေသင်တန်းဖွင့်လှစ်၍ သင်ကြားခဲ့သည်။ ၁၉၆၆ ခုနှစ်မှစ၍ ရှေးဟောင်းကရင်စာပေဖြင့် သူငယ်တန်းစာအုပ်အပြင် ပထမတန်းစာအုပ်ကိုပင် ရိုက်နှိပ်ထုတ်ဝေခဲ့သည်။ ဗုဒ္ဓဘာသာ ကရင်ဘုန်းတော်ကြီးများသည် ပေထုပ်ထဲမှ ကရင်စာကို အက္ခရာစာလုံးပြု၍ ကရင်အမျိုးသားများကို သင်ကြားတတ်မြောက်စေသည်ဟု သိရသည်။

ရှေးဟောင်းကရင်စာပေသည် မွန်အက္ခရာမှ ယှက်နွယ်လာသည်ဟု ယူဆကြသည်။ ဖြစ်နိုင်စရာ ရှိပေသည်။ အကြောင်းမှာ ထိုစာပေကို ကောင်းစွာတတ်မြောက်ပြီး ပေထက်အက္ခရာမှ ပုံနှိပ်အက္ခရာသို့ ကြိုးပမ်းကြသူများသည် ပိုးကရင်(မွန်ကရင်)ဗုဒ္ဓဘာသာ ကရင်ဘုန်းတော်ကြီးများဖြစ်သောကြောင့်ပင်။ ရှေးဟောင်းကရင်စာပေသည် ခရစ်ယာန်သာသနာပြုဆရာများ တီထွင်ပေးသွားသော စကောကရင်နှင့် ပိုးကရင်စာပေများနောက်သို့ အမီလိုက်ရန် ထိုအချိန်က ကြိုးပမ်းလျက်ရှိသည်။ ခရစ်ယာန်သာသနာပြုဆရာများ တီထွင်ပေးသွားသော မြန်မာအက္ခရာနှင့် ကရင်စာပေများမှာကား ကျယ်ပြန့်စွာ သုံးစွဲခြင်းခံရသည်။ သာသနာပြုဆရာ ဒေါက်တာဂျွန်နသန်ဝိတ်သည် ၁၈၃၀ ပြည့်နှစ်လောက်တွင် ကရင်လူထုအတွင်း၌ သာသနာပြုလုပ်ငန်းကိုလုပ်ကိုင်ရင်း စကောကရင်စာကို မြန်မာအက္ခရာဖြင့် တီထွင်ခဲ့သည်။

ဤသို့ စကောကရင်စာကို တီထွင်ပြီးသည်နှင့် ခရစ်ယာန်ဘာသာဆိုင်ရာ ကျမ်းစာများကို စကောကရင်စာဖြင့် ပြန်ဆိုရေးသားပြီး ကရင်လူထုအတွင်းတွင် သာသနာပြုလုပ်ငန်းကို ကျယ်ပြန့်စွာ လုပ်ဆောင်ခဲ့သည်။ များစွာလည်း အကျိုးသက်ရောက်မှုရှိခဲ့သည်။ စကောကရင်စာ တီထွင်ပြီး ဆယ်နှစ်ခန့်အကြာ ၁၈၄၀ ပြည့်နှစ်တွင် သာသနာပြုဆရာ မစ္စတာဗရေတန်က ပိုးကရင်စာကို မြန်မာအက္ခရာဖြင့်ပင် တီထွင်ခဲ့ပြန်သည်။ ခရစ်ယာန်သာသနာရေးကျမ်းများကို ပိုးကရင်စာဖြင့် ပြန်ဆိုရေးသားပြီး သာသနာပြုလုပ်ငန်းကို တိုးချဲ့လုပ်ကိုင်ခဲ့ပြန်သည်။ သာသနာပြုဆရာများ တီထွင်ခဲ့သည့် ပိုးကရင်စာတွင် ဗျည်းအလုံးပေါင်း ၂၆ လုံးရှိပြီး သရမှာ ၁၉ လုံးရှိသည်။ စကောကရင်စာမှာ ဗျည်းပေါင်း ၂၇ လုံးရှိပြီး သရမှာ ၁၉ လုံးရှိသည်။ ဤကရင်စာများအပြင် အခြားသော ကရင်စာများလည်း ရှိသေးသည်။ ၎င်းတို့မှာ ရောမအက္ခရာဖြင့် တီထွင်ထားသော ကရင်စာသည် စကောကရင်နှင့် ပိုးကရင် နှစ်ခုစလုံးဖတ်ရှုနိုင်သော ခလီဘိုးစာပေ၊ စောဘထွန်းတင် ရောမအက္ခရာဖြင့် တီထွင်သော စကောကရင်စာပေ၊ ကြက်ယက်စာပေ စသည်တို့ဖြစ်ကြသည်။

အထက်တွင်ဖော်ပြခဲ့သော အကြောင်းအရာများသည် မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် ပြည်ထောင်စုဖွားတိုင်းရင်းသား ကရင်လူမျိုးများ၏ ရိုးရာယဉ်ကျေးမှုဓလေ့များနှင့် လူမှုဘဝပုံရိပ်များစွာအနက် ကရင်လူမျိုးများ မြန်မာပြည်သို့ စတင်ရောက်ရှိလာပုံ၊ ကရင်မျိုးနွယ်စုများကွဲပြားပုံ၊ ကရင်အမျိုးသား အမျိုးသမီးများ၏ ဆင်ယင်ထုံးဖွဲ့ပုံ၊ ကရင်စာပေပေါ်ပေါက်လာပုံ စသည်တို့ကို လက်လှမ်းမီသလောက် တင်ပြခြင်းပင်ဖြစ်ပေသည်။

**ကျမ်းကိုး-(မောင်စင်ကြယ်-ကရင့်ဘဝဓလေ့)**

# ဟိုပန်မြို့ ရဋ္ဌပါလကုန်းမြေပေါ်က ကမ္ဘာ့ငြိမ်းချမ်းရေးဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး လေးဆူ

သီပေါကိုလတ်

သာယာလှပပြီး အေးချမ်းသော ဟိုပန်မြို့။ ရိုးသား၍ ဘာသာတရားကိုင်းရှိုင်းသည့် တိုင်းရင်းသားတို့ နေထိုင်ရာဒေသလေး။

"ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်ခရိုင် ဟိုပန်မြို့နယ်သည် မြောက်လတ္တီတွဒ် ၂၂ ဒီဂရီ ၅၆ မိနစ် ၃၀ စက္ကန့်နှင့် ၂၃ ဒီဂရီ ၂၉ မိနစ် ၄၀ စက္ကန့်အကြား၊ အရှေ့လောင်ဂျီကျု ၉၈ ဒီဂရီ ၂၂ မိနစ် ၉ စက္ကန့်နှင့် ၉၉ ဒီဂရီ ၀ မိနစ် ၄၀ စက္ကန့်အကြားတွင် တည်ရှိသည်။ မြို့နယ်၏ အကျယ်အဝန်းမှာ စတုရန်းမိုင် ၂၉၇ ဒသမ ၃၀ မိုင်ဖြစ်ပြီး ပင်လယ်ရေမျက်နှာပြင်အထက် အမြင့် ၁၃၃၉ ပေတွင် တည်ရှိသည်။

ဟိုပန်မြို့သို့ လားရှိုးမြို့ မန်ဆူရှမ်းကျောင်းတိုက်ဆရာတော်နှင့်အတူ ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၅ ရက်နှင့် ၆ ရက်နေ့များက ရောက်ရှိခဲ့ဖူးသည်။ ဟိုပန်မြို့အနီးရှိ ရဋ္ဌပါလကုန်းမြေပေါ်၌ တည်ထားသည့် အဘယလာဘကမ္ဘာ့ငြိမ်းချမ်းရေးဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး လေးဆူအား ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော် တင်လှူပူဇော်ခြင်း အလှူတော်မင်္ဂလာအခမ်းအနားသို့ လေ့လာနိုင်ရန် လိုက်ပါခဲ့ခြင်းဖြစ်သည်။ အကြိုညဦးပိုင်း၌ ဟိုပန်မြို့ရှိ ဓမ္မာရုံတွင် မန်ဆူရှမ်းကျောင်းတိုက်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပုညနန္ဒက တရားဟောကြားတော်မူခဲ့သည်။ "ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ထွန်းလူ၊ ဇနီး ဒေါ်စဝ်နန်းပန်နှင့် ဌာနဆိုင်ရာများ၊ ဘာသာရေးအသင်းအဖွဲ့များနှင့် ဒေသခံဗုဒ္ဓဘာသာဝင်တိုင်းရင်းသားများ လာရောက်တရားနာယူခဲ့ကြသည်။

နောက်တစ်ရက် ဒီဇင်ဘာ ၆ ရက် နံနက် ၉ နာရီ နေရောင်ခြည်၏ အနွေးဓာတ်နှင့်အတူ ရဋ္ဌပါလကုန်းမြေပေါ်၌ ဆရာတော်ကြီးများနှင့် ဧည့်ပရိသတ်များ၊ ဒေသခံတိုင်းရင်းသားများ စုံလင်စွာရောက်ရှိခဲ့ကြသည်။ မကြာမီ ရွှေထီးတော်တင်လှူပူဇော်ခြင်း အလှူတော်မင်္ဂလာအခမ်းအနား စတင်ကျင်းပခဲ့သည်။

ဆက်လက်၍ ရုပ်တော်မူဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး လေးဆူ၏ အထွတ်၌ တင်လှူပူဇော်မည့် ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်တို့ကို ဘုရားဒါယကာ၊ ဘုရားဒါယိကာမများ၊ အလှူရှင်များက ပင့်ဆောင်၍ ရင်ပြင်တော်ပေါ်၌ လက်ယာရစ် လှည့်လည်အပူဇော်ခံခဲ့ကြသည်။ ထို့နောက် မြန်မာနိုင်ငံတောင်တန်းဒေသ ဗုဒ္ဓဘာသာ သာသနာပြုအဏ္ဏဝါကုသိုလ်ဖြစ်ထီးတော်အဖွဲ့က ပန်းရထားဖြင့် တင်လှူပူဇော်ပေးခဲ့ကြသည်။

အဆိုပါ ထူးခြားသော အဘယလာဘ ကမ္ဘာ့ငြိမ်းချမ်းရေးဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး လေးဆူအား အောက်ပါအတိုင်း ကမ္ပည်းကျောက်စာရေးထိုးစိုက်ထူထားသည်ကို တွေ့ရှိမှတ်သားခဲ့ရသည်။

အဘယလာဘ ကမ္ဘာ့ငြိမ်းချမ်းရေး ဗုဒ္ဓရုပ်ပွားတော် "ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်ခရိုင် ဟိုပန်မြို့ ရဋ္ဌပါလကုန်းမြေပေါ်၌ "ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဘုရားဒါယကာ ဦးခွန်ထွန်းလူ၊ ဘုရားဒါယိကာမ ဒေါ်စဝ်နန်းပန် သားသမီး မြေးမြစ်တစ်စုတို့မှ မတည်၍ ရုပ်ဝေးရုပ်နီးအလှူရှင်များက အဘယလာဘကမ္ဘာ့ငြိမ်းချမ်းရေးဗုဒ္ဓရုပ်ပွားတော်မြတ် လေးဆူအား ၂၄-၁-၂၀၁၆ နေ့တွင် ပန္နက်တင်မင်္ဂလာပြုလုပ်၍ သာသနာတော်နှစ် ၂၅၆၁ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၇၈ ခုနှစ် ဝါခေါင်လပြည့်နေ့၊ ခရစ်နှစ် ၁၀-၈-၂၀၁၆ ကြာသပတေးနေ့တွင် ဦးခေါင်းတော်နှင့် ရင်ဘတ်တော်အတွင်း၌ သတ္တဋ္ဌာနဘုရားဆင်းတုတော်များ၊ ဘုရားဓာတ်တော်များ၊ ရဟန္တာဓာတ်တော်များ၊ မြသပိတ်တော်၊ ပိဋကတ်သုံးပုံအနှစ်ချုပ်၊ ရွှေငွေပတ္တမြား စသော ကျောက်မျက်ရတနာမျိုးစုံတို့ကို ထည့်သွင်းပူဇော် ဌာပနာမှုပြုတော်မူပါသည်။

ဤသို့ပူဇော်မှုပြုရာ၌ အဘယလာဘ မုဒြာ-ပြည်သူပြည်သားတို့ ဘေးရန်ကင်းဝေး၍ စည်းစိမ်ဥစ္စာတိုးပွားစေရန်။ ဝရမုဒြာ - တောင်းသောဆုများပြည့်ဝစေရန်။ ဝရဒမုဒြာ-လိုရာစိတ်ကြံ အဓိဋ္ဌာန်အောင်မြင်စေရန်။ သန္တိဒမုဒြာ - အတွင်းရန်၊ အပြင်ရန်တို့ငြိမ်းအေးစေရန် နိဗ္ဗာန်ကိုရည်သန်လျက် လှူဒါန်းပူဇော်ကြသည်။

**ဆုတောင်း**

ငါတို့သမိုင်း မရိုင်းဖို့ရန် စိတ်ရည်သန်လျက် သားစဉ်မြေးဆက် ကုသိုလ်များဆက်၍ ရစေရန် လည်းကောင်း၊ "ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းအတွင်း၌ နေထိုင်ကြကုန်သော ပြည်သူများ စိမ်းစိမ်းလန်းလန်း ငြိမ်းငြိမ်းချမ်းချမ်းရှိစေရန်လည်းကောင်း၊ မြန်မာနိုင်ငံသူ နိုင်ငံသား ကမ္ဘာသူ ကမ္ဘာသားငြိမ်းချမ်းစေရန် လည်းကောင်း၊ ဗုဒ္ဓမြတ်စွာသာသနာတော်မြတ်ကြီး အစွန့်ရှည်တည်တံ့စေရန် လည်းကောင်း ရည်သန်၍ လှူဒါန်းပူဇော်ကြပါသည်ဟု ကမ္ပည်းကျောက်စာရေးထိုးမှတ်တမ်းတင်ထားသည်ကို တွေ့ရှိခဲ့ရပေသည်။

ထိုကမ္ပည်းကျောက်စာ ရေးထိုးသည့်အတိုင်းပင် ဒေသငြိမ်းချမ်းရေးမှသည် ကမ္ဘာ့ငြိမ်းချမ်းရေးအထိ ကိုယ်စီလိုလားတောင်းတလျက်ရှိကြကြောင်း၊ ငြိမ်းချမ်းသာယာသော ကမ္ဘာ့ကြီးကိုသာ ခိုင်မြဲအောင် တည်ဆောက်သွားလိုကြောင်းလည်း ရည်မှန်းချက်ချင်း တူညီစွာ ဖလှယ်မိခဲ့ကြပေသည်။

> ကမ္ပည်းကျောက်စာ ရေးထိုးသည့်အတိုင်းပင် ဒေသငြိမ်းချမ်းရေးမှသည် ကမ္ဘာ့ငြိမ်းချမ်းရေး အထိ ကိုယ်စီလိုလားတောင်းတလျက်ရှိကြ





# မြန်မာတို့၏ ယဉ်ကျေးမှု သုခုမအနုပညာတွင် ခံစားမှုများစွာ ပေးစွမ်းနိုင်သည့် ပန်းချီပညာ

ပန်းချီဆိုသည်မှာ မြင်သမျှ၊ တွေ့သမျှ၊ စဉ်းစားတွေးခေါ် ရသမျှကို ဘာမှမရှိသော နံရံ၊ ပိတ်ကား၊ စက္ကူလွှတ်များပေါ်တွင် ပုံပန်းသဏ္ဌာန် သရုပ်ဖော်ရေးဆွဲ ဆေးခြယ်ခြင်းကို ပန်းချီဟုခေါ်သည်။ ပန်းချီသည် လူတို့၏စိတ်အာရုံကို အဆွဲဆောင်နိုင်ဆုံးနှင့် ခံစားမှုရသများစွာ ပေးစွမ်းနိုင်သောကြောင့် ယင်းသုခုမပညာရပ်ကို ဘုရင်ဟုတင်စား၍ ခေါ်ကြသည်။

**မြေနီ မြေဝါ မြေဖြူများဖြင့် အရုပ်များဆွဲ**

ပန်းချီအတတ်သည် စာရေးခြင်းအတတ်ထက် ဦးစွာပေါ်ပေါက်ခဲ့သည်။ ရှေးလူတို့သည် စကားလုံး မကြွယ်ဝသေးသဖြင့် မိမိဆိုလိုချက်ကို အရုပ်ရေးပြကြရသည်။ ထို့ကြောင့် ရုပ်ပုံတစ်ပုံသည် စကားလုံး တစ်ထောင်ခန့်တာသွားသည်ဟု တရုတ်စကားပုံတစ်ခုက ဆိုလေသည်။ ရှေးခေတ်လူတို့က ဂူနံရံများ အနီးအပါး၌ အလွယ်တကူ ရရှိနိုင်သော မြေနီ၊ မြေဝါ၊ မြေဖြူ မီးခွက်မှိုင်းမင်၊ မီးသွေးခဲများဖြင့် အရုပ်များရေးဆွဲကြသည်။ နောင်အခါ ခဲတံ၊ မင်တံ၊ စုတ်တံများကို အသုံးပြုလာကြသည်။ ရုပ်ပုံပန်းချီ ရေးဆွဲရာတွင် ရေဆေးနှင့် ဆီဆေးဟူ၍ နှစ်မျိုးရှိသည်။ ဆီဆေးသည် ရေဆေးထက်ပို၍ အဆွဲရခက်သည်။ သို့သော် ဆီဆေးပန်းချီကားသည် ရေဆေးပန်းချီကားထက် ပို၍ အရောင်စိုပြီး အေးမြသောရာသီဥတုရှိသည့် နိုင်ငံများနှင့် သင့်တော်သည်။ ရေဆေးကို လွယ်ကူပြီး အမြန်ပြီးနိုင်သော ပန်းချီကားများအတွက် အသုံးများလေသည်။

**သိန်းသန်းချီ၍ အဖိုးတန်**

ပန်းချီပညာသည် ဓာတ်ပုံပညာမပေါ်မီ ရှေးပဝေသဏီကပင် ထွန်းကားခဲ့သည်။ လက်ရာကောင်းသော ပန်းချီကားများသည် နှစ်ပရိစ္ဆေဒ ကြာမြင့်သည့်တိုင်အောင် သိန်းသန်းချီ၍ အဖိုးတန်လျက်ရှိသည်။ ဓာတ်ပုံရိုက်၍မရသော အရာများကို ပန်းချီကားက ပုံဖော်နိုင်သဖြင့် ပန်းချီအတတ်သည် မတိမ်ကောခြင်းဖြစ်သည်။ ပန်းချီကားတစ်ချပ်ကို လေ့လာသုံးသပ်ပြီး နားလည်သဘောပေါက်ပါက စိတ်တည်ငြိမ် ချမ်းမြေ့မှုအရသာကို ခံစားရသော သုခုမပညာရပ်ဖြစ်သည်။ သို့သော် ပန်းချီကားတစ်ချပ်၏ အရသာကို ခံစားတတ်ရန်မှာ မလွယ်ကူချေ။

**စာပေကျမ်းဂန်တို့တွင်ဖော်ပြ**

ကမ္ဘာဦး လူတို့၏ ကောက်ကြောင်းပန်းချီသည် သဘာဝကျခြင်း၊ ဟန်ပန်အမူအရာနှင့် ပြည့်စုံခြင်းတို့ကြောင့် ယခုခေတ် ပန်းချီအကျော်အမော်များပင် အံ့သြချီးကျူးရသည်။ သဘာဝနှင့် ရင်းရင်းနှီးနှီး လေ့လာဆက်ဆံနေရသော ဂူအောင်းပန်းချီဆရာများသည် မျက်မြင်ကိုယ်တွေ့ ဇဟုသုတကိုမှီ၍ ဖော်ပြထားခြင်းဖြစ်သည်။ ခေတ်ဦးအခါက ပန်းချီလက်ရာများသည် ကာလစား၍ ကွယ်ပျောက်ကုန်သော်လည်း ရှေးဟောင်းစာပေကျမ်းဂန်တို့တွင် ဖော်ပြချက်များအရ ရာဇဝင်ဒဏ္ဍာရီ၊ ရွှေဘုံနိဒါန်း၊ မင်းခမ်းမင်းနား၊ အဆို၊ အက၊ အတီး၊ အမှတ်စသော ကြောင်းခြင်းရာများကို ရေးခြယ်ကြသည်ဟု သိရသည်။

**ထီးသုံး နန်းသုံး ပန်းချီများ**

ပုဂံခေတ်တွင် ပန်းချီရေးသော ကြောင်းခြင်းရာများသည် ဗုဒ္ဓဝင်နိပါတ်နှင့် စပ်သည်သာများသည်။ နှောင်းခေတ်ကာလများတွင် ဗုဒ္ဓဝင်နိပါတ်တို့သာမက မင်းနှင့်စပ်သော အကြောင်းခြင်းရာတို့လည်း ပါဝင်လာသည်။ အတွင်းတော် အမိန့်နှင့်ဖြစ်စေ၊ လွှတ်တော်အမိန့်နှင့်ဖြစ်စေ ရေးဆွဲခိုင်းသော စီးတော်၊ ဆင်တော်၊ မင်းခမ်းမင်းနား စသော ထီးသုံး၊ နန်းသုံးပန်းချီများကို ရေးဆွဲလာကြပြီး မြန်မာတို့၏ ဓလေ့သဘာဝပျော်ရွှင်မှုဆိုင်ရာ ပန်းချီကားများကိုလည်း ရေးဆွဲလာကြသည်။ ယခုခေတ် ပန်းချီဆရာများသည် အနောက်တိုင်းမှ မျက်မြင်ရုပ်သွင်ဖြင့် တင်စားရေးဆွဲခြင်းမပြုသော စိတ္တဇပန်းချီကို မြန်မာပရိသတ်က လက်မခံသေးချေ။ သို့သော် စိတ္တဇပန်းချီလမ်းစဉ်သစ်ကို ကြားမြင်နေကြသော လူငယ်ပန်းချီဆရာတချို့ကမူ လက်တည့်စမ်းလျက်ရှိလေသည်။

ဇေယျာထက်(မင်းဘူး)

# မျိုးဆက်သစ်လူငယ်

ကြေးမုံ

အထူးဂဏ္ဍ

ဩဂုတ် ၁၆၊ ၂၀၁၀
(တနင်္ဂနွေနေ့)


ဝတ္ထုတို




## ■ နီနီရဲရင့်မောင်

(၁)

သူရိန်နေမင်းကြီးက ကျွန်တော့်ခေါင်းပေါ် တည့်တည့်မှာ ပူနေတယ်လို့တောင် ထင်မိတယ်။ ဘယ်လောက်ပဲ ပူပူပါ။ ကျွန်တော်ကတော့ ကိုယ့်အလုပ်ကိုယ်လုပ်ရမှာပဲ။ နေပူနေလို့ မလုပ်ချင်ဘူး၊ မိုးရွာနေလို့ မလုပ်ချင်ဘူးဆိုပြီး ငြင်းလို့ရတဲ့ ဘဝအခြေအနေလည်း မဟုတ်ဘူးလေ။ ရှာနိုင်တုန်းရှာရတာ။ သားနှစ်ယောက်က ကျောင်းပြီးသေးတာ မဟုတ်ဘူး။ သားနှစ်ယောက် ကျောင်းပြီးသွားရင်တော့ ကျွန်တော်တို့ လင်မယားနှစ်ယောက်လည်း အေးအေးလူလူတော့နေရမှာပါ။ အခုတော့ ကျွန်တော့်မိန်းမက ကွမ်းယာဆိုင်ဖွင့်ရင်း ကျွန်တော်က ဆိုင်ကယ်ကယ်ရီဆွဲရင်းနဲ့ သားနှစ်ယောက်ကို ကျောင်းထားနေရတယ်။

ကျွန်တော်ကယ်ရီမောင်းလာတဲ့ သက်တမ်းက ကြာနေပြီ။ ဘယ်လမ်းကသွားရင် ဘယ်ကိုရောက်တယ်ဆိုတာ သိနေသလို၊ ဘယ်လောက်ကြာကြာမောင်းပြီးသွားရင် ဆီဘယ်လောက်ကုန်တယ်ဆိုတာလည်း ခန့်မှန်းနိုင်ပြီးသား။ ကျွန်တော် ကယ်ရီဆွဲစက သပြေကုန်းဈေးနဲ့ ကားဂိတ်တစ်ဝိုက်မှာ ကျင်လည်ခဲ့တာ။ အခုတော့ ကျွန်တော်ကျင်လည်ကျက်စားတဲ့ နေရာကို ပြောင်းလိုက်ပြီ။ ခုတင်(၁၀၀၀) ပြည်သူ့ဆေးရုံနားမှာ ကျွန်တော်ကျင်လည်နေတယ်။ ဆေးရုံကြီးထဲမှာက ခွဲစိတ်ဆောင်ဘက်က ကယ်ရီအုပ်စု၊ ဖျားနာဆောင်ဘက်က ကယ်ရီအုပ်စု၊ အရိုးဆောင်ဘက်က ကယ်ရီအုပ်စုဆိုပြီး ကယ်ရီသမားတွေပေါမှပေါပဲ။ ကျွန်တော်က အရိုးဆောင်ဘက်မှာ ကယ်ရီဆွဲတဲ့ ကယ်ရီသမားတစ်ယောက်ပါ။

ကျွန်တော်က အပြောကောင်းပြီး အပေါင်းအသင်းဆက်ဆံရေးပြေပြစ်တယ်လို့ ကိုယ့်ကိုယ်ကိုယ်ထင်တယ်။ ကျွန်တော့်ဖုန်းနံပါတ်ကို ပေးပြီး သွားစရာရှိရင် ကျွန်တော့်ကယ်ရီကို ခေါ်လို့ရကြောင်း၊ ဘယ်လူနာဆောင်ပဲရောက်ရောက် ခေါ်လို့ရကြောင်းမှာလိုက်တယ်။ တချို့ ခရီးသည်တွေလည်း အမှန်တကယ်ပဲ ကျွန်တော့်ကို ဖုန်းဆက်ခေါ်တယ်ဗျ။ အရိုးဆောင်ကနေ ဆီးနှင့်ကျောက်ကပ်ခွဲစိတ်ဆောင်ကို လူနာပြောင်းသွားရတဲ့အခါ လူနာရှင်တွေက ဆေးဝယ်ဖို့ဆိုပြီး ကျွန်တော့ကယ်ရီကို ငှားတယ်။ အဲဒီအခါမျိုးဆိုရင်လည်း ကျွန်တော်က ဆီးနှင့်ကျောက်ကပ်ခွဲစိတ်ဆောင်နားက ကယ်ရီဂိတ်ကို ဂရုမစိုက်ဘဲ "ငါ့အသိတစ်ယောက် ဆေးရုံတက်နေတာကွ" ဆိုပြီး ကူးချည်သန်းချည် ကယ်ရီဆွဲတာပဲ။ သူတို့အမြင်မှာတော့ ကျွန်တော်က နည်းနည်းတော့ လူလည်ကျသလို ဖြစ်နေမှာပေါ့။ မတတ်နိုင်ဘူးဗျာ။ တစ်ဝမ်းတစ်ခါးအတွက်တော့ ဒီလိုပဲ ရှန်းကန်ရှာဖွေနေရတာ။ ကိုယ်က မလည်ရင် ကိုယ့်အပေါ် လူလည်ကျသွားကြမယ့်ခေတ်ဗျ။

(၂)

ဒီမနက်တော့ နေမင်းကြီးက ခေါင်းပေါ် တည့်တည့်သာနေပြီ။ ခရီးသည်ကတစ်ယောက်မှ မရသေးဘူး။ ရာသီဥတုကလည်း ပူလိုက်တာမှလွန်ရော။ ကျွန်တော်လည်း ကယ်ရီဂိတ်ကနေ ထွက်ပြီး လူနာဆောင်အပေါက်ဝနားသွားပြီး လူနာစောင့်တွေနဲ့ ဟိုစပ်စပ် ဒီစပ်စပ် စကားစမြည်းပြောနေလိုက်တယ်။

"ဦးလေး ဆေးဝယ်ချင်လို့ဗျ။ ဆေးဆိုင်လိုက်ပို့ပေးပါလား။ "

အသံလာရာကိုကြည့်လိုက်တော့ အသက်နှစ်ဆယ်ကျော် အရွယ်ကောင်ကလေးတစ်ယောက်။ ပုံစံက ဘာလူမျိုးလည်းဆိုတာသာ သေချာမခွဲခြားတတ်တာ တိုင်းရင်းသားတစ်ယောက်ဆိုတာတော့ အသေအချာပဲ။ နေပြည်တော်ခုတင်(၁၀၀၀)ဆေးရုံကို အနယ်နယ်အရပ်ရပ်က ဆေးရုံလာတက်တဲ့ သူတွေကလည်း အများသား။ ကျွန်တော့်ကယ်ရီကို လိုက်စီးဖူးတဲ့သူတွေဆိုရင် ကချင်ပြည်နယ်ဘက်ကလည်းပါတယ်။ ရခိုင်ပြည်နယ်ဘက်ကလည်း ပါတယ်၊ ရှမ်းမြောက်၊ ရှမ်းတောင်၊ ရှမ်းရှေ့ ဘက်ကလည်းပါတယ်။ မပါတာဆိုလို့ မြန်မာပြည်တောင်ပိုင်းက တနင်္သာရီပဲကျန်တယ်။ ဘယ်နယ်ကပဲတက်လာ တက်လာပါ ရန်ကုန်ရောက်မှ မျက်စိလည်တာမဟုတ်ဘူး။ နေပြည်တော်ရောက်ရင်လည်း အဲဒီလူတွေ မျက်စိလည်တာပါပဲ။

"အေး တက်။ ငါ့တူ။ ဘယ်ဆေးဆိုင်သွားချင်လဲ။"

"ကျွန်တော်မှ မရောက်ဖူးတာ။ ဆေးရမယ့်ဆိုင်သာ မောင်းဗျာ။ "

အဲဒီစကားကို ကျွန်တော်အကြိုက်ဆုံး။ ဆေးဝယ်ချင်လို့ဆိုပြီး ဆေးစာရွက်ကိုပြကတည်းက ဒီဆေးကို ဘယ်ဆိုင်မှာ ရနိုင်တယ် ဘယ်ဆိုင်မှာမရနိုင်ဘူးဆိုတာ ကျွန်တော်သိပြီးသား။ ဒါပေမယ့် မတတ်နိုင်ဘူးဗျာ။ ဒီကောင်လေး မျက်စိလည်အောင်တော့ ကျွန်တော်လုပ်ရဦးမယ်။ ကျွန်တော့်ရဲ့ ခရီးသည်တွေကို အမြဲတစေတော့ မျက်စိလည်အောင် ကျွန်တော်မလုပ်ပါဘူးဗျာ။ ဒီနေ့လို တစ်မနက်ခင်းလုံး ခရီးသည်မရတဲ့ နေ့မျိုး၊ တစ်မနက်ခင်းသာကုန်တယ် ခရီးသည် တစ်ယောက်တလေပဲရတဲ့နေ့မျိုး အဲဒီလို နေ့မျိုးတွေဆိုရင်တော့ အခြေအနေကြည့်ပြီး ခရီးသည် မျက်စိလည်အောင် ကျွန်တော်လုပ်ရတော့တာပဲ။

ပထမဆုံး ဆေးရုံနဲ့နီးတဲ့ ဆေးဆိုင်သေးသေးလေးကို မောင်းသွားလိုက်တယ်။ ဆေးဆိုင်သေးသေးလေးဆိုမှတော့ ဆေးက ဘယ်စုံလိမ့်မတုန်း။ အဲဒီဆိုင်မှာ ဝယ်ချင်တဲ့ဆေးမရှိတော့ မနီးမဝေးတဲ့ဆေးဆိုင် တစ်ဆိုင်ကို ထပ်မောင်းသွားလိုက်တယ်။ အဲဒီတစ်ဆိုင်မှာလည်း ပစ္စည်းမစုံတော့ ဆေးကမရ၊ အဲဒီမှာတင် ကျွန်တော့်ရဲ့ မျက်စိလည်အောင်လုပ်နည်းစတော့တာပဲ။ လမ်းကြားတစ်ခုကသွားပြီး လမ်းမကြီးပေါ်တက်။ လမ်းမကြီးပေါ်ကနေ နေပြည်တော်ရဲ့ အဝိုင်းပတ်များစွာထဲက အဝိုင်းတစ်ဝိုင်းကိုပတ်၊ ပြီးရင် လမ်းမကြီး တစ်ခုပေါ်ပြန်သွား၊ အဲဒီနောက် ဆေးဆိုင်ကြီးကြီးတစ်ခုဆီ မောင်းသွားလိုက်တယ်။ ဒီလောက်ဆိုရင် ကျွန်တော် ကယ်ရီခပိုတောင်းလို့ရပြီလေ။

ကျွန်တော့်ခရီးသည်က ရိုးရိုးသားသား တိုင်းရင်းသားလေး။ ကျွန်တော်တောင်းသမျှ အဖိုးအခကို သူပေးမှာ ကျွန်တော်သိနေတယ်။ တစ်မနက်လုံး ခရီးသည်မရသမျှတော့ ဒီတစ်ယောက်နဲ့ပဲ ဖြေသိမ့်ရတော့မှာပေါ့ဗျာ။ ညနေပိုင်းမှာတော့ ခရီးသည်နှစ်ယောက်လောက် ရရင်ကောင်းမယ်။ တစ်ရက်တာအတွက် တွက်ခြေကိုက်အောင်လို့ပါ။ ဒါမှမဟုတ်လည်း လူနာနှစ်ယောက်၊ သုံးယောက်က ပေါင်းပြီး ခရီးသည်မပါဘဲ ဆေးစာရွက်ချည်းပေးပြီး ဆေးဝယ်ခိုင်းရင်လည်းကောင်းမယ်။ အဲဒါမျိုးဆို ကျွန်တော့်အတွက်ပိုကိုက်တယ်။ ခရီးကသာ တစ်ကြောင်းပဲသွားရတာ ကယ်ရီခကျတော့ နှစ်ယောက်၊ သုံးယောက်စာလုံး အပြည့်အဝရတယ်ဗျ။ ဩော်၊ ရှာရ ဖွေရ ပင်ပန်းရနဲ့ ဘဝဆိုတာ ရုန်းကန်ခြင်းလို့ပဲ ကျွန်တော်တော့ အဓိပ္ပာယ်ဖွင့်ချင်တယ်။

"ဒုန်း ၊ ဝုန်း "

"အား၊ ကျွတ်ကျွတ်၊ ခြေထောက် ခြေထောက်၊ ကျွန်တော့်ခြေထောက်"

ကျွန်တော့်ဆိုင်ကယ် လမ်းဘေးပလက်ဖောင်းနဲ့ ဝင်တိုက်မိပြီ။ ဆိုင်ကယ်မောင်းလာတဲ့သက်တမ်းမှာ ဒီလိုကြမ်းကြမ်းတမ်းတမ်း တစ်ခါမှမမှောက်ဖူးဘူး။ အခုလည်း ကျွန်တော်မမှားပါဘူး။ ကျွန်တော်က လမ်းမပေါ်ကနေ ဖြည်းဖြည်းမှန်မှန်မောင်းလာတာ။ ဒါကို ညာဘက်လမ်းသွယ်ထဲကနေ ငတိတစ်ကောင်က လမ်းမပေါ်ကို တစ်ဟုန်ထိုးမောင်းတက်လာတယ်။ ကျွန်တော့် ဆိုင်ကယ်နဲ့ ငြိတော့မှာပဲလို့ ကျွန်တော့်စိတ်ကတွေးရင်း ဘယ်ဘက်ကို နေရာယူလိုက်ပေမယ့် မရတော့ဘူး။ ငတိဆိုင်ကယ်နဲ့ ကျွန်တော့်ဆိုင်ကယ် နှစ်စီးစလုံးငြိပြီး လျှောထွက်သွားတာ လမ်းရဲ့ ဘယ်ဘက်ပလက်ဖောင်းနဲ့ ဝင်တိုက်တော့တာပဲ။ ငတိတစ်ယောက် ဘယ်လိုနေလည်းတော့ ကျွန်တော်မသိ၊ ကျွန်တော်ကတော့ ပလက်ဖောင်းနံဘေးမှာ ကိုးရိုးကားယားလဲကျရင်း ဆိုင်ကယ်ကလည်း ကျွန်တော့်အပေါ်မှာပိနေပြီ။ ကျွန်တော့်ရဲ့ ခရီးသည်ကို ကြည့်လိုက်တော့ မျက်စိသူငယ်၊ နားသူငယ်လေးနဲ့ ကျွန်တော့်ကို ငေးလို့နေရှာတယ်။ လူကတော့ ဘာမှဖြစ်ပုံမပေါ်လို့တော်သေး။ ကျွန်တော်ကသာ ဆိုင်ကယ်အောက်ထဲ ညပ်ဝင်နေတဲ့ ကျွန်တော့် ခြေထောက်ကို မနည်းဆွဲထုတ်နေရတာ။

(၃)

ကျွန်တော် ခြေထောက်ရိုးကျိုးသွားတယ်။ အရိုးကနှစ်ပိုင်းဖြတ်ကျိုးသွားတာမို့ ခွဲခန်းထဲ ဝင်ပြီးမှ အရိုးကို ပြန်ဆက်ရမယ်လို့ ဆရာဝန်က ရှင်းပြတယ်။ အရေးပေါ်ဌာနမှာ နှစ်နာရီကျော်ကြာအောင် နေခဲ့ရပြီးလို့ အခုအရိုးကုသဆောင်ကို ရောက်လာတဲ့အထိတောင် ကျွန်တော့်မိန်းမက ကျွန်တော့်နောက်ကို လိုက်မလာသေးဘူး။ ဆရာမတွေကလည်း လူနာစောင့် မပါဘူးလားလို့ မေးနေပြီ။ လူနာစောင့်လာရင် ကောင်တာမှာ သူတို့ကိုလာတွေ့ပါလို့လည်း မှာနေတယ်။ ကျွန်တော့်မှာ လူနာစောင့်လည်းမပါ၊ ပစ္စည်းပစ္စယကလည်းမပါ၊ ခြေထောက်ကလည်းနာနဲ့ ထိုင်ရမလို ၊ ထရမလိုနဲ့ ဂနာငြိမ်ငြိမ်မနေနိုင်ဘူး။ လူနာဆောင်ထဲမှာကလည်း လူနာတွေက အပြည့်။ ဒါကြောင့်မို့ထင်တယ်။ ခွဲခန်းထဲဝင်ပြီး ခွဲစိတ်ရဖို့က တစ်ပတ်ကျော်စောင့်ရမယ်တဲ့။ လောလောဆယ်တော့ ခြေထောက်ကို ကျောက်ပတ်တီးစီးပေးထားတယ်။ ကျွန်တော်လည်း ခုတင်ပေါ်မှာပဲ အသာလေးမှိန်းနေလိုက်တော့တယ်။

"ဘကြီး၊ ဘယ်လိုနေလဲ။ ကျွန်တော်လည်း ရောက်ရောက်ချင်း လိုက်လာတာဗျ။ ဒေါ်လေးကိုတော့ နောက်မှပဲလိုက်ခဲ့တော့လို့ မှာခဲ့တယ်။ ကျွန်တော် ဘာလုပ်ပေးရမလဲ။ "

ဘကြီးဆိုတဲ့ခေါ်သံကြားလို့ မျက်လုံးဖွင့်ကြည့်လိုက်တော့ တူတော်မောင် ဖိုးဇော်ဖြစ်နေတယ်။ ဖိုးဇော်က ကျွန်တော့်ညီက မွေးတဲ့သား။ နေပြည်တော်မှာ စာမေးပွဲတစ်ခုဖြေမယ်ဆိုပြီး မုံရွာကနေရောက်လာတာ။ နေပြည်တော်ကို ပထမဆုံး အကြိမ်အနေနဲ့ ရောက်လာတဲ့နေ့မှာပဲ ကျွန်တော့်အတွက်နဲ့ ပင်ပန်းရရှာပြီ။

"အေး ခြေထောက်အရိုးကျိုးသွားတာကွာ။ လူကတော့နေသာပါတယ်။ မင်းရောက်လာပြီဆိုတော့ မင်းအဒေါ်ကို ထမင်းပို့ရင်းနဲ့မှ လာလို့ပြောလိုက်။ အခုတော့ ဆရာမတွေ ခေါ်နေတယ် သွားတွေ့ချေဦး"

တူတော်မောင်က ဆရာမတွေရှိနေမယ့် ကောင်တာကို ချက်ချင်းဆိုသလို ထွက်သွားလိုက်တယ်။ မိနစ်အနည်းငယ်ကြာလောက်မှာပဲ ကျွန်တော့်ဆီပြန်လာတယ်။ လက်ထဲမှာက စာရွက်ဖြူဖြူတစ်ရွက်ကိုင်လို့။ ကျွန်တော့်နားရောက်တော့ တူတော်မောင်က

" ဆေးဝယ်ရမယ်တဲ့ဘကြီး။ ဆေးကညမှ ထိုးရမှာဆိုပေမယ့် အခုပဲထွက်ဝယ်လိုက်မယ်။" ကျွန်တော်နဲ့ဆေးရုံက သူစိမ်းတွေလို စိမ်းမနေပေမယ့် အခုလိုလူနာအဖြစ်နဲ့တော့ ကျွန်တော် မရင်းနှီးချင်ပါဘူး။ တူတော်မောင် ထွက်သွားတော့ ကျွန်တော်လည်း အသာလေးပြန်မှိန်းနေလိုက်တယ်။ ခြေထောက်က တဆစ်ဆစ်နဲ့တော့ ကိုက်နေတယ်။ မနေနိုင်လောက်အောင် ကိုက်နေတာမျိုးတော့လည်း မဟုတ်ဘူး။

"ဘယ်လိုနေလဲ။ နေသာရဲ့လားဗျ။ "

ကျွန်တော်နဲ့ရင်းနှီးနေတဲ့ အသံမဟုတ်ပေမယ့် အသံက ကျွန်တော်နဲ့နီးကပ်နေတာမို့ ကျွန်တော်မျက်လုံးဖွင့်ကြည့်လိုက်တယ်။ ဂျူတီကုတ်အဖြူရောင်နဲ့ ဆရာဝန်လေးတစ်ယောက် ကျွန်တော့်ခုတင်ဘေးက ကောင်လေးကို မုန့်ထုပ်တွေကမ်းပေးရင်းက ကောင်လေးကိုမေးနေတာ။ ကောင်လေးနဲ့က အသိမိတ်ဆွေတွေထင်တယ်။ ကောင်လေးက အားနာတဲ့မျက်ဝန်းတွေနဲ့ မုန့်ထုပ်တွေကို လှမ်းယူရင်း

"နေသာပါတယ်ဆရာ၊ မုန့်တွေယူလာတာ အားနာစရာဗျာ။ သတင်းလာမေးတာနဲ့တင် ကျွန်တော်အားရှိနေပါပြီ "

"အားနာစရာမှ မဟုတ်ဘဲဗျာ အသိမိတ်ဆွေတွေပဲ။ ကျွန်တော်လည်း အမြဲမလာနိုင်တော့ အားတဲ့အချိန်လေးထွက်လာခဲ့ရတာ"

လူနာကောင်လေးနဲ့ ဆရာဝန်လေးတို့ ပြောနေတဲ့ စကားတွေကို တမင်တကာ နားထောင်နေတာ မဟုတ်ပေမယ့် ခုတင်ချင်းက နီးကပ်လွန်းနေတော့ အကုန်ကြားနေရတယ်။ ကောင်လေးနဲ့ ဆရာဝန်နဲ့ ဒီလောက်တောင် ရင်းနှီးနေရင် ကောင်လေးကို ကပ်ပြီး ရက်တိုတိုနဲ့ ခွဲခန်းအမြန်ဝင်နိုင်ဖို့ ဆရာဝန်လေးနားမှာ အကူအညီတောင်းရမယ်လို့ ကျွန်တော်စိတ်ကူးမိတယ်။ ဆရာဝန်လေးလည်းပြန်ရော ဘေးခုတင်က ကောင်လေးဘက်ကိုလှည့်ပြီး

"ကောင်လေး၊ စောစောက ဆရာဝန်လေးနဲ့က အသိတွေလား။"

"ဟုတ်တယ်ဗျ။ ဒါပေမယ့် အရမ်းကြီးတော့လည်း မရင်းနှီးပါဘူး။ တစ်ခါက သူက ဥတ္တရာဘက်ကနေ ဒီဘက်ကိုလာတဲ့လမ်းမှာ ဆိုင်ကယ်ပျက်နေတာ။ ကျွန်တော်လည်း ဆိုင်ကယ်ပျက်နေရှာတာပဲဆိုပြီး သွားရင်းလာရင်း ကူညီပေးခဲ့တာဗျ။ အခုကျတော့ သူက တစ်ခါ ကျွန်တော့်ကို ပြန်ကြည့်ပေးတယ်ပဲဆိုပါတော့။ လိုတာရှိရင်ပြောပါတဲ့။ တစ်ဦးက မေတ္တာ၊ တစ်ဦးကစေတနာပေါ့ ဦးလေးရာ။ မေတ္တာရဲ့ အတုံ့အလှည့်တွေပေါ့။ အကူအညီကတော့ မတောင်းပါဘူး။ အခွင့်ရေးယူတာမျိုး ဖြစ်နေမှာစိုးတယ်ဗျ။ "

"ဘကြီး "

ဘေးခုတင်ကကောင်လေးနဲ့ စကားပြောနေတုန်းဆေးဝယ်သွားတဲ့ တူတော်မောင် ပြန်ရောက်လာတယ်။ နာရီဝက်လောက်ပဲ ကြာမယ်လို့ထင်ထားပေမယ့် တစ်နာရီကျော်ကြာတော့မှ ပြန်ရောက်လာတဲ့ တူတော်မောင်။ နေပြည်တော်ရဲ့ နေပူပူမှာ ချွေးတွေကလည်း ရွှဲနစ်လို့။

"ပြန်လာပြီလား။ မင်းနှယ် နာရီဝက်လောက်ပဲကြာမယ့်ခရီးကို တစ်နာရီကျော်တောင်ကြာတယ်။ အိမ်ကိုဝင်ခဲ့သေးတာလား"

"မဝင်ပါဘူး ဘကြီးရာ။ ဆရာမတွေ ဝယ်ခိုင်းတဲ့ဆေးက ရှာရတာမလွယ်လို့ဗျ။ တစ်ဆိုင်ဝင်၊ တစ်ဆိုင်ထွက်နဲ့။ အဝိုင်း ပတ်ကြီးနှစ်ခုပတ်ပြီးလို့ နောက်ဆုံး ဆေးဆိုင်ကြီးကြီး ရောက်မှပဲ ဆေးကဝယ်လို့ရတော့တာဗျ။ "

"ဘာ'

အာမေဋိတ်သံတစ်ခုက ကျွန်တော့်နှုတ်ကနေခုန်ထွက်သွားတယ်။ ကျွန်တော့်တူတော်မောင်ရုပ်က တခြားမြို့က ရောက်လာတယ်ဆိုတာ အလွန်သိသာနေတော့ ကယ်ရီသမားတွေက မျက်စိလည်အောင် လှည့်လိုက်ပြီပေါ့ဗျာ။ လုပ်ရက်လိုက်ကြတာ။ ကျွန်တော့်ရဲ့ခရီးသည်တွေကို မျက်စိလည်အောင်လှည့်ရင်တောင် ကျွန်တော်က အဝိုင်းပတ်တစ်ခုလောက်ပဲ ပတ်ခဲ့တာဗျ။ အခု ကျွန်တော့်တူတော်မောင် အလှည့်ကျတော့မှ အဝိုင်းပတ်နှစ်ခုတောင် လှည့်ပတ်ပြီးမောင်းပို့ခဲ့တာတဲ့လား။ ဩော်၊ အလှည့် အလှည့်ပါဗျာ။ ကျွန်တော်ပြုမိတဲ့ အတုံ့အလှည့်ပေါ့ဗျာ။

ဆောင်းပါး

■ သက်နောင်

# အတ္တကြိုးဆွဲခံရသော ရုပ်သေးရုပ်လေးများ

ကျွန်တော် ပထမနှစ်အမ်ဘီဘီအက်စ်တက်တုန်းက ဆရာဒေါက်တာစိုးလွင်ရဲ့ ဝတ္ထုတိုလေး တစ်ပုဒ်ကို ဖတ်ပြီးတော့ ရင်ထဲမှာ တွေးစရာတွေ အများကြီးကျန်ခဲ့တယ်။ ဝတ္ထုလေး အကျဉ်းချုပ်မှာတော့ ဇာတ်လိုက်အမျိုးသမီးက ငယ်ငယ်လေးကတည်းကနေ ပြိုင်လာတဲ့ ပြိုင်ဘက်သူငယ်ချင်းရဲ့ သမီးကိုအနိုင်ယူဖို့ သူ့သမီးကို ဖိအားတွေပေးတယ်။ ဆယ်တန်းမှာ ပြိုင်ဘက် သမီးထက်သာအောင် အမှတ်တွေအများကြီးနဲ့ ဘာသာစုံဂုဏ်ထူးထွက်ရမယ်၊ ဆရာဝန်ကြီးလုပ်ရမယ်ဆိုပြီး ကျူရှင်တွေထား၊ ဆရာတွေငှားပြီး နေ့မီးညမီး စာကျက်ခိုင်း။ သမီးက ဖိအားတွေဝင်ပြီး သေချာကျက်ပေမယ့် မဖြေနိုင်ခဲ့။ မှန်းသလောက်မရဘဲ နှစ်ဘာသာပဲထွက်တော့ အမေက ပြင်းပြင်းထန်ထန်ဆူလိုက်တာ သမီးဖြစ်သူက စိတ်ထိခိုက်ပြီး အခန်းထဲဝင်သွားတာ လုံးဝမထွက်လာတော့ဘူး။ နောက်ဆုံး တံခါးဖျက်ဝင်ရတဲ့ အခြေအနေဖြစ်ပြီး အထဲမှာ သမီးဖြစ်သူက စိတ်ဖောက်ပြန်တဲ့လက္ခဏာပြနေပြီ။ အခန်းက ဒိုင်ယာရီစာအုပ်ထဲမှာ မိခင်ဖြစ်သူဖတ်လိုက်ရတာ သမီးက ဆရာဝန်မလုပ်ချင်ဘဲ ကျောင်းဆရာမလေးပဲ လုပ်ချင်ကြောင်း၊ မိခင်ဖြစ်သူကိုချစ်လို့ နာခံပြီး နေ့ညကြိုးစားခဲ့ရကြောင်း၊ အခု ကိုယ့်ကိုယ်ကိုယ် အသုံးမကျဘူးလို့ခံစားရကြောင်းတွေကို သိလိုက်ရတော့ နောင်တ အကြီးအကျယ်ရပေမယ့် နောက်ကျသွားခဲ့ပြီ။ သမီးဖြစ်သူကတော့ စိတ်ဒဏ်ရာတွေများစွာနဲ့ စိတ်ရောဂါကု ဆေးရုံကို ရောက်သွားရရှာတယ်။

အဲဒီဝတ္ထုလေးဖတ်ပြီးတော့ ကျွန်တော်စဉ်းစားမိတယ်။ တကယ့်လောကမှာရော ဒီလောက်အတ္တကြီးတဲ့ မိဘတွေရှိလားဆိုပြီးတော့ပေါ့။ နောက်ပိုင်း လက်တွေ့ဘဝမှာလည်း အဲဒီလိုလူတွေ ကျွန်တော် တွေ့ခဲ့ရတယ်။ “ငါ့သားသမီးက ဆရာဝန်ကြီးဖြစ်ရမယ်။ အင်ဂျင်နီယာကြီးဖြစ်ရမယ်။ ဘာသာစုံဂုဏ်ထူးရရမယ်။ Top Ten ဝင်ရမယ်” စတဲ့ ဆန္ဒတွေ၊ မျှော်လင့်ချက်တွေနဲ့ ကလေးတွေကို ခံနိုင်လား၊ မခံနိုင်လားမသိဘဲ ကျူရှင်တွေအများကြီး ထားတယ်။ ပိုက်ဆံတွေ သိန်းဆယ်နဲ့ချီအကုန်ခံ၊ ဆရာတွေ လေး၊ ငါးယောက်လောက်ခေါ်ပြီး နားရက်လုံးဝမပေးဘဲ တစ်နေ့ကို ၁၅ နာရီလောက် စာပြီးရင်စာပဲ လုပ်ခိုင်းတယ်။ တချို့ ကလေးတွေကတော့ သူတို့မှန်းထားတဲ့အတိုင်း ကောင်းကောင်းအောင်မြင်တယ်။ တချို့ ကလေးတွေကတော့ စိတ်ဖိစီးမှုဒဏ်တွေကြောင့် ရိုးရိုးပဲအောင်ရင်အောင်၊ မအောင်ရင်လည်း ဂုဏ်ထူး တစ်ဘာသာ၊ နှစ်ဘာသာလောက်ပဲ ထွက်တော့တယ်။ မိဘတွေလည်း အချိန်ကုန်၊ ငွေကုန်၊ ရည်မှန်းချက်မအောင်မြင်၊ ကလေးတွေကလည်း စိတ်ဒဏ်ရာတွေရခဲ့တာပေါ့။

အောင်တဲ့ကလေးတွေကလည်း ပြီးပြီလားဆိုတော့ မပြီးသေးပါဘူး။ သူတို့မိဘတွေရဲ့ နောက်ထပ်ရည်မှန်းချက်ဖြစ်တဲ့ ဆရာဝန်ဖြစ်ရမယ်၊ အင်ဂျင်နီယာဖြစ်ရမယ်ဆိုတဲ့ လမ်းစဉ်ကြီးကို ဆက်လျှောက်လှမ်းရတယ်။ တကယ်ဝါသနာပါတဲ့သူတွေကတော့ အဆင်ပြေသွားပါတယ်။ ဝါသနာမပါဘဲ ဆေးကျောင်းရောက်လာတဲ့သူတွေကတော့ ဆေးကျောင်းတက်တဲ့ တစ်လျှောက်လုံး စိတ်ဖိစီးမှုကြီးတွေကို ခံစားရတယ်။ (ဒီနေရာမှာ တစ်ခုပြောလိုတာက ဝါသနာမပါဘဲ ဆေးကျောင်းရောက်လာပေမယ့် ကိုယ့်ဘာသာ သည်းခံကြိုးစားလို့ အဆင်ပြေနေသူတွေလည်း ရှိပါတယ်။) ဝါသနာကမပါ၊ စာတွေကများလည်းများ၊ ခက်လည်းခက်၊ စိတ်ဝင်စားမှုကမရှိတော့ စာမေးပွဲတွေ တဖုန်းဖုန်းကျ၊ နောက်ဆုံး ကျောင်းထွက်လိုက်ရတဲ့အထိ ဖြစ်သွားရော။ ပထမတစ်ကွေ့တော့ ချောမွေ့ပေမယ့် ဒီတစ်ကွေ့ ကျတော့လည်း အချိန်တွေကုန်၊ လူတွေပင်ပန်းကြတာပဲမဟုတ်လား။

အဲဒီတော့ မိဘတွေရော၊ ကလေးတွေရော ဒီလို ပင်ပန်းဆင်းရဲစေရတဲ့ အဓိက အကြောင်းရင်းက ဘာလဲ။ အဲဒါက တက္ကသိုလ်ဝင်တန်းစာမေးပွဲလည်းမဟုတ်သလို ဆေးတက္ကသိုလ်က များပြားလှတဲ့စာတွေလည်း မဟုတ်ပါဘူး။ အရင်းစစ်တော့ အမြစ်မြေကဆိုသလို မူလအကြောင်းရင်းကို ရှာလိုက်တော့ အဲဒါဟာ အားလုံးနဲ့ နီးနီးလေးမှာပဲ ရှိပါတယ်။ အဲဒါဟာ မိဘတွေရဲ့ အတ္တတွေပါပဲ။ မိမိသားသမီးရဲ့ ပညာရေးကို ထိုက်သင့်သလောက် အားပေးတာဟာ ကိစ္စမရှိပါဘူး။ ဒါပေမယ့် “ဘာကြီးဖြစ်ရမယ်၊ ညာကြီးဖြစ်ရမယ်” ဆိုတဲ့ အတ္တတွေဟာ မဖြစ်သင့်တာတွေကိုဖြစ်စေတဲ့ အဓိကအချက်ပဲ ဖြစ်ပါတယ်။

တကယ်တော့ လူတစ်ယောက်ချင်းစီမှာ မတူညီတဲ့ ပါရမီတွေ၊ ဝါသနာတွေ ရှိပါတယ်။ လူတွေကို ဘာပဲဖြစ်ရမယ်ဆိုပြီး အတင်းပုံစံသွင်းလုပ်ယူလို့မရပါဘူး။ စက်ရုပ်တောင်မှ ဖုန်စုပ်တဲ့စက်ရုပ်ကို ကားမောင်းခိုင်းလို့မရပါဘူး။ ဒီနိုင်ငံမှာ မိဘတွေအတွက်လည်း စိတ်ပူစရာတစ်ခုက သူတို့သားသမီးရဲ့ ဝါသနာနဲ့ ရှေ့ရေးအတွက် အဆင်ပြေမပြေတွေး ပူကြတယ်။ ဒါပေမယ့် အဲဒီလိုအဆင်မပြေတာတစ်ခုတည်းနဲ့တော့ သားသမီးဖြစ်သူကို အတင်းအကျပ် တခြားဟာလုပ်ဆိုပြီး အိပ်မက်တွေကို ရိုက်ချိုးလို့မရပါဘူး။ သူဘယ်နေရာမှာ ထူးချွန်လဲဆိုတာ သေချာလေ့လာပြီး သူတို့ရဲ့ ဝါသနာ၊ ရည်မှန်းချက်ကိုမေး။ ပြီးရင် ရှေ့ရေးမှာ ကြုံတွေ့လာရနိုင်တဲ့ အခြေအနေကို သေချာရှင်းပြ။ ပြီးမှ သူတို့လုပ်ချင်တဲ့ ဒုတိယဆုံးဖြတ်ချက်ကို ချခိုင်း။ ဘာပဲဖြစ်ဖြစ် ရအောင် ဆက်လုပ်မယ်ဆိုရင်၊ ပါရမီလည်း ပါတယ်ဆိုရင် အဲဒါကိုပဲ အားပေးသင့်ပါတယ်။ စိတ်ဓာတ်ခိုင်မာပြီး ပါရမီပါသူတစ်ယောက်ဟာ ဘာကိုပဲလုပ်လုပ် အောင်မြင်လာမှာပါပဲ။ ဥပမာအနေနဲ့ဆိုရင်တော့ ဘရစ်လီတို့၊ စတိဗ်ဂျော့ဘ်တို့ကိုပဲကြည့်ပါ။ ကျွန်တော်တို့ ပြည်တွင်းမှာလည်း ကိုယ်ယုံကြည်ရာကို တစိုက်မတ်မတ်လုပ်ရင်း အောင်မြင်သွားကြသူတွေ များစွာရှိပါတယ်။

ကျွန်တော်တို့ ကမ္ဘာကြီးကို ဆရာဝန်တွေ၊ အင်ဂျင်နီယာတွေနဲ့ပဲ တည်ဆောက်ခဲ့တာ မဟုတ်ဘဲ တွေးခေါ်ပညာရှင်တွေ၊ ဥပဒေပညာရှင်တွေ၊ စီးပွားရေးပညာရှင်၊ နိုင်ငံရေး ပညာရှင်နဲ့ အခြားအခြားသော ပညာရှင်တွေများစွာနဲ့ တည်ဆောက်ခဲ့တာဖြစ်လို့ ဘယ်ပညာရှင်ကိုပဲ လိုအပ်တယ်ဆိုတာ မရှိပါဘူး။ နိုင်ငံ့အတွက်၊ လူ့ပတ်ဝန်းကျင်အတွက်၊ ကမ္ဘာကြီးအတွက် ကဏ္ဍအသီးသီးက ပညာရှင်တွေကို လိုအပ်ပါတယ်။

အောင်မြင်မှုဆိုတဲ့အကြောင်းပြောတဲ့အခါမှာလည်း ဘယ်ရာထူးရမှ၊ လူသိများမှ၊ ငွေတွေထားစရာမရှိအောင် ချမ်းသာမှ အောင်မြင်တာမဟုတ်ပါဘူး။ ကိုယ်လုပ်နေတဲ့ အလုပ်မှာ ပျော်ရွှင်မှုရှိပြီး ကိုယ့်ဘဝကို အပြည့်အဝကျေနပ်မှုရှိခြင်းသည်လည်း အောင်မြင်မှုတစ်မျိုးပဲ ဖြစ်ပါတယ်။ဒါ့အပြင် အောင်မြင်မှုကိုဦးတည်တာထက် ကိုယ့်ကိုယ်ကိုယ် တိုးတက်အောင် မှန်မှန်ကြိုးစားတာ ပိုကောင်းပါတယ်။Three idiots ရုပ်ရှင်ထဲက ဇာတ်လိုက်မင်းသား ရန်ချိုပြောသလို “Pursue for excellence,success will chase you”ဆိုသလိုပါပဲ။

ရုပ်သေးရုပ်တစ်ရုပ်ဟာ ကြိုးဆွဲတဲ့သူရှိသရွေ့တော့ အထိုက်အလျောက် ကနိုင်ပေမယ့် ကြိုးပြတ်သွားတဲ့အခါ သို့မဟုတ် ကြိုးဆွဲမယ့်သူမရှိတော့တဲ့အခါမှာ ပုံလျက်သားပါပဲ။ သူများကြိုးဆွဲမှ ကနိုင်တဲ့ ရုပ်သေးရုပ်တစ်ရုပ်အစား ကိုယ်ထူကိုယ်ထနိုင်တဲ့ ပစ်တိုင်းထောင် ဖြစ်ရတာ ပိုကောင်းပါတယ်။ အနာဂတ်မှာ အတ္တတွေနဲ့ ကြိုးဆွဲခြင်းကိုခံရတဲ့ ရုပ်သေးရုပ်လေးတွေကို မထုတ်တော့ဘဲ ကိုယ်ထူကိုယ်ထနိုင်တဲ့ ပစ်တိုင်းထောင်လေးတွေပဲ ဖန်တီးနိုင်ကြဖို့ တိုက်တွန်းလိုပါတယ်။

## စွန့်ခွာပေးပါ ကိုရိုနာ

ကိုဗစ်နိုင်တင်း ကိုရိုနာ
ကပ်ဆိုးထိုရောဂါ။
ကြောက်မက်ဖွယ်ရာ သတိထား
ကူးစက်မြန်တယ်တအား။
ဟိုနားဒီနား သွားခဲ့လျှင်
မက်စ်ကိုတပ်စေချင်။
လက်ကိုအစဉ် ပုံမှန်ဆေး
ဆပ်ပြာသုံးစို့လေး။
လိုက်နာပေးကြ စည်းကမ်းတွေ
ရောဂါကင်းဖို့လေ။
ကျန်းမာစေရန် ဂရုပြု
သင့်ရာဆောင်ရွက်မှု။
လူစုလူဝေး နေရာရှောင်
သတိထားရအောင်။
တို့မြန်ပြည်ထောင် အေးချမ်းဖို့
တိုက်ထုတ်ဖယ်ရှားစို့။

နှင်းဝေ(ပညာရေး)

..................................

## တို့တောရွာ

မြစ်ကမ်းနံဘေး တို့တောရွာ
ရှုခင်းတွေစုံစွာ။
တောင်တန်းခွေကာ ဝန်းရံထား
ရှုမောဖွယ်ရာများ။
ရောင်စုံပန်းများ ပွင့်ဖူးဝေ
ရနံ့သင်းထုံပေ။
ပျားပိတုန်းတွေ ဝဲပျံကြ
ချစ်စရာပန်းအလှ။
လယ်ယာခင်းမှ စပါးနှံ
ရွှေရောင်ဝင်းနေပြန်။
ရိတ်သိမ်းချိန်မှန် တောင်သူဦး
ဝမ်းသာပီတိထူး။
သဒ္ဓါကြည်နူး အလှူတော်
နှစ်ဉ်ကျင်းပပျော်
သာသနာတော် ထွန်းလင်းရေး
ဝိုင်းဝန်းဆောင်ရွက်ပေး။ ။

မောင်ကြည်လင်(ရွှေကြိုးကြာ)

# အိပ်မက်ကစားပွဲထဲက လူငယ်များ

■ အေးချမ်းအောင်(ခမိုင်း)

၂-၇-၂၀၂၀(ကြာသပတေးနေ့)က ဖားကန့်နယ်ထဲက ဝေခါးမှော်မှာ မြေပြိုတဲ့အကြောင်း လူမှုကွန်ရက်ပေါ်မှာ တွေ့လိုက်ရတယ်။ သေဆုံးသူတွေကိုကြည့်ပြီး တကယ် စိတ်မကောင်းဖြစ်ရပါတယ်။ အိပ်မက်တွေ၊ မျှော်လင့်ချက်တွေ တစ်ပွေ့တစ်ပိုက်နဲ့ မှော်ထဲလာကြတဲ့သူတွေ မြေကြီးအောက် ရောက်သွားခဲ့ရတယ်။ သေဆုံးကြသူတွေထဲ လူငယ်ရော၊ လူကြီးရော ပါပါတယ်။ အများအားဖြင့် တက်သစ်စ ဖျတ်လတ်တက်ကြွနေတဲ့ လူငယ်လေးတွေပါ။ တကယ်ကို နှမြောတသ ဝမ်းနည်းရပါတယ်။

၂၀၁၀ ပြည့်နှစ်က ကျွန်တော်လည်း ဖားကန့်မှော်ကို သွားခဲ့ဖူးပါတယ်။ သူဌေးကြီးတစ်ယောက်ဖြစ်ရမယ်ဆိုတဲ့ အိပ်မက်ကြီးနဲ့ပါ။ နောက်တော့ ဘာမှဖြစ်မလာဘဲ ရေမဆေးကျောက်ရှာရင်း နှစ်နှစ်လောက် မှော်ထဲမှာ ရှာလည်နေခဲ့ပါတယ်။ ကျောက်ရှာရင်း အဆင်ပြေသွားသူတွေလည်း ရှိပါတယ်။ ဒါပေမယ့် အနည်းစုပါ။ အများအားဖြင့် သက်စွန့်ဆံဖျားရှာရတဲ့အတွက် ခြေပြတ်သူ၊ လက်ကျိုးသူ၊ အသက်ဆုံးရှုံးရတဲ့သူ၊ ဘာမှဖြစ်မလာဘဲ ဒုံရင်းဒုံရင်းဖြစ်နေသူ၊ မူးယစ်ဆေးစွဲသွားသူတွေပဲ ပိုများပါတယ်။ အထူးသဖြင့် မူးယစ်ဆေးစွဲသွားကြတာပါ။

ကျောက်ကုမ္ပဏီ၊ ကျောက်ကုန်သည်(လောပန်)၊ ပွဲစား၊ ဈေးသည်၊ စားသောက်ဆိုင်၊ ကားဆိုင်ကယ်ဝပ်ရှော့ စသဖြင့် လုပ်ကိုင်နေသူတွေလည်း ရှိပါတယ်။

ကျောက်စိမ်းမှော်ကို ရောက်တဲ့အခါ ကျွန်တော်တို့ လူငယ်တွေဟာ တခြားအလုပ်တွေထက် ရေမဆေးကျောက်ရှာ ကျောက်တူးတဲ့အလုပ်ကို သူဌေးဖြစ်လွယ်တယ်ဆိုပြီး လိုက်လုပ်ကြပါတယ်။ ကျွန်တော်တို့ပတ်ဝန်းကျင်မှာ ချမ်းသာသွားတဲ့သူကိုပဲမြင်ပြီး အသက်အန္တရာယ် ဆုံးရှုံးသွားတာကိုတော့ မြင်ပါလျက် သတိမထားမိကြပါဘူး။ ငါလည်း သိန်းထောင်ချီတဲ့ကျောက် ရနိုင်တယ်လို့ပဲ တွေးတယ်။ ငါလည်းပဲ အသက်သေဆုံးနိုင်တယ်လို့ မတွေးမိကြပါဘူး။ ရေမဆေးကျောက်ရှာတယ်ဆိုတာ လောင်းကစား လုပ်တာပါပဲ။ တချို့လောင်းကစားတွေက ငွေနှင့်ရင်းပြီးကစားပေမယ့် ရေမဆေးကျောက်ရှာတဲ့အလုပ်က အသက်ကိုရင်းပြီး ကစားရတဲ့ပွဲပါ။ ရေမဆေးကျောက်ရှာတဲ့ အလုပ်ကို ရွေးချယ်တာဟာ ယောကျ်ားသားတွေအတွက် မှားတဲ့ရွေးချယ်မှုလို့ တရားသေမပြောလိုပေမဲ့ လူငယ်တစ်ယောက်အတွက်တော့ မှန်ကန်တဲ့ ရွေးချယ်မှု မဟုတ်ဘူးလို့ ကျွန်တော်မြင်ပါတယ်။

လူငယ်တွေဟာ ဖျတ်လတ်တယ်။ တက်ကြွတယ်။ သန်မာတယ်။သင်ယူရာမှာ လွယ်ကူတယ်။ တတ်မြောက်လွယ်တယ်။ လူ့သက်တမ်းအရ ရှေ့လျှောက်ဖို့ အချိန်တွေ အများကြီးရှိနေသေးတယ်။ ကျွန်တော်ကတော့ လူငယ်တွေကို ဝါသနာပါရာ ပညာရပ်တစ်ခုခုမှာ တတ်မြောက်အောင် သင်ယူစေချင်တယ်။

“ကျွန်တော်တို့က အိုင်တီခေတ်တို့၊ ပညာခေတ်တို့ လျှာတယားယားနဲ့ ပြောကောင်းနေချိန်မှာ ကမ္ဘာကြီးမှာ တီထွင်ဖန်တီးမှုစီးပွားရေး၊ အိုင်ဒီယာခေတ်ကို ရောက်နေပြီ။ လုပ်အားတို့၊ အရင်းတို့ထက် ပညာက ပိုပြီးအခရာဖြစ်လာတယ်။ နောက်ဆိုရင် ပညာအသစ်တွေကို ဖန်တီးပေးနိုင်တဲ့ ပညာဖန်တီးသူတွေပါ လိုလာလိမ့်ဦးမယ်”ဆိုပြီး ပညာရဲ့ အရေးပါပုံကို ဆရာကျော်ဝင်း(မိုးဂျာနယ် အယ်ဒီတာ)က ကျွန်တော်တို့နဲ့ ဒီနေ့ကမ္ဘာကြီးအကြောင်းဆိုတဲ့ စကားဝိုင်းမှာ ဆွေးနွေးထားတာကို ၂၀၁၀ ပြည့်နှစ်က ထုတ်တဲ့ ခေတ်ပြိုင်စကားဝိုင်း(စိုးမြင့်လတ်)စာအုပ်မှာ ဖတ်ရပါတယ်။

ဒီကနေ့ခေတ်ဟာ ပညာခေတ်ဖြစ်နေပါပြီ။ ဘယ်လို လူမျိုးမဆို သင်ယူနိုင်စရာတွေက လက်တစ်ကမ်းမှာ ရှိနေပါပြီ။ အိပ်ရာပေါ်ကနေ တစ်ဖဝါးမှမခွာဘဲ အေးအေးဆေးဆေး သင်ယူလို့ရတဲ့ ခေတ်ဖြစ်နေပါပြီ။ အခကြေးငွေပေးပြီးတက်ရတဲ့ အွန်လိုင်းသင်တန်းတွေရှိသလို အခမဲ့တက်လို့ ရတဲ့သင်တန်းတွေလည်း ရှိနေပါပြီ။ ဒါမှမဟုတ် စက်မှု လက်မှု အတတ်ပညာတစ်ခုခုကို စရိတ်ငြိမ်းသင်ယူလို့ ရပါတယ်။ ပညာခေတ်ဖြစ်နေချိန်မှာ လူငယ်တစ်ယောက်အနေနဲ့ စမ်းတဝါးဝါးအိပ်မက်အတွက် အသက်စွန့်ရတဲ့ ရေမဆေးကျောက်ရှာတဲ့ အလုပ်ကို လုပ်နေတာဟာ တော်တော်မိုက်မဲ လွန်းရာကျတယ်လို့ ကျွန်တော် ယူဆပါတယ်။

ကျွန်တော်တို့ပတ်ဝန်းကျင်မှာလည်း လူငယ်တော်တော်များများက ဂီတာလေး မတောက်တစ်ခေါက်တီး၊ ဟန်းဖုန်းနှင့်ဂိမ်းဆော့၊ ဘီယာလေးသောက်၊ ဆေးလိပ်လေးတစ်ဖွာဖွာနှင့် စတိုင်ထုတ်၊ မိဘဝယ်ပေးတဲ့ ဆိုင်ကယ်လေး၊ ကားလေးစီး၊ ရည်းစားထားရတာလောက်ကို ဘဝလို့ ထင်နေကြတာပါ။ တချို့လူငယ်တွေက အိပ်မက်ယောင်လို့ လမ်းလျှောက်သူလို ဦးတည်ချက်ကို မသိကြပါဘူး။

ပညာလိုအိုသည်မရှိဆိုပေမယ့် အရွယ်ရှိတုန်းမှာ ကြိုးစားသင်ယူထားရင် အသက်ကြီးလာတဲ့အချိန်မှာ ပညာရှင်အဖြစ် ဣန္ဒြေရရ လုပ်ကိုင်စားသောက်နေထိုင်နိုင်မှာပါ။ ပညာရှင်အဆင့်မဟုတ်တောင် အတတ်ပညာတစ်ခုခုကို အဆင့်တစ်ခုအထိ သင်ယူတတ်မြောက်ထားသင့်ပါတယ်။ ဝေလေလေ၊ ယောင်ခြောက်ဆယ်လုပ်နေရင်တော့ အသက်ကြီးမှ ပိုရုန်းကန်နေရမှာပါ။

အလုပ်ဟူသမျှ ဂုဏ်ရှိစွဆိုပေမယ့် ခေါင်းကဆံပင်တွေဖြူ၊ ခါးတွေကုန်းလို့ အိုမင်းမစွမ်းတော့မှ ညစောင့်၊ ဂိတ်စောင့် လုပ်ရတာမျိုးထက် ပညာရှင်အဖြစ် ဒါမှမဟုတ် ပညာသည်အဖြစ် လုပ်ကိုင်ရတာက ပိုကောင်းမွန်ပါတယ်။ ပညာရှင်ရဲ့ လုပ်အားခက ပညာမပါတဲ့ လုပ်အားခထက် ပိုများပါတယ်။ ပညာတန်ဖိုးကြီးလေလေ လုပ်အားခ ပိုများလေလေပါ။ 'အရင်းမစိုက် လှေထိုးလိုက်'ဆိုတာလို ဥစ္စာလည်းမရှိ၊ ဘာပညာမှလည်း မတတ်ထားရင်တော့ ကိုယ်ကာယအားစိုက်ရတဲ့ အခြေခံလစာလေးပဲ ရမှာပါ။ လူငယ်တွေအနေနဲ့ ငွေနောက်ကို အရင်မလိုက်ဘဲ ပညာနောက်ကို အရင်လိုက်စေချင်ပါတယ်။ အချိန်ကြာတယ်ဆိုပြီး ဘဝတက်လမ်းကို ဖြတ်လမ်းနည်းနဲ့ မသွားစေချင်ပါဘူး။

မှတ်သားဖူးတဲ့ စကားလေးတစ်ခုရှိပါတယ်။ “ကြာမြင့်မည့် အချိန်တစ်ခုကြောင့် သင့်အိပ်မက်ကို လက်မလျှော့လိုက်ပါနဲ့။ အချိန်ဆိုတာ ဘယ်နည်းနဲ့ဖြစ်ဖြစ် ကုန်ဆုံးသွားမှာပါ”တဲ့။

ဒါကြောင့် လူငယ်တွေအနေနဲ့ စမ်းတဝါးဝါးအိပ်မက် မက်နေမည့်အစား တိကျတဲ့ ရည်မှန်းချက်ကို ချမှတ်ရင်း ပညာရှင်အဖြစ် အသက်ရှင်သန်ကြပါလို့ တိုက်တွန်းချင်ပါတယ်။

ဝတ္ထုတို

## ■ ဘုန်းချစ်နှော် (ဇေယျာမြေ)

" ခမ်းလီရေ ...၊ ခမ်းလီ ..."

ကိုကို့ခေါ်သံအား ကြားရသည်။ ကိုကို့ကို စကားပြန်ပြောဖို့ ပါးစပ်ဟလိုက်၏။ သို့သော် စကားသံတို့သည် ထွက်မလာခဲ့။ ထိုခဏ အတွင်းမှာပင် ခမ်းလီအမြင်အာရုံများ အမှောင် အတိကျသွားခဲ့သည်။ ကိုကို့စကားသံများကို တော့ ခပ်သဲ့သဲ့ ကြားနေရသေး၏။ တဖြည်း ဖြည်းနှင့် ကိုကို့စကားသံအား ပီသစွာကြား လာရသည်။ ခမ်းလီအားယူ၍ "ကိုကို" ဟု အကျယ်ကြီး အော်လိုက်သည်။

သို့သော် ..... .....

(၁)

"ဟော ဟိုမှာကြည့်လိုက်စမ်း ခမ်းလီ၊ ဧရာဝတီမြစ်ကြီးကိုကြည့်ရတာ မသန့်ရှင်း လိုက်ဘူးလား။ ပြီးတော့ မခမ်းနားလိုက်ဘူး လား။ ကိုယ်ကတော့ ကိုယ်တို့နိုင်ငံရဲ့ အသက် သွေးကြောဖြစ်တဲ့ ဒီဧရာဝတီမြစ်ကြီးကို ချစ်တယ်။ သူကမလှည့်စားတတ်ဘူး။ မိုးတွင်း မှာဆို လက်ဘက်ရည်ရောင် ဝါညစ်ညစ် ရေတွေပေးတယ်။ ဆောင်းတွင်းနှင့် နွေရာသီ မှာ အေးမြတဲ့ ရေပြာစိမ်းတွေကို ပေးတယ်။ လူတွေကသာ တရားပျက်ရင် ပျက်မယ် ဧရာဝတီမြစ်ကြီးကတော့ သူ့ဝတ္တရားမပျက် စီးဆင်းနေဦးမှာလေ "

ကိုကိုသည် ခမ်းလီနှင့်အတူ ကရိန်နော် ကိုပဲ ရောက်ရောက်၊ ကမ်းနားရှိ စားသောက် ဆိုင်တွင်ပဲထိုင်ထိုင် ဧရာဝတီမြစ်ပြင်ကို ကြည့်ပြီး ဧရာဝတီကိုချစ်သည့် အကြောင်း များကို ဦးကာဖွင့်နေကျပင်။ ကိုကိုပြောသော စကားများထဲတွင် တစ်ခါတလေ ခမ်းလီ နားမလည်သည့် စကားမျိုးလည်းကြားရ၏။ ဧရာဝတီမြစ်ဘေးတွင် နေထိုင်ခဲ့သူဖြစ်သော် လည်း တစ်ခါတလေသော်မှ ဧရာဝတီမြစ် ကြီးအကြောင်း နက်နက်နဲနဲ မစဉ်းစားမိ။ ကိုကို ခမ်းနားပါသည်ဆိုသော ဧရာဝတီမြစ်ပြင်ကို ကြည့်လျှင် ရေဖွေးဖွေးကလွဲ၍ ခမ်းလီဘာမှ မမြင်ရပေ။ ခမ်းလီအတွက်တော့ ကိုကို့မျက်နှာ လေးအား တစိမ့်စိမ့်ကြည့်ပြီး ခမ်းနားစွာသော ကိုကို၏အချစ်တွေကိုပင် တမြည့်မြည့် ခံစား နေမိသည်။ ကိုကိုသည် အသက်နှစ်ဆယ့်ငါးနှစ် ဆိုသောအရွယ်နဲ့မမျှအောင် တည်ငြိမ်ရင့်ကျက် သည်။ ခမ်းလီထက် ငါးနှစ်သာကြီးသည် ဆိုသော်လည်း ခမ်းလီကိုဆိုလျှင် ကလေးလေး တစ်ယောက်ကဲ့သို့ အလိုလိုက်၏။ ချစ်သူ လမ်းကြားကဲ့သို့ တိတ်ဆိတ်လှသော နေရာ မျိုးရောက်လျှင်တောင် နဖူးလေးအား ဖွဖွနမ်း သည်မှလွဲ၍ သည်ထက်ပိုပြီး အခွင့်အရေး မယူပေ။ တစ်ခုတော့ ခမ်းလီနားလည်သည်။ ကိုကိုသည် ဧရာဝတီအား တန်ဖိုးထားသကဲ့ သို့ ခမ်းလီကိုလည်း တန်ဖိုးထားသည် ဆိုတာ ပင်။

"ဘာတွေ စဉ်းစားနေတာလည်း ခမ်းလီ၊ ကိုကိုပြောနေတာတွေကိုရော နားထောင်နေ ရဲ့လား"

"နားထောင်နေပါတယ် ကိုကိုရဲ့၊ ခမ်းလီက ကိုကို့အကြောင်းကို တွေးနေတာပါ။ ပြီးတော့ လည်း ဧရာဝတီကို ကိုကိုဘာကြောင့် ဒီလောက်ချစ်နေတာလဲ စဉ်းစားနေတာ"

"မေခနဲ့မလိခ ပေါင်းဆုံပြီးဖြစ်ပေါ်လာတဲ့ ဧရာဝတီမြစ်ကြီးဟာ ကိုကိုတို့နိုင်ငံအတွက် တန်ဖိုးမဖြတ်နိုင်လို့ ချစ်တာပေါ့။ ဧရာဝတီ ကိုမှ မဟုတ်ပါဘူး ခမ်းလီ၊ အကျည်းတန်အောင် အရောင်ဆိုးခြင်းမခံရသေးတဲ့ သဘာဝတရား တိုင်းကို ချစ်တာ။ ကုန်ကုန်ပြောမယ် ခမ်းလီ ရယ်၊ ခမ်းလီကိုတောင် အရိုးသက်သက် အဖြူထည်လေးမို့ ချစ်တာ။ ချစ်တယ်ဆိုတာ ထက်ကို ပိုပါတယ်။ ပွင့်လင်းရိုးသားတဲ့၊ ကိုကို့ အပေါ် မလိမ်ညာတတ်တဲ့ခမ်းလီကို ကိုကိုက မြတ်နိုးတာပါ "

(၂)

"ကိုကိုက ဆောက်လုပ်ရေးအင်ဂျင်နီယာ လုပ်ဖို့မကောင်းဘူး။ စာရေးဆရာလုပ်သင့်တာ။ ကိုကိုပြောလိုက်တဲ့ စကားတွေက အရမ်းသိမ် မွေ့တာပဲ။ အဲဒီ အပြောလေးတွေကြောင့်ပဲ



ကိုကို့ကို ခမ်းလီချစ်နေရတာ"

ထိုစကားလေးအား ပြောလိုက်သည့်နေ့ တွင် ပဉ္စမြောက်အနမ်းတစ်ပွင့် ခမ်းလီနဖူး ပေါ်မှာ ထင်ကျန်ခဲ့၏။ ရည်းစားသက်တမ်း ကိုးလအတွင်း ကိုကို့ဆီမှရရှိခဲ့သော ထိုအနမ်း လက်ဆောင်ကြောင့် ခမ်းလီအရမ်းပျော်သည်။ ခမ်းလီဘဝတွင် ကိုကို့ဆီမှ လက်ဆောင်နှစ်ခု တည်းကိုပဲ မျှော်လင့်ထားသည်။ နွေးထွေး လုံခြုံသော ကိုကို့ရင်ခွင်ထဲတွင် ထာဝရခိုလှုံ နိုင်ခွင့်နှင့် ခမ်းလီမက်မပျယ်သော ကိုကို၏ အနမ်းမိုးတွေပင်ဖြစ်၏။

ကိုကိုနှင့် ပထမဆုံးဆုံခဲ့သောနေ့သည် လည်း ခမ်းလီဘဝအတွက် အမှတ်တရနေ့လေး တစ်ခုပင်။ ထိုနေ့လေးအား ယခုထိ မှတ်မိနေ သေးသည်။ ခမ်းလီ၏အဒေါ်အိမ်တွင် ကိုကို့ အား ပထမဆုံးမြင်ဖူးရခြင်းဖြစ်၏။ အသား ဖြူဖြူ အရပ်မြင့်မြင့်နှင့်ကိုကို့အား မြင်မြင်ချင်း ခမ်းလီချစ်ခဲ့မိသည်။ လူပျိုမှန်း၊ အိမ်ထောင် သည်မှန်းမသိဘဲ မြင်မြင်ချင်းချစ်မိခြင်းသည် မိန်းကလေးတစ်ယောက်အတွက် သင့်တော်၏။ မသင့်တော်၏ ခမ်းလီမသိပါ။ သိလည်း မသိချင်ခဲ့မိပါ။ ခမ်းလီတကယ် သိချင်ခဲ့သည် မှာ ကိုကို့နာမည်ကိုပင်။

"သမီးခမ်းလီ ဒီကိုခဏလာပါဦးကွယ်" ခမ်းလီအိမ်ထဲ ဝင်ဝင်ချင်း ဒေါ်လေးက ခေါ်သဖြင့် ဧည့်ခန်းထဲဝင်ထိုင်ခဲ့မိသည်။

"ငါ့တူကို မိတ်ဆက်ပေးရဦးမယ်၊ သူ့ နာမည်ကနန်းခမ်းလီတဲ့၊ ဝိုင်းမော်က အန်တီ အစ်ကိုရဲ့ သမီးလေးပေါ့ကွယ်။ အီးမေဂျာ နောက်ဆုံးနှစ် တက်နေတာလေ။ သမီးခမ်းလီ လည်း မှတ်ထားပေးဦး၊ ဒီကတူလေးနာမည် က မောင်အောင်နိုင်သူတဲ့။ အန်တီ အခုဆောက် မယ့် စီတာပူရပ်ကွက်ထဲကတိုက်ကို တာဝန် ယူပေးရတဲ့ အင်ဂျင်နီယာပေါ့။ မြစ်ကြီးနားကို ရောက်တာမကြာသေးတော့ အကူအညီလိုရင် အန်တီကို ပြောပေါ့ကွယ်။ သမီးခမ်းလီကလည်း ကူညီပေးပါလိမ့်မယ် "

"ဟုတ်ကဲ့၊ တကယ်လိုအပ်လာတဲ့ အချိန် ကျရင် အကူအညီတောင်းပါ့မယ်။ အခုတော့ ဆိုက်အခြေအနေလေးကြည့်စရာရှိလို့ ကျွန်တော့် ကိုခွင့်ပြုပါဦး"

ထိုနေ့က ကိုကိုပြန်သွားတော့ ခမ်းလီ ကိုပင် နှုတ်ဆက်မသွားခဲ့ပေ။ သို့သော်လည်း ခမ်းလီအတွက် ကံကောင်းခဲ့သည်။ ကိုကိုနှင့် တွေ့ပြီးနောက်ပိုင်းတွင် ဆောက်လက်စတိုက် သို့ အဒေါ်နဲ့အတူ ခမ်းလီ မကြာခဏ လိုက်ရ၏။ သွားပါများလျှင် ခလုပ်တိုက်တတ်သည် ဆိုသကဲ့သို့ပင်၊ ဆိုက်ထဲသို့ အသွားများလာ သောအခါ ကိုကိုနှင့် ခမ်းလီတို့ ခင်မင်ခွင့်ရခဲ့ သည်။ ရေလာမြောင်းပေးမဟုတ်ဘဲ ရေစီး ကောင်းအောင် တူးမြောင်းကြီး တူးလိုက်သော အခါတွင်တော့ ကိုကို့ဆီမှ "ချစ်တယ်" ဆိုသော စကားအား ခမ်းလီကြားခွင့်ရခဲ့သည်။

(၃)

ဒီနေ့ခမ်းလီစိတ်တွေ အရမ်းလှုပ်ရှားနေ သည်။ မနက်ကတည်းကစ၍ စိတ်အလိုမကျမှု တွေ ကြီးစိုးနေရာယူထား၏။ ဒါလည်း ခမ်းလီ အလွန်တော့ဖြစ်မည်မထင်။ ကိုယ့်ချစ်သူ တစ်ယောက်၏ မွေးနေ့တွင် ကိုကို့အနေဖြင့် အလိုက်တသိရှိသင့်သည်။ မွေးနေ့လက်ဆောင် ပေးတာ၊ ဘုရားလိုက်ပို့တာတွေ လုပ်သင့်သည်။ ခမ်းလီလည်း ကိုကို့ဆီမှ အများကြီးတောင်း ဆိုထားသည် မဟုတ်ပေ။ 'ဟတ်ပီဘတ်ဒေးပါ' ဆိုသော စကားလေးကြားရရုံ၊ ဘုရား အတူ သွားရရုံလောက်ပင်။ ကိုကိုသည် ဒီချိန်ထိ ရောက်မလာသေးပေ။ ကွန်ကရစ်လောင်းနေ၍ ညနေမှလာနိုင်မည်ဟု ပြောထားသည်။ ညနေ လာမည်ပြောထားသော်လည်း ခြောက်နာရီ ထိုးသည်ထိ ရောက်မလာပေ။ ခမ်းလီအပေါ် ကိုကိုရက်စက်သည်။ လက်စားချေသည့် အနေဖြင့် ကိုကိုရောက်လာလျှင် ဘယ်လိုလေး စိတ်ဆိုးရမည်ဆိုတာကိုပင် စဉ်းစားနေမိသည်။

"သမီးရေ ဧည့်သည်ရောက်နေတယ်၊ အောက်ခဏဆင်းခဲ့ပါဦးကွယ်"

ဒေါ်လေး၏ခေါ်သံကြောင့် ခမ်းလီဝမ်းသာ သွားမိသည်။ ခမ်းလီဆီသို့ လာလည်သည့် ဧည့်သည်မှာ များများစားစား မရှိပေ။ ခမ်းလီ သူငယ်ချင်းအားမီနှင့် ကိုကိုသည်သာ အလည် လာတတ်သည်။ အားမီလာသည်တော့ မဖြစ် နိုင်ပါ။ အခုလေးတင် ခမ်းလီနှင့် ဖုန်းပြောပြီးပြီ။ ကိုကိုရောက်လာသည်အထင်ဖြင့် အောက်ထပ် ကို အမြန်ပြေးဆင်းခဲ့မိသည်။

"ဟတ်ပီဘတ်ဒေးပါ နန်းခမ်းလီ"

" ဟင် ... စိုင်းအောင် ...။ နင်ဘယ်တုန်း က ရောက်နေတာလဲ၊ အဲထွန်းနဲ့ကရော ဘယ်မှာတွေ့ခဲ့တာလဲ"

"နင့်ဆီလာချင်တော့လည်း၊ ဒီကောင့်ကို တွေ့အောင်ရှာရတာပေါ့ဟာ၊ ငါကလည်း နင့်ဆီကို တစ်ယောက်ထဲမှ မလာရဲဘဲ။ ကဲပါ မွေးနေ့ရှင်ဆိုတော့ ငါတို့ကိုတစ်ခုခုလိုက်ကျွေး"

"နောက်နေ့မှ လိုက်ကျွေးမယ်ဟာ၊ ဒီနေ့ တော့ ဒေါ်လေးကျွေးတာပဲ စားကြပေါ့"

"မရဘူးနန်းရေ ..မနက်ဖြန် ငါက မန္တလေး သွားရမှာ၊ အခုတောင် စိုင်းအောင်က ဖွတ်ခေါ် နေလို့ လိုက်ခဲ့ရတာ၊ ဒီနေ့ပဲလိုက်ကျွေး"

"ကဲပါသမီးရယ်၊ လိုက်ကျွေးလိုက်ပါ၊ ကိုယ့်သူငယ်ချင်းတွေပဲ"

ဟုတ်ကဲ့ပါဒေါ်လေးရယ်၊ ကိုအောင်နိုင်သူ လာရင်တော့ သမီး အပြင်သွားတယ်လို့ပြော ထားပေးဦးနော်"

ကိုကိုလာလျှင် မတွေ့မည်စိုးရိမ်၍ စောင့် နေချင်သေးသော်လည်း ဒေါ်လေးကိုယ်တိုင် က လိုက်ကျွေးခိုင်းနေသဖြင့် စိုင်းအောင်တို့ နှင့် လိုက်ခဲ့မိသည်။ တစ်ချက်ခုတ်နှစ်ချက်ပြတ် ဆိုသလိုပင်။ ကိုကိုလာသည့်အချိန် ခမ်းလီအား အိမ်မှာမတွေ့လျှင် စိတ်ပူမည်။ စိုင်းအောင်တို့ နှင့် လိုက်သွားသည်ဆိုလျှင် သဝန်ပါတိုလာ နိုင်သည်။ ခမ်းလီဆယ်တန်းတုန်းက စိုင်းအောင် ရည်းစားစကား ပြောဖူးသည့်အကြောင်း၊ အဖြေတောင်းရင်း ခမ်းလီအား ဆွဲလားရမ်း လားလုပ်သဖြင့် ပါးရိုက်လိုက်ဖူးသည့်အကြောင်း များကို ကိုကို့အား ပြောထားဖူးသည်။ အဲထွန်း ကိုလည်း ကိုကိုနှင့် မိတ်ဆက်ပေးထားဖူးသည်။ ထို့ကြောင့်လည်း ကိုကိုသည် ခမ်းလီအား ရိုးသားပွင့်လင်းသော အဖြူထည်လေးဟု ချစ်စနိုးခေါ်တတ်သည်ပင်။

ကိုကို့အား ရွံ့ချင်စိတ်တစ်ခုတည်းဖြင့် စိုင်းအောင်တို့နှင့် အပြင်ထွက်ခဲ့သည်။ စိုင်းအောင်ကိုတော့ အမြင်ကြည်လှသည် မဟုတ်ပေ။ ရည်းစားစကား ပြောပြီးကတည်း ကပင် မေးထူးခေါ်ပြော သိပ်မရှိတော့။ စိုင်းအောင်တို့ မန္တလေးပြောင်းသွားသည်မှာ လည်း လေးနှစ်လောက်တော့ရှိပြီထင်သည်။ အဲထွန်းမှာလည်း အဝေးသင်တတ်ရင်း မြစ်ကြီး နားနှင့် မန္တလေးကို ကုန်ကူးနေသဖြင့် သိပ် မတွေ့ဖြစ်ပေ။ အဲထွန်းတို့ကို အားနာ၍ လိုက်လာခဲ့ရသော်လည်း ခမ်းလီစိတ်တွေသည် အစားအသောက်ပေါ်မှာမရှိ။ ကိုကို့ဆီမှာသာ ရှိနေခဲ့သည်။

(၄)

"ချောင်းကိုပစ်ပြီး မြစ်ကိုရှာချင်တဲ့ ကောင်မ၊ တစ်နယ်သားကိုမှ အထင်ကြီးတဲ့ကောင်မ၊ နင်အခုတော့ မှတ်ပြီလား။

ပါးလေးကိုတောင်မနမ်းရက်လို့ နဖူးလေး ကိုပဲ နမ်းတာတဲ့လား။ နင့်ကောင်လိုတော့ ပညာရှိယုန်သူငယ်မဟုတ်ဘူး။ ငါက ကျားကွ.. ကျား။ တောတောင်သစ်ပင်နဲ့ သတ္တဝါတွေကို ငါကအလှမကြည့်တတ်ဘူး။ ဦးဦးဖျားဖျား စားသင့်ရင် စားရမှာပဲ။ ဖျက်ဆီးသင့်ရင်လည်း ဖျက်ဆီးမှာပဲ။

လွန်ခဲ့တဲ့လေးနှစ်တုန်းက ငါ့ပါးနှစ်ဖက် နာကျင်ခဲ့ရတယ်၊ ဒီနေ့ကစပြီးတော့ နင့် ဘဝကြီးနာကျင်ရတော့မယ် ...

စိုင်းအောင်အကြောင်း နင်သိပြီ မဟုတ် လား..."

ခမ်းလီခေါင်းတွေ အရမ်းမူးနေသည်။ အိမ်မက်လိုလို တကယ်လိုလိုပင်။ ရွံ့စရာ ကောင်းလှသော စိုင်းအောင်၏ စကားသံတချို့ ကိုသာ ထပ်တစ်လဲလဲကြားနေရ၏။ မျက်လုံး ကို အားယူပြီးဖွင့်ကြည့်သော်လည်း ချက်ချင်း ဖွင့်မရ၊ ခမ်းလီ ကိုယ့်ကိုယ်ကိုယ်ဘယ်ရောက် နေမှန်းလည်း မသိပေ။ အလုပ်ရှိသေး၍ဆိုပြီး အဲထွန်း ပြန်သွားသည်အထိကိုသာ မှတ်မိသည်။ အဲထွန်းပြန်သွားမှ အအီပြေဆိုပြီးစိုင်းအောင် တိုက်သော လိမ္မော်ရည်သည် ခါးသက်သက် အရသာ ဖြစ်နေသည်လည်း ခမ်းလီမှတ်မိ၏။ ထို့နောက်တွင် ခေါင်းတရိပ်ရိပ်နှင့် မူးလာ သည်ကိုသာ သိတော့သည်။

မျက်လုံးကို အားယူဖွင့်ကြည့်လိုက် သောအခါ ကြယ်လေးများ မှိတ်တုတ်မှိတ် တုတ်ဖြင့် ကောင်းကင်ပြင်ကြီးကို မြင်ရသည်။ နှံ့ချိနေ၍ အားပြုပြီးထရန် ဘေးဝဲယာကို စမ်းလိုက်တော့လည်း အေးစက်စက်သဲစိုတွေ ကိုသာစမ်းမိ၏။ ရေစီးသံသဲ့သဲ့ကိုလည်း ကြားနေရသည်။ သေချာပါပြီ။ ခမ်းလီသဲသောင် ခုံပေါ် ရောက်ရှိနေသည်ပေ့ါ။

ဒါဆိုလျှင် စိုင်းအောင်ပြောခဲ့သော စကား တွေသည် အိမ်မက်မဟုတ်နိုင်တော့ပေ။ ကျန်လက်တစ်ဖက်ကိုအားယူ၍ ထနိုင်လိုက် သောအခါတွင် ရှေ့တည့်တည့်ရှိ လရောင် ဖွေးဖွေးနှင့် ဧရာဝတီရေပြင်ကျယ်ကြီးသည် ခမ်းလီအား လှောင်ပြောင်နေသရောင်ပင်။ ခမ်းလီရင်ထဲတွင်လည်း ဝမ်းနည်းမှုနှင့် ဒေါသ တွေ တစ်လှည့်ဆီ ခုတ်မောင်းနေသည်။ ကိုကို့ အပေါ် ရွံ့ချင်စိတ်တစ်ခုတည်းနှင့် မယုံသင့် သော သူတစ်ယောက်အား အသုံးချမိလိုက် သည်မှာ ခမ်းလီမှားသွားပါပြီ။ တကယ်တန်း တော့ ခမ်းလီသည် အသုံးချသူ မဟုတ်ပေ။ အသုံးချခံလိုက်ရသူပင်။ ရည်ရွယ်ချက်တစ်ခု နှင့် ကိုယ့်အနားသို့ ရောက်လာသည့် သူကို ခမ်းလီသတိမထားမိခဲ့ပေ။ စိုင်းအောင် ပြော သည့်အတိုင်း ခမ်းလီသည် ချောင်းကိုပစ်ပြီး မြစ်ကိုရှာခဲ့သူမှ မဟုတ်သည်ပင်။ ခမ်းလီ ဘဝမှာ ဧရာဝတီကိုချစ်သော ကိုကိုမှလွဲ၍ ဘယ်ယောက်ျားလေးမှ မရှိခဲ့ပါ။ အခုတော့ ဖွတ်တစ်ရွတ်နိုင်မှုကြောင့် ခမ်းလီဘဝ ပျက်ခဲ့ ရပြီ။ ခမ်းလီသိပ်ချစ်သည့် ကိုကို့အတွက် စောင့်ဆည်းထိန်းသိမ်းထားခဲ့သော ပန်းလေး တစ်ပွင့်၊ အဆိပ်သင့်ကြေမွခဲ့ရလေပြီ။ ခမ်းလီ ကိုယ့်ကိုယ်ကိုယ် မကျေမနပ်ဖြစ်နေမိသလို၊ လူယုတ်မာစိုင်းအောင်ကိုလည်း သတ်ပစ်ချင် နေမိသည်။

(၅)

" ခမ်းလီရေ ...ခမ်းလီ ..."

" ဒီနားတစ်လျှောက် လိုက်ရှာတာနံ့နေပြီ၊ ဘာမှမထူးခြားဘူး။ မင်းပြောတာ သေရော သေချာရဲ့လား အဲထွန်း"

"သေချာပါတယ် ကိုအောင်နိုင်သူရယ်၊ စားသောက်ဆိုင်က ကျွန်တော့်အသိစားပွဲထိုး လေးကိုယ်တိုင် ဖုန်းဆက်ပြောတာ။ အစ်ကိုနဲ့ ပါလာတဲ့ ကောင်မလေး ဆေးမိသွားတာ ထင်တယ်တဲ့။ စိုင်းအောင်ကို မသင်္ကာလို့ ကျွန်တော့်ကို ဖုန်းဆက်တာ၊ သူတို့ ဇီးလွန် ဘက်ကို ကားမောင်းသွားတာ တွေ့တယ်လို့ လည်း ပြောတယ် "

ကိုကို့အသံနှင့်အတူ အဲထွန်းအသံကိုပါ ကြားနေရသည်။ သူတို့ ခမ်းလီကို လိုက်ရှာကြ သည်ထင်သည်။ စိုင်းအောင်ရဲ့ ယုတ်မာမှု ကို ကိုကိုလည်း သိသွားလောက်ပြီထင်၏။ ခမ်းလီ၏ မဖြူစင်သည့် ခန္ဓာကိုယ်အကြောင်း ကိုလည်း ကိုကိုသိသွားလောက်ပြီဆိုတာ သေချာပါသည်။ အမှန်တရားအတွက် တရား ရင်ဆိုင်ပြီး စိုင်းအောင်အား ထောင်ကျအောင် လုပ်နိုင်သော်လည်း ခမ်းလီအတွက်တော့ နဂို အတိုင်း ပြန်မဖြစ်တော့ပြီ။ သဘောထားကြီး သော ကိုကိုက ခမ်းလီကို ခွင့်လွှတ်နားလည် ပေးနိုင်သော်လည်း မသန့်စင်တော့သော အပျိုစင်ဘဝအား ကိုကို့အတွက် ခမ်းလီ မပေးအပ်ချင်တော့ပေ။

ကိုကိုသည် မေခမြစ်ဖြစ်ပြီး ခမ်းလီသည် မလိခမြစ်ဖြစ်လျှင် ကိုကိုချစ်သော ဧရာဝတီ မြစ်ကဲ့သို့ သန့်ရှင်းရည်လျှားသော ဘဝတစ်ခု နှစ်ယောက်အတူ တည်ဆောက်ကြမည်ဟု ပြောခဲ့ကြဖူးသည်။ အခုတော့ ခမ်းလီစိတ်ကူး ထဲမှ ဧရာဝတီသည် ရှင်သန်ခွင့်မရတော့ပါ။ သို့သော် အချိန်နှောင်းခဲ့ပေပြီ။ ကိုယ်ကိုယ် တန်ဖိုးထားပါသည်ဆိုသော ခမ်းလီ၏ဘဝ တွင် ပြုပြင်၍မရသော အစွန်းအထင်းတစ်ခု စွန်းထင်းလို့သွားခဲ့ပြီပင်။ ခမ်းလီ၏ ညစ်နွမ်း သွားသော ခန္ဓာကိုယ်အား ဧရာဝတီမြစ်ထဲ တွင် ဆေးကြောလိုက်ချင်သည်။ ခမ်းလီ၏ မသန့်ရှင်းတော့သော ခန္ဓာကိုယ်ကြောင့် ကိုကို အရမ်းချစ်သော ဧရာဝတီမြစ်ကြီး ညစ်နွမ်း သွားခဲ့မည်ကိုလည်း စိုးရိမ်မိသေးသည်။ ခမ်းလီ သိပ်ချစ်သော ကိုကို့အား စိတ်ထဲမှတောင်းပန် လျက် မြစ်ပြင်ဆီသို့ မျက်နှာမူကာ တစ်လှမ်း ချင်း လျှောက်လှမ်းနေမိသည်။ ပါးပြင်ထက်သို့ လိမ့်ကျလာသော မျက်ရည်စက်တို့အား လက်ဖြင့်သုတ်ရင်း သတိထားမိလိုက်ချိန် တွင်တော့ ဧရာဝတီမြစ်ရေမှာ ခမ်းလီရင်ဘတ် အထိ နစ်မြုပ်စေခဲ့ပါပြီ။ ဧရာဝတီအားတန်ဖိုး ထားသကဲ့သို့ ခမ်းလီကိုလည်း တန်ဖိုးထားပါ သည်ဆိုသော ကိုကို့အတွက် နောက်ဆုံးအနေ ဖြင့် ဆုတစ်ခုတောင်းလိုက်မိသည်။

"ကိုကိုမြတ်နိုးတဲ့ခမ်းလီ ညစ်နွမ်းကွယ် ပျောက်ရပေမယ့်၊ ကိုကိုမြတ်နိုးတဲ့ ဧရာဝတီ ကတော့ သန့်ရှင်းမှုနှင့်အတူ ထာဝရစီးဆင်း ရှင်သန်နိုင်ပါစေ "။ ။

ဆောင်းပါး

# ရေသာခိုအချောင်စိတ်ကို တွန်းလှန်ဖယ်ရှားတတ်ပါစေ

■ မောင်လွှား(ပညာရေး)

အချောင်သမားများ၏ လက်သုံးစကားဖြစ်သော "အချောင်သမားဆိုတာ နာမည်သာဆိုးတာ နေရထိုင်ရတာ သက်သောင့်သက်သာရှိတယ်"ဟူသော စကားကို လူတိုင်းလိုလို အပျော်အပျက် ပြောလာကြသည့်အလျောက် လူ့လောကတွင် အချောင်သမားစိတ်ဓာတ်ရှိသူများ များပြားလာကြသည်။ ဝမ်းနည်းဖွယ်ကောင်းသည်မှာ ထိုစကားသည် ကျောင်းသားလူငယ် အများစု၏ ပါးစပ်ဖျားသို့ပင် ရောက်ရှိလာလေပြီ။ ထို့ပြင် ကျောင်းသားလူငယ်များ၏ ရင်ထဲတွင်လည်း အချောင်သမားစိတ်ဓာတ်များ ကိန်းအောင်းလာသည့်အလျောက် "ဆရာလေး သူက စာကိုကိုယ်တိုင်မရေးဘဲနဲ့ မှန့်ကျွေးမယ်ဆိုပြီး သူများကိုရေးခိုင်းတာ၊ သူကအသင်းမလုပ်ဘူး၊ ခိုင်းလို့လည်းမရဘူး၊ ဆရာလေး သူက အမှိုက်လည်းမကောက်ဘူး၊ ရေလည်းမဆွဲဘူး"ဟူ၍ စသည်ဖြင့် ရေသာခို အချောင်လိုက်လိုသော ကျောင်းသား ကျောင်းသူများ၏ ပြဿနာများက နေ့တိုင်းလိုလို ကြားနေမြင်နေရဆဲပင်။ ထိုသို့သော ပြဿနာများနှင့်ကြုံတိုင်း အလျဉ်းသင့်သလို ဆိုဆုံးမဖြစ်သည်။ ထိုဆုံးမစကားထဲမှ မှတ်မှတ်ရရရှိသော ပုံပြင်တစ်ပုဒ်ကို ဖော်ပြချင်ပါသည်။

တစ်ခါတုန်းက တောကြီးထဲတွင် မီးအကြီးအကျယ်လောင်လေသည်။ ထိုသို့ မီးအကြီးအကျယ်လောင်သောအခါ လူများသာမက တိရစ္ဆာန်များပါ မီးလွတ်ရာသို့ အသည်းအသန်ပြေးကြရသည်။ ဒီးကွက်တစ်ကောင်သည် မီးလွတ်ရာသို့ပြေးရင်း ဇာမဏီငှက်သေးသေးလေးတစ်ကောင်ကို သတိထားမိလေသည်။ အဘယ်ကြောင့်ဆိုသော် ထိုဇာမဏီငှက်သေးသေးလေးသည် မီးလွတ်ရာသို့ မပြေးဘဲ မြစ်ရှိသောအရပ်ဘက်သို့ အမောတကောပြေး၍ ထူးဆန်းသော လုပ်ရပ်ပြုလုပ်နေခြင်းကို တွေ့လိုက်ရသောကြောင့်ပင်ဖြစ်သည်။ ထိုငှက်သေးသေးလေးသည် မြစ်သို့ရောက်သောအခါ သူ၏နှုတ်သီးသေးသေးလေးနှင့် ရေများကိုငုံလေသည်။ ထိုသို့ငုံပြီး မီးရှိသောနေရာသို့ ပြေးကာ ငုံထားသော ရေများကို ထွေးထုတ်၍ မီးကိုငြှိမ်းသတ်လေသည်။

ထိုအပြုအမူလုပ်ရပ်ကိုမြင်သော ဒီးကွက်က ဇာမဏီငှက်ကို အော်ပြောလေသည်။ "ဟေ့ကောင် မင်းဘာလုပ်နေတာလဲ။ မင်းရူးနေလား။ ဒီမှာ မီးတွေအကြီးအကျယ်လောင်နေတာ။ မင်းအသက်ကို လွတ်အောင်ပြေးတော့လေ။ မပြေးလို့ရှိရင် မင်းပါသေလိမ့်မယ်"ဟုပြောလေသည်။ ထိုအခါ ဇာမဏီငှက်လေးက "အစ်ကိုဒီးကွက်ရေ ကျွန်တော်ကတော့ ကျွန်တော်လုပ်နိုင်တာကို လုပ်နေတာပဲ။ ကျွန်တော် သေချင်လည်း သေပါစေ။ လုပ်နိုင်တာကိုတော့ လုပ်ရဦးမယ်" ဟု ဆိုပြီး မြစ်ဆီသို့ပြေး၍ ရေကိုနှုတ်သီးနှင့် ရသလောက်ငုံကာ မီးရှိရာသို့ပြန်လာ၍ နှုတ်သီးထဲမှရေကိုထွေးထုတ်ပြီး မီးငြှိမ်းသတ်ရန် ကြိုးစားလေသည်။ ထိုလုပ်ရပ်ကို မြင်သောအခါ ဒီးကွက်ကလည်း မနေနိုင်တော့ဘဲ ဇာမဏီငှက်ကဲ့သို့ လိုက်၍ပြုလုပ်လေသည်။ ထိုသို့ ဒီးကွက်လိုက်လုပ်သောအခါ တခြားငှက်များကလည်း လိုက်လုပ်ကြသည်။ ထိုကဲ့သို့ တခြားငှက်များလိုက်လုပ်သောအခါ တခြားတိရစ္ဆာန်များပါ လိုက်၍လုပ်ကြလေသည်။ နောက်ဆုံးတွင် လူများပါ ပါလာပြီး မီးများကိုငြှိမ်းသတ်ကြသောအခါ တောမီးကြီး ငြိမ်းသွားလေသည်။

ထိုပုံပြင်လေးကိုပြောကာ တပည့်များနှင့် အပြန်အလှန်ဆွေးနွေး၍ "စုပေါင်းလုပ်ဆောင်ခြင်းဖြင့် အောင်မြင်မှုကို ရယူပါ။ တပည့်တို့ရဲ့ ဘဝတစ်လျှောက်လုံးမှာ အချောင်ခိုစိတ်တွေဖယ်ရှားပြီး ပုံပြင်လေးထဲက ဇာမဏီငှက်၊ ဒီးကွက်နဲ့ တခြားသတ္တဝါတွေရဲ့ စိတ်ဓာတ်ကို နှလုံးမူပြီး ကြိုးစားကြပါ"ဟူ၍ ပြောဆိုဆုံးမခဲ့သည်။

သို့သော် ထိုသို့ပြောဆိုဆုံးမခဲ့သော်လည်း ကျွန်တော့်စိတ်ထဲတွင် အတွေးပွားကာ စဉ်းစားတွေးတောနေမိသည်။ လူကြီးမိဘ ဆရာသမားများသည် မိမိတို့သားသမီးများ၏ ရင်ထဲသို့ ဝင်ရောက်လာသော ရေသာခိုအချောင်စိတ်များကို မည်သို့ဖယ်ရှားကြမည်နည်း။ ထိုသို့ သားသမီးများ၏ ရင်ထဲသို့ ဝင်ရောက်လာသော အချောင်သမားစိတ်များကို လူကြီးမိဘဆရာသမားများက အခါအခွင့်သင့်တိုင်း ဆုံးမပဲ့ပြင်ကြရမည်။ သားသမီးများ၏ စံပြပုဂ္ဂိုလ်များဖြစ်သော လူကြီးမိဘ ဆရာသမားများ၏ ရင်ထဲတွင်လည်း အချောင်သမားစိတ်များမရှိရန် အထူးလိုအပ်သည်။ သို့သော် ထိုစံပြပုဂ္ဂိုလ်များ၌ပင် တလွဲအယူအဆများနှင့် အချောင်စိတ်များ ရှိနေကြကြောင်းကို ကြုံတွေ့မြင်တွေ့ နေရဆဲပင်ဖြစ်သည်။

မိဘအများစုသည် မိမိတို့၏သားသမီးများ စာမေးပွဲဖြေဆိုသောအခါတွင် ဗေဒင်တွေမေးကြသည်။ ခာတ်ရိုက်ခာတ်ဆင်တွေ ပြုလုပ်ကြသည်။ ပွဲထိုးကြသည်။ ထို့ပြင် မိဘများသည် စာမေးပွဲဖြေဆိုကြသော မိမိတို့သားသမီးများ၏ အင်္ကျီအိတ်ကပ်ထဲသို့ အောင်သပြေပန်းများ၊ အခြားသစ်ရွက်များကို အဆောင်အဖြစ် ထည့်ပေး၍ စာမေးပွဲဖြေဆိုကြသည်။ ထို့အတူ စိတ်ပုတီးကို လက်တွင်ဝတ်၍ စာမေးပွဲဖြေဆိုကြသည်။ သမီးမိန်းကလေးများမှာမူ ခေါင်းပေါ်တွင် သပြေခက်များ၊ ဩဇာညွှန့်များ အစရှိသည့် အရွက်ပေါင်းစုံကို ခေါင်းတွင်ပန်ကြရသည်။

ထို့ပြင် အချို့သောမိဘများသည် မိမိတို့သားသမီးများ စာမေးပွဲဖြေဆိုနေသော အချိန်ကာလတစ်လျှောက်လုံး ဘုရားစင်ရှေ့တွင် အဓိဋ္ဌာန်ပုတီးများစိပ်၍ အဓိဋ္ဌာန်ဝင်ကြသည်။ ထိုသို့ စာမေးပွဲအချိန်ကာလအတွင်း ရောင်းအကောင်းဆုံး ဈေးသည်များကိုညွှန်ပြပါဆိုလျှင် ပန်းသည်များကို ညွှန်ပြရမည်ဖြစ်သည်။

**☆ ကိုယ်ပြုလုပ်ထားသော ခာတ်ရိုက်ခာတ်ဆင်များကြောင့် အောင်မြင်မှုရရှိမည်ဟု ယုံကြည်ကြသည်။ တလွဲအယူအဆများကြောင့် ကြိုးစားမှုမရှိကြပေ။ ထိုသို့ မကြိုးစားသောကြောင့် မဖြေဆိုနိုင်သော်လည်း အောင်မြင်မှုကို လိုချင်ကြသည်။ အောင်စာရင်းထွက်လာသောအခါ အမှန်တကယ် ကြိုးစားသူများသာ အောင်မြင်ကြသည်။ ထိုသို့ ရိုးသားစွာ ကြိုးစားသူများသာ အောင်မြင်မှုရရှိသည်မှာ သဘာဝကျလှပါသည်။**

ထိုအကြောင်းနှင့်ပတ်သက်၍ ကျွန်တော်တွေ့ကြုံခဲ့ရသည့် အဖြစ်အပျက်လေးကို တင်ပြချင်ပါသည်။ ၂၀၁၉-၂၀၂၀ ခုနှစ်က တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဆိုမည့် ညီဖြစ်သူကို စာဖြေဌာနဖြစ်သောကျောင်းသို့ လိုက်ပို့ဖြစ်ခဲ့သည်။ ကျောင်းရှေ့သို့ရောက်သောအခါ ညီဖြစ်သူကို စာမေးပွဲအခန်းအတွင်းသို့ မဝင်ခင် လိုအပ်သည်များကိုမှာကြားရင်း ဘေးမလှမ်းမကမ်းတွင် အမေဖြစ်သူက သမီးဖြစ်သူ ကျောင်းသူလေးကို လူအုပ်ကြားထဲတွင် မြည်တွန်တောက်တီးနေသည်ကို အတိုင်းသားကြားနေရသည်။ "ညည်းနှယ်အေ မနက်က ငါ စားပွဲပေါ်မှာ တင်ထားပေးတာလေ မယူခဲ့ဘူးပေါ့"။

"သမီးလည်း အမေယူခဲ့တယ်ထင်ပြီး မကြည့်ခဲ့တာ"

"ညည်းနှယ်အေ ဒုက္ခပါပဲ၊ အဲဒါ ဆရာပေးလိုက်တဲ့ တကယ့်အဆောင်၊ စာဖြေခန်းထဲမဝင်ခင် ညည်းစားသွားရမယ့် ချိုချဉ်နဲ့ ခေါင်းမှာပန်သွားရမယ့် သပြေခက်တွေဟဲ့၊ မေ့မေ့ စာတွေပါအကုန်မေ့ပစ်လိုက်တော့"ဟု ပြော၍ ကျောင်းသူလေး၏အမေဖြစ်သူသည် ကျောင်းသူလေးကို ဒေါသထွက်နေလေသည်။

ထိုသို့ မျက်နှာညှိုးငယ်စွာဖြင့် စာဖြေခန်းထဲဝင်သွားသော ကျောင်းသူလေးကိုကြည့်ပြီး ကျွန်တော် သက်ပြင်းချမိလေသည်။ မိဘများသည် မိမိတို့သားသမီးများကို ထူးချွန်စွာ အောင်စေချင်လျှင် ငယ်ရွယ်စဉ်ကတည်းက စနစ်တကျ ပျိုးထောင်ကြရမည်။ စာမေးပွဲဖြေခါနီးမှ သူတစ်ပါးကို အားကိုး၍ အောင်မြင်ချင်လို့ မရပေ။ ထို့သို့ဖြင့် မိဘများသည် သားသမီးလေ့လာသင်ကြားထားသော စာတွေဖြေမှ အောင်မှာလား၊ အဆောင်တွေလုပ်မှ အောင်မှာလား ခွဲခြားသိရန် အရေးကြီးပါသည်။

ထို့အတူ ရာထူးဝင်ခွင့်သင်တန်းများအတွက် အင်တာဗျူးဖြေဆိုကြသောသူများသည် မဖြေဆိုခင် ဗေဒင်မေးကြသည်။ ဖြေဆိုရန်သွားသောအခါတွင်လည်း "ဘာအဝတ်အစား ဝတ်ရမယ်၊ ဘာအရောင်ဝတ်ရမယ်၊ ဖိနပ်ကို ဘာအရောင်စီးရမယ်၊ အိမ်ကမထွက်ခင် ဘာလုပ်ရမယ်၊ ဘုရားကို ဘာကပ်လှူရမယ်၊ ဘာအရွက် ဘာအခက်ဆောင်သွားရမယ်၊ အိမ်ကထွက်ရင် အရှေ့အရပ်တည့်တည့်ကို ခြေလှမ်းငါးလှမ်းလှမ်းပြီးမှ လိုရာခရီးကို သွားရမယ်" စသည်ဖြင့် ဗေဒင်ဆရာမှာကြားသော အရာများကို တစ်သဝေမတိမ်း ပြုလုပ်ကြသည်။ ထိုအခါ အခြားသူများ အင်တာဗျူးဖြေဆိုရန်အတွက် ကျက်မှတ်နေချိန် မိမိက ဗေဒင်ဆရာခိုင်းလိုက်သော ဆောင်ရန်၊ ရှောင်ရန်များကို ဆောင်ရွက်နေရသောကြောင့် အင်တာဗျူးဖြေဆိုရန်အတွက် မကျက်မှတ်လိုက်ရပေ။ ထိုသို့ မကျက်မှတ်လိုက်ရသောအခါ မဖြေဆိုနိုင် ဖြစ်ကြရသည်။ စိတ်ဆင်းရဲသောက ရောက်ကြရသည်။

သို့သော်လည်း ကိုယ်ပြုလုပ်ထားသော ခာတ်ရိုက်ခာတ်ဆင်များကြောင့် အောင်မြင်မှုရရှိမည်ဟု ယုံကြည်ကြသည်။ တလွဲအယူအဆများကြောင့် ကြိုးစားမှုမရှိကြပေ။ ထိုသို့ မကြိုးစားသောကြောင့် မဖြေဆိုနိုင်သော်လည်း အောင်မြင်မှုကို လိုချင်ကြသည်။ အောင်စာရင်းထွက်လာသောအခါ အမှန်တကယ် ကြိုးစားသူများသာ အောင်မြင်ကြသည်။ ထိုသို့ ရိုးသားစွာ ကြိုးစားသူများသာ အောင်မြင်မှုရရှိသည်မှာ သဘာဝကျလှပါသည်။

ထို့အတူ အချို့သောသူများသည် မိမိအလုပ်ရရှိရေး၊ ရာထူးတက်ရေးများအတွက် ကိုယ့်အားကိုကိုး၍ မကြိုးစားကြဘဲ "ဘယ်သူ့ကို ဘယ်လောက်ပေးရင်ရတယ်၊ ဘယ်သူက အဲဒါကိုကိုင်တာ"ဟူ၍ မသေချာမရေရာသော အရာများကိုပြော၍ မိဘများကိုအပူကပ်ကြသည်။ ထိုသို့ လာဘ်ပေးသူများကလည်းပေးကြသည်။ လာဘ်ယူသူများကလည်း ယူကြသည်။ ချမ်းသာသောမိဘများမှာ ပေးရသည်ကို မဆန်းသော်လည်း ဆင်းရဲချို့တဲ့သော မိဘများမှာမူ မရှိရှိတာရောင်းချ၍ သားသမီးစိတ်ချမ်းသာရေးအတွက် ပေးကြရသည်။

အချို့သော အရိုးခံလူတန်းစားများသည် ပေးမှရမည် မပေးလျှင် ရနိုင်မည်မဟုတ်ဟု လွဲမှားစွာ ယုံကြည်ကြသည်။ ထိုယုံကြည်မှုကြောင့် တခြားသူများက "ခုခေတ်က ပေးလည်းမရဘူး။ ကိုယ့်အားကိုကိုးပြီး ကြိုးစားသာဖြေ" ဟုပြောသော်လည်း နားမဝင် လက်မခံကြပေ။ ကိုယ့်အားကို မကိုးဘဲ ပေးဖို့သာစိတ်အားထက်သန်နေကြသည်။

ထိုသို့ အလုပ်ရရေး၊ ရာထူးတိုးရေးအတွက် ငွေကို ပုံပေးလိုက်သောအခါ လိမ်ညာသူများက "မပူနဲ့ ရရစေမယ်။ ဖြစ်ရစေမယ်။ အာမခံပါတယ်"စသည်ဖြင့် ပြောဆိုကြသည်။ တကယ်တမ်း အလုပ်ဝင်ခွင့်၊ ရာထူးတိုး အောင်စာရင်းများထွက်သောအချိန် မိမိနာမည်မပါသောအခါ စိတ်ဆင်းရဲသောက ရောက်ကြရသည်။ ငွေကြေးများ သွားပြန်တောင်းတော့လည်း မပေးဘဲ အမျိုးမျိုးအကြောင်းပြလေသည်။ ထိုငွေများကို တရားစွဲပြီး တောင်းလျှင်လည်း ရမည်မဟုတ်ပေ။ ယခုခေတ်ကာလတွင် ထိုမသေချာ မရေရာသော လာဘ်ပေးလာဘ်ယူကိစ္စများတွင် ငွေကြေးများသာမက ဘဝများကိုပါ ထိုးကျွေးနေကြခြင်းမှာ အလွန်အင်မတန် ဝမ်းနည်းဖွယ်ရာကောင်းလှပါသည်။ ငွေကြေးဆုံးရှုံးသည်က ပြန်ရှာလို့ရပါသည်။ ဘဝဆုံးရှုံးသွားလျှင် တစ်သက်လုံး ပြန်ရှာလို့ရမည် မဟုတ်ပေ။

ထိုသို့ မိဘဆရာသမား လူကြီးသူမများ၏ အချောင်ခိုလိုသော အချောင်သမားစိတ်သည် မိမိတို့၏သားသမီးများဆီသို့ ကူးစက်ရုံသာမက လက်တွေ့ဘဝတွင် မိမိတို့ကိုယ်တိုင် စိတ်ဆင်းရဲသောက ရောက်ရခြင်း၊ တစ်သက်လုံးရှာဖွေစုဆောင်းခဲ့သော ငွေကြေးပစ္စည်းဥစ္စာများ ဆုံးရှုံးကြရသည့်အပြင် အိုးမဲ့အိမ်မဲ့ဖြစ်ကာ ဘဝများပင် ပျက်စီးဆုံးရှုံးကြရသည်။

ထို့ကြောင့် တပည့်သားသမီးများ၏ အချောင်ခိုစိတ်ကို ဖယ်ရှားပေးရန်အလို့ငှာ လူကြီးမိဘဆရာသမားများကိုယ်တိုင်က မိမိတို့စိတ်တွင် ကိန်းအောင်းနေသော မိမိကိုယ်ကို ယုံကြည်မှုမရှိ၊ ရိုးသားမှုမရှိဘဲ သူတစ်ပါး အားကိုးချင်သော အချောင်သမားစိတ်ကို အရင်ဆုံး တွန်းလှန်ကြရမည်။ မိမိကိုယ်ကို ယုံကြည်မှုဖြင့် ရိုးသားစွာကြိုးစား၍ အောင်မြင်မှုကို ရယူကြရမည်။ သို့မှသာ သားသမီးများ၏စိတ်တွင် ကိန်းအောင်းနေသော ရေသာခို အချောင်သမားစိတ်ကို ဖယ်ရှားပေးနိုင်မည်ဖြစ်ပေတော့သည်။ ။

## စာကြည့်တိုက်မှာ ပညာရှာ

သုတရသ စုံလင်စွာ
အသိပညာရှာ။
စာကြည့်တိုက်မှာ စာဖတ်ဖို့
အတူသွားကြစို့။
စာပေကောင်းတို့ ရှိရာဆို
ဘဝတက္ကသိုလ်။
လိမ္မာစေလို ယဉ်ယဉ်ကျေး
စကားချိုသာအေး။
စာအုပ်စင်လေး အပေါ်ဝယ်
စီတန်းသပ်ရပ်တယ်။
စည်းကမ်းရှိကွယ် စာကိုဖတ်
မြင့်မားသည့်စိတ်ဓာတ်။
လေ့လာမှတ်သား ပုံပြင်တွေ
ဆောင်းပါး ကဗျာရှည်။
ဝတ္ထုစုံပေ အမှောင်ခွင်း
ရသမဂ္ဂဇင်း။
ဘဝအလင်း ဂုဏ်ရောင်ရှိန်
လင်းလက်လို့ဝေထိန်။
အားလပ်အချိန် လူငယ်များ
စာကြည့်တိုက်ကိုသွား။
စာဖတ်ကြစို့လား။

လရောင်လင်း(မြန်မာ့ဂုဏ်ရည်)

## လိုရာခရီး

ဝါသနာ စိတ်မှာစွဲ
အစဉ်အမြဲ လေ့ကျင့်ပါ၊
ညည်းမညူ လုံ့လမျိုးရယ်နဲ့
ပြည့်ရိုးစဉ်လာ။
ကိုယ်ရွေးသည့် ကိုယ့်လမ်းတာ
ယုံကြည်စွာ လှမ်းဖို့တွေး၊
ပင်လယ်မှာ လှေငယ်ကူးသလိုပ
ကျင်လည်ရာ အဆွေငယ်မြူးစေဖို့
ရောင်နီဖူး မနက်ဖြန်ကို
အနိုင်မခံ အရှုံးမပေးပါဘဲ
ခရီးဝေးလည်း မလျှော့တမ်းသွားလေတော့
(ခုချိန်မှာလေ) ပန်းတိုင်မဝေး။

လေပြေဦး (ယင်းကွေ့ချောင်း)